

www.burmeseclassic.com
ဝဋ်
မပြေ
ပေတာလု။

www.burmeseclassic.com





ပေတာရု



www.burmeseclassic.com


အခန်း ၊ ၁ ၊

# ဦးတင်ဘက်တူနှင့် ဦးချစ်ပါန်း

တစ်ခါက ဦးတင်ဘက်တူဆိုသော လူကြီးတစ်ဦးရှိခဲ့ဖူးပါသည်။ ထိုလူကြီးသည် ရှေးမြန်မာမင်းဆက်တို့အကြောင်း၊ ရှေးမြန်မာမင်း ဆက်တို့၏ ဖြစ်စဉ်တို့ကို လွန်စွာမှတတ်ပွန်၏။ ထိုအကြောင်းအရာများကို ကျောင်းသူကျောင်းသားများအား သင်ကြားပေးသော ဆရာအဖြစ် လုပ်ကိုင်ခဲ့ဖူး၏။

ထို့နောက်တွင်ကား ရှေးဟောင်းသုတေသန ဌာနသို့ ပြောင်းရွှေ့၍ လုပ်ကိုင်လေ၏။ အလုပ်တွင် လွန်စွာကြိုးစား၏။ ထို့ကြောင့် နာမည်ကောင်းများစွာရလေ၏။ ၄င်း၏မိဘမျိုးရိုးမှာလည်း ချမ်းသာကြွယ်ဝသော သူများဖြစ်ရကား ဦးတင်ဘက်တူသည် မိဘ၏အမွေအနှစ် များစွာကို ရရှိခဲ့လေ၏။

www.burmeseclassic.com



ငှင်း၏မိဘများမှာ ပြင်ဦးလွင်မြို့တွင် နေထိုင်ခဲ့ကြသူများဖြစ်သဖြင့် မိဘများ ကွယ်လွန်သောအခါ၌ ခြံကြီးတစ်ခြံနှင့် လွန်စွာခမ်းနားသော နှစ်ထပ်အိမ်ကြီး တစ်လုံးကို အမွေအဖြစ် ရရှိခဲ့လေ၏။ ဦးတင်ဘက်တူသည် အငြိမ်းစားမယူမီ တစ်နှစ်အလိုခန့်တွင် နှလုံးရောဂါကြောင့် ဆေးရုံသို့ သုံးလခန့်တက်ရလေ၏။ ဆေးရုံတွင် နှလုံးအထူးကုသမားတော်ကြီးများက ကြပ်မတ်ကုသကြလေ၏။ ထိုသို့ ကြပ်မတ်ကုသသောကြောင့် အသက်ချမ်းသာရာ ရခဲ့သော်လည်း ဒူးခေါင်းနှစ်ဖက်မှာ ကောင်းစွာမဆန့်နိုင်သောကြောင့် ထိုင်ရာမှ ထသောအခါ တွင် လူတစ်ယောက်က တွဲ၍ထူပေးရလေ၏။ မတ်တပ်ရပ်မိသောအခါ၌မူ တွဲစရာမလိုပေ။ လမ်းကိုကောင်းစွာလျှောက်နိုင်လေ၏။ ထိုသို့ ကောင်းစွာ လျှောက်နိုင်သော်လည်း ခြေလှမ်း ၁၅၀ လျှောက်ပြီးသောအခါ၌ ဆက်၍ မလျှောက်နိုင်ဘဲ မောဂ၍ ခေတ္တနားရလေ၏။

ထို့အတူ ဦးတင်ဘက်တူသည် အိပ်ရာမှ ထသောအခါ၌လည်း တွဲ၍ထူပေးသူရှိမှ ထနိုင်လေ၏။ ဦးတင်ဘက်တူသည် အငြိမ်းစားယူသော အခါ၌ ငှင်းနေထိုင်ရမည့်ပုံစံကို စနစ်တကျစဉ်းစား၍ ဇယားချလေ၏။ ထိုသို့ ဇယားချထားသော အကြောင်းအရာကိုလည်း စာဖြင့် အသေးစိတ် ရေးသား ထားလေ၏။ တစ်နေ့တွင် ဦးတင်ဘက်တူသည် သူ၏ရုံးမှ ရုံးအုပ်ကြီး ဦးချိုပ်ပန်း အား သူ၏ ရုံးခန်းအတွင်းသို့ခေါ်ယူ၍ -

"ကိုချိုပ်ပန်းရေ ...၊ ကျုပ်က ပင်စင်သွားရတော့မယ်ဗျ၊ ပင်စင်သွား ပြီးရင်တော့ ပြင်ဦးလွင်က ခြံမှာပဲနေမယ်ဗျ ...၊ အဲဒီခြံက မိဘတွေဆီက အမွေရတဲ့ခြံဗျ၊ အဲဒီလို ပင်စင်ယူတဲ့အခါမှာ ကျုပ်နဲ့ အတူနေဖို့ အဖော်လိုတယ် ဗျ၊ အဖော်လိုတယ်ဆိုလို့ တစ်မျိုးတမည်မထင်နဲ့နော်၊ ကျုပ်ကိုတွဲဖို့၊ ကျုပ်ကို ကူဖို့ ကလေးနှစ်ယောက်လိုတယ်ဗျာ...၊ ယောကျ်ားလေးတွေဖြစ်မှ ကောင်းမယ်ဗျ ...၊ သိပ်လည်း မကြီးစေချင်ဘူး၊ သိပ်လည်း မငယ်စေချင်ဘူး၊ ရှစ်နှစ်အရွယ်၊ ကိုးနှစ်အရွယ်ပဲ လိုချင်တယ်ဗျ ...၊ အဲဒါလေးကို ကူပြီးရှာပေးစမ်းပါဗျာ ..." ဟု ပြောလိုက်လျှင် ရုံးအုပ်ကြီး ဦးချိုပ်ပန်းက-

www.burmeseclassic.com



“တွဲထူဖို့ ကလေးတစ်ယောက်ဆို တော်ပြီပဲ၊ ဘာဖြစ်လို့ ကလေးနှစ်ယောက်တောင်လိုရတာလဲ …” ဟု မေးလိုက်လျှင် ဦးတင်ဘက်တူက

“ကလေးနှစ်ယောက်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အဖော်ရတာပေါ့ဗျာ …၊ တစ်ယောက်တည်းဆိုရင် ပျင်းပြီးထွက်ပြေးလိမ့်မယ် …”ဟု ပြောလိုက်လျှင် ဦးချိပ်ပန်းက –

“ဟုတ်တယ် …ဟုတ်တယ် …” ဟု ပြောဆိုကာ တဟဲဟဲ ရယ်လေ၏။

“နေပါဦး ဆရာဦးတင်ဘက်တူရယ် …၊ အငြိမ်းစားယူပြီးရင် ပြင်ဦးလွင်မှာပဲ နေမှာလား …” ဟု ဦးချိပ်ပန်းက မေးလိုက်လေ၏။ ထိုအခါ ဦးတင်ဘက်တူက “ဟုတ်တယ် ကိုချိပ်ပန်းရေ …၊ ပြင်ဦးလွင်မြို့ အဝင်နားမှာ မိဘတွေဆီက အမွေရလိုက်တဲ့ ခြံကြီးတစ်ခြံရှိတယ်ဗျ …၊ ခြံထဲမှာလည်း သီးပင်စားပင်တွေကိုစုံနေတာပါပဲဗျာ …၊ ရေလည်း ကောင်းကောင်းရတယ်ဗျ၊ ကျုပ် ငယ်စဉ်က အဲဒီခြံကအိမ်ကြီးမှာကြီးခဲ့ရတာပဲ၊ ကျုပ် အဖေက သစ်ကုန်သည်ကြီးဗျ၊ အမေက စိန်ပွဲစားလုပ်တယ်လေ …၊ နှစ်ထပ်အိမ်ကြီးကိုလည်း ခမ်းခမ်းနားနားဆောက်ပြီးနေခဲ့တာဗျ …၊ အိမ်မှာက လူတွေလည်း မနည်းဘူးဗျာ …၊ အဖေ့တပည့်တွေကလည်း အိမ်မှာနေကြတယ်၊ အမေ့အမျိုးတွေကလည်း အိမ်မှာလာပြီးနေကြတယ်၊ ကျွန်တော်တို့ခြံကြီးက တခြားခြံတွေလို တိတ်ဆိတ်နေတာမဟုတ်ဘူးဗျ၊ မီးတွေလင်းပြီး တစ်ခြံလုံး ဆူညံနေတာပဲ၊ အဲဒီခြံကြီးကို အဖေက ဝယ်ပြီးတာနဲ့ ခြံကိုနာမည်ပေးထားတယ်၊ ခြံဝမှာ သစ်သားထွင်းစာလုံးနဲ့ဆိုင်းဘုတ်ကြီး အခုထက်ထိရှိသေးတယ်ဗျ …၊ ဆွေးတော့ နေပါပြီဗျာ…၊ အဲဒီ သစ်သားဆိုင်းဘုတ်ကြီးမှာ ဘာရေးထားသလဲဆိုတော့ –

**တူဘက်တင်ခြံ**

လို့ရေးထားတယ်ဗျ …” ဟု ပြောလိုက်လျှင် ဦးချိပ်ပန်းက –

www.burmeseclassic.com



"နေပါဦး ဆရာဦးတင်ဘက်တူရယ် ...၊ ဆရာ့ နာမည်က တင်ဘက်တူ၊ ဆရာတို့ခြံကြီးနာမည်က တူဘက်တင် ...၊ ဘယ်လိုဖြစ်တာလဲ ..." ဟု မေးလေ၏။

"ဒီလို ကိုချိပ်ပန်းရဲ့ ...၊ ကျုပ်အဖေ သစ်ကုန်သည်ကြီး ဦးသိန်းဖေဟာ ငယ်စဉ်က လက်ဖှေ့သမားကြီးဗျ၊ မြေဝိုင်းလည်း ထိုးဖူးတယ်၊ စင်နဲ့လည်း ထိုးဖူးတယ်၊ သူတို့ နယ်မှာတော့ လူသိများတဲ့ လက်ဝှေ့သမားတစ်ယောက်ပါပဲ၊ တူတဲ့ဘက်ရှိရင် စင်ပေါ်တင်လိုက်၊ သတ်မယ်ပေါ့ဗျာ၊ အဲဒါကို အကြောင်းပြုပြီး သူ့ရဲ့နာမည်ဟာ တူဘက်တင် ဖြစ်သွားတာပဲ၊ အမေနဲ့ အိမ်ထောင်ကျတဲ့အခါ အမေက လက်ဝှေ့ထိုးသတ်ဖို့ ခွင့်မပြုတော့ဘူးဗျ၊ အဖေက သစ်ကုန်သည် လုပ်လို့ရတဲ့ငွေနဲ့ ပြင်ဦးလွင်ကခြံကို ဝယ်လိုက်တယ်ပေါ့ဗျာ ....၊ ပြီးတော့ သူ့ရဲ့လက်ဝှေ့နာမည်ကို အလွမ်းပြေ တပ်လိုက်တာပေါ့ဗျာ ....၊ အဲဒီခြံရောက်မှ ကျုပ်ကို မွေးတာဗျ၊ အဲဒီတော့ အဖေက စနေသားဖြစ်တဲ့ကျုပ်ကို တင်ဘက်တူလို့ သူကိုယ်တိုင် နာမည်ပေးခဲ့တာ ....၊ အကြောင်းတော့ရှိမှာပေါ့ဗျာ ....၊ အဲဒီအကြောင်းကိုတော့ တစ်ခါမှ ပြောပြမသွားဘူး ...." ဟု ဦးတင်ဘက်တူက ပြောလေ၏။

ထို့နောက်တွင်ကား ရုံးအုပ်ကြီးဦးချိပ်ပန်းသည် ဦးတင်ဘက်တူ အငြိမ်းစားယူသောအခါ၌ ကူဖော်လောင်ဖက်ရမည့် ကလေးနှစ်ဦးအား အပြင်းအထန် ရှာဖွေလေတော့သတည်း။

*   *   *   *   *   *

**အခန်း ၊ ၂ ၊**

## ဦးတင်ဘက်တူထံသို့ မခင်နုက်ရောက်လာခြင်း

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး နှစ်လခန့်ကြာသောအခါ၌ ရုံးအုပ်ဦးချိပ်ပန်းသည် အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိသော အသားမည်းမည်း၊

www.burmeseclassic.com



ကိုယ်လုံးကိုယ်ပေါက်လှလှ မိန်းမတစ်ဦးကိုခေါ်၍ ဦးတင်ဘက်တူ၏ ရုံးခန်းသို့ ရောက်ရှိလာလေတော့၏။ ဦးတင်ဘက်တူက ဦးချိပ်ပန်းအား

"ဆိုစမ်းပါဦး ကိုချိပ်ပန်းရယ် ...၊ ဘာကိစ္စများလဲ ..." ဟု မေးလိုက်ရာ ဦးချိပ်ပန်းက -

"ဒီလိုပါ ဆရာဦးတင်ဘက်တူရယ် ...၊ ဆရာက ကျွန်တော့်ကို အငြိမ်းစားယူပြီးတဲ့အခါမှာ ဆရာနဲ့အတူနေဖို့ ကလေးငယ်နှစ်ယောက် လိုချင်တယ်လို့ ပြောဖူးတယ် မဟုတ်လား ...." ဟု ပြောလေ၏။

"ဟုတ်ပါ့ ကိုချိပ်ပန်းရယ် ...၊ ကျုပ်က အဲဒီအတိုင်း ပြောမိပါတယ်ဗျာ ..." ဟု ဦးတင်ဘက်တူက ပြောလိုက်လျှင် ဦးချိပ်ပန်းက ၄င်းနှင့်ပါလာသော မိန်းမကို ညွှန်ပြလျက် -

"သူ့ယောက်ျားနဲ့ ကျွန်တော်နဲ့က အလွန်ရင်းနှီးတဲ့ မိတ်ဆွေ တွေပဲ၊ ကျွန်တော်တို့နေတဲ့ မြို့ကလေးမှာ တစ်ခုတည်းသော ပင်မင်းဆိုင်ပဲ၊ သူ့နာမည်က ကိုလှမောင်တဲ့၊ လာအပ်တဲ့အထည်တွေကို ကိုယ်တိုင်လျှော်ရတာလည်း ရှိတယ်၊ လူငှားတွေနဲ့ လျှော်ရတာလည်း ရှိတယ်၊ ပြီးတော့ လျှော်ပြီးတဲ့အဝတ်တွေကို သူကိုယ်တိုင် ကြေးမီးပူကြီးနဲ့ တိုက်တော့တာပဲ၊ ကျွန်တော်တို့မြို့မှာတော့ အဲဒီလို မီးပူတိုက်တာကို ကြွေတိုက်တာလို့ ခေါ်ကြတယ်ခင်ဗျ ...၊ ကြက်တိုက်တဲ့နေရာမှာ မြမောင်ဆိုတဲ့လူက တော်တယ်၊ ကြွေတိုက်တဲ့နေရာမှာ လှမောင်က တော်တယ်ဆိုပြီးတော့ ကြက်တိုက်မှာ မြမောင်၊ ကြွေတိုက်မှာ လှမောင်၊ ဖဲရိုက်မှာ ငဒိုးတဲ့ ...၊ အလေးခိုးမှာ 'မတာ'တဲ့ ...၊ အဲဒီလို ပြောလေ့ရှိကြတယ်၊ ငဒိုးဆိုတာကလည်း ဖဲရိုက် အလွန်တော်တယ်၊ ဈေးထဲမှာ ငါးရောင်းတဲ့ မတာဆိုတာကလည်း အလေးခိုး အလွန်ကောင်းတယ်၊ အဲဒါကြောင့်လည်း အဲဒီလိုတွင်တော့ တာပဲခင်ဗျာ ...၊ လှမောင်ကလည်း လေးငါးယောက်ရှိလေတော့ သူ့ကို ကြွေလှမောင်လို့ ခွဲခြားပြီး ခေါ်လေ့ရှိတယ်၊ သူ့မိန်းမရဲ့နာမည်ကတော့ မခင်နက်တဲ့၊ ကြွေလှမောင်သေတော့ မခင်နက်က ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့တယ်၊ အဲဒီကလေးနှစ်ယောက်ကလည်း

www.burmeseclassic.com



တစ်နှစ်ကြီး တစ်နှစ်ငယ်လေးတွေ …၊ မခင်နက်က အဲဒီကလေးနှစ်ယောက်ကို မကျွေးနိုင်လို့ ဟိုအိမ်ထား၊ ဒီအိမ်ထားထားရတာ…၊ ဆရာ ဦးတင်ဘက်တူပြောတဲ့ အကြောင်းကို ဟောဒီမခင်နက်ကို ပြောပြတော့ သူကသူ့ကလေးနှစ်ယောက်ကို ဆရာ့အိမ်မှာ ထားမယ်တဲ့ …၊ အဲဒါကြောင့် ဆရာ့ဆီကို ခေါ်လာခဲ့တာ …'' ဟု ဦးချိပ်ပန်းက ပြောလေ၏။ ထိုအခါ၌ ဦးတင်ဘက်တူက မခင်နက်အား အကဲခတ်သကဲ့သို့ ကြည့်လိုက်ပြီးနောက်–

''ဒီမှာ မခင်နက်ရေ …၊ ခင်ဗျားကလေးနှစ်ယောက်ကို ကျုပ်က ကောင်းကောင်းမွန်မွန် မွေးမှာပါဗျာ၊ သူတို့အကူအညီလည်း ကျုပ်မှာ လိုမှာပါဗျာ …၊ တစ်ခုပြောချင်တာက သူတို့ဆီကို ခင်ဗျား ခဏခဏ မလာဖို့ပါပဲ'' ဟု ပြောလိုက်လျှင် မခင်နက်က –

''ဒီလိုပါဦးရယ် …၊ ကျွန်မ ကလေးနှစ်ယောက်က တစ်ယောက်က ကိုးနှစ်၊ တစ်ယောက်က ဆယ်နှစ်ရှိပါပြီ …၊ ကလေးနှစ်ယောက်ရဲ့ လုပ်အားခဟာ ခပ်ညံ့ညံ့ လူကြီးတစ်ယောက်ရဲ့ လုပ်အားခနဲ့ ညီပါလိမ့်မယ်၊ ဒါ့ကြောင့် ကျွန်မကလေးနှစ်ယောက်ရဲ့ လုပ်အားခအဖြစ် တစ်လမှာ ရှစ်ဆယ်တိတိ ကျွန်မ လိုချင်ပါတယ်၊ နောက်ပြီးတော့ ကျွန်မရဲ့ ကလေးနှစ်ယောက်ဟာ ဦးရဲ့ဝေယျာဝစ္စကို အခါမလပ် လုပ်ပေးနေရမှာဆိုတော့ ကျောင်းနေခွင့်ရကြတော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် လျော်ကြေးအဖြစ် ငွေငါးထောင်လိုချင်ပါတယ် …'' ဟု ပြောလေတော့၏။

''ကောင်းပါပြီ မခင်နက်ရယ် …၊ ကလေးနှစ် ယောက်အတွက် တစ်လမှာ ရှစ်ဆယ်လခပေးပါမယ်၊ ကလေးတွေက ပညာသင်ပျက်မယ်ဆိုတာဟာ ဒီလိုပါ၊ သူတို့ဟာ ကျောင်းနေခွင့်တော့ ရကြမှာမဟုတ်ပါဘူး…၊ ဒါပေမဲ့ စာတတ်အောင်တော့ အိမ်မှာ ဆရာမခေါ်ပြီး သင်ပေးပါမယ်…၊ အဲဒါကြောင့် လျော်ကြေးငါးထောင်တော့ မပေးနိုင်ပါဘူး…''ဟု ဦးတင်ဘက်တူက ပြောလေ၏။ ထိုအခါ ကလေးနှစ်ဦး၏မိခင် မခင်နက်က–

''နောက်ငါးနှစ်ကြာတဲ့အခါမှာ ကလေးအငယ်ရဲ့ အသက်ဟာ

www.burmeseclassic.com



ဆယ့်လေးနှစ်ရှိပြီပေါ့ …၊ အကြီးရဲ့ အသက်ဟာ ဆယ့်ငါးနှစ်ရှိပါပြီ၊ အဲဒီအခါမှာ ကျွန်မဟာ သူတို့ကို ရှင်ပြုပေးချင်ပါတယ်၊ အဲဒီအခါမှာ သူတို့ကို ကျွန်မနဲ့ ခဏပြန်ထည့်ပေးရမယ်နော …”ဟု ပြောလေ၏။ ထိုအခါ ဦးတင်ဘက်တူက –

“အဲဒီအတွက်တော့ မပူပါနဲ့၊ ကလေးနှစ်ယောက်ကို ခင်ဗျားနဲ့ ပြန်ထည့်ပေးတဲ့အပြင် ရှင်ပြုဖို့ပါ ပရိက္ခရာ အပြည့်အစုံ လှူဒါန်းတဲ့အပြင် ကျွေးဖို့မွေးဖို့ ငွေငါးထောင် ကျုပ်က လှူလိုက်ပါဦးမယ်ဗျာ …”ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ဦးတင်ဘက်တူသည် အငြိမ်းစားယူရန် အခွင့်ရသောကြောင့် ခွင့်လေးလ ခံစားရန်အတွက် ပြင်ဦးလွင်ရှိ '*တူဘက် တင်*' ခြံကြီးသို့ ပြန်သွားလေတော့၏။ ထိုခြံသို့ရောက်သည့်နေ့ဉ်ပင် မခင်နက်နှင့် ဦးချိပ်ပန်းသည် ကလေးနှစ်ဦးကိုခေါ်၍ ထိုခြံကြီးဆီသို့ ရောက်ရှိလာလေတော့၏။ မခင်နက်က–

“ဦးရယ် … ဟောဒါက ကျွန်မသား အကြီးလေးပါပဲ၊ ဒီကလေးကို ကိုယ်ဝန်ရတဲ့အခါမှာ အလွန်ဥပမိ ရုပ်သန့်ပြန့်တဲ့ အင်္ဂလိပ်မကြီး တစ်ယောက်က ကုလားလေးတစ်ယောက်ကို လက်ဆွဲပြီး ကျွန်မအိမ်ပေါ်ကို တက်လာပြီး '*နင်မွေးဖို့ အလှည့်ရောက်ပြီ၊ နင် မွေးတော့* …' ဆိုပြီး ပေးသွားတယ်၊ နင့်ဆီရောက်ရင် သူ့ကို တစ္ဆေဖြူလို့ ခေါ်ရမယ်လို့လည်း ပြောသွားတယ်၊ ဒီကလေးဟာ အလွန်ဉာဏ်ကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်မအနေနဲ့ သူ့ကို ကျောင်းမထားနိုင်ခဲ့ပါဘူး၊ တစ်ခုထူးခြားတာကတော့ ကျွန်မသား တစ္ဆေဖြူ ကလေးဟာ အသားကျွေးလို့ မရပါဘူး၊ ဒါကြောင့် သူဟာ မွေးကတည်းက အသားမစားဖူးပါဘူး၊ စားစရာမရှိရင် အငတ်ခံရရှာတယ်၊ မစားဘူး…”ဟု ပြောလေ၏။ ထိုအခါ ဦးတင်ဘက်တူက–

“အငယ်လေးရဲ့နာမည်ကရောဗျ …”ဟု မေးလိုက်လေ၏။ “သူကလည်းအတော့်ကို ထူးခြားပါတယ်၊ သူ့ကို မမွေးခင်က မက်တဲ့

www.burmeseclassic.com



အိပ်မက်က လူနှစ်ယောက်ဟာ သူ့ကိုချုပ်ပြီး ပါးစပ်ထဲကို အဆိပ်တွေ လောင်းထည့်ပါတယ်၊ သူဟာ ကျွန်မအိပ်မက်ထဲမှာတွေ့ရတာ အသက် ခြောက်ဆယ်လောက်ရှိတဲ့ အိုမင်းမစွမ်း ကုလားအဘိုးကြီးတစ်ယောက်ပါပဲ၊ အဆိပ်မိပြီး သေအံ့ဆဲဆဲဖြစ်နေချိန်မှာ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ကျွန်မဆီကို ရောက်လာပါတယ်၊ နေခွင့်ပေးဖို့ ခွင့်တောင်းပါတယ်၊ အဲဒီလို အိပ်မက်မျိုးမြင်မက်ပြီးမှ သူ့ကို ကိုယ်ဝန်ရလာပါတယ်၊ သူဟာ အလွန်ဆိုး ပါတယ်၊ သူ့ကို မွေးပြီးကတည်းက ကောင်းကောင်းကို မအိပ်ရပါဘူး၊ တအား အော်ပြီး ငိုတတ်ပါတယ်၊ ဆိုးလည်း ဆိုးပါတယ်၊ ဒါကြောင့် ကျွန်မတို့ လင်မယားက ဒီကလေးကို ‘ပေတလူ’ လို့ နောက်ပြောင်ကျီစယ်ပြီး ခေါ်ခဲ့ရာက နေ အဲဒီနာမည်ပဲ တွင်သွားပါတော့တယ် . . .”ဟု မခင်နက်က ပြောလေ၏။ ထိုအခါ ဦးတင်ဘက်တူက တစ်လလျှင် ရှစ်ဆယ်နှုန်းဖြင့် ဆယ့်နှစ်လအတွက် ကိုးရာ့ခြောက်ဆယ်ကျပ်ကို ကြိုတင်ငွေအဖြစ် မခင်နက်အား ထုတ်ပေးလိုက် လေ၏။ ထို့နောက် ဦးတင်ဘက်တူသည် ကလေးငယ်နှစ်ဦးအား လိုက်ပို့သည့် အတွက်ဟုဆိုကာ ဦးချိပ်ပန်းအား ငွေငါးရာကို လက်ဆောင်အဖြစ် ပေးလိုက် လေတော့သတည်း။

●

www.burmeseclassic.com





www.burmeseclassic.com



အခန်း ၊ ၃ ၊

# ညီအစ်ကိုနှစ်ယောက် အလုပ်လုပ်ကြပြီ

မိခင်ဖြစ်သူ မခင်နက် ပြန်သွားသောအခါ၌ တစ္ဆေဖြူနှင့် ပေတလူတို့နှစ်ယောက်သည် တစ်အိမ်လုံးကို တံမြက်စည်းလှည်းကြလေ၏။ အိမ်ထောင်ပရိဘောဂများကို ဖုန်သုတ်ကြလေ၏။ ထို့နောက် ခြံအတွင်း၌ ကြွေကျလျက်ရှိသော သစ်ရွက်များကို တောင်းများဖြင့် ကောက်ကြလေ၏။ ရေချိုးခန်း၊ အိမ်သာမကျန် သန့်ရှင်းရေးလုပ်ကြလေ၏။ ဦးတင်ဘက်တူထံတွင် အော်စတင် ကားကလေးတစ်စီးရှိလေ၏။ ထိုကားကို မောင်းရန် ခေါ်ထားသော ကိုဓာတ်ရင်းက ဦးတင်ဘက်တူအား-

"ဆရာရေ ... ဟိုကောင်လေးနှစ်ကောင်က အတော့်ကို အလုပ်

www.burmeseclassic.com



လုပ်တာပဲ၊ အပေါ်ထပ်ရော အောက်ထပ်ရောကို တံမြက်စည်းလှည်းကြတယ်၊ ကြမ်း တိုက်ကြတယ်၊ ရေချိုးခန်းနဲ့ အိမ်သာကို သန့်ရှင်းရေးလုပ်တယ်၊ အုန်းခြံခြေသုတ်ခုံတွေကို နေလှန်းတယ်၊ အခုတစ်ခါ ခြံထဲမှာ ကြွေကျနေတဲ့ သစ်ရွက်တွေကို တောင်းတွေနဲ့ကောက်ပြီး ဟိုကျင်းထဲမှာ သွားပြီးပုံကြတယ်…၊ မနက်ကျရင် မီးရှို့မယ်တဲ့ …၊ ထမင်းချက်တဲ့ ဒေါ်သိန်းကြည်က သူတို့နှစ်ယောက်ကို စောစောက ခေါ်ပြီးမေးနေတယ်၊ တစ္ဆေဖြူဆိုတဲ့ အကြီးကောင်လေးက အသားလုံးဝမစားဘူး၊ ပေတလူဆိုတဲ့ အငယ်ကောင်လေးက အသားမပါရင် လုံးဝထမင်းမစားဘူးဆိုပဲ…"ဟု ပြောလေ၏။ ဦးတင်ဘက်တူလည်း သဘောကျ၍ပြုံးလေ၏။ ထို့နောက် ဦးတင်ဘက်တူက ကလေးနှစ်ယောက်ကိုခေါ်၍ –

"ဒီလိုကွ … ကလေးတို့ရဲ့ …၊ အဘက ထနိုင်တာ မဟုတ်ဘူး၊ မင်းတို့က တွဲပြီးထူရမှာ…၊ ဒါပေမဲ့ အဘက မင်းတို့ကို အော်ပြီးလည်း မခေါ်နိုင်ဘူးကွ …၊ တအားမောတယ်၊ ဒါကြောင့် အိမ်ပတ်လည်မှာ ဆွဲလဲလေးတွေ၊ ခေါင်းလောင်းလေးတွေ ချိတ်ထားမယ်၊ အဘက ဒီကနေ ကြိုးတွေကိုဆွဲလိုက်မယ်၊ အဲဒီအခါမှာ အိမ်ပတ်ပတ်လည် ချိတ်ထားတဲ့ ခေါင်းလောင်းလေးတွေ၊ ဆွဲလဲလေးတွေ မြည်လာလိမ့်မယ်၊ အဲဒီအခါမှာ ကြားတဲ့နေရာကနေ မင်းတို့ နှစ်ယောက် ပြေးလာကြ၊ အိမ်ထဲမှာကတော့ လျှပ်စစ်ဘဲလ်တွေ တပ်ထားမယ်၊ အဲဒါတွေ မြည်လာရင်လည်း ပြေးလာရမယ်နော်"ဟု ပြောလေ၏။ ထိုအခါ ညီအစ်ကိုနှစ်ယောက်စလုံးက ခေါင်းညိတ်ကြလေ၏။ ထို့နောက် ပေတလူက အုတ်ဖြင့် ခေါင်းတိုင်ပြုလုပ်ထားသော မီးလင်းဖိုကြီးကိုကြည့်ရင်း –

"အဘ ဒါကြီးက ဘာကြီးတုံး …"ဟုမေးလေ၏။ ထိုအခါ ဦးတင်ဘက်တူက –

"ဒီလို ကလေးရဲ့ …၊ ငါတို့ ပြင်ဦးလွင်မှာက သိပ်ပြီးအေးတာကွ၊ ညကျရင် မင်းတို့တွေ့ပါလိမ့်မယ်ကွာ၊ ပြီးတော့ မြို့ထဲမှာထက် မြို့ပြင်မှာက ပိုပြီးအေးတယ်၊ တို့နေတာက မြို့ပြင်ဖြစ်တဲ့ အပြင်ကုန်း ထိပ်လေးဖြစ်နေတော့

အတော့်ကိုအေးတဲ့နေရာဖြစ်နေတယ်၊ အဲဒီတော့ နွေးနေအောင် မီးလင်းဖိုထားရတယ်၊ အဲဒီမီးလင်းဖိုထဲမှာလည်း ထင်းတုံးကြီးတွေ မီးဆိုက်ထားရတယ်၊ ဒါမှ ညဆိုရင် နွေးပြီး နေလို့ရမှာကွ၊ အဲဒီတော့ ဒါကြီးဟာ နှစ်လတစ်ခါ သုံးလ တစ်ခါဆိုသလို ခေါင်းတိုင်မှာ ကပ်နေတဲ့ မှိုင်းတွေကို ရှင်းပစ်ရတယ်၊ အဲဒီလို မီးလင်းဖိုခေါင်းတိုင်ကို ရှင်းတဲ့လူတွေရှိတယ်ကွ၊ ဟိုး .... မီးလင်းဖို ခေါင်းတိုင်ထိပ်ကနေ သံကြိုးနဲ့ ချိတ်နဲ့ဆွဲပြီး ရှင်းရတာကွ၊ ဗမာလိုတော့ မီးလင်းဖိုပေါ့ကွာ၊ ဒါပေမဲ့ သူ့ကို အင်္ဂလိပ်လိုတော့ 'ချင်မနီ' လို့ ခေါ်တယ်ကွ၊ အဘက 'ချင်မနီ' ဆိုတာကို ပိုပြီးနှုတ်ကျိုးနေတယ်ကွ၊ နောက်တစ်ခု သတိထားဖို့ကတော့ အဲဒီမီးလင်းဖိုထဲကို တခြားဘာပစ္စည်းမှ မထည့်ရဘူးနော်၊ ညှော်နံ့ စွဲသွားတတ်တယ်၊ အဲဒီလို ညှော်နံ့စွဲသွားပြီးရင် ပျောက်အောင်လုပ်ဖို့ သိပ်ခက်တယ်ကွ ....''ဟု ဖြည်းဆေးစွာ ပြောလေ၏။ ထိုအခါ ပေတလူက -

''စိတ်ချပါ အဘ ...၊ အဘပြောတဲ့ စကားကို နားထောင်ပါမယ်၊ ဒါနဲ့ ညအိပ်ရင် ကျွန်တော်တို့နှစ်ယောက်ကို ခြုံဖို့ စောင်ပေးမှာလား အဘ''ဟု မေးလျှင် ဦးတင်ဘက်တူက -

''နေပါဦး ပေတလူရ ...၊ မင်းတို့ တခြားအိမ်မှာတုန်းက ညအိပ်တဲ့ အခါ စောင်မရဘူးလား ...''ဟု မေးလျှင် တစ္ဆေဖြူက -

''အမေက လျှောက်ပြီးထားလို့ ကျွန်တော်တို့ အိမ်တော်တော် များများမှာ နေဖူးပါတယ်၊ အဲဒီမှာ ဝပ်ရှော့လည်းပါတယ်၊ ထမင်းဆိုင်လည်း ပါတယ်၊ ဘယ်မှာပဲနေနေ ခြုံဖို့ စောင်မရပါဘူး''ဟု ပြောလေ၏။ ထိုအခါ ဦးတင်ဘက်တူက -

''စိတ်ချပါကွာ၊ ဒီမှာတော့ စောင်ပေးပါ့မယ်၊ ခေါင်းအုံးလည်းပေးပါ့ မယ်၊ အဲဒီလို မပေးရင်လည်း မင်းတို့ဟာ အေးပြီး သေမှာပါပဲ၊ ပြီးတော့ မင်းတို့ကို အိပ်ဖို့ အခန်းလည်းပေးမယ်ကွာ၊ အဲဒီအခန်းကတော့ ဒီအိမ်ရဲ့ နောက်ဘက်မှာ သုံးခန်းတွဲအဆောက်အဦ ရှိတယ်ကွ၊ အဲဒါကို

'ဆားဗင့်ကွာတာ' လို့ ခေါ်တယ်ကွ၊ ဗမာလိုတော့ အစေခံ တန်းလျား

www.burmeseclassic.com



ပေါ့ ...”” ဟု ပြောလေ၏။ ထိုအခါ ပေတလူက

““ကျွန်တော်တို့နှစ်ယောက်စလုံးဟာ အစေခံတန်းလျားမှာ မနေနိုင်ဘူး၊ ကျွန်တော်တို့က အစေခံတွေ မဟုတ်ဘူးလေ ...၊ အဘ ဒုက္ခရောက်လို့ လာပြီးကူညီတဲ့သူတွေလေ...၊ ကျွန်တော်တို့ဟာ အဘဆီက လခကို မလိုချင်ပါဘူး၊ အမေ့ကို ကျွေးမယ်သူမရှိလို့ လခယူရတာပါ၊ တကယ်လို့ အမေက သူ့ဟာသူ စားနိုင်ပြီဆိုရင် လခမယူတော့ပါဘူး၊ ကျွန်တော်တို့ အဘကို ဒီအတိုင်း ကူညီမှာပါ၊ အဲဒီတော့ အဘရယ်... ကူညီမယ့်သူ နှစ်ယောက်ကို အဘက အစေခံလို သဘောထားမလို့လား၊ အဘ ငရဲကြီးသွားလိမ့်မယ်””ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူသည် တဟဲဟဲ ရယ်လေတော့၏။

““ကောင်းပါပြီ ကျေးဇူးရှင်တို့ရယ် ...၊ အစေခံ တန်းလျားမှာ မသိပ်တော့ပါဘူး ယော့ဒီမီးလင်းဖိုနားမှာပဲ ညီအစ်ကိုနှစ်ယောက် အိပ်ကြပေတော့ ...”” ဟု ပြော၍ သဘောကျစွာဖြင့် တဟဲဟဲ ရယ်မောလေတော့၏။ ထို့နောက် ဦးတင်ဘက်တူက အိမ်သာတက်ရန်အတွက် ဗီးချဲခေါ် တွန်းလှည်းဖြင့်တွန်း၍ အိမ်သာသို့ပို့လေ၏။ အိမ်သာက မှတ်ပေါ်တွင် ထိုင်နိုင်ရန် တွဲ၍ပေး၏။ ထို့နောက် ရေချိုးခန်းအတွင်းရှိ ရေချိုးခွက်ထဲတွင် ရေနွေးနှင့် ရေအေးကို စပ်ကာ ဦးတင်ဘက်တူကိုထည့်၍ ရေချိုးပေးကြ၏။ ဆပ်ပြာတိုက်ပေးကြ၏။ ပြီးလျှင် ညီအစ်ကိုနှစ်ယောက်က ဦးတင်ဘက်တူ ကိုထည့်၍ ရေချိုးပေးကြ၏။ ဆပ်ပြာတိုက်ပေးကြ၏။ ပြီးလျှင် ညီအစ်ကို နှစ်ယောက်က ဦးတင်ဘက်တူအား မျက်နှာသုတ်ပုဝါကြီးဖြင့် ရေသုတ်ပေးလေ၏။ ပြီးလျှင် ကိုယ်လိမ်းပေါင်ဒါများ လိမ်းပေး၏။ အဝတ်အစားများလဲပေး၏။ ထို့နောက် ထမင်းစားခန်းထဲသို့ တွန်းလှည်းဖြင့် တွန်းသွားပြီး ထမင်းကျွေးကြလေ၏။ ထမင်းချက်သော ဒေါ်သိန်းကြည်ဆိုသည့် မိန်းမကြီးက ထမင်းဟင်းလျာများ ခူးခပ်ပေး၏။

ဦးတင်ဘက်တူ ထမင်းစားပြီးသောအခါ၌ တွန်းလှည်းဖြင့် အပြင်ခန်းသို့ ထုတ်လာကြ၏။ ဦးတင်ဘက်တူသည် အပြင်ခန်းထောင့်တွင်ရှိသော သစ်သားပက်လက် ကုလားထိုင်ကြီးတွင်ထိုင်လေ၏။ ထို့နောက် ဆေးတံ

www.burmeseclassic.com



နှစ်ဆုံခန့်ကို ဖွာရှိုက်လေ၏။ ပြီးလျှင် အိပ်မည်ဟု ဆိုသောကြောင့် ညီအစ်ကို နှစ်ယောက်သည် တွန်းလှည်းဖြင့် ကုတင်ဆီသို့ ပို့လေ၏။ ထို့နောက် ညီအစ်ကို နှစ်ယောက်သည် အဘိုးကြီးအား စောင်ခြုံပေး၏။ ခြင်ထောင်ချပေး၏။ အဘိုးကြီး အိပ်ပျော်သွားသောအခါ၌ ၄င်းတို့ နှစ်ဦးသည် ထမင်းစားကြလေ၏။ ထိုသို့ ထမင်းစားသောအခါ၌ ညီအစ်ကို နှစ်ယောက်သည် ထမင်းစား စားပွဲတွင် အကျအနထိုင်ကာ စားကြလေတော့သတည်း။

* * * * * *

အခန်း ၊ ၄ ၊

## တို့အဘကြီးဟာ တော်တော်ရှုပ်တဲ့လူကြီးတွေ

ညပိုင်းသို့ရောက်လျှင် ကလေးနှစ်ဦးသည် အဘိုးကြီးအား ကုတင်ပေါ်တွင် လှဲစေပြီးနောက် အဘိုးကြီး၏ ပေါင်၊ ခြေသလုံး စသည်တို့ကို ပရုပ်ဆီသုတ်လိမ်းကာ နှိပ်နယ်ပေးကြလေ၏။ အဘိုးကြီးသည် အနှိပ်ခံရင်း–

“မင်းတို့ဟာ အတော် လက်ပေါက်တဲ့ကောင်တွေပဲ ...” ဟု ပြောလျှင် ကလေးနှစ်ဦးက ရယ်လေ၏။ ထို့နောက် ကလေးအကြီးက–

“လက်ပေါက်တာမဟုတ်ဘူး အဘရဲ့ ...၊ ကျွန်တော်တို့ နှစ်ယောက်စလုံးက လက်နဲ့နှိပ်နေတာမဟုတ်ဘူး၊ ချောင်းဆိုးဆေးပုလင်း အလွတ်နဲ့ထိုးနေကြတာ ...” ဟု ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးသည် သဘောကျ၍ တခစ်ခစ်ရယ်လေ၏။ ထို့နောက် အဘိုးကြီးက –

“မင်းတို့နှစ်ယောက်ကို စာတတ်ဖို့ ဆရာမတစ်ယောက်ကို အိမ်ခေါ်ပြီး စာသင်ခိုင်းရမယ်ကွ ...”ဟုပြောလေ၏။ ထိုအခါ တစ္ဆေဖြူက–

“ဘာဖြစ်လို့ ကျွန်တော်တို့က စာတတ်ရမှာလဲ အဘရဲ့ ...” ဟု မေးလေ၏။

www.burmeseclassic.com



“လူဆိုတာ စာတတ်ရမယ်လေကွာ …၊ စာတတ်မှလည်း စာတွေဖတ်လို့ရမယ်၊ အဲဒီလို စာဖတ်မှလည်း လူဟာ ဗဟုသုတများမှာကွ၊ စာမတတ်ရင် အကန်းလိုပဲကွ” ဟု ဦးတင်ဘက်တူက ပြောလေ၏။

“အဘပြောတဲ့ စာတတ်ရမယ်ဆိုတာ ဖတ်တတ်၊ ရေးတတ်ဖို့ မဟုတ်လား၊ အဲဒီလောက်တော့ ကျွန်တော်တို့ နှစ်ယောက်စလုံးတတ်ပါတယ် အဘရဲ့ …” ဟု ပေတလူက ပြောလေ၏။ ထိုအခါ အဘိုးကြီးက-

“စာကို ရေးတတ်၊ ဖတ်တတ်ပြီဆိုရင်လည်း ဂဏန်းသင်္ချာ သင်ရဦးမယ်ကွ၊ အဲဒီတော့ ဆရာမ လိုတာပါ ပဲကွာ၊ ဆရာမ ငှားမှကို ဖြစ်မှာပါကွာ”ဟု ပြောလေတော့၏။

“ဘာဖြစ်လို့ ကျွန်တော်တို့က ဂဏန်းသင်္ချာသင်ရမှာလဲ အဘရဲ့…”ဟု တစ္ဆေဖြူက မေးလိုက်လျှင် အဘိုးကြီးက -

“ဒါမှ မင်းတို့ဟာ ပေါင်းတတ်မယ်၊ မြှောက်တတ်မယ်၊ စားတတ်မယ်မဟုတ်လား …”ဟု ပြောလေ၏။ ထိုအခါ ပေတလူက -

“အဘ … ကျွန်တော် ဂဏန်းမတွက်ချင်ဘူး အဘရဲ့ …”ဟု ပြောလေ၏။

“မတွက်ချင်လို့ မရဘူးကွ၊ အတွက်အချက်ဆိုတာ တတ်ရမှာ ပဲ”ဟု ဦးတင်ဘက်တူက ပြောလေ၏။ ထို့နောက် ကလေးနှစ်ဦးသည် ဦးတင်ဘက်တူအား စောင်ခြုံပေးကြ၏။ ခြင်ထောင်ချပေးကြ၏။ ထို့နောက် ပေတလူက

“အဘရယ် … အပြင်ခန်းက အခန်းထောင့်မှာ ပိတ်ကလေးနဲ့ ကာထားတာ ဘာလဲ အဘရဲ့ …”ဟု မေးလိုက်ရာ ဦးတင်ဘက်တူက-

“အဲဒါ … အဘတို့မိဘလက်ထက်ကတည်းက ကိုးကွယ်ထားတာကွ၊ နတ်အုန်းသီးလို့ခေါ်တယ် …” ဟု ပြန်၍ဖြေလေ၏။

“ကျွန်တော်တို့အမေလည်း အဲဒီနတ်အုန်းသီးကို ကိုးကွယ်တယ် အဘရဲ့ …၊ ကျွန်တော်တို့အမေက ဟိုး အောက်ဘက်မှာနေတာ …၊ သူကလည်း အဲဒီနတ်ကို ပင့်မယ်၊ အဘတို့အိမ်ကလည်း အဲဒီနတ်ကို ပင့်မယ်

www.burmeseclassic.com



ဆိုရင် အဲဒီနတ်က ဘယ်ကိုသွားမတုံး အဘရဲ့ ...'' ဟု ပေတလူက မေးလေ၏။ ထိုအခါ အဘိုးကြီးက -

''ကတ်သီးကတ်သတ်တွေ မစဉ်းစားစမ်းပါနဲ့ ကောင်လေးရာ၊ အိပ်ခါနီး မျက်စိကြောင်အောင် မလုပ်စမ်းပါနဲ့ ...''ဟု ပြောပြီးလျှင် တခစ်ခစ် ရယ်လေ၏။ ထို့နောက် ပေတလူက -

''အဘရယ် ... ကျွန်တော် မသိလို့မေးတာပါ၊ နတ်အုန်းသီး ဆိုတော့ အဲဒီနတ်က အုန်းသီးထဲမှာ နေတာလား၊ အဲဒီအုန်းသီးထဲမှာနေ တယ်ဆိုရင်ကော ကျွန်တော်တို့ အဘတို့အိမ်က အုန်းသီးတွေထဲမှာ ဘာလို့ လာနေရတာလဲ၊ အုန်းပင်ပေါ်က အုန်းသီးထဲမှာနေရင် သူ့အတွက် ပိုပြီးတောင် လွတ်လပ်တာပေါ့ ...'' ဟု မေးလိုက်ရာ အဘိုးကြီးက တခစ်ခစ်ရယ်ရင်း-

''မမေးစမ်းပါနဲ့ ပေတလူရာ၊ တို့နဲ့လည်း မဆိုင်ပါဘူးကွာ၊ သူ့ဘာသာသူနေချင်တဲ့နေရာမှာ နေစမ်းပါစေ''ဟု ပြောလိုက်လေ၏။ ထို့နောက် ၎င်းတို့ညီအစ်ကိုနှစ်ယောက်သည် အဘိုးကြီးအိပ်ပျော်သည်အထိ စောင့်ပြီးနောက် အဘိုးကြီးအိပ်ပျော်သည်နှင့် မီးလင်းဖိုကြီးအနီးသို့ သွားကာ ခေါင်းချင်းဆိုင်၍ ကွေးကြလေ၏။ အဘိုးကြီးသည် အိပ်ပျော်နေရာမှ မိနစ်အစိတ်ခန့်ကြာလျှင် ဖြတ်ခနဲ နိုးလာလေ၏။ ထိုအခါ မီးလင်းဖိုအနီးမှ ကလေးနှစ်ဦး၏ စကားပြောသံကို ကြားရ၍ -

''ဟိတ် ...ကလေးတွေ အိပ်ကြတော့လေကွာ၊ စကားမပြောကြနဲ့'' ဟုလှမ်း၍ ပြောလိုက်လေ၏။ ထိုအချိန်မှာပင် အဘိုးကြီးလည်း ပြန်၍ အိပ်ပျော်သွားလေ၏။ မိနစ်အစိတ်ခန့် အိပ်ပျော်သွားပြီးနောက် တစ်ဖန်ပြန်၍ နိုးလာပြန်၏။ ထိုသို့နိုးလာသောအခါ၌လည်း မီးလင်းဖို အနီးမှ ကလေးနှစ်ဦး၏ စကားပြောသံကို ကြားရပြန်၏။ ထိုအခါ အဘိုးကြီးက -

''ဟေ့ ...ကလေးတွေ အိပ်ကြတော့လေကွာ၊ ညဉ့်နက်လှပြီကွ'' ဟု အော်လိုက်သဖြင့် ကလေးနှစ်ဦး၏ စကားပြောသံသည် ရပ်ဆိုင်းသွားပြန်လေ၏။ ထိုအခါ၌ အဘိုးကြီးလည်း ပြန်၍အိပ်ပျော်သွားပြန်လေ၏။ မိနစ်

www.burmeseclassic.com



အစိတ်ခန့် အိပ်ပျော်သွားပြီးနောက် ပြန်၍နိုးလာလျှင် ကလေးနှစ်ဦး၏ စကားပြောသံကိုကြားရပြန်၏။ ထို့ကြောင့် အဘိုးကြီးသည် ကလေးနှစ်ဦးကို အိပ်ရန်မပြောတော့ဘဲ ကုတင်ဘေးရှိ ဗိုးချဲခေါ် တွန်းလှည်းပေါ်သို ဆင်းပြီးလျှင် ဗိုးချဲကို တဖြည်းဖြည်းလိမ့်၍ ကလေးနှစ်ဦး အနီးသို့ သွားရောက်ကာ ၎င်းကလေးနှစ်ဦးပြောသောစကားများကို နားထောင်လေတော့၏။ ကလေးနှစ်ဦးသည် စောင်များကို ခေါင်းမြီးခြုံ၍ မီးလင်းဖိုကြီးဘေးတွင် ခေါင်းချင်းဆိုင်ကာ စကားပြောနေကြခြင်းဖြစ်၏။ ၎င်းတို့နှစ်ဦးသည် အဘိုးကြီး ၎င်းတို့အနီးသို့ရောက်နေသည်ကို မသိကြဘဲရှိလေ၏။

"ဟော့ကောင် …တစ္ဆေဖြူ၊ တို့ဘကြီးမှာ မိန်းမ မရှိဘူးကွ၊ မုဆိုးဖိုကြီးဖြစ်လိမ့်မယ်"ဟု ပြောလိုက်ရာ တစ္ဆေဖြူက -

"မုဆိုးဖိုပဲထားပါဦးကွာ၊ သူ့မိန်းမရဲ့ဓာတ်ပုံလေး ဘာလေးတော့ ချိတ်ထားတာတွေ့ရမှာကွ၊ အခုတော့ ဓာတ်ပုံတောင်မတွေ့ဘူးကွ"ဟု ပြန်၍ပြောလျှင် ပေတလူက -

"မင်း မဆိုးဘူးကွ၊ အတော်ကလေး ဆက်စပ် တွေးတတ်လာပြီ၊ မုဆိုးဖိုပဲထားပါဦး၊ သားသမီးတော့ ရှိရမှာပေါ့၊ သားသမီးဓာတ်ပုံလည်း မတွေ့ရဘူး၊ နဂိုကတည်းက လူပျိုကြီးနဲ့တူပါတယ်ကွာ" ဟု ပြန်၍ပြောပြန်လေ၏။ ထိုအခါ တစ္ဆေဖြူက -

"လူရိုးကြီးပါကွာ…"ဟု ခပ်ညည်းညည်းလေး ပြောလိုက်လေ၏။ ထိုအခါပေတလူက

"လူရိုးကြီးတော့ မဟုတ်ဘူးကွ၊ တို့အဘကြီးက လူရှုပ်ကြီးကွ၊ တို့ ဒီခြံရဲ့နောက်ဘက် ချောင်းကလေးရဲ့ ဟိုဘက်မှာ အိမ်စုကလေးတွေ့တယ်မဟုတ်လား၊ အဲဒီ အိမ်စုကလေးရဲ့ အိမ်တစ်အိမ်က မိန်းမတစ်ယောက်က တို့ဘကြီးရဲ့ သမီးလောက်ရှိတယ်ကွ၊ သူ့နာမည်က မညွန့်ကြည်တဲ့ကွ၊ မနက်က ဒီဘက်ကိုကူးလာပြီး အဘနဲ့တွေ့တယ်၊ သူက အဘကို အစ်ကိုကြီးလို့ခေါ်တယ်ကွ၊ သူ့ အဖေလောက်ရှိတဲ့ လူကြီးကို အစ်ကိုကြီးလို့ခေါ်ကတည်းက

www.burmeseclassic.com



သူတို့နှစ်ယောက် ရှုပ်နေကြပြီကွ၊ တို့အဘိုးကြီးရဲ့ ပိုက်ဆံတွေလည်း အဲဒီ မိန်းမဆီ တော်တော်ရောက်နေလောက်ပြီ၊ ကြာရင် ငါတို့နှစ်ယောက်အတွက် လခတောင် ပေးနိုင်မှာမဟုတ်တော့ဘူး ...''ဟု ပြောလိုက်လျှင် ဦးတင်ဘက် တူကြီးသည် မျက်လုံး ပြူး၍သွားလေ၏။ ထို့နောက် ကလေးနှစ်ဦး၏ ဆက်စပ်တွေးတတ်ပုံကို သဘောကျ၍ ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက် လေ၏။ ထိုအခါ တစ္ဆေဖြူက –

''ပေတလူရယ် ...မင်းဟာ အချက်ကလေးတစ်ချက် တွေ့လိုက် တာနဲ့ အပြီးစဉ်းစားတော့တာကိုး၊ စဉ်းစားတာတော့ စဉ်းစားတာပေါ့ကွာ၊ ဒါပေမဲ့ စဉ်းစားတဲ့နေရာမှာ စဉ်းစားပုံစဉ်းစားနည်း စနစ်ကလေးတစ်ခုတော့ ရှိရမှာပေါ့ကွာ ...''ဟု ပြောလိုက်လေ၏။ ထိုအခါ ပေတလူက

''တစ္ဆေဖြူရယ် ...ဘယ်လိုများပြောလိုက် တာတုံးကွ၊ စဉ်းစားတဲ့ ကိစ္စမှာ ငါ့မှာ စနစ်တစ်ခုရှိပါတယ်ကွ၊ ပထမဦးဆုံးကတော့ကွာ ကိုယ် စဉ်းစားတဲ့ကိစ္စဟာ ဖြစ်အပ်၊ မဖြစ်အပ် စဉ်းစားရတယ်ကွ၊ အဲဒါကို အပ်ရှာ တယ်လို့ခေါ်တယ်ကွ၊ အဲဒီလို အပ်ရှာလို့မှမရရင် အပ်ပျောက်တယ်ပေါ့ ကွာ...၊အပ်ပျောက်ရင် ဆင်စီးပြီး ရှာရတယ်တဲ့၊ ဆင်စီးတယ်ဆိုတာက ဆင်ခြင်တုံတရားကို သုံးပေတော့တဲ့၊ အဲဒီအခါမှာ ဆင်ပါပျောက် သွားရင် တော့ ဇကာတိုက်ပေတော့တဲ့ ...၊ ဇကာတိုက်တယ်ဆိုတာက 'ဆ'ကာလို့ ပြောတာ၊ ချိန်ဆပေတော့တဲ့ ...''ဟုပြောလိုက်လျှင် ဦးတင်ဘက်တူကြီးသည် ပါးစပ် အဟောင်းသားဖြစ်၍ သွားလေတော့၏။ ထို့နောက် သူ၏ဗီးချဲလေးကို ပြန်၍လိုမ့်လာပြီးလျှင် ချိတ်ထားသော ပြက္ခဒိန်လေး၏ နောက်ကျောတွင် ပေတလူပြောသော စဉ်းစားပုံ စဉ်းစားနည်းကို ရေးမှတ်၍ ထားလိုက်လေ တော့သတည်း ..။ ။

**အပ်ပျောက်ရင် ဆင်စီးပြီးရှာ**
**ဆင်ပျောက်ရင် ဆကာတိုက်ပြီးရှာ**

www.burmeseclassic.com





အခန်း ၊ ၅ ၊

# ပေတလုတို့ညီအစ်ကို ထမင်းချက်ကြပြီ

နောက်တစ်နေ့နံနက် မိုးလင်းလျှင် အဘိုးကြီးအား ညီအစ်ကိုနှစ်ဦးသည် အလေးအပေါ့သွားရန် အိမ်သာသို့ ပို့ကြလေ၏။ ထို့နောက် မျက်နှာသစ်ရန်၊ သွားတိုက်ရန် စီစဉ်ပေးကြလေ၏။ ပြီးလျှင် ထမင်းစားခန်းသို့ ခေါ်လာပြီးလျှင် ကုလားထိုင်တွင်သွား၍ ထိုင်ပေးထား၏။ ပြီးလျှင် တစ်ဦးက ကော်ဖီပူပူ လာ၍ချပေးထား၏။ ကျန်တစ်ဦးက ပေါင်မုန့်မီးကင်နှင့် ကြက်ဥကြော်ကိုလာ၍ချပေး၏။ အဘိုးကြီးသည် ကော်ဖီကို အနည်းငယ် ပါးစပ်နှင့်စုပ်၍ မြည်းကြည့်ပြီးနောက် –

"တယ်ကောင်းပါလား ...၊ ဘယ်သူဖျော်တာ လဲ ..." ဟု

www.burmeseclassic.com



မေးလေ၏။ ထိုအခါ ပေတလူက -

"ကျွန်တော်ဖျော်တာ အဘ" ဟု ပြောလေ၏။

"ပေါင်မုန့်မီးကင်နဲ့ ကြက်ဥဟက်ဖရိုက်ကရော ဘယ်သူလုပ်တာ လဲ" ဟု ဦးတင်ဘက်တူက မေးပြန်ရာ တစ္ဆေဖြူက -

"ကျွန်တော်လုပ်တာ အဘ"ဟု ပြန်၍ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

"မင်းတို့နှစ်ယောက် ကောင်းကောင်းလုပ်တတ်သားပဲ" ဟု ပြောလျှင် ပေတလူက -

"လုပ်တတ်ပါတယ် အဘရဲ့ ...၊ ဈေးလည်း ဝယ်တတ်တယ်၊ ထမင်းဟင်းလည်း ချက်တတ်ပါတယ်...၊ အဘတို့အရွယ်အတွက် ထမင်းဟင်းလျာချက်တဲ့အခါမှာ ကျန်းမာရေးကို ဦးစားပေးပြီး ချက်ရတယ် အဘရဲ့ ...၊ စားလို့ကောင်းတာကို ဦးစားပေးလို့မရဘူး" ဟု ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးက -

"ဆိုစမ်းပါဦး ပေတလူရယ် ...၊ ဘယ်လိုများ ကျန်းမာရေးကို ဦးစားပေးပြီး ချက်ရမှာတုံး ..."ဟု မေးလေတော့၏။ ထိုအခါ ပေတလူ က-

"အကြမ်းဖျဉ်းကတော့ အခြေခံဓာတ်လေးမျိုး မျှတရမယ်ပေါ့၊ အသားဓာတ်၊ အသီးအရွက်ဓာတ်၊ အချဉ်ဓာတ်၊အဆီဓာတ်ပေါ့ အဘရယ်...၊ အဆီဆိုတဲ့နေရာမှာ အဆိမ့်လည်း ပါတာပေါ့၊ အဲဒါတွေများရင် ကျန်းမာရေးကို ထိခိုက်တာပေါ့၊ အခု ဒေါ်သိန်းကြည် အဘအတွက် ချက်နေတဲ့ဟင်းတွေဟာ အဆီတွေ သိပ်များတယ်၊ အဲဒါတွေကို ဆက်ပြီးစားနေရင် အဘ အသက်ကို လိမ့်မယ်၊ အဲဒီတော့ စောစောက ကျွန်တော်ပြောတဲ့ လေးမျိုးကို မျှမျှတတ ဖြစ်အောင် ချက်ပြုတ်ကျွေး မွေးရင်စားတဲ့လူ အသက်ရှည်တာပေါ့ အဘ ရယ်..." ဟု ပြောလိုက်ရာ အဘိုးကြီးသည် မျက်လုံးပြူး၍သွားလေ၏။

"ဟော့ ...ပေတလူ၊ မင်းအရွယ်နဲ့ ဒါတွေကို မသိရဘူးကွ" ဟု

ပြောလိုက်လျှင် ပေတလူက ရယ်လေ၏။ ကျေနပ်အောင်ရယ်ပြီးနောက်–

"အဲဒီလိုမသိရဘူးဆိုတာ ဥပဒေရှိလား အဘ" ဟု ပြန်၍ မေးလျှင် အဘိုးကြီးက –

"ဥပဒေတော့ မဟုတ်ပါဘူး ငါ့လူရာ ...၊ မင်းက ဒါတွေကို ဘယ်လိုလုပ်ပြီးသိနေတာလဲ" ဟု မေးလေ၏။ ထိုအခါ ပေတလူက –

"ကျွန်တော်တို့နှစ်ယောက်ဟာ ခရစ်ယာန်သာသနာပြုကျောင်းရဲ့ မီးဖိုချောင်မှာ အလုပ်လုပ်ခဲ့ဖူးပါတယ်၊ အဲဒီက စစ္စတာကြီးက သင်ပေးခဲ့တာပါ၊ ကျွန်တော်တို့ကို အင်္ဂလိပ်စာတောင် သင်ပေးထားတယ်၊ အဲဒီမှာ အဆင်ပြေနေတုန်း အမေက ပိုက်ဆံပို့ရတဲ့ဆီကို ပို့ရမယ်ဆိုပြီးလာ ခေါ်တာနဲ့ကျွန်တော်တို့ တစ်ပိုင်းတစ်စနဲ့ ဆက်ပြီးသင်ခွင့် မရတော့တာ ..." ဟု ပြောလေ၏။ အဘိုးကြီးသည် ထမင်းစားချိန်သို့ ရောက်သောအခါ၌ ဒေါ်သိန်းကြည်ချက်သော ကြက်သားဟင်းကိုကြည့်ကာ –

"ပေတလူရေ ...၊ မင်းပြောတာမှန်တယ်ကွ၊ ဒီမိန်းမကြီးချက်တဲ့ ဟင်းကို ကြည့်စမ်းပါဦး၊ ဆီတွေချည်းပဲကွ၊ သူထည့်တဲ့ဆီတွေဟာ လိုအပ်တာထက်ပိုပြီး ဖြုန်းတီးသလိုဖြစ်နေတယ်ကွ၊ သူထည့်တဲ့ဆီတွေဟာ ဆင်းရဲသားမိသားစုရဲ့ အိမ်တစ်အိမ်မှာ ဟင်းတစ်အိုး ထပ်ပြီးချက်လို့ရတယ်ကွ၊ ကဲပါကွာ ...မနက်ဖြန်ကစပြီး မင်းတို့နှစ်ယောက်ပဲ ဈေးသွားကြပေတော့...၊ ဓာတ်ရင်းကိုခေါ်ပြီး ကားနဲ့သွားကြ...၊ ဈေးက နှစ်နေရာရှိတယ်ကွ ...၊ ဉာဏ်တောဈေးကိုလည်း သွားလို့ရတယ်ကွ၊ နောက်ပြီးတော့ ရွှေစာရံဘုရားကိုဝင်တဲ့ လမ်းထိပ်မှာလည်း ဈေးရှိတယ်ကွ၊ အဲဒီက အသီးအနှံတောင် ပိုပြီးပေါသေးတယ်၊ ပြီးတော့ မင်းတို့ညီအစ် ကိုနှစ်ယောက်ပဲ ချက်ကြကွာ ...၊ ဒေါ်သိန်းကြည်ကြီးကိုတော့ အဝတ် လျှော်ဖို့လောက်ပဲ ထားပါကွာ၊ ပြီးတော့ခများမှာ ခြေထောက်ကလည်း မကောင်းတော့ဘူးကွ ..." ဟုပြောလိုက်လေ၏။

ထို့ကြောင့် ၎င်းတို့ညီအစ်ကိုနှစ်ဦးသည် ဓာတ်ရင်းကို ခေါ်ကာ

www.burmeseclassic.com



ကားဖြင့် ဉာဏ်တောဈေးသို့ သွားကြလေ၏။ ထို့နောက် ပေတလူက ခြင်းတောင်းကြီးတစ်လုံးဖြင့် ဈေးဝယ်၏။ ခရမ်းချဉ်သီးများကို ပို၍ဝယ်၏။ အိမ်သို့ရောက်လျှင် ခရမ်းချဉ်သီးဖျော်ရည်လုပ်၍ ရေခဲသေတ္တာထဲ ထည့်ထား၏ အသားကို နည်းနည်းထည့်၍ အသီးအရွက်များဖြင့် အစိမ်းကြော်ကြော်လေ၏။ ကြက်ရိုးကိုပြုတ်၍ ဟင်းချိုချက်၏။ ဟင်းချိုပူပူတွင် ဆူးပုပ်ရွက်ကို မီးသင်း၍ ခတ်လေ၏။ အဘိုးကြီးအား ထမင်းမစားမီ၌ ခရမ်းချဉ်သီး ဖျော်ရည်ကိုတိုက်၏။ အဘိုးကြီးသည် ခရမ်းချဉ်သီးဖျော်ရည်ကို သောက်ပြီး နောက် -

"သောက်လို့ကောင်းတယ်ကွ၊ ချဉ်ဖြုန်းဖြုန်းနဲ့ "ဟု ပြောလေ၏။ ထို့နောက် ၄င်းတို့ညီအစ်ကိုနှစ်ဦးသည် အဘိုးကြီးအား ထမင်းခူး၍ ကျွေးကြလေ၏။ အဘိုးကြီးသည် ဆူးပုပ်နံ့သင်းနေသော ကြက်ရိုးဟင်းချိုကို သောက်၍-

"ကောင်းလိုက်တာကွာ ...၊ ဆူးပုပ်နံ့လေးသင်းလို့ ...၊ မင်းတို့ တကယ်ချက်တတ်တဲ့ကောင်တွေပဲ"ဟုပြောလေ၏။ ထို့နောက် အဘိုးကြီးသည် မဆလာနိုင်နိုင်ဖြင့် အိုးကပ်ချက်ထားသော ကြက်သားဟင်းကို ထမင်းဖြင့် နယ်ကာ အားရပါးရ စားလေ၏။ စားပြီးလျှင် ပေတလူတို့က သရက်သီးတစ်လုံးကို ခွဲ၍ကျွေး၏။ အဘိုးကြီးလည်း ထိုသရက်သီးကိုစားရင်း -

"ဒီမနက်စာကတော့ အတော့်ကိုကောင်းပါတယ်ကွာ ..." ဟု ပြောလျှင် ပေတလူက -

"နေ့ခင်းကို လက်ဖက်ရည်အချိုနဲ့ ဘယာကြော် သုပ်စပ်စပ်လေး စီမံထားတယ်၊ ဒါပေမဲ့ ညစာတော့ မစားပါနဲ့ အဘရယ် ...၊ အသက်ခြောက်ဆယ်ကျော်ရင် ညစာ မစားတာဟာ အကောင်းဆုံးပဲ" ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

"ညစာကတော့ မစားဘဲနေလို့ ရပါတယ်၊ ထမင်းကိုပြောတာနော်၊ ဒါပေမဲ့ တခြားအစားအသောက်တစ်ခုခုကိုတော့ အစားထိုးရလိမ့်မယ် ..."ဟု

www.burmeseclassic.com



ပြောလိုက်လျှင် ပေတလူက -

"ဆန်ပြုတ်တို့ ...၊ ကွေကာအုပ်တို့တော့ တိုက်မှာပေါ့ အဘရယ်..." ဟု ပြောလိုက်ရာ အဘိုးကြီးက

"အေးကွာ ...ဒီလိုဆိုလည်း ကွေကာအုပ်တွေ ဘာတွေ မန္တလေး ရောက်တုန်း ဝယ်ထားမှကွ"ဟုပြောလျှင် ပေတလူက -

"လောလောဆယ်တော့ မလိုသေးပါဘူး အဘရယ် ...၊ ကျွန်တော် တစ်လစာ ဝယ်ထားပါတယ်၊ ကုန်သွားရင်လည်း ကိုဓာတ်ရင်း အိမ်ပြန်ရင် မှာလိုက်ပါ့မယ်၊ ကွေကာအုပ်က ကျွန်တော်တို့တိုင်းပြည်က လုပ်တာလည်း ရှိတယ်၊ တရုတ်က လာတာလည်းရှိတယ်၊ အင်္ဂလန်က လာတာကတော့ အကောင်းဆုံးပဲ အဘရေ ...၊ စက္ကူကတ်ထူ အမာလေးနဲ့ လုပ်ထားတာ..." ဟု ပြောလိုက်လျှင် အဘိုးကြီးက -

"မင်းကတော့ အကုန်လုံးကို သိနေတော့တာပဲကိုးကွ ..."ဟု ပြောလိုက်လေတော့သတည်း။

*    *    *    *    *    *

**အခန်း ၊ ၆ ၊**

# ဈေးဖိုးတို့ မခိုးရင် နှုတတ်တယ်

ဦးတင်ဘက်တူကြီးသည် နံနက်စာကို ထမင်းဟင်းလျာနှင့် စားရသော်လည်း ညစာအဖြစ်မူ ကွေကာအုပ်ကို သောက်ရသည့်အခါလည်း ရှိ၏။ ဆန်ပြုတ်ကို သောက်ရသည့် အခါလည်းရှိ၏။ မည်သို့ဖြစ်စေ ပေတလူ သည် အဆင်ပြေအောင် ချက်ပြုတ်ပေးတတ်သောကြောင့်

www.burmeseclassic.com



အဘိုးကြီးအဖို့ ဆန်ပြုတ်သောက်ရသည်ဖြစ်စေ၊ ကွေကာအုပ် သောက်ရသည်ဖြစ်စေ အကြောင်းမဟုတ်တော့ပေ။ ပေတလူသည် ရွှေစာရံဈေးဘက်ဆီမှရသော ပုဇွန်ဆိတ်များကို နုပ်နုပ်စင်း၍ အိုးကင်းပေါ်တွင်လှော်ပြီးလျှင် ဆန်ပြုတ်ပြုတ်ပေးလေ၏။ ပေတလူ ဆန်ပြုတ် ပြုတ်ပုံမှာလည်း လွန်စွာမှ စနစ်ကျ လေ၏။ ပြုတ်မည့်ဆန်ကို ဆေးပြီးလျှင် ဆီတစ်စက်နှစ်စက်ထည့်၍ ထိုဆန်ကို နယ်လေ၏။

ထို့နောက်မှ ပြုတ်မည့်အိုးကို မီးဖိုပေါ်တွင်တင်၍ ထိုဆန်များကို ထည့်ကာလှော်လေတော့၏။ ထိုအခါ ဆန်များသည် မီးအရှိန်ကြောင့် ဖောက်ခနဲ ဖောက်ခနဲ ကွဲလေတော့၏။ ထိုအခါကျမှပင် ရေထည့်၍ ပြုတ်လေတော့၏။ ထိုသို့ပြုလုပ်လိုက်သောအခါ၌ ဆန်ပြုတ်သည် နူးနပ်၍ သွားလေတော့၏။ ဆန်ပြုတ်ကျခါနီး ငါးမိနစ်အလိုခန့်တွင် အရိပ်ထဲတွင် ခြောက်သွေ့အောင် ပြုလုပ်ထားသော မုန်လာဥခြောက်များ၊ မုန်ညင်းရွက် ခြောက်များကို ခတ်လိုက်လေတော့၏။

ထိုသို့ခတ်လိုက်ခြင်းကြောင့် ထိုဆန်ပြုတ်သည် နှစ်ရက်သုံးရက်ထားသည့်တိုင်အောင် မသိုးဘဲရှိလေ၏။ မျက်စိနာလျှင် ထိုဆန်ပြုတ်ရည်ကြည်ကို ခတ်ရ၏။ ကြွက်သားများနာလျှင် ထိုဆန်ပြုတ်ရည်ကို လိမ်းပေးပါက ပျောက်ကင်း၏။ ထိုဆန်ပြုတ်ကို ပေတလူက 'ဝိဇ္ဇာဆန်ပြုတ်'ဟု နာမည်ပေးထားလေ၏။

ဦးတင်ဘက်တူကြီးသည် ပေတလူတိုက်သော ဆန်ပြုတ်ကို လွန်စွာနှစ်သက်သဘောကျလေ၏။ ထိုဆန်ပြုတ်နှင့်စားသောက်ရန် အသီးအရွက်ကြော်တစ်ခုကို အစဉ်သဖြင့် ပေတလူက စီမံပေးထားလေ၏။ တစ်ခါတရံ ဆေးဘဲဥသုပ်များ၊ ဘဲဥဆားရည်စိမ်များကိုလည်း စီမံပေးထားလေ၏။ ညအချိန်သို့ရောက်သောအခါ၌ ပေတလူနှင့် ၄င်း၏အစ်ကို တစ္ဆေဖြူတို့သည် စောင်ကို ခေါင်းမြီးခြုံ၍ မီးလင်းဖိုဘေးတွင် အိပ်စက်ကြလေ၏။ ထိုသို့ အိပ်စက်ကြရင်း တစ်ဦးနှင့်တစ်ဦး စကားပြောကြလေ၏။ ဦးတင်ဘက်တူကြီး

www.burmeseclassic.com



သည် ငှင်းတို့အနီးသို့ ဗိုးချဲဖြင့် တိတ်တဆိတ်ရောက် လာပြီးလျှင် ငှင်းတို့နှစ်ဦး ပြောသောစကားများကို အစဉ်သဖြင့် ခိုး၍ နားထောင်လေ့ရှိ၏။ တစ်ညတွင် တစ္ဆေဖြူက –

"ဟေ့ …ပေတလူ၊ နက်ဖြန်ကျရင်တို့ကို စာသင်မယ့် ဆရာမ ရောက်လာတော့မယ်ကွ"ဟု ပြောလိုက်ရာ ပေတလူက –

"ဆရာမ ရောက်လာမလာတော့ မသိဘူးကွ၊ မင်းတို့ငါတို့ အမေက တော့ ရောက်မလာတော့ဘူးကွ …၊ တို့ကို ဒီမှာထားခဲ့ရလို့ စိတ်ချသွားပြီ"ဟု ပြောလေ၏။

"နေစမ်းပါဦး ပေတလူရယ် …၊ ဘာဖြစ်လို့ အမေက မလာရမှာ လဲကွ၊ ဒီနှစ်ကုန်ရင် အမေထပ်ပြီးလာမယ်ကွာ…၊ အဘက… တို့နှစ်ယောက် ရဲ့လုပ်ခ ကိုးရာ့ခြောက်ဆယ်ကို ထပ်ပြီးပေးဦးမှာ မဟုတ်လား…" ဟု တစ္ဆေဖြူက မေးလေ၏။

"ဒီလို တစ္ဆေဖြူရဲ့ …၊ စက်ဘီးဟာ စီးမယ့်သူမရှိရင် သူ့ဟာသူ ထောင်ထားတာ …၊ ဘယ်မှမရောက်ဘူး၊ စီးမယ့်သူ ရှိရင်တော့ ဟိုရောက်ဒီ ရောက် ရောက်ရောက်ကွ၊ ဖမ်းလို့ကို မမိတော့ဘူး၊ တို့အမေ ဒေါ်ခင်နက်ကိုလည်း စက်ဘီးတစ်စီးလို စဉ်းစားကြည့်ရအောင်ကွာ …၊ ကိုချိုပ်ပန်းဆိုတဲ့ စက်ဘီးစီး သမားရသွားပြီကွ၊ အဲဒါကြောင့် တို့ကိုလာပြီး မတွေ့တော့ဘူးကွ၊ တို့ကို လာပို့တဲ့နေ့လည်း ခြံဝမှာ ဦးချိုပ်ပန်းက အမေ့ကို ဘယ်လို ပြောသလဲဆိုတော့ '*အနက်ရယ် …ကလေးနှစ်ယောက်အတွက် စိတ်အေးသွားရပြီ မဟုတ်လား*' လို့ ပြောနေတယ်လေကွာ …၊ တို့အမေရဲ့ နာမည်က မခင်နက်တဲ့ကွ၊ အဲဒါကို ဦးချိုပ်ပန်းက 'အနက်'လို့ အဖျားဆွတ်ပြီး ခေါ်ပုံထောက်ရင် ဒီလူကြီး ဟာ စက်ဘီးစီးချင်နေပုံရတယ်ကွ၊ စက်ဘီးကလည်း တို့နှစ်ယောက် ခြေရှုပ်နေ လို့ သူ့ကို လက်မခံတာမဟုတ်လားကွ" ဟု ပေတလူက ပြောလိုက်လျှင် တစ္ဆေဖြူက –

"ဒီအချက်ကို ဦးချိုပ်ပန်းကြီးက လေ့လာထားတာကိုး"ဟု

www.burmeseclassic.com



ပြောလိုက်ရာ ပေတလူက -

"လေ့လာထားတယ်လို့ မပြောပါနဲ့၊ သုတေသနလုပ်တယ်လို့ ပြောပါကွ၊ သူက အဲဒီရုံးက ရုံးအုပ်ကြီးလေကွာ..." ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူကြီးသည် အသံထွက်၍ မရယ်မိစေရန် ပါးစပ်ကို လက်ဝါးဖြင့် အုပ်ထားလိုက်ရလေတော့၏။

"ဒါနဲ့ နေပါဦး ပေတလူရယ် ...၊ မင်းဟာ နေ့စဉ် ဈေးဝယ်တာ လည်းဟုတ်ပါတယ်၊ ဈေးစာရင်းလုပ်တာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းဈေး စာရင်းတွေက အဟုတ်မဟုတ်ဘူးကွ၊ နည်းနည်းစီ ပိုပြထားတာ ဖြစ်နေတယ်" ဟု တစ္ဆေဖြူက ပြောလိုက်လေ၏။

"ဟုတ်တယ် တစ္ဆေဖြူရေ ...၊ ဈေးစာရင်း နည်းနည်းစီ ပိုပြပြီး ငါ နည်းနည်း နည်းနည်းခိုးထားတယ်ကွ၊ ဈေးဝယ်ခိုင်းတာကို နည်းနည်း ပါးပါးမခိုးရင် နှုတတ်တယ်ကွ၊ ငါတော့ နှုမှာကြောက်တယ်ကွာ" ဟု ပေတလူက ပြောလေ၏။ ထိုအခါ တစ္ဆေဖြူက -

"မင်းဟာ အတော်ယုတ်မာတဲ့ကောင်ပဲ၊ ဘာပဲဖြစ်ဖြစ် ဒီအသိုးကြီး ဟာ ငါတို့ရဲ့ ကျေးဇူးရှင်ပဲ၊ သူ့ဆီမှာ ငါတို့ မှီခိုရတယ်၊ သူ့ထမင်းကို စားရတယ်၊ အဲဒီကျေးဇူးတွေကိုတော့ မင်းအနေနဲ့ မကန်းရဘူးကွ"ဟု ပြောလေ၏။

"တစ္ဆေဖြူ မင်းဟာ အတော်ညံ့တဲ့ကောင်ပဲ၊ ငါအခု လုပ်လိုက်တာ ဟာ အသိုးကြီးအပေါ်မှာ ကျေးဇူးကန်းတာမဟုတ်ဘူးကွ၊ အရင်က ဈေးဝယ်တဲ့ တာဝန်ကို ကိုဓာတ်ရင်းက ယူရတာ၊ ငါက ဈေးစာရင်းကို အမှန်အတိုင်း ပြလိုက်ရင် ကိုဓာတ်ရင်းကြီး ခိုးတာပေါ်သွားလိမ့်မယ်၊ အဲဒီလိုပေါ်သွားရင် အဘက ကိုဓာတ်ရင်းကို အလုပ်ဖြုတ်ပစ်လိုက်လိမ့်မယ်၊ ကိုဓာတ်ရင်းကြီး အလုပ်မပြုတ်အောင် ငါ စောင့်သိပေးနေတာကွ ..." ဟု ပေတလူက ပြောလိုက်လေ၏။ ထိုအခါ တစ္ဆေဖြူက -

"အဲဒီ ပိုတဲ့ပိုက်ဆံတွေကို မင်း ဘယ်မှာထားသလဲ" ဟု မေးလိုက်ရာ

www.burmeseclassic.com



ပေတလူက -

“မင်း အတော်ညံ့တဲ့ကောင်ပဲ၊ ငါ ပိုက်ဆံထားတဲ့ နေရာကို မင်းကိုမှ မဟုတ်ဘူး၊ ငါ ဘယ်သူ့ကိုမှ မပြောဘူးကွ၊ ငါ ပြောလိုက်တာနဲ့ ငါ တုံး ဖြစ်သွားမှာပေါ့ကွ ...၊ မင်းကလည်း ပါးနပ် တဲ့သူဆိုရင် အဲဒီ မေးခွန်းကို မမေးရဘူးကွ ...” ဟု ပြောကာ တစ္ဆေဖြူ၏ ကျောကုန်းကို အုန်းခနဲထုပြီး တခစ်ခစ် ရယ်နေလေတော့သတည်း။

●

www.burmeseclassic.com





www.burmeseclassic.com


အခန်း ၊ ၇ ၊

## ခရိုင်ဘာကို့စာတိရင်း
## ဘောက်ဆူးတစ်ထောင်ရခြင်း

တစ်နေ့တွင် ပေတလူနှင့် တစ္ဆေဖြူသည် ဦးတင်ဘက်တူကြီး ဆန်ပြုတ်သောက်ရန် ပြင်ဆင်ပေးနေကြလေ၏။ ရာသီဥတုမှာ လွန်စွာ အေးလှသောကြောင့် မီးလင်းဖိုကြီး၏အနီး၌မှာပင် ဆန်ပြုတ်သောက်ရန် အဘိုးကြီးကို အကြံပေးကြလေ၏။ အဘိုးကြီးကလည်း ထိုအကြံကိုလက်ခံ၏။ အဘိုးကြီးသည် ဆန်ပြုတ်ကို အရသာခံ၍ သောက်ရင်း ပုဇွန်ခြောက်နှင့်ကြော်ထားသော ရွှေပဲသီးကြော်ကို မြိန်ယှက်စွာ စားသောက်နေလေ၏။ ထိုအခါ ပေတလူက–

"အရက်ဆိုတာ မကောင်းတော့ မကောင်းပါဘူး အဘ၊ ဒါပေမဲ့

တရုတ်အရက်စိမ်တဲ့ အားဆေးကောင်းကောင်းနဲ့ စိမ်ထားတဲ့အရက်ကိုတော့ အဘအနေနဲ့ တစ်နေ့ကို ကြွေဇွန်း နှစ်ဇွန်းလောက် သောက်သင့်တယ်၊ ဒါမှ အဘ အနေနဲ့ သွေးလေလျှောက်မှာ အဘရဲ့ ....'' ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

''တရုတ်အရက်စိမ်တဲ့ အားဆေးဆိုတာ ငါမသိဘူးကွ၊ ဘာတွေ ထည့်ထားတာလဲ ....'' ဟု မေးလေ၏။ ပေတလူက -

''ဒီလို အဘရဲ့ ...အဲဒီဆေးမျိုးကို တရုတ်ပရ ဆေးဆိုင်မှာ မေးပြီးဝယ်လို့ရပါတယ်၊ အထုပ်နဲ့အသင့်ထုပ်ထားပြီးသား ...၊ အရက် ခြောက်ပုလင်းကို ဆေးတစ်ထုပ်စိမ်ရင် လုံလောက်ပါတယ်၊ အရက်ပုလင်း တစ်ဒါဇင်မှ ဆေးနှစ်ထုပ်နဲ့ စိမ်ရတာ ...၊ အဲဒီထဲမှာ တရုတ်ဇီးသီးဆိုတာ ပါတယ်၊ သူက အဓိကပဲ၊ ပိတ်နေတဲ့အကြောတွေ ပွင့်အောင်လုပ်မှာက သူ့အလုပ်ပဲ အဘရဲ့၊ ကျန်တာတွေကတော့ အားဆေးသက်သက်ပါပဲ၊ စိမ်လိုက်တာနဲ့ မူလအရက်က အဖြူရောင်ဆိုရင်လည်း နီရဲသွားတာပဲ၊ အရက်နံ့လည်း ပျောက်သွားတယ်၊ သောက်တဲ့အခါမှာ ဆေးနံ့လေး သင်းနေတာပဲ၊ အဘအနေနဲ့ သောက်မယ်ဆိုရင်တော့ ကြွေဇွန်းကြီး နှစ်ဇွန်း လောက်ဆိုရင် လုံလောက်ပါပြီ ...'' ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူက

''လုပ်လိုက်လေ ...ဂွတ်ဒ်တယ်ဆိုရင် ဒူးရမှာပေါ့ ငါ့လူရာ...''ဟု ပြော၍ တဟဲဟဲ ရယ်မောနေလေ၏။

ဤသို့နှင့်ပင် နောက်တစ်နေ့ နေ့လယ်သို့ရောက်သောအခါ၌ ပေတလူသည် ပစ္စည်းဟောင်းများထားသော စတိုခန်းအတွင်းသို့ဝင်ကာ လူတစ်ဖက်ခန့်ရှိသော ဖန်ပုလင်းကြီးတစ်လုံးကိုထုတ်၍ စမ်းချောင်းအတွင်း ၌ ဆေးကြောနေလေ၏။ ထိုသို့ဆေးကြောပြီးနောက် ရေနွေးဖြင့် ဆေးကြော ပြန်၏။ စိတ်ကျေနပ်လောက်အောင် ဆေးကြောပြီးလျှင် ဘရန်ဒီ အရက်တစ်ဒါဇင်ကို ပုလင်းကြီးအတွင်းသို့ ဖောက်ထည့်ပြန်၏။ ထို့နောက်မှ တရုတ်ပရဆေးဆိုင်မှဝယ်ခဲ့သော အရက်စိမ်သည့် အားဆေးနှစ်ထုပ်ကို

www.burmeseclassic.com



ဖောက်၍ ထည့်ပြန်လေ၏။ ပြီးလျှင် နေ့စဉ် ပုလင်းကြီးကို လှုပ်၍ လှုပ်၍ နေလှန်းနေလေ၏။ တစ်ပတ်ခန့် ဤသို့ပြုလုပ်ပြီးနောက် ပုလင်းအသေး တစ်လုံးနှင့် ခွဲ၍ထည့်ပြီးလျှင် အဘိုးကြီးအား ဆန်ပြုတ်သောက်ခါနီးတိုင်း ကြွေဇွန်းကြီးနှစ်ဇွန်းဖြင့် ချိန်တွယ်၍ တိုက်လေတော့၏။ ထိုသို့တိုက်ပြီးမှ ဆန်ပြုတ်ကို တိုက်လေ၏။ ထို့ကြောင့် အဘိုးကြီးက –

"ပေတလူရေ ...မင်းရဲ့ဆေးက မဆိုးဘူးကွ၊ ဒီအချိန်ဟာ ချမ်းရမယ့်အချိန်ပဲကွ၊ ဒါပေမဲ့ မချမ်းဘူးကွ၊ နွေးသွားတယ်၊ လူလည်းပဲ သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ် ဖြစ်သွားတယ် ..."ဟု ပြောလေ၏။

အဘိုးကြီးကို ဆန်ပြုတ်တိုက်ပြီးနောက် ၎င်းတို့ ညီအစ်ကိုနှစ်ဦးသည် အဘိုးကြီး၏ လက်တစ်ဖက်စီကိုဆွဲ၍ အဘိုးကြီးအား လမ်းလျှောက် ကျင့်ပေးလေ၏။ ထို့ကြောင့် အဘိုးကြီး၏ခြေထောက်သည် ပြန်လည်၍ လှုပ်ရှားလာနိုင်လေတော့၏။ ညနေတိုင်း ဤသို့ လမ်းလျှောက်ပေး ပြီးမှသာ အဘိုးကြီးအား မီးလင်းဖိုဘေးတွင် အနားယူခွင့်ပေးလေ၏။ ည ရှစ်နာရီထိုးသည့်အခါ အဘိုးကြီးအား ကုတင်သို့ပို့၍ နှစ်ယောက်သား နှိပ်နယ်ပေးပြီးလျှင် အိပ်ပျော်စေလေတော့၏။ အဘိုးကြီးအိပ်လျှင် ၎င်းတို့သည် မီးလင်းဖိုအနီးသို့လာကာ စောင်တစ်ထည်စီခြုံ၍ စကားပြောကြလေ၏။ ၎င်းတို့ စကားပြောနေသည့်အချိန်၌မှာပင် အဘိုးကြီးသည် ဖျတ်ခနဲ အိပ်ရာမှနိုးလာလေ၏။ အဘိုးကြီးသည် ဝီးချဲပေါ်သို့တက်၍ ဘီးကို ခပ်ဖြည်းဖြည်းလှိမ့်ကာ ၎င်းတို့နှစ်ဦးအနီးသို့ သွားလေ၏။ ထိုအချိန်၌ တစ္ဆေဖြူက –

"ဟော့ကောင် ပေတလူ ...၊ မနက်က မင်းသစ်ခွပင်တွေ ရေလောင်းနေတဲ့အခါမှာ ဟိုအိမ်စုလေးက မညွှန့်ကြည်ဆိုတဲ့ မိန်းမရောက်လာသေးတယ်ကွ၊ အဘိုးကြီးဆီမှာ ငွေတောင်းတယ်ကွ၊ ပြီးတော့ကွာ အဘိုးကြီးကို ကြိမ်း လိုက်မောင်းလိုက်တာ မပြောပါနဲ့တော့ ...၊ ငါဖြင့်ကွာ မလှမ်းမကမ်းက နားထောင်ရင်း အဘိုးကြီးကို သနားလာတယ်၊ အဘိုးကြီးက ဘာမှမပြောနိုင်ရှာဘူး ..."ဟု ပြောလေ၏။ ထိုအခါ ပေတလူက –

www.burmeseclassic.com



"နေပါဦး တစ္ဆေဖြူရယ် ...၊ အဲဒီအချိန်မှာ ကားရှိနေသလား၊ ကားမောင်းတဲ့သူရော ရှိနေသလား" ဟု မေးလေ၏။

"မရှိဘူးကွ၊ မော်တော်ကားပျက်နေလို့ ကားဆရာ ကိုစာတ်ရင်းက ကားပြင်ဖို့ သွားတယ်ကွ ..." ဟု တစ္ဆေဖြူက ပြန်၍ပြောလေ၏။ ထိုအခါ ပေတလူက -

"ဒါဆိုရင် လွယ်ပါတယ်ကွာ၊ အဲဒီမိန်းမ နာမည်က မညွန့်ကြည်တဲ့၊ ကားဆရာ ကိုစာတ်ရင်းနဲ့ ငြိနေတာကြာပြီကွ၊ မင်း နားလည်အောင် ပြောရရင် အဲဒီမိန်းမမှာ ကိုယ်ဝန်ရှိနေပြီ ...၊ ကိုစာတ်ရင်းနဲ့ လိုက်ပြေးဖို့ကလည်း ကိုစာတ်ရင်းမှာ ငွေမရှိဘူးကွ၊ တစ်ခုခက်တာက ဒီမိန်းမဟာ တို့အဘိုးကြီးနဲ့ ငြိဖူးတယ်ကွ၊ ကြာပါပြီကွာ ...၊ အဲဒါကို အကြောင်းပြုပြီး ဒီမိန်းမက တို့အဘိုးကြီးကို ငွေညှစ်နေတာကွ ..."ဟု ပြောလေ၏။ ထိုအခါ တစ္ဆေဖြူက-

"ဒါတွေကို မင်းက ဘယ်လိုလုပ်သိနေတာတုံး"ဟု မေးလေ၏။

"အဘိုးကြီးအိပ်ရာကို ငါက သိမ်းပေးရတာလေကွာ ...၊ ခေါင်းအုံး အောက်မှာ ဒီမိန်းမ ရေးပေးထားတဲ့ စာက ရှိနေတာကိုး၊ ငါက အဲဒါကို ဖတ်ကြည့်တာ ..."ဟု ပေတလူက ပြောလိုက်လျှင် တစ္ဆေဖြူက-

"အဲဒါ အရေးမကြီးဘူးကွ၊ တို့အဘိုးကြီး ဒီမိန်းမရဲ့ ထောင်ချောက်က လွတ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာပဲ စဉ်းစားရမယ်ကွ"ဟု ပြောလိုက်လျှင် ပေတလူက

"အဲဒါ ဘာများခက်မှာလဲကွာ၊ မနက်ဖြန်မနက် ဒရိုင်ဘာကို စာတ်ရင်းလာတဲ့အခါ အလုပ်အကိုင်တော်လို့ဆိုပြီး အဘိုးကြီးက ငွေတစ်ထောင်လောက် ဆုချလိုက်ပေါ့ကွ၊ အဲဒီပိုက်ဆံရတဲ့အချိန်မှာပဲ အဲဒီဒရိုင်ဘာဟာ မညွန့်ကြည်ကို ခိုးသွားလိမ့်မယ်၊ အဘိုးကြီးကို ဒုက္ခမပေးတော့ဘူးပေါ့ကွာ...၊ ကွင်းပိတ် စာရင်းပိတ်ပေါ့ကွ..."ဟု ပြောလိုက်လေတော့၏။

ထိုအခါ၌ အဘိုးကြီးလည်း ၎င်း၏အိပ်ရာဆီသို့ တိုးတိုးတိတ်တိတ် ပြန်လာလေ၏။ နောက်တစ်နေ့နံနက် စောစောတွင် ဒရိုင်ဘာ ကိုစာတ်ရင်း

www.burmeseclassic.com



ရောက်လာလေ၏။ ထိုအခါ၌ အဘိုးကြီးက ဒရိုင်ဘာ ကိုခာတ်ရင်းအား-

"မင်းက အလုပ်အကိုင် ကောင်းတယ်ကွ ...၊ ဒါကြောင့် ငွေတစ်ထောင်ဆုချတယ်ကွာ..."ဟုပြောရင်း ငွေတစ်ထောင် ပေးလိုက်လေ၏။ ညနေပိုင်းသို့ရောက်လျှင် အိမ်နောက်ဖေး ချောင်းဟိုဘက် အိမ်စုလေးဆီမှ ဆူညံဆူညံဖြစ်နေသော အသံများကို ကြားနေရလေ၏။ ထိုအသံများမှာ မညွန့်ကြည်ဆိုသော မိန်းမလင်နောက်လိုက်သွားသော ကိစ္စအတွက် ထွက်ပေါ်လာသော အသံများပင်ဖြစ်ပေတော့သတည်း။

* * * * * *

## အခန်း ၊ ၈ ၊

## ပေတလုူတို့ညီအစ်ကို စာသင်ကြရပြီ

ပေတလုူနှင့် တစ္ဆေဖြူတို့သည် ဈေးသွားရင်း ဒရိုင်ဘာအသစ်ကို ရှာကြလေ၏။ ထိုသို့ရှာခဲ့ကြရာ ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေသော စလင်းမြို့မှ ဒရိုင်ဘာတစ်ဦးနှင့် အဆက်အသွယ်ရလေ၏။ ထိုသူ၏ အမည်မှာ ကိုသန်းဖေဟူ၍ ဖြစ်သော်လည်း ပေတလုူတို့ညီအစ်ကိုက 'ကိုစလင်း'ဟုသာ ခေါ်ကြလေ၏။ ကိုစလင်းကို ထွက်သွားသော ဒရိုင်ဘာ ကိုခာတ်ရင်း၏နေရာတွင် အစားထိုးခန့်ရန် အိမ်သို့ ခေါ်လာလေ၏။ အဘိုးကြီးကမူ -

"မင်းတို့ခေါ်လာတဲ့ ဒရိုင်ဘာကို မင်းတို့ဘာသာ စစ်ဆေးမေးမြန်းကြ၊ ကျေနပ်ရင်တော့ ခာတ်ရင်းနေရာမှာ ခန့်ကြလေကွာ ..." ဟု ပြောလိုက်လျှင် ပေတလုူက ကိုစလင်း၏ ဒရိုင်ဘာလိုင်စင် စာအုပ်ကို တောင်းယူကြည့်ရလေ၏။ ထိုသို့ ကြည့်ရှုပြီးနောက် -

www.burmeseclassic.com



''အဘရေ …ဒီ ကိုစလင်းကိုပဲ ခန့်သင့်ပါတယ်၊ ကိုစလင်းရဲ့ လိုင်စင်စာအုပ်ထဲမှာ ပြစ်ချက်တွေက ထပ်နေတာပဲ၊ အဲဒီလို ပြစ်ချက်များတဲ့ ဒရိုင်ဘာကမှ အတွေ့အကြုံများတာ အဘရဲ့၊ အဲဒါမျိုးကို ခန့်သင့်တာ၊ ပြစ်ချက်မရှိတဲ့ ဒရိုင်ဘာဆိုတာက ကျကျနနကို မမောင်းဖူးသေးလို့ပေါ့ အဘရဲ့၊ အဲဒါကြောင့် အတွေ့အကြုံများတဲ့ ကိုစလင်းကိုပဲ ခန့်ပါ အဘရယ်…''ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူကြီးသည် လွန်စွာသဘောကျ၍ တဟဲဟဲ ရယ်ပြီးနောက် -

''ခန့်လိုက်ပါဗျာ …ခန့်လိုက်ပါ၊ သဘောတူပါတယ် …''ဟု ပြောလိုက်လေ၏။

ထိုအချိန်မှစ၍ သန်းဖေခေါ် စလင်းသည် ထိုအိမ်၌ ဒရိုင်ဘာ အလုပ်ကို ရရှိသွားလေတော့၏။ အဘိုးကြီးသည် ညနေစာအဖြစ် ထမင်းကို မစားတော့ဘဲ ဆန်ပြုတ်တစ်လှည့်၊ ကွေကာအုပ်တစ်လှည့် စခန်းသွားနေပြီ ဖြစ်၏။ ဤသို့ ညနေစာထမင်း မစားဘဲနေသည်ကိုပင် အဘိုးကြီးက ပို၍နှစ်ခြိုက်ပုံရ၏။

''ပေတလူရေ …ညစာမစားဘဲ ဆန်ပြုတ်သောက်လိုက်၊ ကွေကာ အုပ်သောက်လိုက်နဲ့ နေခဲ့တာ ရက်အတော်ရနေပြီကွ၊ ငါ့အတွက် နေရထိုင် ရတာ ပိုပြီးပေါ့သလိုပဲကွာ…၊ အဲဒီအတိုင်း တစ်သက်လုံးနေတော့မယ် လို့တောင် ဆုံးဖြတ်ထားတယ်'' ဟု အဘိုးကြီးက ပြောလိုက်လျှင် ပေတလူက-

''နေသင့်တာပေါ့ အဘရယ် …''ဟု ပြန်၍ ပြောလေ၏။

''ပြီးတော့ မင်းတို့နဲ့ တိုင်ပင်ရဦးမယ်ကွ၊ အဘမှာ ဆံပင်တွေက ကျိုးတို့ကျဲတဲ စပြီးဖြူကုန်ပြီကွ၊ ရုံးမှာလုပ်နေ တုန်းကတော့ မုတ်ဆိတ်နဲ့ နှုတ်ခမ်းမွေးဟာ တစ်ပါတ်တစ်ခါ ရိတ်နေကျကွ၊ အခုတော့လည်း မရိတ်ဖြစ်တော့ဘူးလေကွာ၊ အဲဒီတော့ မုတ်ဆိတ်မွေးနဲ့ နှုတ်ခမ်းမွေးဟာ ကျိုးတို့ကျဲတဲ ဖြူနေပြီပေါ့ကွာ …'' ဟု အဘိုးကြီးက ပြောလေ၏။ ထိုအခါ ပေတလူက -

www.burmeseclassic.com



"အဘတို့အရွယ်ဟာ လှဖို့ပဖို့ မလိုတော့ပါဘူး၊ အဲဒီတော့ ဆံပင်လည်း ညှပ်မနေပါနဲ့တော့၊ သဘာဝအတိုင်း ရှည်ချင်သလောက် ရှည်ပါစေတော့၊ ဒီအတိုင်းထားလိုက်ပေါ့၊ မုတ်ဆိတ်နဲ့ နှုတ်ခမ်းမွေးလည်း ဒီအတိုင်းထားလိုက်ပေါ့၊ နှုတ်ခမ်းမွေးက ရှည်ပြီး ပါးစပ်ပေါ်အုပ်လာရင်တော့ ကျွန်တော်ကိုယ်တိုင် ညှပ်ပေးပါ့မယ်၊ ခေါင်းက အဖြူနဲ့အနက်နဲ့ ကျားနေတယ်လို့ မျက်စိမှာ ရိုင်းနေရင်တော့ အဖြူကို အနက်ဖြစ်အောင် မဆိုးပါနဲ့၊ အဖြူကို ကြေးနီရောင်ဆိုးလိုက်ပါ၊ ဖြူသွားတဲ့ဆံပင်တွေ၊ မုတ်ဆိတ်တွေက ကြေးနီရောင်လေးတွေ ဖြစ်နေမယ် ..."ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက-

"အဲဒီ ကြေးနီရောင်လေးဖြစ်အောင်လို့ ဘယ်လိုဆေးနဲ့ ဆိုးရမှာတုံး..." ဟု မေးလေ၏။

"ကြေးနီရောင်ဖြစ်ဖို့က ဆိုးဆေးမလိုပါဘူး အဘရယ် ...၊ အနှာကိုဖန်ရည်ဆေးတဲ့ ပိုတက်စီယမ်ပါမင်းဂနိုက် တစ်စက်နှစ်စက်ကို ရေဇလုံထဲထည့်ပြီး ခေါင်းကို လျှော်လိုက်တာနဲ့ ဆံပင်တွေဟာ ကြေးနီရောင်တွေ ဖြစ်သွားမှာပါ ..." ဟု ပေတလူက ပြောလေ၏။ အမှန်တကယ်တွင်လည်း နောင်တွင် အဘိုးကြီး၏ဦးခေါင်းကို ပေတလူသည် ကြေးနီရောင်ဆိုးပေးထားလေ၏။ အဘိုးကြီးသည် ကြေးနီရောင်ကို လွန်စွာနှစ်သက်သွားလေတော့၏။ တစ်နေ့တွင် အဘိုးကြီးသည် ကွန်ဗင့်ကျောင်းတွင် ယခင်က စာပြခဲ့သော ဆရာမဒေါ်ဒေစီဟုခေါ်သည့် ကပြားမတစ်ဦးကိုခေါ်ယူ၍ ပေတလူနှင့် တစ္ဆေဖြူအားစာသင်ပြပေးရန် လခနှင့် အပ်နှံလေတော့၏။

"ဒီလိုပါ ဆရာမရယ် ...သူတို့က ကျောင်းလုံးဝမနေဖူးဘူး၊ အဲဒါကြောင့် သူတို့ဘဝမှာ အကန်းလိုမဖြစ်ရလေအောင် ဆရာမက စာသင်ပြပေးရမှာပါ၊ စာသင်ချိန်ကတော့ နေ့ခင်း ကျုပ်အိပ်တဲ့အချိန်မှာ သင်ရင်အကောင်းဆုံးပဲ၊ သူတို့လည်း အလုပ်အားတယ်၊ သူတို့ကို ဘယ်က စသင်ရမယ် ဆိုတာတော့ ကျုပ်လည်း မပြောတတ်ဘူး ...၊ ဆရာမကိုယ်တိုင်စမ်းသပ်ပြီး လိုအပ်တဲ့နေရာက စသင်ပါ၊ သင်ရမှာကတော့ မြန်မာ၊ အင်္ဂလိပ်ရှိ

www.burmeseclassic.com



အရစ်မက်သစ် အဲဒီ သုံးမျိုးက အဓိကပေါ့ပဲ၊ အချိန်ရမယ်ဆိုရင်တော့ ဂျော်ဂရော်ဖီလေး၊ ဟစ်စတြီလေးပါ သင်ပေးပါ ဆရာမရယ် ...၊ ဂျယ်နရယ်နော်လေ့ရှိလည်း လိုမှာပါ၊ သူတို့နှစ်ယောက် ကို စာသင်ပေးခအဖြစ် တစ်လသုံးဆယ် ကျုပ်က ပူဇော်ပါ့မယ်၊ လိုအပ်တဲ့ စာအုပ်စာတမ်းတွေလည်း ကျုပ်ဝယ်ပေးပါ့မယ်၊ မနက်ဖြန်ကို ဘလက်ဘုတ် တစ်ချပ်ရယ်၊ မြေဖြူရယ်၊ ဒက်စတာရယ် ပြည့်စုံအောင် စီမံထားပါ့မယ်၊ ခြံထဲဆင်းပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ သင်ရင် ပိုပြီးတောင် အဆင်ပြေသေးတယ်၊ တစ်ခြံလုံးအရိပ်ကျနေတာ ...''ဟု အဘိုးကြီးက ပြောလေ၏။ ဆရာမ ဒေါ်ဒေစီလည်း သဘောတူ၍ ပေတလူနှင့် တစ္ဆေဖြူအား စာသင်ပေးရမည့်အလုပ်ကို လက်ခံသွားလေတော့၏။

နောက်တစ်နေ့ နေ့ခင်းပိုင်းတွင် ဆရာမ ဒေါ်ဒေစီသည် အိမ်သို့ ရောက်လာပြီးလျှင် ကလေးနှစ်ဦးအား စတင်၍ စာသင်လေ၏။ ထိုသို့ စာသင်သည့်အခါ၌ ဆရာမ ဒေါ်ဒေစီအဖို့ အခက်အခဲများစွာကို တွေ့ရလေ၏။ ညနေစောင်းသောအခါ၌ စာသင်ကြားခြင်းကို ရပ်ဆိုင်းလိုက်ပြီးလျှင် ဒေါ်ဒေစီသည် ဦးတင်ဘက်တူနှင့် တွေ့လေတော့၏။

''ဘယ်လိုလဲ ဆရာမ၊ အဆင်ပြေရဲ့လား'' ဟု ဦးတင်ဘက်တူက မေးလေ၏။ ထိုအခါ ဆရာမဒေါ်ဒေစီက

''ဒီလိုရှိပါတယ် အန်ကယ်ရှင့်၊ ဒီကလေးနှစ်ယောက်အကြောင်းကို အန်ကယ် မသိဘူးလား၊ သူတို့ဟာ မြန်မာကို ကျွန်မထက်အောင် ကျွမ်းပါသေးတယ်၊ သူတို့ဟာ စာတွေအများကြီး ဖတ်ထားပါတယ်၊ တစ်ခုပဲ အန်ကယ့်ကို သဘောပေါက်အောင် ပြောလိုက်ပါ့မယ်၊ '*သင်တို့ ဖတ်ဖူးသော မြန်မာစာအုပ်သုံးအုပ်၏အမည်နှင့် ထိုစာအုပ်ကို ရေးသားသော စာရေးဆရာသို့မဟုတ် ကျမ်းပြုဆရာ၏ အမည်ကို ဖော်ပြပါ*'လို့ ကျွန်မက ဘလက်ဘုတ်ပေါ်မှာ မြေဖြူခဲနဲ့ ရေးပြီးမေးခွန်းထုတ်လိုက်တယ်၊ အဲဒီအခါမှာ သူတို့နှစ်ယောက်က စာရွက်တစ်ရွက်စီမှာရေးပြီး ကျွန်မဆီ ကိုလာပြီး ပြကြပါတယ်၊

www.burmeseclassic.com



သူတို့ရေးထားတဲ့စာရွက်ကို ကြည့်ပါဦး …” ဟု ဆိုသဖြင့် အဘိုးကြီးလည်း စာရွက်နှစ်ရွက်အနက် တစ်ရွက်ကို ဆွဲယူကြည့်ရှုလိုက်လေ၏။ ထိုစာရွက်မှာ အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရလေတော့၏။

**မောင်ပေတလူ**

**ဗလာတန်း**

| **ကျမ်းအမည်** | **ကျမ်းပြုပုဂ္ဂိုလ်အမည်** |
|---|---|
| ၁။ ပဏ္ဍိတဝေစနိယ | သစ်ချတောင်ဦးတိလောက |
| ၂။ ကမ္ဘဌာန်းကျမ်းကြီး | လယ်တီဆရာတော်ဘုရား |
| ၃။ တစ္ဆတ္တ ဒီပနီ | ယောမင်းကြီးဦးဘိုးလှိုင် |

အဘိုးကြီးသည် ထိုစာရွက်ကိုကြည့်ပြီးနောက် ပါးစပ်အဟောင်းသားဖြစ်၍ နေလေတော့သတည်း။

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၉ ။

# ဆရာမဒေါ်ဒေစီက ပေတလူတို့ညီအစ်ကိုတို့ ပညာသင်ကြားရန် ငြင်းဆန်လိုက်ခြင်း

ဆရာမ ဒေါ်ဒေစီသည် နောက်တစ်နေ့၌ ပေတလူနှင့် တစ္ဆေဖြူအား စာသင်ရန်ရောက်လာပြန်၏။

ထိုနေ့ကလည်း စာသင်ပြီးနောက် ဆရာမ ဒေါ်ဒေစီသည် အဘိုးကြီး နှင့်ဝင်၍တွေ့ပြန်လေ၏။

"ဘယ်လိုလဲ ဆရာမ၊ ဒီနေ့ရော သင်လို့ အဆင်ပြေရဲ့လား…"ဟု ဦးတင်ဘက်တူက မေးလိုက်ရာ ဆရာမ ဒေါ်ဒေစီက -

"ဒီလို အန်ကယ်ရဲ့ …၊ သူတို့နှစ်ယောက်ဟာ ခရစ်ယာန်သီလ

www.burmeseclassic.com



ရှင်ကြီးရဲ့ ကျောင်းမီးဖိုချောင်မှာ တောက်တိုမယ်ရ လက်တိုလက်တောင်း ခိုင်းဖို့အလုပ်နဲ့ နေခဲ့ဖူးသေးတယ်တဲ့၊ အဲဒီမှာ သီလရှင်ကြီးက သူတို့နှစ်ယောက် ကို အင်္ဂလိပ်စာနဲ့ စကားပြောကို ကောင်းကောင်းသင်ပေးခဲ့တယ်၊ သူတို့ နှစ်ယောက် တတ်ထားတဲ့နှုန်းဟာ မနည်းဘူး အန်ကယ်ရဲ့ …၊ ဒီကလေး နှစ်ယောက်ကို ဘယ်လိုများ သင်ပေးခဲ့သလဲမသိဘူး၊ အတော့်ကို ဖတ်နိုင်ပြော နိုင်ကြတယ်''ဟု ပြောလိုက်ရာ ဦးတင်ဘက်တူကြီးက -

''ဒီလိုဆိုရင်တော့ အရစ်မက်သစ်လို့ခေါ်တဲ့ ဂဏန်းသင်္ချာပဲ စမ်းသပ်ဖို့ကျန်တော့တယ်၊ အဲဒါ မတတ်ဘူးဆိုရင်တော့ ဆရာမဒေါ်ဒေစီ အနေနဲ့ သူတို့နှစ်ယောက်ကို အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစားကစပြီး သင်ပေးမှ ဖြစ်မယ်နော်''ဟု ပြောလေ၏။ ထိုအခါ ဆရာမဒေါ်ဒေစီက

''အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစားတော့ သင်ပေးဖို့မလိုပါဘူး အန်ကယ်ရယ်၊ တော်တော့ကိုကျွမ်းကြပါတယ်၊ ကျွန်မက ကိုးဂဏန်းရဲ့ ထူးခြားပုံကို ရှင်းပြရုံပဲရှိသေးတယ်၊ ပေတလူဆိုတဲ့ကောင်လေးက သုံးဆယ် ခုနစ်ဂဏန်းရဲ့ ထူးခြားပုံကို ကျွန်မကို သူက ပြန်ပြီးရှင်းပြပါတယ်''ဟု ပြောလိုက်လျှင် အဘိုးကြီးက -

''သုံးဆယ်ခုနစ်ဂဏန်းက ဘယ်ပုံဘယ်နည်း ထူးခြားတာတုံး၊ ကျုပ်ကို ရှင်းပြပါဦး''ဟု မေးလေ၏။ ထိုအခါ ဆရာမ ဒေါ်ဒေစီက -

''သုံးဆယ့်ခုနစ်ဂဏန်းဟာ ဆင်တူဂဏန်းသုံးလုံးကို ပြတ်အောင် စားနိုင်တယ်လို့ပြောတယ်၊ ပြီးတော့ တစ်ခါ ဆင်တူဂဏန်းသုံးလုံးကို ပြတ်အောင်စားနိုင်ရုံတင်မဟုတ်ဘူး၊ ဝင်ရမယ့်အလီပေါင်းဟာလည်း အဲဒီ ဆင်တူဂဏန်းသုံး လုံးပေါင်းခြင်းဖြစ်တယ်တဲ့၊ ဥပမာ အန်ကယ်ရယ်…၊ တစ်သုံးလုံးကို သုံးဆယ့်ခုနစ်ဂဏန်းဟာ ပြတ်အောင်စားနိုင်တယ်၊ အလီပေါင်း ဘယ်လောက်ဝင်ရမလဲဆိုရင် တစ်သုံးလုံးကို ပေါင်းလိုက်တော့ သုံးရတယ် မဟုတ်လား၊ ဒါကြောင့် သုံးဆယ့်ခုနစ် သုံးလီဟာ တစ်ရာတစ်ဆယ့်တစ် ဖြစ်တယ် အန်ကယ်ရေ….''ဟု ပြောလိုက်လေ၏။ ထို့နောက် ဆရာမ

www.burmeseclassic.com



ဒေါ်ဒေစီသည် ပေတလူရေးထားသော စာရွက်ကို အဘိုးကြီးလက်သို့ ပေးလိုက်လေတော့၏။

| | | |
|---|---|---|
| ၃၇ × ၃ | = | ၁၁၁ |
| ၃၇ × ၆ | = | ၂၂၂ |
| ၃၇ × ၉ | = | ၃၃၃ |
| ၃၇ × ၁၂ | = | ၄၄၄ |
| ၃၇ × ၁၅ | = | ၅၅၅ |
| ၃၇ × ၁၈ | = | ၆၆၆ |
| ၃၇ × ၂၁ | = | ၇၇၇ |
| ၃၇ × ၂၄ | = | ၈၈၈ |
| ၃၇ × ၂၇ | = | ၉၉၉ |

အဘိုးကြီးလည်း ထိုစာရွက်ကိုကြည့်ပြီးနောက်

"တော်တော့်ကို ဟုတ်တာပဲ ဆရာမရေ ...၊ သုံးဆယ့်ခုနစ်ဆိုတဲ့ ဂဏန်းဟာ အတော့်ကို ထူးခြားတာပဲ၊ ဒါကြောင့်လည်း ကျုပ်တို့ ဗမာမှာက နတ်ကိုလည်း သုံးဆယ့်ခုနစ်မင်း၊ ဓားရေးကလည်း သုံးဆယ့်ခုနစ်ချင်း၊ လှံရေး ကလည်း သုံးဆယ့်ခုနစ်ချင်းဆိုပြီး အသုံးပြုနေကြတာကိုး" ဟု ပြောလေ၏။ ထိုအခါ ဆရာမဒေါ်ဒေစီက -

"ဟောဒီမှာ ပေတလူရေးထားတဲ့ ထူးခြားတဲ့ ကိန်းဂဏန်းလေး တွေရှိသေးတယ် အန်ကယ်ရဲ့ ..."ဟု ပြောလိုက်လျှင် အဘိုးကြီးက -

"ဆိုစမ်းပါဦး ..."ဟု ပြောလေ၏။

"၁၄၂၈၅၇ အဲဒီဂဏန်းခြောက်လုံးပါတဲ့ ကိန်းဂဏန်းဟာ အတော် ထူးခြားတဲ့ ကိန်းဂဏန်းတစ်ခုပဲ၊ သူ့ကို နှစ်နဲ့မြှောက်ကြည့်ရင် မူလကိန်းဂဏန်း

www.burmeseclassic.com



ကဟာတွေပဲ ပတ်လည်လှည့်ပြီးဝင်လာတယ်”ဟု ဆိုကာ ဆရာမဒေါ်ဒေစီသည် ပေတလူရေးထားသော အောက်ပါ စာရွက်ကလေးကို အဘိုးကြီးအား ပေးလိုက်လေ၏။

| | | | |
|---|---|---|---|
| ၁၄၂၈၅၇ | × ၂ | = | ၂၈၅၇၁၄ |
| ၁၄၂၈၅၇ | × ၃ | = | ၄၂၈၅၇၁ |
| ၁၄၂၈၅၇ | × ၄ | = | ၅၇၁၄၂၈ |
| ၁၄၂၈၅၇ | × ၅ | = | ၇၁၄၂၈၅ |
| ၁၄၂၈၅၇ | × ၆ | = | ၈၅၇၁၄၂ |

“ဟုတ်ပါရဲ့ ဆရာမရယ် ...၊ ဒါနဲ့နေပါဦး၊ ခုနစ်နဲ့ မြှောက်ကြည့်ဦးမယ် ...” ဟု အဘိုးကြီးက ပြောလိုက်ရာ ဆရာမဒေါ်ဒေစီက -

“မြှောက်မကြည့်ပါနဲ့ အန်ကယ်ရယ် ....၊ ကိန်းဂဏန်းတွေဟာ လုံးဝပုံပြောင်းပြီး ကိုးတွေချည်းဖြစ်သွားတယ်၊ ဟောဒီမှာ ပေတလူ မြှောက်ထားတာရှိပါတယ်”ဟုဆိုကာ အောက်ပါစာရွက်ကို ထုတ်ပြလိုက်ပြန်လေ၏။

| | | | |
|---|---|---|---|
| ၁၄၂၈၅၇ | × ၇ | = | ၉၉၉၉၉၉ |

အဘိုးကြီးသည် ထိုစာရွက်ကို ကြည့်ပြီးနောက်

“ကဲ ဆရာမရေ ...အဲဒီကလေးနှစ်ယောက်ကို ဘယ်လို စာသင်မလဲ၊ ကျုပ်ဖြင့် မစဉ်းစားတတ်အောင် ဖြစ်နေပြီ ...” ဟု ပြောလိုက်လျှင် ဆရာမဒေါ်ဒေစီက -

“ကျွန်မလည်း သူတို့ကို မသင်တတ်တော့ပါဘူး၊ ဒါကြောင့်

www.burmeseclassic.com



မနက်ဖြန်ကစပြီး ကျွန်မ မလာတော့ပါဘူး''ဟုပြောလိုက်ရာ ဦးတင်ဘက်တူသည် ဆရာမဒေါ်ဒေစီ၏ စကားကိုသဘောကျ၍ တဟားဟား ရယ်မောနေလေတော့သတည်း ...။

*          *     *     *     *     ***          *

အခန်း ၊ ၁၀ ၊

## ဦးတင်ဘက်တူ၏ခြံဝတွင် လှပသောဆိုင်းလေးတစ်ဆိုင်း ပေါ်ပေါက်လာခြင်း

ထိုညက လွန်စွာအေး၏။ ပြင်ဦးလွင်တစ်မြို့လုံးနှင်းမှုန်များ ကျနေ၏။ ကားများမှာ မိုးမချုပ်သေးဘဲလျက် မီးထိုး၍ မောင်းနေကြရ၏။

''ပေတလူတို့ ... တစ္ဆေဖြူတို့ရေ ...၊ အိမ်အပြင်ဘက်က လုပ်စရာရှိတာတွေ မြန်မြန်လုပ်ကြကွ၊ အပြင်ဘက်မှာ အေးတယ်ကွ၊ တို့သုံးယောက်စလုံး ချင်မနီနားမှာ ကပ်နေရင် ကောင်းမယ်ကွ၊ ငါလည်း အဲဒီအနားမှာပဲ ဆန်ပြုတ်သောက်မယ်၊ မင်းတို့လည်း ထမင်းမစားရသေးရင် အဲဒီမီးနားမှာပဲ ထမင်းစားကြကွ ...''ဟု အဘိုးကြီးက ပြောလေ၏။ ထိုအခါ တစ္ဆေဖြူက –

''ကျွန်တော်တို့ မဆာသေးပါဘူး အဘရယ်...၊ အဘ ဆန်ပြုတ်သောက်ဖို့ လုပ်ပေးမယ်၊ အဘ ဆန်ပြုတ်သောက်ပြီးရင် ကျွန်တော်တို့နှစ်ယောက်က ပရုပ်လေးမျိုး ပေါင်းထားတဲ့ဆေးနဲ့ အဘရဲ့ခြေထောက်နဲ့ ပေါင်တွေကိုလိမ်းပေး၊ နှိပ်ပေးမယ် အဘရေ ...၊ အဘအိပ်မှ ကျွန်တော်တို့

www.burmeseclassic.com



ထမင်းစားမယ် …”ဟု ပြောလေ၏။ ထို့နောက် ၄င်းတို့ညီအစ်ကို နှစ်ဦးသည် အဘိုးကြီးအား ဆန်ပြုတ်တိုက်လေ၏။ ဆန်ပြုတ်တိုက်ပြီးလျှင် ညီအစ်ကိုနှစ်ယောက်သည် အဘိုးကြီး၏ ခြေထောက်တစ်ချောင်းစီကို ပရုပ်ဆီများ လိမ်းပြီးလျှင် နှိပ်ပေးကြ၏။ ထိုသို့နှိပ်ပေးရင်း ပေတလူက–

“ကျွန်တော် စကားတစ်ခွန်းပြောချင်တယ် အဘ၊ အဲဒီအတွက် စိတ်တော့မဆိုးပါနဲ့ …”ဟု ပြောလိုက်လျှင် အဘိုးကြီးက –

“မဆိုးပါဘူး ပေတလူရယ် …၊ ပြောမှာသာ ပြောစမ်းပါ” ဟု ပြန်၍ပြောလေ၏။

“ဒီလို အဘရဲ့ …၊ အဘမှာက အခုအခါမှာ ပင်စင်လခပဲရှိ တယ်၊ တခြားဝင်ငွေလည်း မရှိဘူး၊ မိဘတွေထားခဲ့တယ်ဆိုတဲ့ ငွေကြေး ပမာဏဟာလည်း ဒီအသက် ဒီအရွယ်ထိ သုံးလာခဲ့တာဆိုတော့ များများ စားစားလည်း ရှိမှာမဟုတ်တော့ပါဘူး၊ တစ်နေ့တစ်နေ့ ထွက်တဲ့ငွေက များနေ တယ်၊ ဝင်တဲ့ငွေက မရှိဘူးလေ …၊ ကြာရင် အဘ ဒုက္ခရောက် လိမ့်မယ်၊ အဲဒီတော့ ဝင်ငွေလေး မှန်မှန်ဝင်နေဖို့တော့ စီစဉ်ရလိမ့်မယ် အဘရေ …”ဟု ပေတလူက ပြောလိုက်ရာ အဘိုးကြီးက –

“မှန်တာပေါ့ ပေတလူရယ် …၊ အဲဒါကို ဘယ်လိုလုပ်မယ်များ မင်းက စိတ်ကူးမိလို့တုံး …” ဟု ပြန်၍မေးလေ၏။

“သိပ်ပြီး ခက်ခက်ခဲခဲ လုပ်စရာမလိုပါဘူး အဘရယ် …၊ ဟောဟို ခြံပေါက်နဘေးမှာ ဆယ့်နှစ်ပေလောက်ရှိတဲ့ အပေါက်ကလေး တစ်ခု ထပ်ဖောက်ပြီး အဲဒီအပေါက်မှာ ဆိုင်ကလေးတစ်ဆိုင်ဆောက်မယ် အဘရယ် …၊ အဲဒီဆိုင်လေးမှာက ဆန်တို့၊ ဆီတို့၊ ထောပတ်တို့၊ နို့ဆီဗူးတို့၊ နို့စိမ်းဗူးတို့၊ ဂျုံမှုန့်တို့၊ သကြားတို့၊ စီးကရက်ဗူးတို့၊ ဟော လစ်၊ အိုဗာတင်း အဲဒီပုလင်းတွေလည်း စုံအောင်ထားလိုက်မှာပေါ့ အဘရယ် …၊

ဘာပဲဖြစ်ဖြစ် အဘရယ် စားကုန်သောက်ကုန် ရောင်းရင်တော့ သုံးဖို့တစ်ဖို့တော့ ကျန်ပါတယ် …၊ အဲဒီလောက်ဆိုရင် အဘ နေ့စဉ်

www.burmeseclassic.com


သုံးနေတာ ထေမိတာပေါ့၊ အဲဒီလိုထေမိရင် အာဘရတဲ့ ပင်စင်လစာလေးစုမိတာ ပေါ့၊ မိဘရဲ့ လက်ကျန်ငွေလေးလည်း မပျောက်ပျက်တော့ဘူးပေါ့ ...''ဟု ပေတလူက ပြောလိုက်လေ၏။ ထိုအခါ ဦးတင်ဘက်တူက-

''ဆိုင်ကလေးက ဟုတ်ပါပြီကွာ ...၊ အဲဒီဆိုင် ကလေးမှာက ဘယ်သူကထိုင်ပြီးရောင်းနေမှာတုံး ...'' ဟု မေးလိုက်လေ၏။ ထိုအခါ ပေတလူက -

''အဲဒီကိစ္စကို ကျွန်တော်က တစ္ဆေဖြူနဲ့ တိုင်ပင်ပြီးပါပြီ၊ ကုန်ဝယ် ခြမ်းတာရယ်၊ စာရင်းရယ်ကို ကျွန်တော် လုပ်ပါ့မယ်၊ ဆိုင်ထိုင်တာကိုတော့ တစ္ဆေဖြူထိုင်လိမ့်မယ်၊ သူ ထမင်းစားတဲ့အခါ၊ ရေချိုးတဲ့အခါ ကျွန်တော် ထိုင်မှာပေါ့၊ အဲဒီအတွက် ဘာမှမပူပါနဲ့၊ ကျွန်တော်တို့နှစ်ယောက် နိုင်နိုင်နင်းနင်း လုပ်နိုင်ပါတယ်၊ ဒီဇင်ဘာလ နှစ်ဆယ့်ငါး ရက်နေ့ဟာ ခရစ္စမတ်နေ့မို့လား၊ အဲဒီနေ့မတိုင်မီ ဆိုင်ဖွင့်နိုင်အောင် ကျွန်တော်ကြိုးစားပါ့မယ် ...'' ဟု ပြောလေတော့၏။ ထိုအခါ ဦးတင်ဘက်တူက-

''ကဲ ...လုပ်ပေတော့ ...'' ဟု ပြောလိုက်လေ၏။

ပေတလူသည် ရွှေစာရုံဘက်သို့ ဈေးဝယ်ထွက်ရင်း မန္တလေးသို့ ဆင်း၍ ဆိုင်နာမည် ဆိုင်းဘုတ်အပ်၏။ စက္ကူအိတ်များပေါ်တွင် ဆိုင်နာမည် များ၊ တံဆိပ်များရိုက်၏။ ပြီးလျှင် လက်သမားများကိုခေါ်ကာ ၄င်းဆောက် လိုသော ဆိုင်ပုံစံကို စာရွက်ပေါ်တွင် ရေးပြလေ၏။

ပေတလူ ရေးပြသော ဆိုင်ပုံစံမှာ အမိုးလွန်စွာချွန်း၏။ ထိုအမိုး ချွန်း၏ မြင့်မိုရ်ပိတ်တွင် ပြတင်းပေါက်ပါ၏။ ထိုပြတင်းပေါက်အောက်တွင် ဆိုင်းဘုတ်ချိတ်ဆွဲရန် နေရာရှိ၏။ ဆိုင်ထဲတွင် ပစ္စည်းအနုများထည့်ရန်အတွက် နံရံကပ်မှန်ဘီဒိုများ တပ်ဆင်၏။

ဂျုံ၊ သကြား၊ ဆန် စသည်တို့ကို ချိန်တွယ်ရန်အတွက် ချိန်ခွင်ကြီးနှင့် နေရာတစ်ခု သီးခြားသတ်မှတ်ပေးထား၏။ ပစ္စည်းများထည့်ရန် သစ်သား ဇလားခွက်များကို စင်ဖြင့် သပ်ရပ်စွာတင်ထား၏။

www.burmeseclassic.com



ဆိုင်ကို အချောစားဆောက်၏။ တိုင်များအားလုံးကို ရွှေဘော် ထိုးခိုင်း၏။ မြင်ရသူတိုင်းသည် ထိုဆိုင်ကလေးကိုကြည့်၍ သဘောကျ၏။ ဆိုင်ဆောက်နေစဉ်အတွင်း၌ပင် ရောင်းချမည့် ပစ္စည်းများကို ပေတလူက ဝယ်ထားနှင့်ပြီးဖြစ်၏။ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၅ နာရီတွင် ဆိုင်းဘုတ် တင်၍ ဆိုင်ကလေးကို ဖွင့်လှစ်လိုက်လေ၏။ ခြံနီးပါးချင်းများကို ဖိတ်၍ နွားနို့များ၊ မုန့်များဖြင့် ဧည့်ခံ၏။ ဆိုင်၏ ဆိုင်းဘုတ်မှာ အောက်ပါအတိုင်း ဖြစ်၏။

***Pole Star***

ဓူဝံကြယ်

ကုန်မျိုးစုံ

လူများလည်း စမ်းသပ်သောသဘောဖြင့် ထိုဆိုင်တွင် ဈေးလာ၍ ဝယ်လေ၏။ ဝယ်သမျှသော ပစ္စည်းတို့ကို စာအိတ်ညိုကြီးဖြင့် တစ္ဆေဖြူက ထည့်ပေး၏။ စာအိတ်တွင် နံပါတ်များပါ၏။ ထိုနံပါတ်များကို နှစ်သစ်ကူး ညတွင် မဲဖောက်ပေးမည်ဖြစ်ကြောင်း စာအိတ်တိုင်းတွင် ရိုက်နှိပ်ထား၏။ ထိုစာအိတ်များကိုလည်း လွှင့်၍မပစ်ဘဲ သိမ်းထားရန် စာတန်းကိုလည်း ရိုက်နှိပ်ထား၏။

ဖောက်မည့်မဲများမှာ စန်တာကလောခေါ် ခရစ္စမတ် ဘိုးဘိုးရုပ်၊ လှပသော ဘောင်တပ်ထားသည့် ကြည့်မှန်၊ စားပွဲတင်နာရီ၊ ကုတ်အင်္ကျီ၊ ခေါင်းစွပ် စသည်တို့ ဖြစ်၏။ ဆိုင်သည် ထင်သည်ထက်ပို၍ ရောင်းကောင်း လေ၏။ တစ္ဆေဖြူမှာ ဝယ်သူများကျသောကြောင့် ထမင်းကိုပင် အချိန်လု၍ စားရလေ၏။

အဘိုးကြီးသည် ဗီးချဲကလေးဖြင့် ဆိုင်နားတွင် တရစ်သီသီဖြစ်နေ လေ၏။ အလွန်ရောင်းကောင်းသော ဆိုင်ကလေးကို ကြည့်ကာ ပီတိဖြစ်လျက် ရှိနေလေ၏။ နှစ်သစ်ကူးညတွင်မူ ပေတလူသည် ခြံနီးပါးချင်းမှ လူများကို သက်သေအဖြစ်ထားကာ စာအိတ်တွင် နံပါတ်နှင့်ဖော်ပြထားသော ကံစမ်း

www.burmeseclassic.com



မဲလိပ်များကို နှိုက်၍ မဲပေါက်သူများအား သတ်မှတ်ထားသော ဆုများကို ပေးလေတော့၏။

ထိုအချိန်မှစ၍ ***Pole Star*** ခေါ် 'ဓူဝံကြယ်' ကုန်မျိုးစုံဆိုင်သည် အရောင်းတွင်ကျယ်သော ဆိုင်တစ်ဆိုင်ဖြစ်၍ သွားလေတော့သတည်း။

●

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၁၁ ။

# ရည်းရည်းပါးပါးတော့ လုပ်ပါတယ်ဗျာ

တစ်နေ့တွင် ပေတလူက ငွေစာရင်းများကို လုပ်ရင်း-

"အဘရေ …အဘရဲ့အိမ်ဟာ အုတ်နဲ့ ညှပ်ထားတဲ့ သစ်သား နေရာတွေမှာ တချို့နေရာတွေက ခြတွေစားနေပြီ၊ အဲဒါ အမြန်ဆုံးပြင်မှ ဖြစ်မယ်၊ မပြင်ရင်တော့ ဗုန်းဗုန်းလဲသွားလိမ့်မယ်"ဟု ပြောလိုက်ရာ အဘိုးကြီးက

"ဘယ်လိုပြင်ရင်ကောင်းမလဲ ပေတလူရဲ့ …" ဟု ပြောလေ၏။

"ဒီလိုစဉ်းစားရအောင် အဘရယ် …၊ ဒီအိမ်ကြီးဟာ အဘ အဖေ လက်ထက်ကတည်းက ဆောက်ခဲ့တာ အုတ်တွေလည်း ဆွေးနေပါပြီ၊

www.burmeseclassic.com



သူတို့လက်ထက်တုန်းက နေခဲ့တဲ့သူက များတယ်လေ၊ အိမ်ကို ကြီးကြီး ဆောက်ရမှာပေါ့၊ အဘလက်ထက်မှာ နေမယ့်သူမှမရှိဘဲ၊ အဲဒီတော့ အိမ်ကို ခပ်ကျဉ်းကျဉ်းနဲ့ ခိုင်ခိုင်ခံ့ခံ့ ဆောက်ရမယ်၊ ပြီးတော့ အဘ မရှိတဲ့အခါမှာ ဒါကို အမွေဆက်ခံမယ့် သားစဉ်မြေးဆက်လည်း မရှိဘူးမဟုတ်လား၊ အဲဒီတော့ လှူပစ်ရမှာပဲလေ၊ ဘုန်းကြီးကျောင်းအဖြစ် လှူရင်လည်း ဘုန်းကြီးကျောင်း အဖြစ် သုံးလို့ရအောင်၊ စာကြည့်တိုက်အဖြစ် လှူရင်လည်း စာကြည့်တိုက် အဖြစ် သုံးလို့ရအောင်၊ ဆေးရုံဆေးခန်းအဖြစ် လှူရင်လည်း ဆေးရုံဆေးခန်း အဖြစ် သုံးလို့ရအောင် ဆောက်မှဖြစ်မယ်'' ဟု ပေတလူက ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးက -

''ငါ့ရဲ့ရှေ့ရေးကို ငါဟာ အခုလောက်တောင် မစဉ်းစားမိပါဘူးကွာ၊ ငါသေသွားရင် အမွေဆက်ခံဖို့ မရှိလို့ ဒီအိမ်ကြီးကို လှူရမယ်ဆိုတာ တောင် မစဉ်းစားမိပါဘူး၊ ငါ ဘယ်သူ့ကို လှူရမယ်ဆိုတာ ငါ့ကို ပြောစမ်းပါဦး''ဟု ပြောလေ၏။

''ဒီကိစ္စက ဖြည်းဖြည်းစဉ်းစားတာပေါ့ အဘရယ်၊ အခုအိမ် ဆောက်ဖို့က အရေးကြီးတာပါ''ဟုပြောကာ ပေတလူသည် ဗိသုကာများနှင့် တိုင်ပင်ကာ အိမ်ဆောက်မည့်ပုံစံကို စတင်ရေးဆွဲလေတော့၏။ ပြီးလျှင် ပန်းရံများ၊ လက်သမားများကို ခေါ်ယူကာ အိမ်ပုံစံကိုပြ၍ ဝယ်ရမည့်ပစ္စည်း၊ ကုန်ကျမည့်ဆောက်လုပ်ခများကို အသေးစိတ်တွက် ချက်လေတော့၏။ထို့နောက် ဦးတင်ဘက်တူနေရန်အတွက် အခြားရပ်ကွက်တစ်ခုတွင် အိမ်တစ်လုံး ခေတ္တငှားရမ်း၍ ဦးတင်ဘက်တူအား ထားလေ၏။ ပေတလူသည် ဦးတင်ဘက်တူနှင့် လိုက်၍နေရလေ၏။

ထို့နောက်တွင်ကား အိမ်အဟောင်းကိုဖျက်၍ ဝယ်မည့်ကုလားများ အား ရောင်းချလေတော့၏။ ကုလားများလည်း အိမ်ဟောင်းကို တစ်စမကျန် ဖျက်ချ၍ ယူသွားလေတော့၏။ ထို့နောက်တွင်ကား ပန်းရံများ၊ လက်သမား များဖြင့် အိမ်သစ်ကို စတင်ဆောက်လုပ်လေတော့၏။ ထိုသို့ ဆောက်လုပ်သော

www.burmeseclassic.com



အခါ၌ ကုန်စုံဆိုင်မှရသောငွေကို အသုံးပြုလေတော့၏။ ပေတလူသည် လက်သမားများ၊ ပန်းရံများကို နေ့စဉ်ကြီးကြပ်၏။

ထို့နောက် လိုအပ်သောပစ္စည်းများကို ဝယ်ခြမ်းပေး၏။ ပြီးစီးသော အလုပ်များကို စံချိန်စံညွှန်း ကိုက်မကိုက်စစ်ဆေး၏။ မကိုက်လျှင် ပြန်၍ လုပ်ခိုင်း၏။ စိတ်တိုင်းမကျသောနေရာများကို ပြန်၍ပြင်ခိုင်း၏။ အလုံးစုံပြီးစီး သောအခါ၌ ဆေးသုတ်သမားများကိုခေါ်၍ ဆေးသုတ်ခိုင်းလေ၏။ ဆေးသုတ် သမားခေါင်းဆောင်မှာ ကျော်မင်းဆိုသူ ဖြစ်၏။ ကျန်လေးယောက်မှာ နောက် လိုက်များ ဖြစ်ကြကုန်၏။ ထိုဆေးသုတ်သမား ငါးဦးသည် စိတ်ရှည်လက်ရှည် ဆေးသုတ်ကြလေ၏။ မျက်နှာပြင် မညီညာ သောနေရာများတွင် ပွတင်းများ ဖာထေးကြလေ၏။ ထို့ကြောင့် ၄င်းတို့ သုတ်ထားသော ဆေးသုတ်လက်ရာမှာ လွန်စွာမှကောင်းလေတော့၏။

ဆေးသုတ်ခြင်းပြီးစီးသောအခါ၌ ဘုန်းကြီးများကို ပင့်ကာ အိမ် တက်မင်္ဂလာပြုလုပ်လေ၏။ ထိုသို့ပြုလုပ်သောအခါ၌ ဦးတင်ဘက်တူ ကြီးအား အိမ်သို့ခေါ်လာလေ၏။ ဦးတင်ဘက်တူကြီးသည် အသစ်ဆောက် လုပ်ထားသော အိမ်ကိုကြည့်ကာ -

"ပေတလူရေ ... အိမ်ကလေးက အတော့်ကိုလှတာပဲ၊ ကျစ်ကျစ် လျစ်လျစ်ကလေးနဲ့ အတော့်ကိုကောင်းတာပဲကွာ ...၊ နေစမ်းပါဦး ပေတလူရယ်...အင်ဂျင်နီယာကို မဆွဲခိုင်းဘဲ မင်းဟာမင်းဆွဲတဲ့ အိမ်ပုံစံက ကောင်း လှချေလားကွ၊ အခုဆောက်ထားတဲ့ အိမ်ကလေးဟာ အတော့်ကို သပ်ရပ်တာပဲနော်၊ မင်းအနေနဲ့ ဒီပညာတွေကို ဘယ်လို လုပ်တတ်နေတာ တုံး..."ဟု ဦးတင်ဘက်တူက မေးလိုက်လေ၏။

"ဒီလို အဘရဲ့ ...၊ အဆောက်အဦပဲဆောက် ဆောက် ...၊ဘာ အလုပ်ပဲလုပ်လုပ်ပေါ့ အဘရယ် ...၊ ကျွန်တော်က မူတစ်ခုထားတယ်၊ အဲဒီမူကို ကျွန်တော်က 'ပြည့်၊ လှ၊ လွယ်၊ ပြော' လို့ နာမည်ပေးထားတယ်၊ 'ပြည့်'ဆိုတာက အခု အိမ်ဆောက်တဲ့ကိစ္စကိုပဲ စဉ်းစားကြည့်လေ၊

www.burmeseclassic.com


အိမ်တစ်လုံးမှာ ထမင်းစားခန်းပါရမယ်၊ မီးဖိုခန်းပါရမယ်၊ အိပ်ခန်းပါရမယ်၊ ရေချိုးခန်းပါရမယ်၊ အိမ်သာပါရမယ်ဆိုပါတော့ အဘရယ်…၊ အဲဒါတွေတော့ မပါလို့မဖြစ်ဘူး၊ ပြည့်စုံအောင် ပါရမယ်၊ အဲဒါတွေ ပြည့်ပြည့်စုံစုံပါဖို့ ပထမ ဦးစားပေး စဉ်းစားရမယ်၊ အဲဒါတွေ ပြည့်ပြည့်စုံစုံပါပြီးတဲ့ နောက်မှာ လှဖို့လည်း လိုသေးတယ်မဟုတ်လား၊ ဒုတိယ ဦးစားပေး စဉ်းစားရမှာက လှဖို့ပဲ၊ တတိယ ဦးစားပေး စဉ်းစားရမှာကတော့ လွယ်ကူအောင် စဉ်းစားရမယ်၊ အိမ်မှာရှိတဲ့ အခန်းတွေ၊ မီးဖိုတွေဟာ လွယ်လွယ်ကူကူ အသုံးချလို့ရအောင် စီမံထားဖို့လိုပါတယ်၊ စတုတ္ထအဆင့်ကတော့ ကိုယ့်အိမ်ကလေးကို မြင်ဖူး၊ တွေ့ဖူး၊ ရောက်ဖူးတဲ့သူဟာ သူတစ်ပါးကို အမှတ်တရ ပြန်ပြီးပြောတဲ့အချိန်မှာ ထူးခြားနေအောင် ဆောက်လုပ်ရမှာ ဖြစ်ပါတယ် …”ဟု ပေတလူက ပြောလိုက်လေ၏။ ထိုအခါ ဦးတင်ဘက်တူက

“ပေတလူ …ပေတလူ …မင်းဟာ တကယ့်ကို တတ်သိနားလည်တဲ့ ကလေးတစ်ယောက်ပဲ” ဟု ချီးမွမ်းရင်း -

“ဒါနဲ့ နေစမ်းပါဦး ကလေးရယ် …၊ ကုန်ကျစရိတ်တွေကိုရော ဘယ်လိုတွက်သလဲကွဲ့ …”ဟု မေးလေ၏။ ထိုအခါ ပေတလူက-

“ဒီလိုပါ အဘ ….၊ ကုန်ကျစရိတ်ဟာ မဆောက်ခင်မှာတော့ ခန့်မှန်းခြေပဲ တွက်လို့ရပါတယ်၊ ကိုယ်ဆောက်မယ့် အဆောက်အဦရဲ့ အလျားနဲ့အနံပေတွေကို မြှောက်ရပါတယ်၊ မြှောက်လို့ရတဲ့ ကိန်းဂဏန်းတွေဟာ ဧရိယာစတုရန်းပေတွေဖြစ်ပါတယ် အဘ၊ အဲဒါကိုမှ ဆောက်လုပ်မယ့်ပစ္စည်းရဲ့ ကာလအလျောက် တန်ဖိုးနဲ့ မြှောက်ရပါတယ်၊ ဒီခေတ်မှာ တစ်ထောင်နဲ့မြှောက်ရင် မမှားပါဘူး …၊

အခု အဘရဲ့အိမ်ကို ကျွန်တော်ဆောက်တာ အနံတစ်ဆယ့်ရှစ်ပေ၊ အလျား ပေသုံးဆယ်ဖြစ်ပါတယ်၊ စတုရန်းပေပေါင်း ငါးရာ့လေးဆယ် ထွက်ပါတယ် အဘ၊ အဲဒါကိုမှ တစ်ထောင်နဲ့ မြှောက်လိုက်ရင်တော့ ကုန်ကျစရိတ် ခန့်မှန်းခြေထွက်လာပါလိမ့်မယ်၊ အဲဒီတော့ ကုန်ကျစရိတ်

www.burmeseclassic.com



ခန့်မှန်းခြေဟာ ငါးသိန်းလေးသောင်း ဖြစ်ပါတယ်၊ နှစ်ထပ်ဆိုတော့ နှစ်နဲ့ ထပ်မြှောက်ရမှာဖြစ်ပါတယ်၊ အိမ်ကြီး ပြီးသွားလို့ အထဲမှာ တပ်ဆင်ရမယ့် ပစ္စည်းတွေရဲ့ ကုန်ကျစရိတ်ကတော့ တွက်လို့မရဘူး အဘရေ ...၊

အကောင်းစားဝယ်ရင် ပိုက်ဆံအများကြီး ကုန်မယ်ပေါ့အဘရယ်...၊ သုံးလို့ဖြစ်ရုံတပ်မယ်ဆိုရင်တော့ သက်သာမယ်ပေါ့ အဘရယ် ...၊ ကျွန်တော် အဘကို အခု အိမ်ဆောက်ပေးတာ ဒီနည်းအတိုင်းဆောက်ပေးတာပါ ...၊ ဒါပေမဲ့ အတွင်းမှာ သုံးတဲ့ပစ္စည်းတွေကတော့ အကောင်းစားတွေ သုံးထားတယ်၊ အဲဒါကြောင့် ပိုက်ဆံနည်းနည်း ပိုကုန်သွားတာ ...'' ဟု ပြောလိုက်ရာ တစ္ဆေဖြူက ပေတလူ၏အနီးသို့ ကပ်ကာ -

''မင်း ခိုးထားတာလည်း ထည့်ပြောဦးလေကွာ'' ဟု ပြောလိုက်ရာ ပေတလူက -

''မခိုးရင် မိုးကြိုးပစ်တတ်တယ်ကွ၊ ငါက မိုးကြိုးကို သိပ်ပြီး ကြောက်တာကွ၊ ဒါကြောင့် မင်းပြောတာ နည်းနည်းပါးပါးတော့ မှန်တယ်ကွ၊ ဒါပေမဲ့ သူတစ်ပါး စည်းစိမ်ပျက်လောက်အောင် မလုပ်ပါဘူးကွ၊ ပေတလူဆိုတာ 'နတ်'ကွ၊ မင်းလို တစ္ဆေသရဲမဟုတ်ဘူး ...'' ဟု ပြောလိုက်လေတော့ သတည်း။

* * * * * *

အခန်း ။ ၁၂ ။

## ထိုဓာတ်ရှင်းတို့လင်မယား ရောက်လာခြင်း

တစ်နေ့တွင် ပေတလူသည် အဘိုးကြီးအား တွန်းလှည်းပေါ်တွင် ထိုင်စေ၍ ၎င်းက နောက်မှတွန်းပေးကာ ခြံထဲတွင် လှည့်ပတ်နေလေ၏။

www.burmeseclassic.com



အဘိုးကြီးသည် ဆေးတံကို ခဲရင်း အေးချမ်းစွာ လှည်းကုလားထိုင်ကို စီးနေ၏။ ထို့နောက် ဆေးတံကို ခေတ္တဖြုတ်၍ -

"ပေတလူရေ …ကျန်းမာရင် သိပ်ကောင်းမှာပဲကွ၊ ဟောဒီ ခြံထဲမှာ လမ်းလျှောက်လိုက်၊ ထိုင်လိုက်၊ စာဖတ်လိုက်နဲ့ ဘယ်လောက် ကောင်းလိုက်မလဲ ကွာ၊ မင်းအနေနဲ့ တွန်းဖို့လည်း မလိုဘူး"ဟု ပြောလိုက်ရာ ပေတလူက

"အမှန်ပေါ့ အဘရယ် …၊ ကျန်းမာရေးဟာ သဘာဝတရားပဲ အဘရဲ့ …၊ သဘာဝတရားဟာလည်း ကျန်းမာရေးပါပဲ၊ ဘာကြောင့်လဲ ဆိုတော့ အဘတို့ ကျွန်တော်တို့ဟာ သဘာဝရဲ့အစိတ်အပိုင်းတွေပဲ မဟုတ် လား၊ အဲဒီတော့ အဘတို့ ကျွန်တော်တို့ဟာ သဘာဝကြီးရဲ့ အချင်းအရာတွေ ပါပဲ …၊ သဘာဝတရားကြီးကလည်း ကျွန်တော်တို့ကို ကျန်းမာအောင် ဖေးမကူညီထားပါတယ်၊ ဘာကြောင့်လဲဆိုတော့ သဘာဝတရားကြီးဟာ မိခင်လိုပါပဲ၊ ကျွန်တော်တို့ဟာ သူ့ရဲ့သားသမီးတွေလေ …၊

အဲဒီတော့ သူလည်း စောင့်ရှောက်တာပေါ့၊ စောင့်ရှောက်တာက အကြောင်းတော့ရှိတယ် …၊ အဲဒီအကြောင်းဟာ နှစ်ခုပဲ၊ တစ်ခုက ကျွန်တော်တို့ ကျန်းမာဖို့၊ နောက်တစ်ခုက ကျွန်တော်တို့ ကျန်းမာမှ အခြားလူ တွေကို အလုပ်အကျွေးပြုနိုင်မှာမဟုတ်လား အဘရဲ့၊ အနီးစပ်ဆုံး ပြောရရင် အခု ကျွန်တော် ကျန်းမာနေတာက အဘကို အကူအညီပေးဖို့လေ …၊

အဲဒီလိုပဲ ကျွန်တော်တို့လူသားတွေဟာ ကျန်းမာနေတဲ့အခါ တစ်ဦးကိုတစ်ဦး အလိုလိုနေရင်း ကူညီပြီးသားဖြစ်နေတယ်၊ ဘတ်စ်ကား မောင်းတဲ့ လူတစ်ယောက် ကျန်းမာနေတာဟာ ကျွန်တော်တို့ခရီးသည်တွေ သွားချင်တဲ့ခရီးကို ပို့ပေးဖို့ ကျန်းမာနေတာမဟုတ်လား၊ ကျောင်းဆရာမ တစ်ယောက် ကျန်းမာနေတာဟာ ကျွန်တော်တို့ကလေးတွေကို ပညာသင် ပေးဖို့ မဟုတ်ဘူးလား အဘရယ် …၊

ယာခင်းသမားတစ်ယောက် ကျန်းမာနေတာဟာ ကျွန်တော်တို့ စားဖို့ စိုက်ပျိုးပေးနေတာ မဟုတ်လားအဘ၊ အဲဒီတော့ ကျွန်တော်တို့အတွက်

www.burmeseclassic.com



သဘာဝတရားကြီးက အချိုးညီညီ ဆောင်ရွက်ပေးနေတာပဲ မဟုတ်လား အဘ၊ အဲဒီမှာ ကျွန်တော်တို့က အမှတ်မထင် နေထိုင်မှုတွေ၊ သတိ လက်လွှတ်နေထိုင်မှုတွေနဲ့ နေထိုင်လာတဲ့အခါမှာ စားသင့်တာထက် ပိုစားမိတယ်၊ အိပ်သင့်တာထက် ပိုအိပ်မိတယ်၊ လိုအပ်တာထက် ပိုထိုင်မိတယ် ...၊

ပြီးတော့ စိတ်အလိုလိုက်ပြီး နေချင်သလို နေခဲ့တယ်မဟုတ်လား၊ အဲဒီလိုနေတဲ့အခါမှာ သဘာဝတရားကြီးက သတိပေးတော့တာပဲ၊ ဒီသတိပေးခြင်းဟာ ရောဂါဖြစ်တော့တာပေါ့၊ အချိုတွေ အများကြီးစားတဲ့လူကို ဆီးချိုရောဂါနဲ့ သတိပေးလိုက်တယ်၊ အဆီအဆိမ့်တွေ အများကြီးစား တဲ့လူကို သွေးကြောပိတ်တဲ့ရောဂါနဲ့ သတိပေးလိုက်တယ်၊ ဆေးလိပ်အများကြီး သောက်တဲ့လူကို တီဘီရောဂါနဲ့ သတိပေးလိုက်တယ် ...၊

အဲဒီလို ရောဂါတွေ ရလာတာကို ဆေးကုစရာမလိုပါဘူး အဘရယ်...၊ ဒါဟာ သဘာဝလက္ခဏာတွေပါပဲ၊ နည်းနည်းလေး ပြုပြင်ထိန်းသိမ်းမယ်လို့ ဆုံးဖြတ်ထားရုံပါပဲ၊ နေရာတကာလိုက်ပြီး သတိရှိနေဖို့မလိုပါဘူး၊ စားတာ တစ်ခုတည်းပဲ အဘ သတိထားကြည့်စမ်းပါ၊ အစာကြေမှာ မဟုတ်တော့ဘူး၊ အနှောင့်အယှက်ဖြစ်လိမ့်မယ်၊ အိပ်တာတစ်ခုတည်းပဲ သတိထားကြည့်စမ်းပါ၊ အဘအိပ်လို့ပျော်မှာ မဟုတ်တော့ဘူး၊ သတိရှိနေခြင်းကိုက အိပ်ပျော်ခြင်းကို မရောက်တော့ဘူးလေ ...၊ အဲဒီတော့ အဘရယ် ... ကိုယ့်ကိုယ်ကို နည်းနည်းလေးစောင့်ရှောက်မယ်၊ သဘာဝတရားနဲ့ အချိုးညီအောင်နေမယ်၊ ဒီလောက်ပဲပေါ့ အဘရယ်....''ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူက -

''ဟော့ ပေတလူ ...၊ မင်း အခုပြောတဲ့စကားတွေကတော့ အလွန်ကိုကောင်းပါတယ်ကွာ ...၊ မင်းလို ကလေးတစ်ယောက်ရဲ့ ပါးစပ်က ထွက်တဲ့ စကားတွေဆိုတာ ငါဖြင့် မယုံနိုင်လောက်အောင်ပါပဲကွာ ...''ဟု ပြောကာ တဟဲဟဲ ရယ်နေလေတော့၏။

ထိုအချိန်၌မှာပင် ယခင်က ဒရိုင်ဘာလုပ်သွားသော ကိုဓာတ်ရင်း

www.burmeseclassic.com



နှင့် နောက်ဖေးဘက်တဲစုကလေးမှ မညွန့်ကြည်ဆိုသော မိန်းမတို့ ရောက်ရှိလာလေ၏။ ၎င်းတို့ နှစ်ဦးသည် အဘိုးကြီးအနီး၌ ထိုင်ကြ၏။ ထိုအခါ အဘိုးကြီးသည် သူ၏ကုတင်အနီး ဘီဒိုအတွင်းမှ ပိုက်ဆံအိတ်ကို ပေတလူအား ယူခိုင်းလိုက်လေ၏။ ပေတလူ ပြန်လာသောအခါ၌ ပိုက်ဆံအိတ်အတွင်းမှ ငွေနှစ်ထောင်ကို နှိုက်ယူ၍ ကိုဓာတ်ရင်းတို့ လင်မယားနှစ်ယောက် အားပေးလိုက်လေ၏။ ထိုအခါ ကိုဓာတ်ရင်းနှင့် မညွန့်ကြည်တို့သည် အဘိုးကြီးအား ဦးချကန်တော့ကြလေတော့၏။ ပေတလူသည် ထိုအချင်းအရာကို ကြည့်၍ ခစ်ကနဲရယ်ပြီးနောက် -

"ကိုဓာတ်ရင်းတို့ ဒေါ်ညွန့်ကြည်တို့ကလည်းဗျာ ရောက်နေတာကြာလှပြီ၊ အဘပိုက်ဆံပေးမှပဲ ကန်တော့ကြတော့တယ်" ဟု ပြောလိုက်ရာ ကိုဓာတ်ရင်းက -

"ပေတလူကတော့ လုပ်ပြီကွာ၊ ကန်တော့မလို့ပါကွ၊ အဘက ဘာများပြောမလဲလို့ နားစွင့်နေကြတာကွ" ဟု ပြောလိုက်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးနှင့်အဘသည် စကားစမြည် ပြောနေကြ၏။ ပြီးလျှင် ၎င်းတို့ နှစ်ဦးက နှုတ်ဆက်၍ ပြန်သွားကြလေ၏။ ၎င်းတို့ ပြန်သွားသောအခါ၌ ဦးတင်ဘက်တူက -

"ဘာပဲဖြစ်ဖြစ်ကွာ...၊ ဓာတ်ရင်းဆိုတဲ့ကောင်လည်း အိမ်ထောင်ကျသွားတာ ခြေငြိမ်သွားတာပေါ့ ..."ဟု ပြောလိုက်လေ၏။ ထိုအခါ ပေတလူက -

"ငယ်ငယ်ရွယ်ရွယ်မှာ ယောကျ်ားတစ်ယောက်ဟာ ကိုယ်ယူထားတဲ့ မိန်းမကို မယားအဖြစ် သဘောထားရမယ်၊ လူလတ်ပိုင်းအရွယ် ရောက်ရင်တော့ မယားမဟုတ်တော့ဘူး၊ တစ်ယောက်အကြောင်း တစ်ယောက်နားလည်တဲ့ အဖော်မွန်အဖြစ် သဘောထားရမယ်၊ အိုမင်းသွားရင်တော့ ကိုယ့်ကို ပြုစုစောင့်ရှောက်တဲ့ သူနာပြုလို့ သဘောထားရမယ်၊ အဲဒီလို သဘောထားနိုင်ရင်တော့ အကောင်းဆုံးပဲ အဘ ..." ဟု ပြောလိုက်ရာ အဘိုးကြီးက -

www.burmeseclassic.com



"အတော်ကောင်းတဲ့ စကားပဲကွာ ...၊ သူတို့နှစ်ယောက် မပြန်ခင်က အဲဒီလိုပြောသင့်တယ်ကွ" ဟုပြောလိုက်လျှင် ပေတလူက -

"သူတို့ကို ပြောဖို့မလိုပါဘူး အဘရယ် ...၊ ကိုဓာတ်ရင်း ကသာ အ,တီး အ,တနိုင်တာ အဘရဲ့ ...၊ သူ့မိန်းမက မအဘူး..." ဟု ပြောလိုက်လေ၏။

ထို့နောက် ပေတလူသည် အဘိုးကြီးအား သစ်ပင်ရိပ်သို့ ပွေ့ချီ၍ တွန်းသွားပြီးလျှင် အဘိုးကြီးဖတ်ချင်သော စာအုပ်များကို ရှာဖွေ၍ အဘိုးကြီး အနီးသို့ချပေးလိုက်လေ၏။ ထို့နောက် ခေါင်းလောင်းလေးတစ်လုံးကိုပါ ချပေးရင်း -

"ကျွန်တော့်ကို ခေါ်ချင်ရင် ဒါလေး လှုပ်လိုက်ပေါ့ အဘရယ်..." ဟု ပြောလိုက်ရာ အဘိုးကြီးလည်း ထိုခေါင်းလောင်းလေးကို ကိုင်၍ လှုပ်ကြည့်လိုက်လေတော့သတည်း။

"ဂလောင် ...ဂလောင် ...ဂလောင်..."

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၁၃ ။

# ကြွေရေနွေးခရားကလေးတစ်လုံး

တင်ဘက်တူသည် ခြံတွင်းရှိ လွန်စွာအရိပ်အာဝါသကောင်းသော ကုလားမန်ကျည်းသီးပင်ကြီး၏အောက်တွင် စာဖတ်နေလေ၏။ ပေတလူသည် ဦးတင်ဘက်တူ၏ခြေထောက်ကို ပရုပ်ရည်များလိမ်း၍ နှိပ်ပေးနေလေ၏။ ထိုသို့နှိပ်ရင်း -

"ဟိုး ...လွန်ခဲ့တဲ့နှစ်ပေါင်း ၆၂ နှစ်လောက်က အဘရဲ့ အမေက အဘကို ဒီခြံထဲမှာ မွေးဖွားခဲ့တဲ့ရက်ဟာ ရှေ့လာမယ့် ၂၅ ရက် ၁နေ့မှာ တစ်ပါတ်ရောက်လာပြန်ပြီ အဘရဲ့ ..." ဟု ပြောလိုက်လျှင် အဘိုးကြီးက ရယ်လေ၏။

www.burmeseclassic.com



“အေး …ဟုတ်တယ်ကွ၊ ရှေ့လာမယ့် ၂၅ ရက်နေ့ဟာ ငါ့ရဲ့ ၆၂ နှစ် ပြည့်မြောက်တဲ့ မွေးနေ့ပဲကွ၊ မင်းက ငါ့မွေးနေ့ကို သိနေတာကိုး…” ဟု ဦးတင်ဘက်တူက ပြောလေ၏။

“ဒါက ဒီလို အဘရဲ့ …၊ ဘုရားစင်နားမှာ ချိတ်ထားတဲ့ ဝါးခြင်းကလေးထဲမှာ အဘရဲ့ဇာတာကို တွေ့ရတယ်၊ ကျွန်တော်က ရေးထားတဲ့ စာတွေကို မမြင်ဖူးလို့ဖတ်ကြည့်တာ …၊ အဲဒီမှာ ရေးထားတဲ့စာက ‘မည်တွင်သညာ ခေါ်စရာကား မောင်တင်ဘက်တူ’လို့ ပါတယ်…၊ ပြီးတော့ အဘရဲ့ မွေးသက္ကရာဇ်ကို ဗမာလို့ ဖော်ပြထားတယ်၊ အဲဒါကိုကြည့်ပြီး နှစ်တစ်ရာမှာ ရှာကြည့်တော့ အင်္ဂလိပ်ခု နှစ်ပါရတာပေါ့ …၊ အဘဟာ ရှေ့လာမယ့် ၂၅ ရက်မှာ ၆၂နှစ် ပြည့်သွားပြီ ….”ဟု ပေတလူက ပြောလိုက်လျှင် အဘိုးကြီးက –

“အေးကွ …၊ အဲဒီမွေးနေ့မှာတော့ အမှတ်တရ တစ်ခုခုလုပ်မယ်ကွာ …” ဟု ပြောလိုက်လေ၏။ ထိုအခါ ပေတလူက –

“အမှတ်တရလုပ်တဲ့အခါမှာ ဒီအနီးအပါးမှာရှိတဲ့ အဘရဲ့မိတ်ဆွေတွေကို ဖိတ်ပြီး တစ်ခုခုကျွေးတာရယ်၊ ၆၃ နှစ်ထဲ ဝင်သွားပြီဖြစ်တော့ ၆နဲ့ ၃ ပေါင်းရင် ၉ မဟုတ်လား အဘရဲ့ …၊ ဘုန်းကြီးကိုးပါးပင့်ပြီး ဆွမ်းကပ်တာရယ် လုပ်သင့်တာပေါ့ အဘရယ် …၊ အဲဒီနေ့မရောက်ခင် အိမ်ကြီးကို ကျွန်တော်တို့ ရေနံချေး သုတ်သင့်တဲ့နေရာသုတ်မယ်၊ ဆေးသုတ်သင့်တဲ့နေရာ သုတ်မယ် အဘရယ် …၊ မကောင်းဘူးလား …” ဟု ပြောလိုက်ရာ အဘိုးကြီးက

“ထမင်းကတော့ ရှိနေပါပြီကွာ …၊ ငါး ကောင်းကောင်းရရင်တော့ အောက်ပြည်အောက်ရွာမှာ ချက်တဲ့ မုန့်ဟင်းခါးမျိုးချက်ပြီး ကျွေးချင်တယ်ကွာ…၊ သံဃာတော်တွေကိုလည်း မုန့်ဟင်းခါးပဲ ကပ်ချင်တယ်” ဟု ပြောလိုက်လျှင် ပေတလူက –

“အဲဒါလည်း မခက်ပါဘူး အဘရယ် …၊ ဟိုး တစ်ခြံကျော်က

www.burmeseclassic.com



ဒေါ်အမာဆိုတဲ့ မိန်းမကြီးဟာ မြောင်းမြသူပဲ အဘရဲ့ ...၊ မုန့်ဟင်းခါး အချက်ကောင်းပါတယ်၊ သူတို့ အိမ်မှာ တစ်ခါက မုန့်ဟင်းခါးချက်လို့ ကျွန်တော်တို့ကို ကျွေးဖူးတယ်လေ ...၊ အဘ မေ့နေပြီလား ...၊ ဟိုတစ်နေ့ ကတောင် အဲဒီမိန်းမကြီးနဲ့တွေ့လို့ အဘမွေးနေ့မှာ မုန့်ဟင်းခါးကျွေးရင် လာချက်ပေးမလားလို့ တီးခေါက်ကြည့်သေးတယ်၊ အဲဒီတော့ ဒေါ်အမာကြီးက မုန့်ဟင်းခါးအိုးကြီး မချက်ရလို့ ပျင်းနေတာတဲ့ ...၊ ငါးတွေဘာတွေအတွက် လည်းမပူနဲ့တဲ့ ...၊ မန္တလေးဆင်းပြီး သူကိုယ်တိုင်ဝယ်မယ်တဲ့ ...၊ ဗူးသီး ကြော်ကိုလည်း သူပဲ စီမံမယ်တဲ့ ...၊ ဒီအတိုင်းမကြော်ဘူးတဲ့၊ ရွှေကြည် မုန့်ထည့်ပြီး ရွရွလေးနေအောင် ကြော်မယ်တဲ့ ...၊ ပြီးတော့ အဲဒီမိန်းမကြီးက '*မုန့်ဟင်းခါးကျွေးရင် ရွှေကြည်ပါ ဖုတ်ရတယ်ဟဲ့*' တဲ့ ...၊ အချိုပွဲအတွက် မုန့်ဟင်းခါးစားပြီးရင် ရွှေကြည်လေးစားမှ အာသာပြေတာလို့ ပြောတယ်၊ အဘ သဘောတူရင် ကျွန်တော် စီစဉ်လိုက်မယ် ...'' ဟု ပြောလိုက်လျှင် အဘိုးကြီးသည် သူ၏ လက်ဝါးနှစ်ဖက်ကို ပက်လက်လှန်၍ နဖူးတွင် ကပ်လိုက်ပြီးနောက် -

''ဆရာပေတလုူပဲ ဆောင်ရွက်ပါတော့ဗျာ ...'' ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေ၏။

ထိုအချိန်မှစ၍ ပေတလုူသည် အဘိုးကြီး၏ မွေးနေ့အတွက် လိုအပ် သည်များကို စီစဉ်လေတော့၏။ မုန့်ဟင်းခါးကျွေးရန်အတွက်မူ တစ်ခြံကျော်မှ ဒေါ်အမာဆိုသည့် မြောင်းမြသူအဒေါ်ကြီးနှင့် တိုင်ပင်၍ စီစဉ်လေ၏။

ထိုနေ့သို့ရောက်သောအခါ၌ နံနက်ပိုင်းတွင် သံဃာတော်ကိုးပါးကို ဆွမ်းကပ်၏။ ပြီးလျှင် ကြွရောက်လာသော မိတ်ဆွေများကို ဒေါ်အမာ၏ လက်ရာ ဗူးသီးကြော်နှင့် မုန့်ဟင်းခါးကို ကျွေးမွေးလေ၏။ မုန့်ဟင်းခါးစားပြီး သောသူများကို လက်ဖက်ရည်အချိုနှင့် ရွှေကြည်နန္ဒင်းများဖြင့် တိုက်ကျွေး ဧည့်ခံပြန်၏။

လာရောက်ကြသော ဧည့်သည်များသည် မွေးနေ့လက်ဆောင် အဖြစ်

www.burmeseclassic.com



ပစ္စည်းများ ယူလာကြလေ၏။ ဧည့်သည်များ ရှင်းသွားသောအခါ၌ တစ္ဆေဖြူက အဖြူရောင် သိုးမွေးခေါင်းစွပ်တစ်လုံးဖြင့် အဘိုးကြီးအား ကန်တော့လေ၏။ တစ္ဆေဖြူ ကန်တော့ပြီးသောအခါ၌ ပေတလူက လွန်စွာလှပသော မြေရေနွေးခရားနှင့် ပန်းကန်လုံးလေးနှစ်လုံးကိုရှေ့တွင် ချ၍ -

““အဘ ရေနွေးကြမ်းသောက်ဖို့ ...”” ဟု ပြောလိုက်ရာ အဘိုးကြီးက -

““မင်းက လက်ဆောင်ပေးတာပေါ့ ...”” ဟု ပြောလိုက်လျှင် ပေတလူက -

““အဘကို ကျွန်တော်က လက်ဆောင်ပေးရမှာ မဟုတ်ဘူး၊ ကန်တော့ရမှာမဟုတ်လား...၊ ဒီရေနွေးခရားလေးနဲ့ ကန်တော့တာပေါ့ ...၊ ဒီခရားလေးက ထည့်သောက်ဖို့၊ ဟောဒီမှာ မြေအိုးကြီးတစ်လုံးပါသေးတယ်၊ ဒါက တည်ဖို့ ...၊ ဟောဒီဝါးဆစ်ဗူးကတော့ အတော့်ကို လေလုံတယ်၊ လက်ဖက်ခြောက်ထည့်ဖို့၊ အဘဟာ အေးတဲ့ ဒေသမှာလည်းနေတယ်၊ အသက်အရွယ်လည်းကြီးပြီ...၊ ဒါပေမဲ့ ရေနွေးကြမ်း ကောင်းကောင်း သောက်တာ မတွေ့ရဘူး၊ အဘကို ရေနွေးကြမ်းသောက် တတ်အောင် ကျွန်တော်က လုပ်ပေးရဦးမယ် ...”” ဟု ပြောလိုက်ရာ အဘိုးကြီးက

““အဆန်းပါလား ပေတလူရယ် ...၊ လူကြီးက ကလေးကို သင်ရမှာ...၊ ဘယ့်နှယ့်ကြောင့် ကလေးက လူကြီးကို သင်ရမှာတုံးကွ...”” ဟု ပြောလိုက်လေ၏။

““ဒါက ပုံသေမဟုတ်ပါဘူး အဘရယ် ...၊ လူကြီးတွေ ကလေးတွေ မရှိပါဘူး၊ တတ်တဲ့လူက မတတ်တဲ့လူကို သင်ရမှာပဲ မဟုတ်လား ...၊ လက်ဖက်မှာ ထူးခြားတဲ့ အာနိသင်တွေပါတယ် အဘရဲ့ ...၊ ဒီကမ္ဘာမှာ အရင်က လက်ဖက်ပင်ရယ်လို့ မရှိဘူးတဲ့ နီပေါပြည်က မင်းသားတစ်ပါးဟာ ‘ဗောဓိဓမ္မ’ ဆိုတဲ့ဘွဲ့နဲ့ ရဟန်းပြုတယ်တဲ့၊ ပြီးတော့ တရုတ်ပြည်ကို သာသနာပြုဖို့ သွားရောက်ခဲ့တယ်ဆိုပဲ၊ တရုတ်ပြည် ကိုရောက်တော့ သူဟာ ကမ္မဋ္ဌာန်းထိုင်

www.burmeseclassic.com



တယ်၊ ထိုင်တော့ အိပ်ငိုက်ပြီး မျက်ခွံတွေ မကြာခဏလေး ကျလာတယ် တဲ့…၊ အဲဒါကြောင့် သူ့ရဲ့ မျက်ခွံတွေကို သင်တုံးဓားနဲ့လှီးပြီး လွှင့်ပစ်လိုက် တယ်တဲ့၊ အဲဒီလွှင့်ပစ် လိုက်တဲ့နေရာက အပင်ထပေါက်တာ အဲဒါ လက်ဖက် ပင်ပဲတဲ့…၊ ဒါက လက်ဖက်ပင်နဲ့ပတ်သက်တဲ့ ဒဏ္ဍာရီပေါ့ အဘရယ်၊ ယုံဖို့ မယုံဖို့ မဟုတ်ပါဘူး၊ ရေနွေးကြမ်းကို လက်ဖက်ခြောက်နဲ့ အသေအချာ စွဲစွဲမြဲမြဲ သောက်သုံးတဲ့လူတွေဟာ ကိုယ်တွင်းမှာဖြစ်တဲ့ရောဂါတွေ အတော့်ကို နည်းကြတယ် …၊ စိတ်လက်ကြည်လင်ကြတယ်၊ ရှေးအခါကဆိုရင် နှစ်ဦးနှစ်ဖက် စေ့စပ်ဆွေးနွေးတဲ့ကိစ္စတွေမှာ လက်ဖက်ကို အထိမ်းအမှတ် အဖြစ်နဲ့ စားကြတယ်၊ ဒါတွေလျှောက်ပြောရင် အများကြီးပါပဲ အဘရယ်…၊ အဘကို ကျွန်တော်က ရေနွေးကြမ်းကောင်းကောင်း တည်ပေးမယ်၊ ဟောဒီ တည်အိုးကြီးထဲကနေ ဟောဒီခရားလေးထဲကို ပြောင်းပြီးထည့်မယ်၊ အဲဒီခရားထဲကနေ ဟောဒီပန်းကန်လုံးလေးထဲကို ငှဲ့ပြီးထည့်ပေးမယ်၊ အဘက သောက်ရုံပါပဲ …''ဟု ပြောလိုက်လျှင် အဘိုးကြီးက -

''လုပ်ပါ ပေတလူရယ် …၊ မင်းက ထည့်ပေးတဲ့နောက်တော့ ငါက သောက်ရသေးတာပေါ့ကွာ …'' ဟု ပြောလိုက်လေတော့သတည်း။

* * * * * *

**အခန်း ၊ ၁၄ ၊**

# ရေနွေးကြမ်းတော မီးသွားပြီ

ပေတလူ၏အသက်သည် တစ်ဆယ့်တစ်နှစ်သို့ ရောက်နေပြီဖြစ်၏။ အဘိုးကြီး၏မွေးနေ့ပြီးသည်မှစ၍ ပေတလူသည် နေ့စဉ်နေ့တိုင်း အဘိုးကြီး သောက်ရန်အတွက်ရေနွေးအိုးတည်လေ၏။ ရေနွေးအိုးတည်ရာ၌ သူ

www.burmeseclassic.com



တည်သောရေနွေးအိုးမှာ တစ်ပေလုံးအရွယ်ခန့်ရှိလေ၏။ မြေအိုး အထူစား ဖြစ်၏။

ရေကို ပြည့်လုခမန်း ထည့်၍တည်၏။ တည်သောအခါ၌ လက်ဖက် အစိုကို ကွမ်းသီးလုံး နှစ်လုံးစာခန့်ထည့်၍ တည်၏။ ကျိုက်ကျိုက်ဆူသော အခါ၌ လက်ဖက်ခြောက်အကောင်းစားကို ခတ်လိုက်၏။ လက်ဖက်ခြောက် ကျလျှင် မီးကိုလျှော့၍ ကြွေခရားလေးအတွင်းသို့ လောင်းထည့်လေ၏။ ပြီးလျှင် အဘိုးကြီးသောက်ရန် ပန်းကန်လုံးကလေးနှစ်လုံးတွင် တစ်လုံးစီငှဲ့၍ ထည့် ပေးလေ၏။

ရေနွေးကြမ်းသောက်ရင်း မြည်းရန်အတွက် အင်မုန့်ကလေးများကို ပုလင်းဖြင့် ထည့်ပေးထားလေ၏။ အစပိုင်းတွင် အဘိုးကြီးသည် ပေတလူလုပ် ပေး၍ ရေနွေးကြမ်းကို သောက်ရခြင်းဖြစ်၏။ ရက်အတန်ကြာသောအခါ၌ ရေနွေးကြမ်းသောက်ခြင်းကို နှစ်သက်လာလေ၏။ လအတန်ကြာသောအခါ၌ ရေနွေးကြမ်းကို စွဲမက်လာလေ၏။ ထို့ကြောင့် အဘိုးကြီးက -

"ပေတလူရေ …ရေနွေးကြမ်းကို ငါ့အနေနဲ့ စွဲသွားပြီကွ …" ဟု ပြောလေတော့၏။ ထိုအခါ ပေတလူက -

"ရေနွေးကြမ်းမှမဟုတ်ပါဘူး အဘာရယ် …၊ မပြတ်မလပ် ကြိမ်ဖန် များစွာလုပ်တဲ့အလုပ်တွေဟာ စွဲသွားတတ်တဲ့ သဘောရှိပါတယ်၊ ဘာ့ကြောင့် အဲသလိုစွဲသွားသလဲဆိုရင် အတွင်းစိတ်က လက်ခံသွားတာဖြစ်လိမ့်မယ်" ဟု ပြောလိုက်လျှင် အဘိုးကြီးက -

"ဟုတ်ရဲ့လား ပေတလူရယ် …၊ တို့မှာ အတွင်းစိတ်ဆိုတာ ရှိသလား …" ဟု တီးခေါက်လိုသော သဘောဖြင့် မေးလိုက်လေ၏။

"ရှိမယ် အဘာရဲ့ …၊ ဟိုတစ်နေ့က ဟိုဘက်ခြံကို ထွက်နေတဲ့ သစ်ကိုင်းကို အဘက ဖြတ်ခိုင်းလို့ ကျွန်တော်တက်ပြီး လွှနဲ့တိုက်ရတယ် လေ…၊ အကြာကြီးတိုက်ရတယ် အဘာရဲ့ …၊ အဲဒီလို လွှနဲ့တိုက်ရင်း ကျွန်တော်က ပျင်းလို့ သီချင်းဆိုတယ်၊ သီချင်းလည်း မမှားဘူး အဘာရဲ့…၊

www.burmeseclassic.com



လွှတိုက်တာလည်း ဖြောင့်နေတာပဲ၊ ကျွန်တော်က တစ်ယောက်တည်းလေ အဘရဲ့ ...၊ လွှတိုက်တဲ့ ပေတလုူနဲ့ သီချင်းဆိုတဲ့ ပေတလုူ နှစ်ယောက်ဖြစ်နေတယ်၊ လွှတိုက်တာက အပြင်စိတ်နဲ့ တိုက်နေတာ အဘ၊ သီချင်းဆိုတာက အတွင်းစိတ်နဲ့ ဆိုနေတာ ...၊ ဘာမှ အားစိုက်စရာ မလိုဘူး ...၊ ကိုယ်ရပြီးသား သီချင်းကို သူ့ဘာသာဆိုသွားတာ ...၊ အပြင်စိတ်က လုပ်တာကို အတွင်းစိတ်ကလုပ်ချင်မှ လိုက်လုပ်တာ အဘရဲ့ ...၊ တစ်ခါတလေ နေမကောင်းလို့ အပြင်စိတ်က ဆေးသောက်ရမှာကို သိနေတယ်နော်၊ အတွင်းစိတ်က မသောက်ချင်ဘူး အဘရဲ့ ...၊ သောက်ခါနီးမှာ ပျို့တက်လာတာတွေ ဘာတွေတောင် ဖြစ်သေးတယ် ...''ဟု ပေတလုူက ပြောလိုက်လျှင် -

''ဟုတ်ပြီ ...ဟုတ်ပြီ၊ မင်းကို သိမသိ စမ်းကြည့်တာပါကွာ ...၊ လူမှာက စိတ်နှစ်မျိုးရှိတယ်ဆိုတာ ဟုတ်ပါတယ်၊ အဲဒါကို အတွင်းစိတ် အပြင်စိတ်လို့တော့ မခေါ်ဘူးကွ၊ သိစိတ်နဲ့ မသိစိတ်လို့ခေါ်တယ် ...''ဟု အဘိုးကြီးက ပြောပြလေ၏။

''ဒီလိုဆိုလည်း ပြီးရောပေါ့ အဘရယ်...၊ အခု အဘဟာ ရေနွေးကြမ်းကို မသိစိတ်က ကြိုက်သွားပြီနော်''ဟု အဘိုးကြီးက -

''ဟုတ်ပါပြီ ပေတလုူရယ် ...၊ ငါ့ရဲ့မသိစိတ်က ရေနွေးကြမ်းကို ကြိုက်သွားပါပြီကွာ ...၊ အဲဒါကို ငါ လက်ခံပါတယ် ...''ဟု ဝန်ခံလိုက်လေ၏။

ပေတလုူသည် အဘိုးကြီး စာဖတ်သည့်အခါတိုင်း ရေနွေးကြမ်း စီစဉ်ပေးလေ၏။ နံနက်တွင်လည်း ရေနွေးကြမ်းကျို၏။ နေ့လယ်တွင်လည်း ကျို၏။ ဓာတ်ဗူးများတွင် ထည့်ထား၏။ ညအချိန်သို့ရောက်လျှင်လည်း ကျို၏။

အဘိုးကြီး၏ဌာနတွင် အလုပ်လုပ်ကြကုန်သော၊ အဘိုးကြီးနှင့် သိကျွမ်းကြကုန်သော အရာရှိငယ်များ၊ စာရေးစာချီများ ပြင်ဦးလွင်သို့ ရောက်သောအခါ၌ အဘိုးကြီး၏အိမ်သို့ ဝင်၍နှုတ်ဆက်ခြင်း၊ ဂါရဝပြုခြင်းများ ပြုလုပ်ကြကုန်၏။ အဘိုးကြီးကလည်း ထိုသူတို့လာလျှင် မက်မန်းသီးဖြင့်

www.burmeseclassic.com



ပြုလုပ်ထားသောဝိုင်များ၊ ပြင်ဦးလွင်ရှူခင်းဓာတ်ပုံများ လက်ဆောင် ပေးတတ်လေ၏။

ထိုသူများကလည်း အဘိုးကြီးအား အမှတ်တရ လက်ဆောင်များ ပေးလေ့ရှိ၏။ မည်သို့ဖြစ်သည်မသိ။ လက်ဆောင်ဆယ်ခုတွင် ငါးခုသည် ပုံစံအမျိုးမျိုးသော ရေနွေးခရားများ၊ ရေနွေးပန်းကန်လုံးများ ဖြစ်နေ တတ်၏။ ထို့ကြောင့် အဘိုးကြီးက -

"ပေတလူရေ ...၊ ရတဲ့လက်ဆောင်တွေကလည်း ရေနွေးကြမ်းခရားနဲ့ ရေနွေးကြမ်းပန်းကန်တွေချည်း ဖြစ်နေပါလားကွ ..." ဟု ပြောလိုက်ရာ ပေတလူက

"ရေနွေးကြမ်းအကြောတော့ မိသွားပြီထင်တယ်" ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

"အကြောမိတာ မဟုတ်ဘူးကွ၊ ဓာတ်မိတာလို့ခေါ်တယ် ..." ဟု ပြောလိုက်ပြီးလျှင် နှစ်ယောက်သား ရယ်မောလိုက်ကြလေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



အခန်း ၊ ၁၅ ၊

## ပေတလူနှင့် မြန်မာစာ

တစ်ခုသော နံနက်စာ ထမင်းစားပြီးချိန်တွင် ပေတလူသည် ကြွေရေနွေးခရားအသစ်ကလေးထဲတွင် ကျိုက်ကျိုက်ဆူနေသော ရေနွေးကို ထည့်၍ လက်ဖက်ခြောက်ခတ်ကာ အဘိုးကြီးအနီးသို့ ယူလာလေ၏။ အဘိုးကြီးသည် ထိုကြွေရေနွေးခရားအသစ်ကို ကြည့်ကာ –

"ပေတလူရေ … ဒီခရားလေးက အပြာရောင်လေးကွ၊ အသစ်ကလေးပါလား …"ဟု မေးလိုက်လေ၏။ ထိုအခါ ပေတလူက–

"ပြီးခဲ့တဲ့လတုန်းက အဘရဲ့လက်အောက်မှာ လုပ်ခဲ့တဲ့ စာရေးမတစ်ယောက်က အဘကို လက်ဆောင်ပေးခဲ့တဲ့ ခရားလေးလေ …"ဟု

www.burmeseclassic.com



ပြန်၍ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

"နေပါဦး ပေတလူရဲ့ ...၊ ငါ့ရဲ့မွေးနေ့တုန်းက မင်းဝယ်ပြီး ကန်တော့တဲ့ ခရားလေးကွဲသွားပြီလား" ဟု မေးလေ၏။ ထိုအခါ ပေတလူက-

"မကွဲပါဘူး အဘရယ် ...၊ အဘဆီကိုလာတဲ့ လူတွေက အဘကို ခရားလေးတွေ လက်ဆောင်ပေးထားတာ အားလုံးကို ကျွန်တော် မှန်ဘီဒိုလေးနဲ့ထည့်ထားတယ်၊ ကြွေရေနွေးခရားလေးတွေချည်းပဲ နှစ်ဆယ့်တစ်လုံးရှိတယ် အဘရဲ့ ...၊ ရေနွေးပန်းကန်လေးတွေချည်းပဲ ရှစ်ဆယ်နဲ့ လေးလုံးရှိတယ်..."ဟု ပြန်၍ဖြေလေ၏။

"ခရားတစ်လုံးကွဲသွားပြီးမှ တစ်လုံးထုတ်ပြီးသုံးရင် မကောင်းဘူးလား"ဟု အဘိုးကြီးက ပြောလေ၏။

"ဒီလိုပါ အဘ ...၊ သက်ကြီးရွယ်အို အဘိုးကြီး အဘွားကြီးတွေဟာ အပြောင်းအလဲလေးတွေကို သဘောကျတတ်ကြတယ်၊ ဒါ့ကြောင့် အဘကို ရေနွေးတိုက်တဲ့ ခရားလေးတွေကို တစ်နေ့နဲ့တစ်နေ့မတူရ မထပ်ရလေအောင် တစ်နေ့တစ်လုံး သုံးဖို့စိတ်ကူးမိလို့ပါ ..."ဟု ပေတလူက ပြောလေ၏။

အဘိုးကြီးသည် တစ်စုံတစ်ရာ ငြင်းဆိုခြင်းမပြုဘဲ ပြုံးရုံသာ ပြုံးနေလေတော့၏။ ထို့နောက် မြန်မာသဒ္ဒါနှင့် ပတ်သက်သော စာအုပ်တစ်အုပ်ကို ဖတ်ရှုနေလေတော့၏။ ပေတလူသည် ၎င်းလုပ်ရန်ရှိသော အလုပ်များကို ဇယ်ဆက်သကဲ့သို့ ပြုလုပ်နေလေတော့၏။ အလုံးစုံပြုလုပ် ပြီးစီးသောအခါ၌ အဘိုးကြီးအနီးသို့လာကာ ရေနွေးကြမ်းထပ် ထည့်ပေး၏။ ထိုသို့ထည့် ပေးရင်း-

"အဘ ကျွန်တော် မသိလို့ တစ်ခုမေးပါရစေ၊ အဲဒါက ဘာလဲဆိုတော့ အင်္ဂလိပ်စာဆုံးချင်ရင် ဖူးစတော့ဆိုတဲ့ အစက်ကလေးတစ်စက် ချလိုက်ရင်ပြီးတယ်၊ မြန်မာစာက အဲဒီလို အစက်ကလေးချရုံနဲ့ မပြီးဘူး၊ 'သည်'ဆိုတဲ့ စာလုံးတစ်လုံး ထည့်ရင်ထည့်၊ မထည့်ရင် '၏'ဆိုတဲ့ စာလုံးတစ်လုံး ထည့်ရတယ်၊ အဲဒါ ဘာကြောင့်လဲ အဘ၊ အဲဒီလို ထည့်ရုံနဲ့လည်း မပြီးသေးဘူး၊

www.burmeseclassic.com



ပုဒ်မနှစ်ချောင်းထည့်ရတယ်၊ အဲဒီပုဒ်မနှစ်ချောင်းဟာ စာကြောင်းရဲ့ အဆုံးသတ်ဆိုရင်လည်း 'သည်'တွေ၊ '၏'တွေ ထည့်စရာ မလိုဘဲရှိရမယ်၊ ပြီးတော့ အဘကို ထပ်ပြီးမေးရဦးမယ်၊ 'သည်'နဲ့ '၏'ဟာ အဓိပ္ပါယ်ချင်း ဘယ်လိုခြားနား သလဲ အဘ ...'' ဟု ပေတလူက မေးမြန်းလေတော့၏။ ထိုအခါ အဘိုးကြီး က -

''ကိုပေတလူရယ် ...၊ နိုင်ငံတော်ကလည်း ကျုပ်ကို အသက်ကြီး ပြီဆိုပြီး အနားပေးထားပါပြီ၊ ဦးနှောက်ခြောက်မယ့် မေးခွန်းတွေကို မမေးပါနဲ့၊ ကလေးက ကလေးလိုနေစမ်းပါ ...'' ဟု ပြောလိုက်လေတော့၏။ ထိုအခါ ပေတလူက ရယ်မော၍ -

''ကလေးအလုပ်က မေးတဲ့အလုပ်ပဲလေ အဘရဲ့၊ လူကြီးအလုပ်က ဖြေရမယ့်အလုပ်ပဲလေ၊ ကလေးဆိုတာ လောကကြီးရဲ့အကြောင်းကို မသိဘူးလေ၊ အဲဒီတော့ သူက အမြဲတမ်းမေးချင်နေတာ ...'' ဟု ပြောကာ ရယ်လေ၏။

''အဘ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ အခု ကျွန်တော်မေးတဲ့ မေးခွန်းကို အဘက သိလျက်သားနဲ့ မဖြေချင်တာမဟုတ်ဘူး၊ အဘ ကိုယ်တိုင် မသိတာ၊ ဒါပေမဲ့ အဘက မသိဘူးလို့ ကျွန်တော့်ကို ပြောရမှာ ရှက်နေပုံရတယ်၊ အမှန်က ဒါဟာ ရှက်စရာမဟုတ်ပါဘူး၊ '*ပေတလူရေ .... ဒါတော့ ငါလည်း မသိဘူးကွာ ...*' လို့ ပြောလိုက်တာဟာ အဘဘက်က အလံဖြူ ထောင်လိုက်တဲ့သဘောပါပဲ...၊ ကျွန်တော်က ထပ်ပြီး ပစ်ခွင့်မရှိတော့ဘူး၊ အဲဒီအခါမှာ အဘနဲ့ ကျွန်တော်နဲ့ ပူးပေါင်းပြီး အဖြေကိုရှာကြရမှာမဟုတ်လား၊ အဘက အခုတော့ အလံဖြူမထောင်ဘူး၊ သိသလိုလို လုပ်နေတယ်၊ အဲဒီတော့ ကျွန်တော်က ထပ်ပြီးပစ်နေရတယ်၊ အဲဒီမှာ မငြိမ်းချမ်းတော့တာပဲ...''ဟု ပြောလိုက်လျှင် အဘိုးကြီးက-

''ငါ့အသက်က ခြောက်ဆယ်ကျော်ပြီကွ၊ မင်းလို ကလေး တစ်ယောက်မေးတာကို မဖြေနိုင်ဘူးဆိုရင် ရှက်ဖို့ကောင်းတယ်၊ အဲဒီတော့

www.burmeseclassic.com



ငါ့ကိုတော့ ရှက်ခွင့်ပေးပါ ပေတလူရာ ...''ဟု ပြောလိုက်လေတော့၏။ ထိုအခါ၌ ပေတလူသည် လက်သည်းညှပ်ကိုယူ၍ အဘိုးကြီး၏လက်သည်းခြေသည်းများကို ညှပ်ပေး၏။ အဘိုးကြီးသည် ပေတလူအား -

''မေးတယ်ဆိုတာ အရမ်းမမေးရဘူးကွ၊ တစ်ဖက်လူက မဖြေနိုင်ရင် အတော့်ကို ခွတီးခွကျနိုင်တာကွ ...'' ဟု လေသံပျော့ပျော့ဖြင့် ပြောလေ၏။ ထိုအခါ ပေတလူက

''အဘက ကျွန်တော့်ကိုမေး၊ မဖြေနိုင်တဲ့မေးခွန်း မရှိပါဘူး၊ မေးကြည့်စမ်းပါ ...'' ဟု ပြောလိုက်လျှင် အဘိုးကြီးသည် ပေတလူအား မျက်လုံးပြူး၍ ကြည့်လေ၏။ ထိုသို့ ကြည့်ပြီးနောက် -

''မင်းက ဘာမဆိုဖြေနိုင်တယ် ဟုတ်လား ...'' ဟု မေးလိုက်လေ၏။

''ဟုတ်တယ် အဘ၊ ဖြေနိုင်တယ်၊ မယုံရင် မေးကြည့်ပါလား...'' ဟု ပေတလူက လေသံမာမာဖြင့် ပြန်၍ဖြေလေ၏။ ထိုအခါ အဘိုးကြီးက-

''အခြားမေးခွန်းတွေကို မမေးပါဘူးကွာ ...၊ မင်း ငါ့ကိုမေးတဲ့ မေးခွန်းကိုပဲ ပြန်ပြီးမေးပါမယ်၊ မြန်မာစာမှာ စာကြောင်းဆုံးတဲ့အခါမှာ ဘာကြောင့် 'သည်' တို့ '၏' တို့ ထည့်ရတာလဲ၊ အဲဒါပဲဖြေပါ ...'' ဟု မေးလိုက်လေ၏။

''အဲဒါ အဘမေးတဲ့ မေးခွန်းလား၊ မေးပြီလား'' ဟု ပေတလူက ပြန်၍ပြောလေ၏။ ထိုအခါ အဘိုးကြီးက

''အေး ...ဟုတ်တယ်၊ မေးပြီ...'' ဟု ပြန်၍ ဖြေလေ၏။ ထိုအခါ ပေတလူက -

''မေးပြီဆိုရင်တော့ဖြေမယ် အဘရေ ...၊ မြန်မာစာမှာ စာကြောင်းဆုံးတဲ့အခါ 'သည်'တို့၊ '၏'တို့ ဘာကြောင့်ထည့်တယ်ဆိုတာကို ကျွန်တော် မောင်ပေတလူ လုံးဝမသိပါဘူးလို့ ဖြေပါတယ်ခင်ဗျာ ...'' ဟု ပြောလိုက်လျှင် အဘိုးကြီးက-

www.burmeseclassic.com



"ဒါ အဖြေလား ပေတလူ ..." ဟု မေးလေ၏။

"မသိဘူးလို့ ဖြေတယ်လေ အဘရဲ့ ...ဒါ အဖြေပေါ့၊ သိသလိုလို မသိသလိုလိုထဲမှာ ကျွန်တော် မပါဘူးနော်၊ ဒါကြောင့် မသိဘူးလို့ဖြေတယ်..." ဟု ပေတလူက လေသံခပ်ပြတ်ပြတ်ဖြင့်ပြောလိုက်ရာ အဘိုးကြီးသည် တဟားဟားနှင့် ရယ်လိုက်လေတော့သတည်း။

* * * * **

## အခန်း ။ ၁၆ ။

## ပေတလူ နှစ်ချုပ်စာရင်းလုပ်ခြင်း

တစ်ညသ၌ အဘိုးကြီးသည် တွန်းလှည်းကလေးကို အသုံးပြု၍ ပေတလူနှင့် တစ္ဆေဖြူအိပ်သောနေရာသို့ သွားရောက်ခဲ့လေ၏။ ထိုသို့ သွားရောက်ခဲ့ရာတွင် ပေတလူကိုမတွေ့ဘဲ တစ္ဆေဖြူတစ်ဦးတည်း အိပ်နေသည်ကိုတွေ့ရလျှင် အဘိုးကြီးသည် တစ္ဆေဖြူကိုနှိုး၍ -

"ဟေ့ ...တစ္ဆေဖြူ၊ ပေတလူ ဘယ်သွားလဲ" ဟု မေးလေ၏။

"ပေတလူ ဆိုင်ထဲမှာ အဘရဲ့ ..."ဟု တစ္ဆေဖြူက ပြန်၍ ဖြေလေ၏။

"ဟကောင်ရ ...ည ၁၁ နာရီထိုးပြီကွ၊ ဒီလောက်အေးတဲ့ ချမ်းတဲ့ နေရာမှာ ဆိုင်ထဲမှာ ဘာသွားလုပ်နေတာလဲ" ဟု အဘိုးကြီးက မေးလိုက်ရာ တစ္ဆေဖြူက -

"နှစ်ချုပ်စာရင်းတွေ သွားလုပ်နေတာ ..." ဟု ပြန်၍ဖြေလေ၏။

"ဒီလိုဆိုရင် မင်း ငါ့ကို သူ့ဆီလိုက်ပို့ကွာ ..." ဟု အဘိုးကြီးက ပြောလျှင် တစ္ဆေဖြူလည်းထ၍ ဗီးချဲခေါ် လက်တွန်းလှည်းကိုတွန်း၏။

www.burmeseclassic.com



အဘိုးကြီးလည်းစီးလေ၏။ ဆိုင်အနီးသို့ ရောက်သောအခါ၌ ‘ထောက်… ထောက်’ ဟူသော အသံကို ကြားရလေ၏။ ထို့ကြောင့် အဘိုးကြီးက

“အဲဒီအသံဟာ ဘာသံလဲကွ …”ဟု တစ္ဆေဖြူ အား မေးလေ၏။

“ပေသီးခေါက်တဲ့အသံပါ အဘ….” ဟု တစ္ဆေဖြူက ပြန်၍ ဖြေလိုက်လျှင် အဘိုးကြီးက -

“ဩော် …ပေတလူက စာရင်းတွေကို ပေသီးနဲ့ တွက်နေတာကိုး၊ ဒီကောင်လေးက ပေသီးတွက်တတ်သလား …”ဟု မေးလေ၏။

“ကျွန်တော်တို့နှစ်ယောက်စလုံး တရုတ်ခေါက်ဆွဲဆိုင်မှာ တစ်လကို ဆယ့်ငါးကျပ်နဲ့ အလုပ်လုပ်ဖူးတယ် အဘရဲ့ …၊ အဲဒီကတည်းက အကြော် ဆရာ တရုတ်ကြီးဆီကနေ သင်ထားလိုက်တာ …၊ ကျွန်တော် သိသလောက် တော့ ပေတလူဟာ အဲဒီတရုတ်ကြီးဆီမှာလည်း သင်ဖူးတယ်၊ အခြား တစ်ယောက်ဆီမှာလည်း ထပ်ပြီးသင်ဖူးတယ်၊ ပေသီးကို အတော့်ကိုကျွမ်း ပါတယ် …” ဟု တစ္ဆေဖြူက ပြောလေ၏။

ဤသို့နှင့်ပင် ၄င်းတို့နှစ်ဦးသည် စတိုးဆိုင်ကလေးဆီသို့ရောက် သွားကြလေ၏။ မီးသွေးမီးဖိုကလေးတစ်ခုကို မီးထည့်၍ ခြေထောက်အနီး တွင်ထားကာ အလုပ်လုပ်နေသော ပေတလူကို တွေ့ရ၏။

“ဩော် …အဘ မအိပ်သေးဘူးလား” ဟု ပေတလူက မေးလေ၏။

“ပြီးပါပြီ အဘရယ် …၊ အဘတို့အသံကို ကြားတဲ့အချိန်မှာ ဒီဇင်ဘာလအတွက် တွက်နေတဲ့အချိန်ပဲ၊ အခု ပြီးသွားပါပြီ…”ဟု ပေတလူ က ပြောပြီးနောက် အိပ်ရာမှထ၍ ရေနွေးပန်းကန်ကို လှမ်းယူ လိုက်ပြီးနောက် နှုတ်ခမ်းဖြင့် ပန်းကန်ကိုတေ့၍ စုပ်ယူကာ သောက်လေ၏။ ထိုသို့သောက်ရင်း-

“ပေတလူရယ် …၊ မင်းက ပေသီးတွက် အတော်ကျွမ်းဆိုပဲ၊ ဟုတ်လားကွ …”ဟု မေးလေ၏။

“ဒီလိုပါ အဘရယ် …၊ အကျွမ်းကြီးမဟုတ်ပါဘူး၊ အပေါင်း၊ အနှုတ်၊ အမြှောက်အစားတော့ ရတာပေါ့၊ ပြီးတော့ ဒီလိုရှိတယ် အဘရဲ့…၊

www.burmeseclassic.com



ပေသီးတွက်နည်းက နှစ်မျိုးရှိတယ်၊ အကြမ်းဖျင်းပြောရင်တော့ တရုတ်နည်းနဲ့ ဂျပန်နည်းပေါ့ အဘရယ် ...၊ တရုတ်နည်းက ရိုက်တန်းရဲ့အပေါ်မှာ ပေသီးနှစ်လုံး ဆင့်ပြီးထပ်ထားတယ်၊ တစ်လုံး တစ်လုံးဟာ ငါးနဲ့ ညီမျှတယ် အဘရဲ့ ...၊ နှစ်လုံးဆိုတော့ တစ်ဆယ်ပေါ့ အဘရယ် ...၊ ရိုက်တန်းရဲ့ အောက်မှာကျတော့ ပေသီးငါးလုံးဆင့်ပြီး ထပ်ထားတယ်၊ ပေသီးတစ်လုံးရဲ့ တန်ဖိုးဟာ 'တစ်'ပဲရှိတယ်၊ ငါးလုံးဆိုတော့ ငါးပေါ့ အဘရယ် ...၊ ပေသီးတွေဟာ ရိုက်တန်းကို လာပြီး ထိထားရင် တန်ဖိုးကို ဖော်ပြတာပဲ၊ တရုတ်နည်းမှာက တစ်ဆယ်ပြည့်တာနဲ့ ခုဂဏန်းကိုဖျက်ပြီး ဆယ်ဂဏန်းမှာ တစ်ကို ရိုက်တန်းမှာ ကပ်ထားလိုက်ရတယ်၊ အဲဒီတော့ တရုတ်နည်းဟာ ဆယ်လီမူး ပေါ်မှာ အခြေစိုက်ထားတာ ထင်ရှားတယ်အဘ ရဲ့ ...၊

ဂျပန်ပေသီးတွက်နည်းကတော့ ဒီလိုမဟုတ်ဘူး အဘရေ ...၊ ရိုက်တန်းပေါ်မှာ ပေသီးတစ်လုံးစီပဲရှိတယ်၊ တစ်လုံးဟာ ငါးနဲ့ ညီမျှတယ်၊ ရိုက်တန်းရဲ့အောက်မှာတော့ ပေသီးလေးလုံးရှိတယ်၊ တစ်လုံးဟာတစ်နဲ့ညီတယ်၊ လေးလုံးဆိုတော့ 'လေး'ပေါ့ အဘရဲ့ ...၊ အဲဒီတော့ ရိုက်တန်းပေါ်က ပေသီးတစ်လုံး၊ အောက်က လေးလုံးရိုက်တန်းကို ကပ်ထားလိုက်ရင်ကိုးပေါ့...၊ ကိုးဖြစ်တာနဲ့ အဲဒီအတိုင်းထားလို့မရဘူး၊ ပြီးရင် ဆယ်ခွက်က တစ်ကို မ,တင်လိုက်ရ တယ်၊ အဲဒီတော့ သူက ကိုးတွေချည်း လျှောက်လုပ်ထားတာ အဘရဲ့ ...၊ အဲဒီတော့ ဂျပန်ပေသီးတွက်နည်းဟာ ကျွန်တော်တို့ ဘုန်းကြီးကျောင်းတွေမှာ သင်တဲ့ ကိုးကြောင်းတွက်နည်းနဲ့ အတူတူပါပဲ အဘရယ်...'' ဟု ပေသီးခွက် တည်ဆောက်ပုံ အခြေခံသဘောတရားကို ပေတလူက အဘိုးကြီးအား ရှင်းပြလိုက်လေ၏။ ထိုအခါ အဘိုးကြီးက –

''ပေတလူရယ် ... မင်းကတော့ တော်ပါပေတယ်ကွာ...'' ဟု ချီးမွမ်းလိုက်လေ၏။ ထိုအခါ ပေတလူက –

''လေ့ကျင့်ထားတာတွေပါ အဘ ...''ဟု ပြန်၍ဖြေလေ၏။ ထိုအခါ အဘိုးကြီးက –

www.burmeseclassic.com



“မင်းအနေနဲ့ ဘာပြောချင်တာလဲ ပေတလူ” ဟု မေးလိုက်လေ၏။ ထိုအခါ ပေတလူက -

“ကျွန်တော့်မှာ နည်းစနစ်ရှိတယ် အဘ ...၊

တတ်ချင်ရင် သင်၊ တော်ချင်ရင် ကျင့်
မမေ့ချင်ရင် စိတ်ဝင်စား၊
မမှားချင်ရင် ပြန်စစ်

ဟု ရေရွတ်လိုက်လေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com



# မင်းသိခ်



www.burmeseclassic.com



အခန်း ၊ ၁၇ ၊

# တစ္ဆေဖြူရေးသော စာတန်းများ

တစ်နေ့တွင် ပေတလူသည် အဘိုးကြီး၏ လက်သည်းများကို ညှပ်ပေးနေလေ၏။ ခြံဝင်း၏တစ်ဖက်

တစ်ချက်တွင်လည်း တစ္ဆေဖြူစိုက်ထားသော ပန်းခင်းကြီးများ ဖူးပွင့်ဝေဆာလျက်ရှိလေ၏။ အဘိုးကြီးသည် ထိုပန်းခင်းကြီးကို ကြည့်ပြီးနောက် လွန်စွာမှ သဘောကျ၍ နေလေ၏။

"တစ္ဆေဖြူက ပန်းစိုက်တတ်တဲ့ တစ္ဆေပဲ ..." ဟု အဘိုးကြီးက ချီးကျူးလိုက်၍ ပေတလူက ပြုံးလေ၏။

"ပန်းတင်မဟုတ်ဘူး အဘရဲ့ ....၊ ဒီကောင်က စိုက်ပျိုးရေး

www.burmeseclassic.com



ဝါသနာပါတယ်၊ သီးပင်စားပင်တွေလည်း စိုက်တတ်ပါတယ်၊ ဒီခြံထဲမှာ သီးပင်စားပင်တွေသူက စိုက်ချင်တာ ...၊ အဘကို သူက မပြောရဲလို့ မပြောတာ၊ အဘ ခွင့်ပြုရင် သူက စိုက်မှာပါ ...'' ဟု ပေတလူက ပြန်၍ ဖြေလေ၏။

''သီးပင်စားပင်တွေ စိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ငါ့အနေနဲ့ သဘော မတူစရာ မရှိပါဘူးကွာ၊ တူပါတယ်၊ ဒါဆိုရင် ...'' ဟု အဘိုးကြီးက ပြောလိုက်ရာ ပေတလူက

''ဒီလိုဆိုလည်း ကောင်းပါပြီ အဘရယ်...၊ ဒီကောင့်ကို ပြောလိုက် ပါ့မယ်၊ မင်း စိုက်ချင်တာ စိုက်တော့လို့ ...'' ဟု ပြောလေ၏။

လက်သည်းများ လှီးပြီးသောအခါ၌ ပေတလူသည် အဘိုးကြီးအား ဗီးချဲတွင်တင်၍ ဈေးဆိုင်ကလေးရှိရာသို့ တွန်းသွားလေ၏။ ထိုဈေးဆိုင် ကလေးတွင် အောက်ပါစာများ ရေးထားသည်ကို တွေ့ရလေ၏။

ပြန်အမ်းသောငွေကို စစ်ဆေးပြီးမှ ဆိုင်ကထွက်ပါ

ယနေ့ အကြွေးမပေး

ကြွေးယူပြုံးပြုံး ကြွေးတောင်းမုန်း

သင်၏ခွေးနှင့် ကလေးကို
အိမ်တွင်ထားခဲ့ပါ
ဘယ်မှာဝယ်ရင် ဒီပစ္စည်းဟာ
ဒီထက်ဈေးပေါတယ်လို့ ဒီဆိုင်မှာမပြောပါနှင့်
အဲဒီမှာ သွားဝယ်လိုက်ပါ

www.burmeseclassic.com



တစ်နေကုန် ဆိုင်ဖွင့်ထားတာပါ
အချိန်ကုန်လို့ ပိတ်ပြီဆိုမှ
တံခါးလာမခေါက်ပါနှင့်

သိချင်တာကို မေးပါ၊ ပြန်ပြီးဖြေပါ့မယ်
နှစ်ယောက်ပြိုင်တူတော့ မမေးပါနဲ့

ဤဆိုင်သည် လူ့အသုံးအဆောင်ပစ္စည်းများ
ရောင်းသောဆိုင်ဖြစ်ပါသည်။
သမီးရည်းစားချိန်းတွေ့သောနေရာမဟုတ်ပါ

အဘိုးကြီးလည်း ထိုဆိုင်းဘုတ်များကို ဖတ်၍

"ပေတလူရေ ...တို့ဆိုင်ကလည်း စာတွေများ လှချေလားကွ ..." ဟု မေးလိုက်ရာ ပေတလူက -

"တစ္ဆေဖြူ လျှောက်ပြီးရေးထားတာပါ အဘရယ်၊ ဘာဖြစ်လို့ ရေးတာလဲဆိုတော့ ဒီကောင် သတ္တိနည်းလို့ ရေးတာ အဘရဲ့ ...၊ လူမုန်း မခံချင်လို့ရေးတာ ...၊ ဥပမာ အဘရယ် ...ဈေးလာဝယ်တဲ့လူကို အကြွေး မရောင်းဘူးလို့ တည့်မပြောရဲလို့ ယနေ့ အကြွေးမရောင်းပါဆိုတဲ့ ဆိုင်းဘုတ်ကို ချိတ်တာပေါ့ အဘရဲ့ ..."ဟု ပြောလိုက်လျှင် အဘိုးကြီးက တခစ်ခစ် ရယ်လေ၏။

"ဟိုတစ်နေ့က မိန်းမတစ်ယောက်ဟာ ဖောက်စ်တယ်ရီယာ အမျိုးအစား ခွေးကလေးတစ်ကောင် ခေါ်လာတယ်၊ သူ ဈေးဝယ်နေတုန်းမှာ သူ့ခွေးလေးက ထောပတ်ခွက်ထဲက ထောပတ်တွေလျက်ပြီး စားသွားတယ်၊ အဲဒီတော့ ထောပတ်တွေ အကုန်လုံး သွန်ပစ်လိုက်ရတယ်၊ သွန်တယ် ဆိုပေမဲ့ အကုန်သွန်ချပစ်လိုက်တာမျိုးမဟုတ်ပါဘူး အဘရယ် ...၊ ဟိုးနောက်ဖေးက

www.burmeseclassic.com



ဒေါ်ညွန့်ကြည်ရဲ့ အမေကြီးပိုင်တဲ့ နွားလှည်းက လှည်းပဒေါင်းမှာ လှည်းဆီအဖြစ် ထည့်လိုက်တယ်၊ ပြီးတော့လည်း ဟိုးတစ်နေ့က မိန်းမတစ်ယောက်က ကလေးတစ်ယောက်ကိုခေါ်လာတယ် ...၊ သူ့ကလေးက သာကူစေ့အိတ်ထဲက သာကူစေ့တွေကို နှိုက်ပြီး ကြဲပစ်လိုက်တယ်လေ၊ အဲဒါကို တစ္ဆေဖြူက ပြောင်ပြောင်တင်းတင်း မပြောရဲဘူး၊ အဲဒါကြောင့် ခွေးနဲ့ကလေး ခေါ်မလာရဆိုတဲ့ ဆိုင်းဘုတ်ချိတ်တာအဘရဲ့၊ ဟိုး ..ငါး ရက်လောက်ကလည်း မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ဟာ ဈေးမဝယ်ဘဲ ဆိုင်အကွယ်မှာ ရည်းစားစကား ပြောနေကြတယ်၊ တကယ်လို့ ကြာတယ်ထင်ပြီး အဲဒီမိန်းမဘက်က လူကြီးတွေလိုက်လာရင် ကျွန်တော်တို့ဆိုင်မှာ ပြဿနာတက်မှာပေါ့၊ အဲဒါကို တစ္ဆေဖြူက ပြောင်ပြောင်တင်းတင်း မကန့်ကွက်ရဲဘူး၊ ဒီကောင်က လူမုန်းမှာ သိပ်ကြောက်တယ်၊ ဒါကြောင့် ဆိုင်းဘုတ်တွေ များးကုန်တာ''ဟု ပေတလူက ပြောလေ၏။

အဘိုးကြီးသည် ပေတလူ၏စကားကို နက်နက်ရှိုင်းရှိုင်း စဉ်းစားပြီးနောက် -

''ဒီလိုစာမျိုးတွေက အင်္ဂလိပ်လို မော်တို **MOTO** ဆောင်ပုဒ်လို့ခေါ်တယ်ကွ၊ အဲဒီလိုစာတန်းတွေရေးတိုင်း သတ္တိနည်းလို့ ရေးတာတော့ မဟုတ်ဘူးကွ၊ ဥပမာကွာ ... အိမ်တစ်အိမ်မှာ ချိတ်ထားတဲ့ စာတစ်ခုကို ငါပြောပြမယ်၊ **WORK IS WORSHIP**လို့ ရေးထားတယ်၊ အဓိပ္ပါယ်ကတော့ 'အလုပ်ဆိုတာ ဆည်းကပ်ကိုးကွယ်ရန်ဖြစ်ပါတယ်'လို့ ဆိုလိုတယ်ပေါ့ကွာ၊ အလုပ်ကို ဦးထိပ်ထားတယ်ပေါ့၊ အဲဒါမျိုးကတော့ သူ့ကိုယ်သူ အလုပ်လုပ်ချင်အောင် နှိုးဆွထားတဲ့ စာမဟုတ်လား ...'' ဟု အဘိုးကြီးက ပြောလိုက်လျှင် ပေတလူက -

''အဘ ယူဆသလို ယူဆရင်လည်း ရပါတယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ ဒီလိုမထင်ဘူး၊ အဲဒီစာချိတ်ထားတဲ့သူဟာ သူ အလုပ်လုပ်တာကို တခြားလူသိစေချင်တဲ့သဘောပါနေတယ်၊ သိပ်ပြီး ရိုးသားပုံမရဘူး အဘရဲ့...၊

www.burmeseclassic.com



တကယ်ဆိုရင် အလုပ်ကို သူက ကိုးကွယ်ချင်တယ်ဆိုပါတော့ ...၊ သူ့ဟာသူ ကိုးကွယ်ပေါ့၊ ဆိုင်းဘုတ်တပ်စရာမလိုပါဘူး၊ ကျွန်တော့်အနေနဲ့ အဲဒီလို ဆိုင်းဘုတ်တွေ အများကြီးဖတ်ဖူးတယ်၊ တစ်ခုမှသဘောမကျဘူး အဘရေ ...၊ 'ခွေးကိုက်တတ်သည်' ဆိုတဲ့ ဆိုင်းဘုတ်တစ်မျိုးပဲ သဘောကျတယ်၊ အဲဒီလို သတိပေးလိုက်တော့ ခွေးကိုက်မခံရ တော့ဘူးပေါ့ အဘရယ်...၊ အကျိုးရှိလိုက်တာ ..."ဟု ပြောလိုက်လျှင် အဘိုးကြီးသည် ဟက်ဟက် ပက်ပက်ရယ်လေ၏။

"တစ်ခုတော့ရှိတယ် ပေတလူရေ ...၊ ငါ့အနေနဲ့လည်း အိမ်မှာ ဆောင်ပုဒ်တစ်ခု ချိတ်ချင်တယ်ကွာ ...၊ အဲဒီဆောင်ပုဒ်ဟာ တခြားလူနဲ့ မပတ်သက်ဘူး၊ ငါ့ကို သတိပေးတဲ့ ဆောင်ပုဒ်မျိုးပဲ ဖြစ်စေချင်တယ်၊ ဘယ်လိုဟာမျိုး ရေးရင်ကောင်းမလဲကွာ ..." ဟု အဘိုးကြီးက မေးလိုက်ရာ ပေတလူက -

"အကောင်းဆုံးကတော့ ..."

## သူတစ်ပါးအတွက် အလုပ်လုပ်ပါ

"ငါက ဒုက္ခိတပဲကွာ ...၊ အဲဒီဆောင်ပုဒ်ကို လိုက်နာချင်တယ်ပဲ ထားဦး ...၊ သူတစ်ပါးအတွက် ငါက ဘာများလုပ်ပေးနိုင်မှာတုံး ..."ဟု အဘိုးကြီးက စိတ်ပျက်သောလေသံဖြင့် ပြောလိုက်လေ၏။

"အဘက ဒုက္ခိတဆိုပေမဲ့ အောက်ပိုင်းမသန်တာပါ၊ အပေါ်ပိုင်းက အကောင်းကြီးပဲ၊ အပေါ်ပိုင်းအလုပ်တွေ လုပ်လို့ရတာပဲ၊ ဥပမာ အဘရယ်...၊ အဘက သိပ်မသွားနိုင်ဘူး၊ မသွားနဲ့ပေါ့ ...၊ ဒါပေမဲ့ နှစ်ပေါင်းသုံးဆယ်လုံးလုံး သုတေသနအလုပ်တွေ လုပ်လာတယ်၊ အဘ ကိုယ်တိုင်လည်း ပညာရှင် တစ်ယောက်ဖြစ်တယ်၊ ဒါတွေကို အများဖတ်နိုင်အောင် စာရေးပေါ့ အဘရယ်...၊ ဥပမာ အဘရယ် ...၊ အဘက ရာဇဝင်တွေ၊ သမိုင်းတွေ

www.burmeseclassic.com



သိတယ်၊ အဘ သိတာတွေကို ရေးပြရင် မသိသေးတဲ့လူတွေ ဖတ်ရတာပေါ့၊ အဲဒါ အများအကျိုးရှိအောင် လုပ်တာပဲ မဟုတ်လား၊ အခုတော့ အဘက အပျင်းကြီးနေတယ်၊ စားမယ်၊ အိပ်မယ်၊ တွန်းလှည်းစီးမယ်၊ အဘရဲ့ဘဝဟာ ပိုးတုံးလုံးတစ်ကောင်နဲ့ ဘာမှမခြားဘူး၊ အဲဒီတော့ အဘ… ကျွန်တော် ပြောတာလက်ခံရင် စာရေးပါ၊ စာအုပ်တွေဖြစ်လာရင်း ထုတ်ဝေမယ့်တိုက်တွေနဲ့ဆက်သွယ်ပါ …”ဟု ပေတလူက ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးက -

“ငါ့မှာလည်း အဲဒီစိတ်ကူးတော့ ရှိပါတယ်ကွာ၊ ဒါပေမဲ့ ရေးလေ့ရေးထမရှိတော့ နည်းနည်းလက်တွန့်နေတယ်ကွ …” ဟု ပြောလိုက်လေ၏။

“လက်တွန့်တာ ဟုတ်မယ်မထင်ပါဘူး အဘရယ်၊ အဘကြောက်နေတာဖြစ်ပါလိမ့်မယ်၊ ငါ ရေးတာတွေများ မှားသွားရင် ဘယ့်နှယ့် လုပ်မလဲလို့ စဉ်းစားမိတိုင်း မရေးဖြစ်တာပဲရှိမယ်၊ မှားသွားရင် တခြားဖြစ်စရာမရှိပါဘူး၊ မမှန်တာပဲ ဖြစ်မှာပေါ့၊ မှန်တာပဲဖြစ်ဖြစ် မမှန်တာပဲဖြစ်ဖြစ် ဖြစ်သွားတယ်ဆိုရင် အဖြစ်ရှိသေးတာပဲ အဘရေ …၊ ဘာမှ မရေးရင်တော့ အဖြစ်မရှိနိုင်ဘူး၊ အဲဒီတော့ အဘဟာ မရေးဘဲနေမယ်ဆိုရင်တော့ အဖြစ်မရှိတဲ့ အဘိုးကြီးဘဝနဲ့ နိဂုံးချုပ်သွားလိမ့်မယ် အဘရေ …”ဟု ပြောလိုက်လျှင် အဘိုးကြီးသည် သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက်

“အမျိုးယုတ်ကလေး …” ဟု ရေရွတ်လိုက်လေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com




အခန်း ၊ ၁၈ ၊

# ဦးတင်ဘက်တူကြီးအား စာရေးရန် ပေတလုူက တိုက်တွန်းခြင်း

တစ်နေ့သ၌ အဘိုးကြီးသည် ရေတံခွန်ဘက်သို့ သွားလိုသည်ဖြစ်ရာ သူ၏ဒရိုင်ဘာကို အော်၍ခေါ်လေ၏။ သူ၏ဒရိုင်ဘာလည်း ခြံဝင်း၏ မြင့်သော နေရာမှ စမ်းချောင်းစပ်ဆီသို့ မျှော်၍ကြည့်နေလေ၏။

ထိုစမ်းချောင်း၏ ဟိုဘက်တွင်ရှိသော မိန်းမတစ်ယောက်ကလည်း ပြတင်းပေါက်ကိုဖွင့်၍ ထိုဒရိုင်ဘာအား ပြန်၍ကြည့်နေလေ၏။ အဘိုးကြီးသည် စိတ်မရှည်နိုင်ဘဲ ပေတလုူအားခေါ်၍ –

"ပေတလုူရေ …ကိုရွှေဒရိုင်ဘာကတော့ ဟောဟိုတောင်ကုန်း

www.burmeseclassic.com



ပေါ်ကနေ စမ်းချောင်းဘက်ကို ငေးနေတာ ခေါ်လို့တောင် မကြားဘူးကွာ…၊ ဘာဖြစ်နေသလဲမဆိုနိုင်ဘူး …” ဟု ပြောလျှင် ပေတလူက –

“အဘရယ် ….သံချောင်းကလေးဟာ သံလိုက်နဲ့တွေ့ရင် တခြားဘယ်ကိုမှမရွေ့ဘူး၊ သံလိုက်ဘက်ကိုပဲ ဦးတည်နေတာပေါ့ …၊ အဲဒီတည့်တည့်မှာ အိမ်တစ်လုံးရှိတယ်၊ အဲဒီမှာ တစ်ခုလပ် ကျောင်းဆရာမတစ်ယောက်ရှိတယ်၊ သူက အသားညိုတယ်၊ ကိုယ်လုံးကိုယ်ပေါက် လှတယ်၊ စကားပြောရင် နှာခေါင်းသံပါတယ်၊ အလွန်အားကောင်းတဲ့သံလိုက် အဘရဲ့ …၊ ဒီနေ့က ကျောင်းပိတ်ရက်ဆိုတော့ ဆရာမကျောင်းမသွားရဘူး၊ သူ့အခန်းကပြတင်း ပေါက်ကိုဖွင့်ပြီး လိုက်ကာအဖြူကလေးကို အပေါ်တင်လိုက်တာနဲ့ကျွန်တော်တို့ ဒရိုင်ဘာကြီး ဘယ်မှမသွားနိုင်တော့ဘူး၊ မိသွားပြီ …၊ ထားလိုက်ပါဦး အဘရယ်၊ ကြည့်ပါစေဦး …၊ နည်းနည်းလေးကြာမှ ကျွန်တော်သွားပြီးခေါ် ပေးပါ့မယ်၊ တစ်ခုတော့ရှိတယ် အဘ …၊ သူတို့ နှစ်ယောက်ရသွားရင်လည်း ဘာမှပူစရာမရှိဘူး၊ ဒီဒရိုင်ဘာကြီး အလုပ်ထွက်သွားစရာအကြောင်းမရှိပါဘူး၊ ချောင်းကလေးကို ကူးပြီး အဲဒီအိမ်ကို သွားနေလိုက်ရုံပဲ …” ဟု ပေတလူက ပြောလိုက်လေ၏။

အဘိုးကြီးလည်း နေ့လယ်ပိုင်းသို့ ရောက်သောအခါ၌ ရေတံခွန်ဘက်သို့ သွားခဲ့လေ၏။ ထို့နောက် လေညှင်းခံပြီးနောက် အိမ်သို့ပြန်ခဲ့လေ၏။

တစ္ဆေဖြူမှာမူ စိုက်ပျိုးရန်အတွက် ထွန်ခြစ်များ၊ ပေါက်တူးများ၊ ဂေါ်ပြားများ မျိုးစေ့များဝယ်ယူကာ အိမ်ကြီး၏ အနောက်ဘက်တွင် မြေပေါင်များပြုလုပ်နေလေ၏။ ထို့နောက်တွင်ကား မျိုးစေ့များကို ပျိုးပြီးလျှင် မြေပေါင်များပေါ်သို့ ရွှေ့၍ စိုက်သင့်သည်များကို စိုက်လေ၏။

ထို့ကြောင့် စတိုးဆိုင်ကို ပေတလူက ခေတ္တကြည့်ရှုပေးရလေ၏။ ညနေပိုင်းကျမှသာလျှင် တစ္ဆေဖြူက စတိုးဆိုင်တွင် ပြန်၍ထိုင်၏။

ညပိုင်းသို့ရောက်လျှင် ပေတလူသည် အဘိုးကြီး၏ ခြေထောက်ကို ပရုပ်ဆီများ လိမ်းပေးရင်း –

www.burmeseclassic.com



"အဘ ...စာရေးရမယ်နော်၊ အဘက သမိုင်းကို အတော်လေး ကျေတယ်မဟုတ်လား၊ အဲဒီအကြောင်းကို စာရေးရမှာပေါ့ ..." ဟု ဆိုကာ ပေတလူသည် ရေနွေးကြမ်းပန်းကန်အတွင်းသို့ ရေနွေးများ ငှဲ့ပေး လေ၏။

အဘိုးကြီးသည် ပေတလူငှဲ့ပေးသော ရေနွေးကြမ်းတစ်ခွက်ကို ယူ၍သောက်ပြီးနောက် -

"ဒီလို ပေတလူရဲ့ ...၊ ငါက တိတိကျကျရေးရတဲ့ စာမျိုးတွေ မရေးချင်ဘူးကွ၊ တစ်သက်လုံး အဲဒါမျိုးတွေချည်း ရေးလာရတာ ...၊တကယ် ငါရေးချင်တာက စိတ်ကူးစိတ်သန်းကောင်းကောင်းနဲ့ ဇာတ်ကွက် ဇာတ်လမ်း ဖော်ပြီး ရေးရတဲ့ ဝတ္ထုမျိုးရေးချင်တာကွ၊ ဒါပေမဲ့ ကိုယ်က တစ်သက်လုံး ရာဇဝင်အကြောင်းတွေ ဖတ်လာတာဆိုတော့ ကိုယ်ရေးမယ့်ဝတ္ထုဟာ ရာဇဝင်နောက်ခံဝတ္ထုဖြစ်ချင်ဖြစ်နေမှာပေါ့ကွာ ..." ဟု ပြောလိုက်လျှင် ပေတလူက -

"ဝတ္ထုပဲ ရေးရေး၊ ဆောင်းပါးပဲ ရေးရေး ... ရေးစမ်းပါ အဘရယ်...၊ ရေးဖြစ်ဖို့ပဲ အရေးကြီးပါတယ်" ဟု ပြောလေ၏။

"မင်းဆိုတဲ့ကောင်ကလည်းကွာ ...၊အတင်းစွတ်ပြောနေတော့တာပဲ၊ မလွယ်ဘူးကွ ...၊ အခု ငါရေးမှာက သုတစာပေအမျိုးအစား မဟုတ်ဘူးကွ၊ ရသစာပေရေးရမှာ ...ဝတ္ထု ...ဝတ္ထု၊ မင်းက လွယ်လွယ်လေး အောက်မေ့ လို့လား၊ ရသကိုနိုင်မှ ဝတ္ထုရေးလို့ရတာ ငါ့လူရ ...၊ ရသကလည်း ဇုပါးတောင် ရှိတာ ...၊ မြဲမြဲမှတ်ထား ပေတလူရေ့ ..." ဟု အဘိုးကြီးက ဒေါနှင့်မောနှင့် ပြောလေ၏။ ထိုအခါ ပေတလူက -

"အဘပြောတာ ကျွန်တော် နားမလည်ဘူး၊ အဘပြောတဲ့ ရသဆို တာလည်း ကျွန်တော် မသိဘူး ..."ဟု ပြောလိုက်လျှင် အဘိုးကြီးက -

"မင်းလို ကလေးတစ်ယောက် ဘယ်သိမလဲကွာ၊ ဒါက အတော့်ကို နက်ရှိုင်းတဲ့ကိစ္စကွ"ဟု ပြောလေ၏။

"အဘပြောတဲ့ အဲဒီ ရသဆိုတာကြီးက ဘယ်နှခုတောင်ရှိတယ်၊

www.burmeseclassic.com



၉ ခုတောင်ရှိတယ် …ဟုတ်လား၊ ဘာတွေလဲ အဘရယ် …၊ များလှချေလား" ဟု ပေတလူက တအံ့တသြ မေးမြန်းရှာလေ၏။ ထိုအခါ အဘိုးကြီးက–

"သေသေချာချာမှတ်ထား ပေတလူရေ့ …၊ (၁) ချစ်ခင်ခြင်း၊ (၂) ရယ်ရွှင်ခြင်း၊ (၃) သနားကြင်နာခြင်း၊ (၄) ကြမ်းကြုတ်ခက်ထန်ခြင်း၊ (၅) ရဲရင့်ခြင်း၊ (၆) ကြောက်ရွံ့ခြင်း၊ (၇) စက်ဆုပ်ခြင်း၊ (၈) အံ့သြခြင်း၊ (၉) ငြိမ်းအေးခြင်း … ရယ်လို့ ၉ မျိုး ရှိတယ် ပေတလူရေ့ …"ဟု ဆိုလိုက်လျှင် ပေတလူသည် တစ်မျိုးချင်း လိုက်၍ဆိုကာ ကျက်၍နေလေ၏။ မေ့သွားသောနေရာများတွင် ပြန်၍မေး၏။ အဘိုးကြီးက ပြန်၍ဖြေလျှင် ထိုနေရာကို ထပ်၍ကျက်၏။ အလုံးစုံကျက်၍ အလွတ်ရလျှင် ပေတလူက အဘိုးကြီးအား တစ်ခေါက်ပြန်၍ အလွတ်ဆိုပြလေ၏။ အဘိုးကြီးလည်း လွန်စွာသဘောကျသွားလေ၏။

"မင်းကတော့ အတော်မှတ်ဉာဏ်ကောင်းတဲ့ ကလေးပဲကွာ …"ဟု လည်း ချီးမွမ်းလေ၏။ ထိုအခါ၌ ပေတလူက –

"အဘ စိတ်မဆိုးပါနဲ့ အဘရယ် …၊ သိချင်လို့မေးတာပါ၊ ဒီကို ဆွမ်းခံကြွနေတဲ့ ဦးဇင်းလေးကို ကျွန်တော်က အရမ်းကြည်ညိုတာ …၊ ကြည်ညိုတဲ့စိတ်ကတစ်မျိုးပဲနော် အဘ …၊ ဘယ်လို ပြောရမှန်းတောင် မသိဘူး၊ ချစ်တာလည်းမဟုတ်ဘူး၊ အခု အဘပြောပြတဲ့ ၉ မျိုးထဲမှာ ဘယ်အမျိုးအစားထဲမှာပါလဲ အဘ …" ဟု မေးလိုက်လျှင် ဦးတင်ဘက်တူသည် ပေတလူ့အား စိတ်ဆိုးသော မျက်နှာဖြင့်ကြည့်ကာ –

"ငါလည်း မသိဘူး …" ဟု အော်ဟစ်လိုက်လေတော့၏။

"အဘ မသိလည်း ကိစ္စမရှိပါဘူး အဘရယ်"ဟု ပေတလူက ပြောကာ အဘိုးကြီးအား ရေနွေးကြမ်းတစ်ခွက် ငှဲ့၍ပေးလိုက်လေ၏။

"ဒီမှာ ပေတလူ …၊ မင်း ငါနဲ့ကြာကြာနေချင်ရင် ကတ်သီးကတ်သတ်တွေ မမေးပါနဲ့ကွာ …၊ အဲဒီလို မေးတာကို ငါ အလွန်မုန်းတယ်ကွ …" ဟု အဘိုးကြီးက ပြောလိုက်လေ၏။ ထိုအခါ ပေတလူက –

www.burmeseclassic.com



“မမေးတော့ပါဘူး အဘရယ် …၊ တစ်ခုပဲ ပြောချင်တယ် …၊ ကျွန်တော်တို့အမေဟာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ချစ်ပါတယ်…၊ အဲဒါတော့ ကျွန်တော် ကောင်းကောင်းသိတယ်၊ ဒါပေမဲ့ အခုအခါမှာ သူဟာ စာရေးကြီးကိုချိတ်ပန်းကို ယူလိုက်ပြီဆိုတာ ကျွန်တော် အတတ်သိပါတယ် …၊ ယူလိုက်ပြီဆိုကတည်းက ကျွန်တော် တို့အမေဟာ အဲဒီ ကိုချိတ်ပန်းကို ချစ်တယ်လို့ ပြောရမှာပဲ …၊

အဲဒီအချစ်ကတော့ အဘ စောစောကသင်ပေးတဲ့ အချစ်ဆိုတဲ့ ရသထဲမှာ ပါလိမ့်မယ်ထင်တယ် …၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကိုချစ်တဲ့ အချစ်နဲ့တော့ တူမှာမဟုတ်ပါဘူး အဘရယ် …၊ ကျွန်တော်တို့နှစ်ယောက်ကို အမေချစ်တဲ့အချစ်ကို အဘရဲ့ ၉ မျိုးရှိတဲ့အထဲက ဘယ်အမျိုးအစားထဲမှာ ထည့်မှာလဲ အဘ …” ဟု မေးလိုက်ရာ -

“ဟော့ကောင် ပေတလူ …၊ မင်းကို ငါပြောတာက ကတ်သီးကတ်သတ်တွေ မမေးနဲ့လို့ ပြောနေတာ၊ အခုပြောနေတဲ့ အထဲကကို ထပ်ပြီးတော့ မေးနေတယ်”ဟု အဘိုးကြီးက ဆူလေတော့၏။ ထိုအခါ ပေတလူက -

“အဘရယ် …စိတ်မဆိုးပါနဲ့၊ အဘပြောတဲ့ ၉ မျိုးကြီးကို ကျွန်တော်မှ နားမလည်ဘဲ၊ အဲဒါက ဘာကြီးလဲ၊ ကျွန်တော်လို ကလေးတစ်ယောက် နားလည်အောင် ရှင်းပြပါ အဘ …” ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူကြီးက

“ဟော့ကောင် …ဟော့ကောင် …၊ မင်းစကား မင်း ရုတ်သိမ်းတော့…၊ မင်းဟာ လူကြီးလို လုပ်ချင်လုပ်လိုက် …၊ မသိဘူးဆိုပြီး ကလေးလုပ်ချင် လုပ်လိုက်နဲ့၊ မင်းနဲ့ စကားပြောလို့ မဖြစ်ဘူးကွ၊ စောစောက ငါ ပြောတာက ငါ လုပ်ထားတာမဟုတ်ဘူး၊ ရှေးအခါကတည်းက ရှိပြီးသားကွ၊ လူတွေရဲ့ ခံစားမှုတွေကို အမျိုးအစား ခွဲထားတာကွ …” ဟု ဒေါနှင့်မောနှင့် ပြောလိုက်လေ၏။ ထိုအခါ ပေတလူက ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်း-

www.burmeseclassic.com



"အဘရယ် ...စောစောက အဲဒီလိုပြောလိုက်ရင် ရှင်းနေတာပဲ၊ အဘက စာသံပေသံနဲ့ပြောတော့ ကျွန်တော့်အနေနဲ့ ဘယ်နားလည်မလဲ၊ အဲဒီလိုဆို အဘကို ကျွန်တော် တစ်ခုပဲမေးတော့မယ်၊ မကျေနပ်တဲ့ ခံစားမှု ဆိုတာရှိတယ် အဘရဲ့ ...၊ အဲဒီခံစားမှုဟာ အဘရဲ့ ၉ မျိုးထဲမှာ ဘယ်နားမှာ ပါသလဲ အဘ ..."ဟု မေးလိုက်ရာ ဦးတင်ဘက်တူ၏ မျက်နှာကြီးသည် နီမြန်း၍ သွားလေတော့၏။ ထို့နောက် -

"စက်ဆုပ်ခြင်းရသထဲမှာ ပါမှာပေါ့ကွာ ..."ဟု အဘိုးကြီးက ပြောလိုက်လျှင် ပေတလူက -

"အဘရယ် ...စက်ဆုပ်တဲ့ခံစားမှုနဲ့ မကျေနပ်တဲ့ ခံစားမှုက အပုံကြီးကွာပါတယ် ..." ဟု ပြောလိုက်ရာ ဦးတင်ဘက်တူသည် စိတ်ဆိုးမာန်ဆိုးဖြင့် -

"တော်ကွာ ..." ဟု ငေါက်လိုက်လေတော့သတည်း ...။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၁၉ ။

# ဦးတင်ဘက်တူအား ပေတလူက အထိုင်လေ့ကျင့်ပေးခြင်း

တစ်နေ့သ၌ ဦးတင်ဘက်တူကြီးက ပေတလူအား-

"ဟေ့ ပေတလူ …တို့အိမ်တန်းကလေးကလူတွေက မင်းကို အတော်ချစ်ကြတယ်ကွ၊ မင်းက ဒီလူတွေကို ဘယ်လိုများ ပေါင်းသင်းထားသလဲကွာ …" ဟု မေးလိုက်လေ၏။

"ဒီလိုပါ အဘရယ် …၊ သူတို့ရဲ့ကလေးတွေကိုလည်း ကျွန်တော်က ချစ်တာကိုး …၊ အဲဒီကလေးတွေတွေ့ရင် ကျွန်တော်က ချီတယ်၊ တစ်ခါတလေ မုန့်ဝယ်ကျွေးတယ်၊ ပေကျံနေတဲ့ကလေးတွေ တွေ့ရင်လည်း

ကျွန်တော်က အိမ်ကိုချီယူလာပြီး ရေချိုးပေးတယ်၊ လူကြီးတွေနဲ့ တွေ့တော့လည်း ကျွန်တော်က ကူညီတယ်လေ ...၊ သူတို့ ဘာပဲခိုင်းခိုင်း ကျွန်တော်က လုပ်ပေးတယ်၊ အဲဒါတစ်ခုတည်းနဲ့ သူတို့က ကျွန်တော့်ကို ချစ်နေကြတာပါ...၊ ပြီးတော့ အဲဒီလူတွေတင်မဟုတ်ဘူး၊ သူတို့အိမ်က ခွေးတွေကပါ ကျွန်တော့်ကို ခင်တယ်နော ...၊ ကျွန်တော်က အဲဒီအိမ်တန်းတွေကိုသွားရင် ထန်းလျက်ခဲ နည်းနည်းယူသွားပြီး ပါးစပ် နဲ့စုပ်ပြီး ခွေးတွေကို ကျွေးတယ် ...၊ ခွေးတွေက ကျွန်တော့်အနံ့ရတာနဲ့ အမြီးကို နန့်နေကြပြီ ...'' ဟု ပေတလူက ပြောလေ၏။ ထိုအချိန်၌ အဘိုးကြီးသည် ရေနွေးပန်းကန်ကလေးအတွင်းသို့ ရေနွေးခရားမှ ရေနွေးများကို သူ့ဘာသာ ငှဲ့နေလေ၏။ ထိုသို့ငှဲ့ရာတွင် အရှိန်လွန်၍ ပန်းကန်လုံးမှ ရေနွေးများ လျှံကျသွားလေ၏။ ထိုအခါ ပေတလူက –

''အဘက လောဘကြီးတာကိုး ...'' ဟု ပြောလိုက်ရာ အဘိုးကြီးသည် မျက်နှာပျက်၍သွားလေ၏။ ထို့နောက် ဦးတင်ဘက်တူသည် ထိုစွက်ကို မော့၍သောက်လိုက်၏။ ကုန်သွားသောအခါ၌ နောက်ထပ် ငှဲ့ပြန်၏။ ထိုအခါ၌မူ လျှံကျသွားမည်စိုးသောကြောင့် တစ်ဝက်သာငှဲ့၍ ခရားကို ပြန်၍ချထားလေ၏။ ထိုအခါ ပေတလူက –

''အဘက လျှံကျမှာကိုကြောက်ပြီး တစ်ဝက်တည်း ငှဲ့ထားတာကိုး ...၊ ကြောက်တာတို့၊ မကြောက်တာတို့ဟာ 'ဒေါသ' ကို ဖော်ပြနေတယ်၊ အဘက ကျွန်တော်ပြောတဲ့ စကားအပေါ်မှာ ဒေါသကြီးနေတာကိုး...'' ဟု ပြောလိုက်လေ၏။

ထိုစွက်ကိုလည်း အဘိုးကြီးသည် မော့၍ချလိုက်ပြန်၏။ ထို့နောက် နောက်ထပ်တစ်ခွက်ငှဲ့၍ ချိန်ဆနေ၏။ တော်တော်နှင့် မငှဲ့ဖြစ်တော့ပေ။ ထိုအခါ ပေတလူက –

''အဘ ဘယ်လိုလုပ်ရမှန်းမသိဖြစ်နေပြီ၊ အဲဒါ 'မောဟ' ကို ဖော်ပြနေတာ ...'' ဟု ပြောလိုက်လျှင် အဘိုးကြီးက –

''အောင်မယ်လေး ...ပေတလူရယ် ...၊ ရေနွေးကြမ်းလေး

www.burmeseclassic.com


ငှဲ့တဲ့အပေါ်မှာ လောဘ၊ ဒေါသ၊ မောဟတွေကို မင်းက လိုက်ပြီးဖတ်နေပါလား၊ ကြောက်စရာတယ် လည်းကောင်းပါလားကွာ ...''ဟု ပြောကာ တဟားဟား ရယ်နေလေ၏။

''အဘအနေနဲ့ စိတ်ငြိမ်အောင် အလေ့အကျင့်လေး လုပ်ဖို့လို ပြီထင်တယ် အဘ ...၊ ဘယ်လိုလုပ်ရမယ် ဆိုတာတော့ ကျွန်တော်လည်း မပြောတတ်ဘူးနော်၊ ကျွန်တော့်ကို မမေးပါနဲ့ ...'' ဟု ပေတလူက ပြောလိုက် လျှင် အဘိုးကြီးက -

''ကောင်းပါပြီကွာ ...၊ တစ်နေ့ကို တစ်နာရီလောက်တော့ ကမ္မဋ္ဌာန်း ထိုင်မယ်လို့ ဆုံးဖြတ်ထားတယ်ကွ''ဟု ပြောလိုက်ရာ ပေတလူက -

''အဘအနေနဲ့ တစ်နာရီဆိုတာများမယ်နော်၊ အဘ ထိုင်နိုင်မှာ မဟုတ်ဘူး၊ အချိန်တိုတိုကလေးလုပ်တာကနေစရင် ကောင်းမယ်ထင်တယ်၊ ကျွန်တော်က နားလည်လို့ပြောတာမဟုတ်ဘူးနော်၊ အကြံပေးတာ ...၊ လုပ်လို့ ရမရတော့ နားလည်တဲ့လူတွေနဲ့ မေးစမ်းကြည့်ပါ ...၊ တစ်နာရီကို ဆက်တိုက်မလုပ်ဘဲနဲ့ သုံးမိနစ်စီ သုံးမိနစ်စီ ဖြတ်ဖြတ်ပြီး ထိုင်နိုင်အောင် ကြိုးစားကြည့်ပါလား အဘရယ် ...၊ အဘခန္ဓာကိုယ်က အပေါ်ပိုင်းက လေးတယ်၊ အောက်ပိုင်းက အားနည်းတယ် ...၊ အဲဒီတော့ တစ်နာရီလောက် ထိုင်လိုက်ရင် အဘရဲ့ ခါးဆစ်တွေ နာလာမှာ...၊ အဲဒီတော့ သုံးမိနစ်လောက်၊ သုံးမိနစ်လောက် စမ်းပြီးထိုင်ကြည့်ပါဦး ...၊ သုံးမိနစ် ဆယ်ခါထိုင်ရင် မိနစ်သုံးဆယ်ပေါ့ အဘရယ် ...၊ အခါ နှစ်ဆယ်ထိုင်နိုင်ရင် တစ်နာရီပေါ့ အဘရယ် ...၊ အဘ ထိုင်ပြီးတာနဲ့ ကျွန်တော်က ခါးကို ပရုပ်ဆီနဲ့ နှိပ်ပေးမယ် မကောင်းဘူးလား အဘ ...''ဟု ပေတလူက ပြောလေ၏။

''သုံးမိနစ်လောက်ထိုင်ရုံနဲ့တော့ ဘာမှအကျိုး မထူးဘူးကွ ...၊ ကြားလည်း မကြားဖူးပါဘူးကွာ ...''ဟု အဘိုးကြီးက ပြောလျှင် ပေတလူက-

''အဘကို သုံးမိနစ်ထိုင်ရမယ်လို့ ပြောတာမဟုတ်ဘူး၊ သုံးမိနစ် လောက်ကနေ စပြီးလေ့ကျင့်ဖို့ပြောတာ ...၊ ထိုင်နိုင်ပြီဆိုတော့ အဘအနေနဲ့

www.burmeseclassic.com



သုံးနာရီပဲ ထိုင်ထိုင်ပေါ့'' ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက သဘောတူလိုက်လေ၏။

ထို့နောက်တွင်ကား အဘိုးကြီးသည် သုံးမိနစ် ထိုင်ကြည့်၏။ ပေတလူက နာရီမှတ်၍ပေး၏။ သုံးမိနစ်ပြည့်လျှင် အချက်ပေး၏။

ဤသို့လျှင် အဘိုးကြီးသည် သုံးမိနစ် သုံးမိနစ်ပိုင်း၍ထိုင်ကြည့်ရာ တစ်နာရီဆိုသောအချိန်ကို ကောင်းစွာထိုင်နိုင်သွားလေ၏။ တစ်နာရီပြည့်၍ ဖြုတ်သောအခါ၌ ပေတလူက ခါးဆစ်များကို ပရုပ်ဆီများလူး၍ နှိပ်ပေးလေတော့၏။ ထို့နောက် ပေတလူက -

''အဘကို ကျွန်တော်က အခုအချိန်မှာ နာရီမှတ်ပေးတာနော် ...၊ ကျွန်တော်မရှိတဲ့အခါ အဘဟာအဘ လုပ်လို့ရအောင် ဒီလို လုပ်ပါလား...၊ တစ်နှစ်သုံးလေးနဲ့ မှတ်လေ ...၊ ခြောက်ဆယ်ပြည့်ရင် တစ်မိနစ်ဆိုတော့ တစ်ရာ့ရှစ်ဆယ်ပြည့်ရင် သုံးမိနစ်ပေါ့ အဘရယ် ...''ဟု ပြောသောကြောင့် အဘိုးကြီးသည် ပေတလူကို နာရီ မှတ်မခိုင်းတော့ဘဲ ၄င်းဘာသာ စိတ်အတွင်းမှ တစ်၊ နှစ်၊ သုံး၊ လေးရေတွက်လေ၏။ တစ်ရာ့ရှစ်ဆယ်ပြည့်သောအခါတိုင်း၌ ရပ်လိုက်၏။ အတော်အတန် ထိုင်နိုင်သောအခါ၌ ပေတလူအား -

''ပေတလူရေ ...မင်း ငါ့ကို ထိုင်နိုင်အောင် လေ့ကျင့်ပေးတာ အတော်ကောင်းတယ်ကွ ...၊ အဲဒီလို ထိုင်နိုင်မှလည်း ငါက ထိုင်ဖြစ်မှာ ပေါ့ကွာ ...'' ဟု ဝန်ခံလိုက်လေတော့သတည်း။

* * * * *

အခန်း ။ ၂၀ ။

## ဦးတင်ဘကိုတူတို့ ရေကူးခိုင်းခြင်း

တစ်နေ့တွင် တစ်ခြံကျော်မှ ကလေးတစ်ဦးသည် ပေတလူနှင့် စကားလက်ဆုံကျနေလေ၏။ ထိုကလေးမှာ ပေတလူထက် အတော်

www.burmeseclassic.com



အတန်ကြီး၏။ ပေတလူတို့ဆိုင်သို့ ဈေးဝယ်လာရင်းနှင့် စကားလက်ဆုံကျနေခြင်းဖြစ်၏။ ထိုကလေးအမည်မှာ မောင်စိန်ဝင်း ဟူ၍ဖြစ်၏။

"ဒီလို ပေတလူရဲ့ …၊ ငါက ဒီကမဟုတ်ဘူးကွ …၊ ဟိုး … ကျွဲနဖားတောင်ကြီးဘေးက ဒုဋ္ဌဝတီချောင်းကလေးဘေးမှာ ရွာကလေးတစ်ရွာရှိတယ် …၊ အဲဒီရွာကကွ …၊ ဒီအိမ်က ဦးဘသိန်းဆိုတာက ငါ့အဖေရဲ့ ဆရာကွ …၊ ငါ့ကို ဆယ်တန်းဖြေဖို့ ဒီမှာခေါ်ထားတာ၊ တစ်နှစ်ထဲနဲ့ အောင်ချင်တယ်ကွာ …၊ ဒါပေမဲ့ ငါ့မှာက အောင်နိုင်တဲ့ အရည်အချင်း မရှိဘူးကွ …" ဟု ပြောရာ ပေတလူက-

"အခုမှ နှစ်စရှိပါသေးတယ် ကိုစိန်ဝင်းရယ်၊ ဖြည်းဖြည်းချင်း လုပ်သွားရင် စာမေးပွဲအချိန်ရောက်တော့ ဖြေနိုင်မှာပါ၊ တစ်ခုတော့ရှိတယ် ကိုစိန်ဝင်းရေ …၊ အစ်ကိုတို့ စာမေးပွဲဖြေရတဲ့အချိန်က စာမေးပွဲအခန်း ထဲမှာ သုံးနာရီတောင်ထိုင်ရမှာ …၊ စာရတာမရတာ အသာထားဦး …၊ စာမေးပွဲအခန်းထဲမှာ သုံးနာရီထိုင်ဖို့ဆိုတာ အလေ့အကျင့်တော့ လိုလိမ့်မယ် ထင်တယ် ကိုစိန်ဝင်းရေ၊ အဲဒီတော့ သုံးနာရီထိုင်နိုင်အောင် နေ့စဉ်နည်းနည်း နည်းနည်း လေ့ကျင့်သွားရမယ် …၊ ကိုယ်အထိုင်နိုင်ဆုံး အချိန်ကနေ တစ်ပတ်ကို ဆယ်မိနစ်စီတိုးပြီး ကျင့်သွားရမယ်" ဟု ပြောလေ၏။ ထိုအခါ မောင်စိန်ဝင်းက -

"အေးကွ …၊ ကျင့်တော့ ကျင့်ချင်ပါရဲ့ကွာ၊ ငါ ဘယ်လိုစကျင့် ရမယ်ဆိုတာမသိဘူးကွ …" ဟု ပြောလေ၏။ ထိုအခါ ပေတလူက-

"ဒီလိုလုပ်ပါ ကိုစိန်ဝင်းရယ် နေ့တိုင်းကျွန်တော်ကျင့်ပေးပါ့မယ်၊ ဆယ်မိနစ်စီ၊ ဆယ်မိနစ်စီပိုင်းပြီး ထိုင်မယ်ဗျာ …၊ ဆယ်မိနစ်ကို တစ်ခါနားမယ်၊ ဆယ်မိနစ် ဆယ့်ရှစ်ကြိမ် ထိုင်နိုင်ရင် သုံးနာရီပြည့်ပြီပေါ့…၊ ဆယ်မိနစ် နှစ်ဆယ့်လေးကြိမ် ထိုင်နိုင်အောင် ကျင့်မယ်ဗျာ …၊ အဲဒါဆို လေးနာရီတောင် ထိုင်နိုင်သွားမှာ …၊ ဒါပေမဲ့ လေးနာရီ ထိုင်ရမှာမဟုတ် ဘူးလေဗျာ…၊ တကယ်တော့ သုံးနာရီပဲထိုင်ရမှာ ဆိုတော့ အပျော့ပေါ့

www.burmeseclassic.com



ဗျာ...'' ဟု ပြောလေ၏။

ထိုနေ့မှစ၍ ပေတလူသည် ဆယ်တန်းကျောင်းသား မောင်စိန်ဝင်းအား ထိုင်နိုင်အောင် အထိုင်လေ့ကျင့်ပေးလေ၏။ စားမေးပွဲနား နီးသောအခါ၌ မောင်စိန်ဝင်းသည် စာများကို အပိုင်ရနေပြီဖြစ်၏။ မညောင်းမညာ ထိုင်နိုင်နေပြီဖြစ်၏။ ထို့ကြောင့် ဆယ်တန်းကို နှစ်ချင်းပေါက် အောင်မြင်သွားလေတော့၏။ အောင်စာရင်းထွက်သောအခါ၌ မောင်စိန်ဝင်းသည် ပေတလူအား ကျေးဇူးတင်သည်ဟုဆိုကာ ဆွယ်တာအင်္ကျီလေးတစ်ထည် လက်ဆောင်ပေးလေတော့၏။ တစ်နေ့တွင် ပေတလူသည် အဘိုးကြီးအား-

''အဘကို ကျွန်တော် တစ်ခုအကြံပေးချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ အဘအနေနဲ့ အောက်ပိုင်းသေနေတာကို ပြန်ပြီးကောင်းဖို့ လေ့ကျင့်ခန်းဟာ ရေကူးတာဟာ အကောင်းဆုံးပဲ ...၊ အဲဒီတော့ အဘရယ် ... နောက်ဖေးက စမ်းချောင်းထဲမှာ ရေကူးကျင့်ပါလား ...'' ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

''အောက်ပိုင်းသေနေလို့ ခြေထောက်မခတ်နိုင်ရင် မြုပ်သွားမှာ ပေါ့ကွ ...'' ဟု ပြောလေ၏။

''မမြုပ်ပါဘူး အဘရယ် ...၊ အဘတစ်ယောက်တည်း ကူးရမှာ မှမဟုတ်တာ ...၊ ကျွန်တော်လည်း အနားမှာရှိနေမှာပါ ...၊ ကျွန်တော်က ရေကူးကျွမ်းပါတယ် ...''ဟု ပေတလူက ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးက -

''ကလေးမြှောက်ပေးလို့ လူကြီးသေရတယ်ဆိုတာ မကောင်းပါဘူး'' ဟု ပြောလေ၏။ ထိုအခါ ပေတလူက -

''မဟုတ်ပါဘူး အဘရယ် ...၊ သေလည်း မသေနိုင်ပါဘူး၊ ကူးကြည့်စမ်းပါ ...၊ အလွတ်ကူးမှာ မဟုတ်ဘူးလေ ...၊ ဗောတွေဘာတွေနဲ့ကူးမှာ ...''ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

''စိန်လိုက် ...'' ဟု ပြောလိုက်လေတော့၏။ ထို့နောက်တွင်ကား

www.burmeseclassic.com



ပေတလူသည် အဘိုးကြီးအား အိမ်နောက်ဘက်တွင်ရှိသော စမ်းချောင်းထဲတွင် ရေကူးလေ့ကျင့်ပေးလေ၏။ အစပထမတွင် ရေမြုပ်မည်ကဲ့သို့ဖြစ်သော်လည်း တစ်ပတ်ခန့်ကြာသောအခါ၌ စမ်းချောင်းထဲတွင် ကောင်းစွာကူးနိုင်သွားနေပြီဖြစ်၏။

ရေထဲမှ အပေါ်သို့တက်လာသောအခါ၌ ပေတလူသည် အဘိုးကြီး၏ ကိုယ်ကို ခြောက်သွေ့အောင် မျက်နှာသုတ်ပုဝါအကြမ်းဖြင့် သုတ်ပေးလေ၏။ ထို့နောက် နွေးနွေးထွေးထွေး ဝတ်ပေးလေ၏။ ပြီးလျှင် ရေနွေးကြမ်းတိုက်လေ၏။

ရေနွေးကြမ်းတိုက်ပြီးသောအခါ၌ အဘိုးကြီးအား ခြံဝန်းထဲတွင် တွဲ၍ ခြံနှစ်ပတ်လမ်းလျှောက်ခိုင်းလေ၏။ အဘိုးကြီးသည် အစပထမပိုင်းတွင် စမ်းတမ်းစမ်းတမ်း လျှောက်သွားလေ၏။

လျှောက်ပြီးသည်နှင့်တစ်ပြိုင်နက် ခြေထောက်နှစ်ချောင်းလုံးကို မုန့်ညှင်းဆီများ လိမ်းပေးလေ၏။ တစ်လခန့်ကြာသောအခါ၌ အဘိုးကြီးသည် ဒိုးချဲမစီးရတော့ဘဲ ကောင်းစွာလမ်းလျှောက်နိုင်ပြီဖြစ်၏။ ၎င်း၏အိမ်ကိုလည်း ခုနစ်ပတ် ပတ်နိုင်ပြီဖြစ်၏။

ပေတလူသည် ဈေးမှ ခြင်းလုံးတစ်လုံးဝယ်လာပြီးနောက် အဘိုးကြီး ခြင်းခတ်ရန်အတွက် ခြင်းလုံးကို လက်ဖြင့်မြှောက်ပေး၏။ အစ ပထမပိုင်းတွင် ခြင်းကို ဒူးနှင့်တိုက်နိုင်၏။ ထို့နောက် ခြေခွင်ဖြင့် ခတ်နိုင်လေ၏။ ပြီးလျှင် ကိုယ်ကို တစ်ခြမ်းလှည့်၍ ဖဝါးဖြင့်ခတ်နိုင်လာ၏။ ထိုအခါ၌ ပေတလူက–

"အဘ နည်းနည်း ပြေးစမ်းကြည့်ပါလား ..."ဟု ဆိုသဖြင့် အဘိုးကြီးလည်း ဖြည်းဖြည်းစ၍ ပြေးကြည့်၏။ ပေတလူလည်း အဘိုးကြီးနှင့် အတူ လိုက်၍ပြေး၏။ အဘိုးကြီးသည် မမောပန်းဘဲ အိမ်ကြီးကို ငါးပတ်ပတ်၍ ပြေးနိုင်လေတော့၏။ ထို့ကြောင့် လအနည်းငယ်အတွင်း၌ပင် ပေတလူ၏ လေ့ကျင့်ပေးမှုသည် အောက်ပိုင်းသေနေသော အဘိုးကြီးအား ပြေးနိုင်သည် အထိ စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်၏။ တစ္ဆေဖြူသည် ပေတလူအား–

www.burmeseclassic.com



"ဟော့ ပေတလူ …အဘကတော့ မင်းရဲ့ ထရိန်နင်ကြောင့် အောက်ပိုင်းသေရာကနေ ပြန်ပြီးကောင်းလာတယ်ကွ၊ ဈေးလာဝယ်ကြတဲ့ ခြံနီးနားချင်းတွေက အဲဒီအကြောင်းကို ပြောနေကြတယ် …" ဟု ပြောလျှင် ပေတလူက –

"ဒီလို တစ္ဆေဖြူရဲ့ …၊ အဘမှာဖြစ်နေတဲ့ နှလုံးရောဂါဟာ စိတ်နဲ့ အတော်ပတ်သက်နေတယ်ကွ…၊ ငါက စိတ်ဓာတ်ကို တက်ကြွအောင် လုပ်ပေးလိုက်တာပါကွာ …" ဟု ပြန်၍ပြောလျှင် တစ္ဆေဖြူက –

"နှလုံးရောဂါက နှလုံးရောဂါပါကွ …၊ စိတ်နဲ့ ဘယ်လိုကြောင့် ပတ်သက်ရမှာတုံး …၊ မင်းကလည်း ကြီးကြီးကျယ်ကျယ်ကွာ …" ဟု ပြောလိုက်လေ၏။ ထိုအခါ ပေတလူက

"ငါက သိလို့ပြောတာမဟုတ်ပါဘူး၊ ငါ ထင်တာကို ငါ ပြောတာကွ၊ မင်းတို့ ငါတို့ စကားပြောကြတဲ့အခါ လူတစ်ယောက်ကို သဘောကောင်းရင် စိတ်နှလုံးကောင်းတယ်လို့ ပြောတယ်မဟုတ်လား …၊ သဘောမကောင်းရင်လည်း စိတ်နှလုံးမကောင်းဘူးလို့ ပြောတယ်မဟုတ်လား၊ အဲဒါကြောင့် စိတ်နဲ့ နှလုံးဟာ အတူတူပဲလို့ ငါက ထင်နေတာ …၊ ပြီးတော့လည်းကွာ စိတ်ဆိုတာကို ငါဖြင့် ရှာမတွေ့ပါဘူး၊ နှလုံးဆိုတာကတော့ အခု ဓာတ်မှန်ရိုက်ကြည့်ရင် အခုတွေ့တာပဲကွာ …၊ အဲဒီတော့ ရှာလို့မရတဲ့စိတ်ဟာ ရှာလို့ရတဲ့နှလုံးမှာ ပူးကပ်နေမှာပဲလို့ ငါက ထင်နေတာကွ၊ ငါထင်သလို ပြောတာပါကွာ …၊ တကယ်လို့ မင်းက ငါ့ထက် ပိုပြီးနားလည်ရင်လည်း ပြောပြပါကွာ…"ဟု ပြောလေ၏။ ထိုအခါ ၄င်း၏အစ်ကို တစ္ဆေဖြူက –

"ငါလည်း နားမလည်ပါဘူးကွာ …၊ မင်းလောက်လည်း ကတ်သီးကတ်သတ်တွေ မစဉ်းစားတတ်ပါဘူး …၊ မင်း လက်တည့်စမ်းရင်း အဘ သေမသွားရင် ပြီးတာပါပဲ …"ဟု ပြောလိုက်လျှင် ပေတလူက တဟားဟား ရယ်လိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၂၁ ။

# ပေတလုူပြောပြသော ဆရာသုံးယောက်ပုံပြင်

တစ်နေ့တွင် ဦးတင်ဘက်တူသည် ခြံတွင်းရှိ ကျွန်းပင်ကြီးအောက်မှ သစ်သားခုံဝိုင်းကြီးတစ်ခုပေါ်တွင် အေးချမ်းစွာထိုင်လျက် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေလေ၏။ ပေတလုူသည် အနီးတွင်ထိုင်လျက် ကြွေရေနွေးခရားလေးမှ ရေနွေးကို တစ်ခွက်ပြီးတစ်ခွက် ဦးတင်ဘက်တူအား ငှဲ့၍ပေးလေ၏။ ဦးတင်ဘက်တူလည်း တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားရင်း ပေတလုူငှဲ့ပေးသော ရေနွေးကို တစ်ခွက်ပြီး တစ်ခွက်သောက်လေ၏။ ထို့နောက် ဦးတင်ဘက်တူက -

www.burmeseclassic.com



"ပေတလူရေ …မင်းရဲ့ကောင်းမှုကြောင့် ငါ့ရဲ့ ခြေထောက်တော့ ပြန်ပြီးသန်သွားပြီကွ၊ နောက်တစ်လ နှစ်လဆိုရင် ပကတိလူကောင်း ဖြစ်သွားမှာပါကွာ …"ဟု ပြောလေ၏။

"ဒါပေါ့ အဘရယ် …အဲဒီလို လူကောင်းဖြစ်သွားတာထက် အရေးကြီးတာကတော့ အဘအနေနဲ့ ကြာကြာထိုင်နိုင်အောင် လေ့ကျင့်ရ မယ်၊ ပြီးတော့ အဘက စိတ်မငြိမ်ဘူး၊ ဟိုရောက်ဒီရောက် အမြဲဖြစ်တယ်…" ဟု ပေတလူက ပြောလေ၏။

"ငါ့စိတ်က ဟိုရောက်ဒီရောက်ဖြစ်မှန်းကို မင်းက ဘယ်လိုလုပ်ပြီး သိတာလဲကွာ …" ဟု ဦးတင်ဘက်တူက မေးလေ၏။ ထိုအခါ ပေတလူက–

"သိတာပေါ့ အဘရယ် …၊ အဘ စကားပြောတဲ့အခါမှာ ဒီအကြောင်းအရာကနေ ဟိုအကြောင်းအရာ ရောက်သွားလိုက်၊ ဟိုအကြောင်းအရာကနေ ဒီအကြောင်းအရာ ရောက်သွားလိုက်နဲ့၊ ခုန်ပျံကျော်လွှား ဖြစ်နေတာပဲ"ဟု ပေတလူက ပြောလိုက်လျှင် ဦးတင်ဘက်တူသည် သဘောကျ၍ တဟားဟား ရယ်လေတော့၏။

"အဟုတ်ပဲ ငါ့လူရေ …၊ ငါ့စိတ်ဟာ အတော့်ကို မငြိမ်တာ ကွာ …၊ ငြိမ်အောင် ဘယ်လိုလုပ်ရမလဲ" ဟု ဦးတင်ဘက်တူက မေးလေ၏။

"ကျွန်တော် စဉ်းစားမိတာကို ပြောမယ်နော်၊ စိတ်မငြိမ်တဲ့ အကြောင်းထဲမှာ မျက်စိလည်းပါတယ် အဘရဲ့၊ မျက်စိက အရာဝတ္ထုတွေ အမျိုးမျိုးကို မြင်နေရင် စိတ်ကလည်း လိုက်ပြီးမြင်နေတော့တာ …၊ အဲဒီအခါမှာ စိတ်ကမငြိမ်တော့ဘူး၊ အဲဒီတော့ အဘကို အကြံပေးချင်တာက အခန်းတံခါးပိတ်ပြီး အထိုင်လေ့ကျင့်ရင် အကောင်းဆုံးပဲ၊ မှောင်နေရင် ပိုကောင်းမယ်၊ မျက်စိကိုလည်း ပိုပြီးမှောင်အောင် ပုဝါစည်းထားဗျာ …၊ ပြီးတော့ ပိုပြီးစိတ်ငြိမ်အောင် ပါးစပ်ကလည်း ဘုရား … ဘုရားလို့ ဘုရားကို 'တ'နေပေါ့ …" ဟု ပေတလူက ပြောလေ၏။ ထိုအခါ အဘိုးကြီးက –

"အေးကွ …မင်းပြောတဲ့နည်းအတိုင်း ငါလုပ်ကြည့်မယ်ကွာ …၊

www.burmeseclassic.com



စိတ်ငြိမ်သွားရင် အတော်တန်ဖိုးရှိတယ်ကွ၊ ငြိမ်လည်း ငြိမ်ချင်ပါပြီကွာ ...၊ အသက်က ဒီလောက်ရောက်နေပြီ၊ စိတ်က ခုထိကိုမငြိမ်သေးဘူးကွာ'' ဟု ပြော၍ တဟားဟား ရယ်နေလေတော့၏။ ပေတလူသည် အဘိုးကြီးအား ရေနွေးကြမ်းများ ထည့်၍ငှဲ့ပေး၏။

''ကျွန်တော်ပေးတဲ့ အကြံဉာဏ်ဟာ အဘအတွက် အသုံးဝင်တယ်ဆိုရင် ကျွန်တော်ဖြင့် အတော့်ကို ဝမ်းသာပါတယ်...''ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

''တစ်ခုတော့ ရှိတာပေါ့ ပေတလူရယ် ...၊ ကိုယ့်မြေးလောက်ရှိတဲ့ ကလေးလေးပြောတာကို လိုက်ပြီးလုပ်နေတဲ့ အဘိုးကြီးတစ်ယောက် ဆိုတာကတော့ လူကြားလို့ တယ်ပြီးမကောင်းဘူးကွ ...'' ဟု ပြောကာ အဘိုးကြီးသည် ရယ်ပြန်လေ၏။ ထိုအခါ ပေတလူက -

''တစ်ခါတုန်းက မြို့ကြီးတစ်မြို့မှာ အများက လေးစားတဲ့ ပညာရှိကြီးတစ်ယောက်ရှိတယ်၊ အဲဒီပညာရှိကြီးကို တစ်နေ့မှာ လူတစ်ယောက်က မေးခွန်းတစ်ခုမေးတယ်၊ မေးတဲ့မေးခွန်းက '*ပညာရှိကြီး ခင်ဗျာ...ဘဝမှာ ဘယ်လိုနေရမယ်၊ ထိုင်ရမယ်ဆိုတာ ပညာရှိကြီးကိုသင်ကြားပေးတဲ့ ဆရာများ တစ်ယောက်တလေ ရှိဖူးပါသလား*' လို့ မေးတယ်၊ အဲဒီအခါမှာ ပညာရှိကြီးက '*ငါ့ရဲ့ဘဝမှာ နေနည်းထိုင်နည်းနဲ့ပတ်သက်လို့ သင်ပြတဲ့ ဆရာသုံးဦးရှိ ဖူးတယ်*' လို့ ပြန်ပြီးဖြေတယ်၊

အဲဒီတော့ မေးတဲ့လူက '*အဲဒီ သုံးဦးအကြောင်းပြောပြပါ ...*' လို့ ပညာရှိကြီးကို တောင်းပန်တယ်၊ အဲဒီအခါမှာ ပညာရှိကြီးက '*ညတစ်ညမှာ ငါဟာ လမ်းလျှောက်သွားရင်း သူခိုးတစ်ယောက်ဟာ အိမ်တစ်အိမ်ကို ဖောက်နေတာ တွေ့တဲ့အတွက် ငါဟာ ရပ်ပြီးကြည့်နေမိတယ်၊ မကြာခင်မှာပဲ အိမ်ရှင်တွေ နိုးလာလို့ သူခိုးဟာ ထွက်ပြေးရတယ်၊ အိမ်ရှင်တွေက သူခိုးနောက်ကိုလိုက်ကြတယ်၊ သူခိုးက ရှေ့ကပြေးတယ်၊ သူခိုး နောက်က ငါက လိုက်ပြီး ပြေးတယ် ...၊*

www.burmeseclassic.com



အိမ်ရှင်တွေ လှည့်ပြီးပြန်သွားတော့ သူခိုးက ငါ့ကိုလှည့်ပြီးကြည့်တယ်၊ ပြီးတော့ သူခိုးက ငါ့ကို ခင်ဗျား ဘာလိုက်လုပ်တာလဲလို့ မေးတယ်၊ ဘာမှမဟုတ်ပါဘူး၊ ကိုယ့်လူ ဖောက်ထွင်းတာကိုသိချင်လို့ ကြည့်တာပါ၊ ဒီနေ့ညတော့ ဘာမှမရလိုက်တော့ဘူးနော်...လို့ ငါက ပြောလိုက်တော့ သူခိုးက မနက်ဖြန်တော့ သေချာပေါက်ပဲ ...လို့ ပြောတယ်၊ အဲဒီမှာတင် သူခိုးနဲ့ငါနဲ့ ခင်သွားပြီး ငါက သူခိုးအိမ်မှာ လိုက်နေတယ်၊ ညတိုင်းထွက်ပြီး ခိုးရှာတယ်၊

ဒါပေမဲ့ ဘာမှမရဘဲ မိုးလင်းခါနီးမှာ ပြန်လာတယ်၊ ငါနဲ့တွေ့တဲ့အခါမှာ ဒီနေ့တော့ မရခဲ့ဘူး၊ မနက်ဖြန်တော့ သေချာတယ်လို့ချည်း ပြောတော့တာပဲ၊ တစ်ခါမှ စိတ်ပျက်အားငယ်တယ်လို့ မတွေ့ရဘူး၊ မနက်ဖြန်တော့ သေချာတယ်နဲ့ သူ့ကိုယ်သူ အားပေးရပ်တည်ခဲ့တာပဲ ...၊

ဘဝမှာ ကိုယ်လုပ်တိုင်း မဖြစ်တဲ့အခါမှာ အားငယ်မှုမဖြစ်အောင်၊ စိတ်မပျက်အောင် နေတတ်ဖို့ကိုတော့ အဲဒီသူခိုးဆီက ငါဟာ သင်ယူထားလိုက်တယ်၊ တကယ်ပြောရရင်တော့ သူဟာ ငါ့ရဲ့ဆရာတစ်ယောက်ပဲလို့ အဲဒီပညာရှိက ပြောတယ်၊ ပြီးတော့ သူကပဲဆက်ပြီး ဒုတိယဆရာ အကြောင်းထပ်ပြီးပြောတယ်၊ ဘယ်လိုပြောသလဲဆိုတော့ ...

အလွန်ပူလောင်တဲ့ နွေရာသီရက်တစ်ရက်မှာ ရေငတ်နေတဲ့ ခွေးတစ်ကောင်ဟာ ရေအိုင်လေးတစ်အိုင်ဆီကို ပြေးလာပြီး ရေသောက်ဖို့ ရေအိုင်ထဲကို ကြည့်လိုက်တယ်၊ အဲဒီမှာ ရေထဲမှာရှိတဲ့ သူ့အရိပ်ကို တခြားခွေးထင်ပြီး နောက်ကိုပြန်ပြေးသွားတယ်၊ ပြီးတော့တစ်ခါ ရေအိုင်ဆီကို ပြန်ပြေးလာပြန်ရော ...၊ ငုံ့ကြည့်မိပြန်ရော ...၊ သူ့အရိပ်ကို သူမြင်ပြန်ရော ...၊ တခြားခွေးထင်ပြီး ပြန်ပြေးပြန်ရော ...၊ အဲဒီလို သုံးလေးခါလုပ်ပြီး နောက်ဆုံးမှာ ခွေးဟာ ရေငတ်ခြင်းမကငတ်လာတဲ့အတွက် ဘာကိုမှ မကြည့်တော့ဘဲ ရေအိုင်ထဲကို ခုန်ဆင်းလိုက်တယ်၊ အဲဒီလို ခုန်ဆင်းလိုက်ပြီး ရေသောက်တယ်၊ ရေကူးတယ်၊ ရေထဲမှာ အေးနေအောင်လုပ်ပြီး

www.burmeseclassic.com



အပေါ်ကို ပြန်တက်လာတာတွေ့ရတယ်၊

လူဟာ တစ်ခါတလေမှာ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ စွပ်ရွတ်ပြီး လုပ်မှ အဆင်ပြေသွားမယ်ဆိုတဲ့နည်းကိုလည်း အဲဒီခွေးဆီက သင်ယူလိုက်ရတယ်လို့ ပြောပြီး သူကရယ်ပြန်တယ်၊ ပြီးတော့ သူ့ရဲ့တတိယ ဆရာတစ်ယောက်အကြောင်းကို ပြောပြန်တယ်၊ တစ်ညမှာ ငါဟာ လမ်းလျှောက်လာတယ်၊ ကလေးငယ်တစ်ယောက်ဟာ ဖယောင်းတိုင်ကို မီးထွန်းပြီး ငါနဲ့မျက်နှာချင်းဆိုင်က လာတယ်၊ ကလေးက ကောင်းကောင်းမလာဘူး၊ ထွန်းထားတဲ့ ဖယောင်းတိုင်ကို ပါးစပ်က 'ဖူး'ခနဲ မှုတ်လိုက်၊ ငြိမ်းသွားရင် ပြန်ထွန်းလိုက်နဲ့လုပ်နေတယ်၊ ငါ့အနားရောက်တော့ ငါက ကလေးကို ဘာဖြစ်လို့ မီးကို မှုတ်လိုက်၊ ထွန်းလိုက် လုပ်နေရတာလဲလို့ မေးတယ်၊


အဲဒီတော့ ကလေးက မီးကိုထွန်းပြီး ငါ့ကို 'အဘ ဒီမှာကြည့်စမ်းပါ၊ ဟော့ဒီမှာ မီးတောက်ကလေးနော်'လို့ ပြောပြီး ပါးစပ်နဲ့ 'ဖူး'ခနဲ မှုတ်လိုက်တယ်၊ အဲဒီလို မှုတ်လိုက်ပြီးတော့ 'မီးတောက်ကလေး မရှိတော့ တာတော့ အမှန်ပဲနော်၊ အဲဒီမီးတောက်ကလေး ဘယ်ရောက်သွားသလဲဆိုတာတော့ ကျွန်တော် မသိတာလည်း အမှန်ပဲ၊ အဲဒါကြောင့် အဲဒီ မီးတောက်ကလေး ဘယ်ရောက်သွားသလဲဆိုတာကို ကျွန်တော်က စဉ်းစားနေတာ ...' လို့ ပြန်ပြီးပြောတယ်၊ အဲဒီအချိန်ကစပြီး အသေးအဖွဲကအစ လေးလေးနက်နက် စဉ်းစားတတ်တဲ့ အကျင့်ကို အဲဒီကတည်းက ရခဲ့တာပဲ၊ ဒါကြောင့် အဲဒီကလေးဟာ ငါ့ရဲ့ဆရာတစ်ယောက် ဖြစ်တယ်လို့ ပြောရှာတယ် ...''

ပေတလူသည် အထက်ပါအတိုင်း ပြောပြီးနောက် အဘိုးကြီးအား ရေနွေးတစ်ခွက်ငှဲ့၍ ပေးလိုက်လေ၏။ အဘိုးကြီးလည်း ပေတလူ ပြောပြသော ပုံပြင်ကို သဘောကျ၍ တဟားဟား ရယ်နေလေ၏။ ထိုသို့ ရယ်ပြီးနောက်–

''အဲဒီပုံပြင်ထဲမှာပါတဲ့ ဖယောင်းတိုင်မီးတောက် ဘယ်ရောက်သွားသလဲလို့ စဉ်းစားတဲ့ကလေးဟာ တခြားတစ်ယောက်မဖြစ်နိုင်ဘူး ပေတလူပဲ ဖြစ်ရမယ် ...'' လို့ ပြောလိုက်လေတော့သတည်း။

www.burmeseclassic.com





www.burmeseclassic.com


အခန်း ၊ ၂၂ ၊

# တပ်ပီးချင်းနားမရန်းအကြောင်း

တစ်နေ့သ၌ ဦးတင်ဘက်တူသည် သူ၏ခြံဝန်းအတွင်း၌ လမ်းလျှောက်နေလေ၏။ ပေတလူကမူ ၎င်း၏ရှေ့မှ လျှောက်သွားရင်း ဦးတင်ဘက်တူအနေနှင့် ခလုတ်တိုက်နိုင်သည့် သစ်ကိုင်းခြောက်များ၊ အမှိုက်သရိုက်များကို ဖယ်ရှားပေးနေလေ၏။ ဦးတင်ဘက်တူသည် အိမ်ကြီးကို ငါးပတ်ပတ်၍ လျှောက်ပြီးနောက် –

"ပေတလူရေ …မောပြီကွာ …၊ ဟောဟိုခုံတန်းမှာ နားမယ်ကွာ …" ဟု ပြောလေ၏။ ထိုအခါ ပေတလူက –

"ကျွန်တော် အဘကို ပြောထားမယ်၊ နောက်တစ်ခါနားရင်

www.burmeseclassic.com



မမောခင်နားနော် ...၊ မောမှနားရင် အမောမပြေဘူးအဘရဲ့ ...'' ဟု ပြောလေ၏။ ထိုအခါ ဦးတင်ဘက်တူက -

''မှန်ပါတယ် ပေတလူရယ် ...၊ အဲဒီတော့ အမောပြေသွားအောင် ပုံလေးတစ်ပုံလောက် ငါ့ကို ပြောပြပါလားကွာ ...''ဟု ပြောလေ၏။

''အမေရိကန်နိုင်ငံကို ရှေးအခါကတည်းက တရုတ်လူမျိုးတွေ သွားရောက်ပြီး နေထိုင်ကြတယ်၊ 'ချိုင်းနားတောင်း' လို့ခေါ်တဲ့ တရုတ်တန်း အမေရိကန်မှာ ရှိနေပြီ၊ အဲဒီတရုတ်တန်းမှာ အိတ်ကြီးကိုထမ်းလို့ ဗိုက်ပူကြီးနဲ့ ထိုင်ပြီး အားရပါးရရယ်နေတဲ့ တရုတ်ဗိုက်ပူပုံကြီးလည်း ကျောက်နဲ့ ထုထား တာရှိတယ်၊ ဟက်ဟက်ပက်ပက် ရယ်နေတဲ့ လူဝကြီးပုံပေါ့ ...၊ အတော့်ကို အချိုးအဆစ်ကျတယ်၊ အမေရိကန်တွေက အဲဒီပုံကြီးကို ဟက်ပီးချိုင်းနား မန်းန်လို့ခေါ်ကြတယ်၊ အဲဒီအရုပ်ကြီးရဲ့သက်တမ်းဟာ မနည်းတော့ဘူး၊ အမှန်တကယ်ကလည်း အဲဒီအရုပ်ကြီးနဲ့ တစ်ထေရာတည်းတူတဲ့ တရုတ် လူဝကြီးတစ်ယောက် အဲဒီပတ်ဝန်းကျင်မှာ အမှန်တကယ် ရှိခဲ့ဖူးတယ်၊

သူက အဲဒီနားမှာရှိတဲ့ တရုတ်ဘုရားရှိခိုး ကျောင်းတစ်ခုမှာ မှီခိုပြီးနေတဲ့ လူဝကြီးပဲ၊ အစဉ်သဖြင့် ရယ်မောပျော်ရွှင်နေတတ်တယ်၊ သူထမ်းထားတဲ့ အိတ်ကြီးထဲမှာလည်း 'ကမ်တီ'လို့ ခေါ်တဲ့ သကြားချောင်းတွေ၊ မုန့်တွေ အမြဲပါတတ်တယ်၊ လမ်းပေါ်မှာတွေ့တဲ့ ကလေးတွေကို အဲဒီ သကြား ချောင်းတွေ၊ မုန့်တွေဝေလေ့ရှိတယ် ...၊ ကလေးတွေက သူလာရင် သိပ်ပြီး ပျော်ကြတယ်၊ သူ့ကိုလည်း အလွန်ပဲ ချစ်ကြတယ်၊ လမ်းပေါ်က ကလေးတွေ စုမိရင် သူက သကြားချောင်းဝေတယ်၊ မုန့်ဝေတယ်၊ ပြီးရင် ကလေးတွေကို ကဗျာလေးတွေဆိုဖို့ သင်ပေးတယ်၊ ကလေးတွေက လိုက်ပြီးဆိုကြတယ်၊ တွေ့ရမြင်ရတဲ့သူအပေါင်းက အဲဒီ လူဝကြီးဟာ ကလေးတွေကို ကဗျာဆိုခိုင်း တာတွေ့ရင် ရှောင်ပြီးသွားကြတယ်၊ အနှောင့်အယှက်လည်း မပေးဘူး၊ လမ်းပေါ်က မူကြိုကျောင်းလို့ ကင်ပွန်းတပ်ကြတယ်၊ တစ်ယောက်ယောက်က သူ့ကိုသိလို့ နှုတ်ဆက်ရင် သူက ပိုက်ဆံတစ်ပြားတောင်းတယ်၊ တစ်ယောက်

www.burmeseclassic.com



ယောက်က *'ကလေးတွေကိုချည်း မသင်ပါနဲ့ ...၊ ဘုရားကျောင်းကို ပြန်လာခဲ့ပါ...၊ ကျုပ်တို့ကိုလည်း ကဗျာဆိုတတ်အောင် သင်ပေးပါဦး...'*'လို့ ပြောရင် နောက်ထပ်တစ်ပြား တောင်းတယ်၊ အဲဒီလိုရတဲ့ ပိုက်ဆံတွေနဲ့ ကလေးတွေအတွက် သကြားချောင်းတွေ၊ မုန့်တွေဝယ်ပြီး အိတ်ကြီးထဲ ထည့်တော့တာပါပဲ ...'' ဟု ပေတလူက ပြောလေ၏။ ထိုအခါ အဘိုးကြီးက-

''ပေတလူရေ ...မင်းပြောတဲ့ ဟပ်ပီးချိုင်းနားမန်း ဟုတ်မဟုတ်တော့မသိဘူးကွ၊ အဲဒီလိုပဲ ရယ်နေတဲ့ လူဝကြီးပုံကို တွေ့ဖူးတယ်ကွ...''ဟု ပြောလေ၏။ ပေတလူသည် အဘိုးကြီးကို ရေနွေးတစ်ခွက်ငှဲ့ပေးလေ၏။ အဘိုးကြီးလည်း ရေနွေးသောက်နေလေ၏။ ထို့နောက် ပေတလူက-

''အဲဒီဟပ်ပီးချိုင်းနားမန်းကြီးကို တချို့လူတွေက ဟိုတလ်လို့ခေါ်ကြတယ်၊ ဘာအဓိပ္ပာယ်လည်းတော့ မပြောတတ်ဘူး၊ အဲဒီလိုခေါ်ကြတယ်၊ တချို့ကလည်း ဆရာလို့ခေါ်ကြတယ်၊ အတွင်းကျကျသိတဲ့ လူတွေ ကတော့ သူ့ကို ဆရာကြီးလို့ခေါ်တဲ့လူလည်းရှိတယ်၊ အဘိုးလို့ ခေါ်တဲ့လူလည်း ရှိတယ်၊ အဘိုးကြီးလို့ခေါ်တဲ့လူလည်း ရှိတယ်၊ ပြီးတော့ သူကလည်း သူ့ကိုသိတဲ့ လူတွေနဲ့တွေ့ရင် လက်ကြီးနှစ်ဖက်ဆန့်တန်းပြီး သိုင်းဖက်တော့တာပဲ၊ ပြီးရင် အားရပါးရ ရယ်တော့တာပဲ၊ များသောအားဖြင့်ကတော့ ရယ်ပြီးရင် အဲဒီလူတွေ အတွက် ဆုမွန်ကောင်းတောင်းလေ့ရှိတယ်၊ လူတွေကလည်း သူနဲ့တွေ့ရင် သူ့ဆီမှာ ဆုတောင်းကြတယ်''ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

''ပေတလူရယ် ...မင်းရဲ့ ဟပ်ပီးချိုင်းနားမန်းကြီးက စိတ်ဝင်စားစရာပဲကွ၊ ပြောစမ်းပါဦးကွာ ...''ဟု ပြောလေ၏။

''အဲဒီအချိန်တုန်းက အဲဒီမှာရှိတဲ့ တရုတ်လူမျိုး တော်တော်များများဟာ အဲဒီလူဝကြီးကို အလွန့်ကိုလေးစားကြတယ်၊ အဝေးက လှမ်းမြင်ရင်တောင် ဦးညွတ်ပြီး အရိုအသေပေးကြတယ် ...'' ဟု ပေတလူက ပြောလိုက်လျှင် အဘိုးကြီးက -

''ဟုတ်မယ်ကွ ...၊ ထူးတော့ထူးတဲ့ပုံပဲကွ၊ ထိုင်ပြီး အားရပါးရ

www.burmeseclassic.com



ရယ်နေတဲ့ပုံဟာ ချစ်စရာကြီးကွာ ...''ဟု ပြောလေ၏။ ထိုအခါ ပေတလူက-

''တစ်နေ့မှာ တရုတ်လူမျိုးတစ်ယောက်က အဲဒီ ဟပ်ပီးချိုင်းနားမန်းဆိုတဲ့ လူဝကြီးနဲ့ မျက်နှာချင်းဆိုင် ဆုံမိတဲ့အခါမှာ အဲဒီလူဝကြီးကို ဆက်ပြီးမသွားနိုင်အောင် လက်နှစ်ဖက်နဲ့တားထားပြီး *'ခင်ဗျားက အရာရာမှာ တတ်သိနားလည်တဲ့ ပုဂ္ဂိုလ်ကြီးဆိုတော့ မေးရဦးမယ်၊ လူ့ဘဝကို ရရှိတဲ့ အဖြစ်ဟာ ဘယ်လောက်ခမ်းနားတယ်၊ ဘယ်လောက်ကြီးကျယ်တယ်ဆိုတာကို ပြောပြစမ်းပါဗျာ ...'* လို့ မေးလိုက်တယ် ...၊

အဲဒီအခါမှာ လူဝကြီးက သူထမ်းထားတဲ့ အိတ်ကြီးကို မြေကြီးပေါ်မှာ ဘုတ်ခနဲပစ်ချလိုက်တယ်၊ ပြီးတော့ ဇွေ့ခနဲထိုင်ချလိုက်တယ်၊ ပြီးတော့ စကားတစ်လုံးမှမပြောဘဲ နှုတ်ပိတ်နေတယ်၊ အဲဒီအခါမှာ မေးတဲ့ လူကလည်း ထပ်ပြီးမေးတယ်၊ ဒုတိယမေးခွန်းက ဘာလဲဆိုတော့ *'လူ့ဘဝရဲ့ တကယ့်အနှစ်သာရဟာ ဘာလဲ'* လို့ မေးလိုက်ခြင်းဖြစ်တယ်၊ အဲဒီအခါမှာ လူဝကြီးဟာ အောက်ကိုပစ်ချထားတဲ့ အိတ်ကြီးကိုထမ်းပြီး ဆတ်ခနဲ ထလိုက်တယ်၊ ပြီးတော့ သူသွားရမယ့်ဘက်ကို ဆက်ပြီးလျှောက်သွား တော့တာပဲ ...''ဟု ပေတလူက ပြောလိုက်လေ၏။ ထိုအခါ ဦးတင် ဘက်တူသည် တဟားဟားရယ်လေ၏။

''ဒီလိုဖြစ်လိမ့်မယ်ကွ ...၊ မင်းပြောတဲ့ ဟပ်ပီးချိုင်းနားမန်းကြီးဟာ ပါးစပ်နဲ့မပြောဘဲ အမူအရာနဲ့ ဖြေသွားတာကွ ...၊ အဲဒီအဖြေဟာ ဘယ်လိုဖြစ်တာလဲတော့မသိဘူးကွ ...၊ အခု ကြားလိုက်ရတဲ့အချိန်မှာ ငါ့ရင်ထဲမှာ ရှင်းသွားတယ်ကွ ...''ဟု ပြောကာ အဘိုးကြီးသည် ပေတလူအား နှစ်လိုဖွယ်ရာ ပြုံးပြလိုက်လေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၂၃ ။

# ထိုင်ပုံထိုင်နည်းတလေး

တစ်နေ့သ၌ ပေတလူသည် ဦးတင်ဘက်တူကြီးအား စိတ်ပြေလက်ပျောက်ရှိစေရန်အတွက် ရေတံခွန်ဆီသို့ မော်တော်ကားဖြင့် ခေါ်သွားလေ၏။ ကားဒရိုင်ဘာကိုစလင်းက မောင်း၍ပေးလေ၏။ ပေတလူသည် ခြင်းတောင်းတစ်ခု၌ ကော်ဖီဖျော်ပြီးသားဓာတ်ဗူးကို ထည့်၍ယူလာလေ၏။ ဆေးတံ၊ ဆေးဘူး၊ လက်သုတ်ပုဝါမှအစ ပြည့်စုံစွာယူလာလေ၏။

ရေတံခွန်သို့ရောက်သောအခါ၌ နားနေရန်နေရာတွင် ကုလားထိုင်တစ်လုံးစီ၌ ထိုင်နေသော နိုင်ငံခြားသားနှစ်ယောက်ကို တွေ့ရလေ၏။ ဦးတင်ဘက်တူကြီးလည်း ခုံတန်းရှည်တစ်ခုပေါ်တွင် ဝင်၍ထိုင်၏။

www.burmeseclassic.com



ပေတလူသည် အဘိုးကြီးအား ကော်ဖီသောက်ရန် ကော်ဖီတစ်ခွက် ငှဲ့ပေးလေ၏။ အဘိုးကြီးလည်း ကော်ဖီသောက်ရင်း နိုင်ငံခြားသားနှစ်ဦးကို လှမ်း၍ကြည့်၏။ ထိုသို့ကြည့်ပြီးနောက် -

"ပေတလူရေ ဟိုမှာထိုင်နေတဲ့ အမေရိကန်နှစ်ယောက်ကဖြင့် စိတ်အေးလက်အေး ထိုင်နေလိုက်တာ သူတို့ အိမ်ရှေ့က မြက်ခင်းပြင်ပေါ်မှာ ထိုင်နေတဲ့အတိုင်းပဲ ...." ဟု ပြောလိုက်ရာ ပေတလူက -

"အမေရိကန်နှစ်ယောက်မဟုတ်ဘူး အဘရဲ့ တစ်ယောက်က အင်္ဂလိပ်လူမျိုး၊ အင်္ဂလိပ်လူမျိုးတွေဟာ ကုလားထိုင်မှာ ခြေချိတ်ပြီးထိုင်တဲ့အခါ ပေါင်ချင်းလိမ်ပြီး ချိတ်ထားတတ်တယ် အဘရဲ့...၊ အမေရိကန်ကတော့ ဒီလိုမဟုတ်ဘူး၊ ကုလားထိုင်မှာထိုင်ရင် ခြေချင်းချိတ်ထိုင်ရင် ထောက်ထားတဲ့ ဒူးခေါင်းပေါ်မှာ သူရဲ့ခြေမျက်စိကိုတင်ပြီး ထိုင်လေ့ရှိတယ်၊ အဲဒါဟာ သူတို့ အကျင့်ပဲ..." ဟု ပေတလူက ပြောလေ၏။ ထိုအခါ အဘိုးကြီးသည် ပေတလူ၏ စကားကို မယုံကြည်နိုင်သောကြောင့် ထိုနိုင်ငံခြားသားနှစ်ဦးဆီသို့ ထ၍ သွားပြီးလျှင် စကားစမြည်ပြောလေ၏။

ထို့နောက် ပြုံးပြုံးပြုံးပြုံးဖြင့် ပေတလူရှိရာသို့ ပြန်လာပြီးလျှင် -

"ပေတလူရေ ...မင်းပြောတာ ဟုတ်တယ်ဟေ့..." ဟု အားရပါးရဝန်ခံလေတော့၏။ ထိုအခါ ပေတလူက -

"ဟုတ်ပါတယ်အဘရဲ့ ...၊ အဲဒါ ကျွန်တော် အသေအချာမှတ်ထားတဲ့ကိစ္စပါ...၊ မြန်မာအပါအဝင် အရှေ့တိုင်းသားတွေကျတော့ အဲဒီလို ခြေချင်းချိတ်ပြီး ထိုင်ခဲတယ် အဘရဲ့...၊ ခြေထောက်က နှစ်ချောင်းစလုံး အောက်မှာချပြီး ခြေမျက်စိချင်းထိလုမတတ် ခြေထောက်ချင်းထပ်ပြီး ထိုင်လေ့ရှိတယ်၊ ပြီးတော့ အနောက်တိုင်းသားတွေဟာ ခြေထောက်တစ်ချောင်းကို အောက်မှာချ၊ ကျန်တဲ့တစ်ချောင်းကို ကုလားထိုင်ပေါ်မှာနင်းပြီး ဒူးထောင်ပြီး ထိုင်တဲ့ အနေအထားမျိုး ထိုင်တာကို မတွေ့ရဘူး အဘရဲ့...၊ အဲဒါကတော့ ကျွန်တော်တို့မြန်မာရယ်၊ တရုတ်ရယ် အထူးသဖြင့်ထိုင်လေ့ရှိတဲ့ ထိုင်နည်း

www.burmeseclassic.com



မျိုးပဲ…၊ အဲဒီကုလားထိုင်ပေါ် ခြေထောက်ချပြီး ထောင်ထားတဲ့ဒူးပေါ်တောင် လက်တစ်ဖက်က တင်ထားတတ်သေးတယ်၊ ဒါကတော့ လုပ်စရာကိုင်စရာ လမ်းဆုံးလို့ ခြေချဒူးပိုက်ထိုင်နေတဲ့ သဘောပါပဲ …''ဟု ပေတလူက ပြောလိုက်လျှင် ဦးတင်ဘက်တူက–

''မင်း အတော်ကလေး စေ့စေ့စပ်စပ် မှတ်သားထားတာပဲ …''ဟု ပြောလိုက်လေ၏။

''ဟုတ်ပါတယ်အဘ …၊ ကျွန်တော့်ကို မီးဖိုချောင် တောက်တို မယ်ရ အလုပ်မှာဝင်လုပ်တုန်းက ခရစ်ယာန်သီလရှင်မကြီးသင်ပြပေး တာပါ…၊ ခန္ဓာကိုယ်ဘာသာစကား ဘော်ဒီလန့်ဂွေ့ရှ်လို့ ပြောပါတယ်…''ဟု ပေတလူက ပြောလိုက်လေ၏။ အဘိုးကြီးသည် ခေါင်းတဆတ်ဆတ်ညိတ် နေလေ၏။

ထို့နောက်တွင်ကား အဘိုးကြီး စိတ်ပြေလက်ပျောက် ရှိလောက်သည့် အချိန်တွင် အိမ်သို့ပြန်ခဲ့ကြလေ၏။ ထိုသို့ ပြန်ခဲ့ကြသောအခါ၌ လမ်းတွင် စတိုးဆိုင်တစ်ခုအနီးသို့ ရောက်လေ၏။ ထိုအခါ၌ ဦးတင်ဘက်တူက စတိုး ဆိုင်အဝတွင် တယ်လီဖုန်းဆက်နေသော လူတစ်ယောက်ကို ညွှန်ပြရင်း–

''ဟောဟိုမှာ တယ်လီဖုန်းဆက်နေတဲ့လူကို မြင်တယ်မဟုတ်လား ပေတလူရေ …၊ သူ့ကိုကြည့်ပြီး မင်းရဲ့ ဘော်ဒီလန့်ဂွေ့ရှ်ပညာနဲ့ ပြောစမ်း ပါဦးကွာ…''ဟု ပြောလိုက်လေ၏။ ထိုအခါ ပေတလူက –

''ဒီလူရပ်နေပုံဟာ ဘယ်ဘက်ခြေထောက် တစ်ချောင်းတည်းပေါ်မှာ အားပြုပြီးရပ်နေတယ်၊ ပြီးတော့ နံရံကိုမှီထားတယ်၊ တင်းတင်းတောင့်တောင့် ကြီးလည်း မရှိဘူးဆိုတော့ စကားပြောရတဲ့ကိစ္စဟာ အထူးတလည်မဟုတ်ဘဲနဲ့ လုပ်ရိုးလုပ်စဉ် လုပ်နေပုံပဲ …၊ အဲဒီတော့ ဒီလူဟာ မန္တလေးလောက်မှာရှိတဲ့ သူ့မိန်းမကို ဒီနေ့ ပြင်ဦးလွင်မှာပဲ အိပ်မယ်၊ ပြန်မလာနိုင်ဘူး…၊ ဘာညာ ဆိုပြီး ထုံးစံအတိုင်းမှာ ရိုးမှာစဉ်၊ ပြောရိုး ပြောစဉ်ပြောနေတဲ့ သဘောမျိုးပါပဲ၊ ဟောဟို ရှေ့နားမှာ ရပ်ထားတဲ့ကားဟာ သူ့ကား ဖြစ်တန်ရာတယ်၊

www.burmeseclassic.com



ကားနောက်မှာ တစ်စွန်းတစ်စထွက်နေတဲ့ ဂေါဖ့်ရိုက်တုတ်တွေ ထည့်ထားတဲ့အိပ်ကိုလည်းမြင်ရတယ်၊ မန္တလေးကနေ ပြင်ဦးလွင်မှာ ဂေါဖ့်ရိုက်ဖို့ ထွက်လာခဲ့တာ၊ ပြီးတော့ မပြန်ဖြစ်တဲ့အကြောင်း မိန်းမကို တယ်လီဖုန်းဆက်ပြီး ပြောနေတာ ဖြစ်နိုင်တယ်အဘရဲ့ . . .'' ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူသည် မော်တော်ကားကို စတိုးဆိုင်ရှေ့တွင် ရပ်ခိုင်းလေ၏။

ထို့နောက် ကားပေါ်မှဆင်းပြီးလျှင် တယ်လီဖုန်းဆက်နေတဲ့လူဆီသို့ တန်းတန်းမတ်မတ်ကြီး လျှောက်သွားလေ၏။ ထိုလူလည်း အဘိုးကြီးကိုမြင်လျှင် အားရဝမ်းသာ နှုတ်ဆက်လေ၏။ ထို့နောက် တယ်လီဖုန်းခွက်ကို ချပြီးလျှင် အဘိုးကြီးထံသို့လာ၍ -

''အန်ကယ် ဘယ်ကလာတာလဲ . . .''ဟု မေးလေ၏။ အဘိုးကြီးကလည်း လာသည့်အကြောင်းအရင်းနှင့် နေရာများကိုပြော၍ ထိုသူ၏ အကြောင်းကိုသာ စုံစမ်းလေ၏။

ထိုသူ၏ပြောပြချက်မှာ ထိုသူသည် ငယ်စဉ်က ပြင်ဦးလွင်တွင် ကျောင်းနေခဲ့ကြောင်း၊ ဒီညတွင် ကျောင်းနေဖက်သူငယ်ချင်းများ၏ မိတ်ဆုံစားပွဲလည်း ရှိကြောင်း၊ ထို့ပြင် ပြင်ဦးလွင်၌ ဂေါဖ့်ရိုက်ရန်အကြောင်းလည်း ရှိကြောင်း၊ ထို့ကြောင့် ဤညအဖို့ အိမ်မပြန်နိုင်တော့သည့် အကြောင်းကို တယ်လီဖုန်းဆက်နေကြောင်း ပြောပြလေ၏။

ထို့ကြောင့် အဘိုးကြီးသည် ထိုလူနှင့်စကားပြောပြီးနောက် မော်တော်ကားဆီသို့ ပြန်လာပြီးလျှင် ပေတလူအား -

''မှန်ပါတယ် ပေတလူရယ် . . .၊ မင်းပြောတဲ့အတိုင်းပါပဲ၊ ဒီပညာက မင်းတို့ငါတို့ထက် စုံထောက်တွေ တတ်ထားရင် ပိုကောင်းလိမ့်မယ်ကွ . . .''ဟု ပြောလေတော့၏။ 'စုံထောက်တွေထက် ဒီပညာကို ပိုပြီးသုံးတာကတော့ စပိုင်တွေအဘရဲ့ . . .''ဟု ပေတလူက ပြန်၍ ပြောလေ၏။

''အေး . . . ဟုတ်တယ်ကွ . . .၊ စပိုင်တွေဟာ ဟိုး . . . ခပ်လှမ်းလှမ်းမှာ လူနှစ်ယောက် စကားပြောနေတာကို နားနဲ့မကြားရဘဲ ဘာတွေ

www.burmeseclassic.com



ပြောနေတယ်ဆိုတာကို သူတို့ကသိနိုင်တယ်ဆိုပဲ…'' ဟု အဘိုးကြီးက ပြောလေ၏။ ထိုအခါ ပေတလူက –

''ဟုတ်တယ် အဘရဲ့ …၊ အဲဒါက နှုတ်ခမ်းကို မျက်စိနဲ့ကြည့်ပြီး ဖတ်ယူတဲ့ 'လစ်ပ်စပီကင်း'နည်းပဲ အဘရဲ့…၊ ပထမဦးဆုံး မျက်နှာချင်းဆိုင် မတ်တပ်ရပ်ပြီး ကြားလောက်တဲ့နေရာကနေ စကားပြောပါတယ်၊ ဥပမာ '*နေကောင်းရဲ့လား* …'ဆိုတဲ့စကားမျိုးကို ပြောခိုင်းရတယ်၊ အဲဒါကို နားနဲ့လည်းကြားရတယ် ပါးစပ်လှုပ်ပုံလှုပ်နည်းကိုလည်း ကြည့်ရတယ်၊ ပြီးတော့မှ ပြောတဲ့လူကို တစ်ပေချင်း နောက်ကိုဆုတ်ခိုင်းပြီး ဟိုး …အဝေးကြီး ရောက်တဲ့အထိ ဆုတ်ခိုင်းပြောခိုင်းပြီး လေ့ကျင့်ယူရတယ်…''ဟု ပြောလေ၏။

ဦးတင်ဘက်တူကြီးသည် ပေတလူအား ပြုံး၍ ကြည့်ရင်း ကားကို ဆက်၍မောင်းနိုင်းလေတော့၏။ ပြီးလျှင် အဘိုးကြီးက –

''ပေတလူရယ်…မင်းဟာ အတော့်ကို နှံ့နှံ့စပ်စပ်ရှိတဲ့ကောင်ပဲ…'' ဟု အားရပါးရ ချီးမွမ်းလိုက်လေ၏။

များမကြာမီ၌ ၄င်းတို့၏ကားလေးသည် ၄င်းတို့၏ ခြံအနီးသို့ ရောက်ရှိသွားလေတော့၏။ ကားပေါ်မှနေ၍ တစ္ဆေဖြူ ဈေးရောင်းနေသည် ကိုလည်း တွေ့ရလေ၏။ ထိုအခါ ဦးတင်ဘက်တူက–

''ကဲ…ကိုပေတလူရေ…ဟောဟိုဆိုင်ထဲက တစ္ဆေဖြူက ဈေးဝယ်တဲ့ မိန်းမကို ဘာတွေများ ပြောနေသလဲ မသိပေါင်ဗျာ…'' ဟု မေးလိုက်ရာ ပေတလူက ရယ်လေ၏။

''အဲဒါကတော့ လစ်ပ်စပီကင်း မဟုတ်ဘူး …၊ ကျွန်တော်အတတ် သိနေတာ အဘရေ…၊ အဲဒီမိန်းမအိမ်က ဒိုဘီဆိုင်လေ၊ ဒီကောင်က သူ့ဆီမှာ သူ့အင်္ကျီတွေ အဝတ်အစားတွေလျှော်ဖို့ အပ်လေ့ရှိတယ်…၊ ဒါပေမဲ့ အဲဒီဆိုင်က အမြဲနောက်ကျတယ်၊ အဲဒီလို နောက်ကျရင် ဒီကောင့်မှာ ဝတ်စရာမရှိတော့ဘူး၊ အဲဒါကြောင့် ရက်ချိန်းအတိုင်း ပြီးအောင် လျှော်ပေးဖို့ ပြောနေတာပါ အဘရယ်''ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူက –

www.burmeseclassic.com



“မင်းကတော့ အတော့်ကို တော်တဲ့ကောင်ပဲ”ဟု အားရပါးရ ချီးမွမ်းကာ အားရပါးရ ရယ်လိုက်လေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com



# ဗင်းမိခ်



www.burmeseclassic.com


အခန်း ။ ၂၄ ။

# ကားသစ်ကြီးကလည်း ငြိမ့်ပါ့ကွာ

တစ်နေ့တွင် ပေတလုူသည် ဦးတင်ဘက်တူနှင့်အတူ စကားပြောရင်း လမ်းလျှောက်နေလေ၏။ ထိုသို့ လမ်းလျှောက်ရင်း ပေတလုူက–

"အဘရဲ့မော်တော်ကားဟာ အတော့်ကိုဟောင်းနေပြီ၊ အင်ဂျင်လည်း အတော်ကျနေပြီ အဘ၊ ကားမောင်းသွားတဲ့အခါမှာ မီးခိုးတွေ တအားထွက်တာဟာ အင်ဂျင်ကျနေပြီလို့ သိနိုင်တယ် အဘရေ ...၊ အဲဒီတော့ ကျွန်တော်ရယ်၊ တစ္ဆေဖြူရယ်၊ ဒါရိုင်ဘာ ကိုစလင်းရယ် တစ်နေ့က တိုင်ပင်ကြတယ်၊ အဲဒီကားကိုရတဲ့ဈေးနဲ့ ရောင်းပစ်မယ်၊ ပြီးတော့ ကျွန်တော်တို့ ငွေထပ်လိုက်ပြီးတော့ ကားအသစ်လေးတစ်စီး ဝယ်ပေးမယ်လို့ ဆုံးဖြတ်ကြတယ်၊ အဘက ရက်စ်လို့ ပြောလိုက်တာနဲ့ ကျွန်တော်တို့ အခုလုပ်လိုက်မယ်၊

www.burmeseclassic.com



တစ်နေ့က ကိုစလင်းကို မန္တလေးကို လွှတ်လိုက်ရင်း ကားဈေးကို စုံစမ်းခိုင်းလိုက်တယ်၊ လက်ဖက်ခြောက်ကုန်သည်တစ်ယောက်က သူဝယ်ထားတဲ့ကားကို ရောင်းပစ်ချင်နေတယ်၊ အကြမ်းဖျဉ်းပြောရရင် ရိုင်ရယ်စလွန်းပေါ့ အဘရယ် …၊ အထဲက ထိုင်ခုံတွေက ကြက်သွေးရောင် ရှန်မွိုင်းတွေ၊ ကားက အဖြူရောင်၊ တံခါးက ရွှေကွပ်ကွပ်ထားတယ်၊ အဲဒီကားကို အဘက စီးဖို့ စိတ်ဝင်စားရင် ကျွန်တော်တို့ ဒီနေ့ပဲ အပြတ်လုပ်လိုက်မယ် …”ဟု ပြောလျှင် အဘိုးကြီးသည် အံ့ဩသော မျက်လုံးဖြင့် ပေတလူကို ငေးစိုက်၍ ကြည့်နေလေ၏။ လမ်းလည်းဆက်၍ မလျှောက်တော့ပေ။

“နေစမ်းပါဦး ပေတလူရ …၊ တို့ဆိုင်လေးက အဲဒီကား ဝယ်စီးနိုင်အောင် ငွေကရပြီလားကွ …”ဟု မေးလိုက်ရာ ပေတလူက –

“ရပြီလား အဘရယ်…၊ နည်းနည်းနောနော မြတ်တာမှ မဟုတ်ဘဲ၊ အဘသိထားဖို့ကတော့ ဘယ်လိုပဲ စားကုန်သောက်ကုန် ရောင်းရောင်း ခုနစ်ဆယ့်ငါးရာခိုင်နှုန်းမြတ်တယ်၊ အစားအစာ ရောင်းရင်တော့ တစ်ရာရာခိုင်နှုန်းမြတ်တယ်၊ အသုံးအဆောင်ပစ္စည်း ရောင်းရင်တော့ ငါးဆယ်ရာခိုင်နှုန်းပဲ မြတ်တယ် အဘရေ …၊ အဲဒီတော့ ကျွန်တော်တို့ဆိုင်လေးမှာ အမြတ်တွေ စုထားတာ အတော်များနေပါပြီ … အခု အဘကို ဝယ်ပေးမယ်ဆိုတဲ့ မော်တော်ကားဟာလည်း အဘရဲ့ ကားဟောင်းလေးကို မရောင်းဘဲ ဝယ်မယ်ဆိုရင်လည်းဝယ်နိုင်ပါတယ်၊ အဘရဲ့ကားဟောင်းလေးက မလိုအပ်လို့ ရောင်းပစ်တာပါ၊ အဲဒီလို ကားလေးတစ်စီး ဝယ်ပြီးရင်လည်း ငွေကပိုနေပါသေးတယ်၊ အဘက အသက်ကြီးသွားလို့ပါ၊ အိမ်ထောင်ပြုမယ်ဆိုရင်လည်း ငွေအလုံအလောက် ရှိပါတယ် …”ဟု ပြောလိုက်လျှင် အဘိုးကြီးက ရယ်လေ၏။ ကျေနပ်အောင် ရယ်ပြီးနောက် –

“မင်းတို့သဘောပဲကွာ …၊ ရောင်းချင်ရင်လည်း ရောင်းလိုက်ပါ၊ ဝယ်ချင်ရင်လည်း ဝယ်လိုက်ပါ” ဟု ပြောလိုက်ရာ ပေတလူသည် ဒရိုင်ဘာ ကိုစလင်းကိုခေါ်၍ မန္တလေးသို့ ဆင်းသွားလေ၏။ ညနေစောင်းတွင် ကား

www.burmeseclassic.com



ဟောင်းကို ဝယ်မည့်သူရော၊ ကားသစ်ကို ရောင်းမည့်သူပါ ရောက်လာကြလေတော့၏။ ထို့နောက်တွင်ကား အရောင်းအဝယ်များ ပြီးစီးသွားကြလေ၏။ အရောင်းအဝယ်သမားများ ပြန်သွားကြသောအခါ၌ ပေတလူသည် အဘိုးကြီးအား မော်တော်ကားအသစ်ပေါ်သို့ တက်စေပြီးလျှင် ဒရိုင်ဘာကိုစလင်းအား မြို့တစ်ပါတ်မောင်းပေးရန် ပြောလေတော့၏။

အဘိုးကြီးသည် ကားအသစ်ပေါ်တွင် ဆေးတံသောက်ရင်းရွှင်ပျသောမျက်နှာဖြင့် လိုက်ပါလာခဲ့လေ၏။ ထိုအခါ ပေတလူက -

"အဘ ဘယ်လိုလဲ ကောင်းရဲ့လား ..." ဟု မေးလေ၏။ ထိုအခါ ဦးတင်ဘက်တူက -

"ဘယ်လိုဖြေရမှန်းတောင် မသိတော့ပါဘူးကွာ၊ အမှန်ပြောရရင် ငါ့အတွက် အိမ်အသစ်တို့၊ ကားအသစ်တို့က ဒီလောက်အရေးမကြီးတော့ပါဘူးကွ၊ မင်းပြောပြတဲ့ ပုံပြင်လေးတွေ၊ သက်ငယ်စကား သက်ကြီးကြားဆိုသလို အတိုအထွာ မှတ်သားစရာလေးတွေက ပိုပြီးတန်ဖိုးရှိပါတယ်ကွာ...၊ တကယ်ပြောရရင် အိမ်ကောင်းယာကောင်းနဲ့ မနေရရင်လည်းနေပါစေ၊ အခုလိုမော်တော် ကားအကောင်းစား မစီးရရင်လည်းနေပါစေ၊ မင်းကျိုတိုက်တဲ့ ရေနွေးကြမ်းကို ခရားလှလှကလေးထဲထည့်ပြီး တစ်ခွက်ချင်း အရသာခံသောက်ရင်း မင်းပြောတဲ့ ပုံပြင်ဆန်းဆန်းကလေးတွေကို နားထောင်နေရတာကိုက ငါ့အတွက် ပီတိဖြစ်လှပါပြီကွာ ...၊ မင်းတို့ ညီအစ်ကိုနှစ်ယောက်ကို ဘယ်လိုသမ္မာဒေဝကများ ပို့လိုက်သလဲ မသိပါဘူးကွာ ...၊ ကိုချိပ်ပန်းကိုလည်း ကျေးဇူးတင်ရမယ်ကွ၊ သူ့ကြောင့် မင်းတို့ညီအစ်ကိုနှစ်ယောက်ကို ငါကရတာလေကွာ ..."ဟု လေးလေး နက်နက် ပြောလိုက်လေတော့၏။ ထိုအခါ ပေတလူက-

"ဦးချိပ်ပန်းကြီးကလည်း အဘကို ကျေးဇူးတင်မှာပါ အဘ ကျေးဇူးကြောင့် သူက ကျွန်တော်တို့အမေကို ရသွားတာလေဗျာ ..."ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

www.burmeseclassic.com


"မင်းကလည်းကွာ …စကားကောင်းပြောရင်လုပ်ပြီ …" ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ပေတလူက -

"တကယ်ကျေးဇူးတင်ရမှာက အဘရဲ့ရောဂါနော်၊အဘမှာ နှလုံးရောဂါဖြစ်ပြီးကတည်းက ခြေထောက်ကမသန်လေတော့ ဝှီးချဲနဲ့ သွားနေရတယ်လေ …၊ အဲဒီတော့ ဝှီးချဲတွန်းဖို့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို ခေါ်တာမဟုတ်လား၊ အဲဒီလိုဆိုရင် တကယ့်အလုပ်ဟာ အဘရဲ့ရောဂါဖြစ်နေတယ်၊အဲဒီတော့ အဘကျေးဇူးတင်ရမှာက ဦးချိပ်ပန်းကို မဟုတ်ဘူး၊ အဘရဲ့ရောဂါကိုပဲ ကျေးဇူးတင်ရမှာ …" ဟု ပြောလိုက်လျှင် အဘိုးကြီးက ပါးစပ်တွင် ခဲထားသော ဆေးတံကိုဖြုတ်၍ တဟားဟား ရယ်လေတော့၏။ ထို့နောက် အဘိုးကြီးက -

"ထားပါတော့ကွာ…၊ ဘာပဲဖြစ်ဖြစ် မင်းတို့ညီအစ်ကို နှစ်ယောက် … အထူးသဖြင့် ပေတလူဆိုတဲ့ ကလေးတစ်ယောက် ငါ့အနားမှာရှိနေတာကိုက ငါ့ဘဝအတွက် ပီတိတွေပါပဲကွာ …"ဟု ပြောလိုက်လေတော့၏။ ထိုအခါ ပေတလူက-

"ဘဝရဲ့တကယ့်ပျော်ရွှင်မှုဆိုတာ အဲဒီလူတွေးတဲ့ အတွေးအခေါ် အမျိုးအစားပေါ်မှာ တည်မှီနေတယ် အဘ"ဟု ပြောလိုက်လျှင် အဘိုးကြီးက-

"ဟုတ်ပါ့ကွာ…"ဟု ထောက်ခံလိုက်လေ၏။

"နောက်ပြီးတော့ အဘရေ …ပျော်ရွှင်မှုတို့၊ ပီတိတို့ဆိုတာဟာ အဲဒီအရာတွေရဖို့ ရှန်းကန်တိုက်ခိုက်မှု တွေမပါမှ ပြီးပြည့်စုံတာနော် …"ဟု ပေတလူက ပြောလိုက်လျှင် အဘိုးကြီးသည် ကောင်းစွာမကြားလိုက်သဖြင့်

"ပြန်ပြောစမ်းပါဦး ပေတလူရဲ့ …" ဟု မေးလိုက်လေ၏။

"ဒီလို အဘရဲ့ …၊ ပီတိဆိုတဲ့အရာအတွက် ရရှိအောင်ဆိုပြီး ဘာကိုမှတိုက်ခိုက်ခြင်း၊ ကြိုးပမ်းခြင်းမလုပ်ရမှ ကောင်းတယ်အဘရဲ့ …၊ ပျော်ရွှင်မှုဆိုတာကလည်း ဒီအတိုင်းပါပဲ၊ ပျော်ရွှင်မှုရအောင်ဆိုပြီး တိုက်ခိုက်လှုပ်ရှားမှုတွေ မလုပ်ရဘူး၊ အဲဒါတွေလုပ်ပြီးရတဲ့ ပျော်ရွှင်မှုဆိုတာကလည်း

www.burmeseclassic.com



ပြည့်စုံတဲ့ပျော်ရွှင်မှုမျိုး မဖြစ်နိုင်ဘူး…”ဟု ပေတလူက ထပ်မံ၍ ပြောပြလိုက်ရာ အဘိုးကြီးက –

“တယ်ကောင်းတဲ့ စကားပဲကွ …”ဟု ပြောလေ၏။

“ကောင်းမှာပေါ့ အဘရဲ့ …၊ ကျွန်တော်ပြောတာမှ မဟုတ်ဘဲ၊ ဒီစကားဟာ တရုတ်ပညာရှိ ချောင်ဇူးပြောခဲ့တာ …”ဟု ပေတလူက ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးက –

“ပေတလူရေ …မင်းပြောတဲ့ စကားတွေဟာလည်း ကောင်းပါ့ကွာ …၊ ပြီးတော့ ကားအသစ်ကြီးစီးရတာလည်း ငြိမ့်ပါကွာ …” ဟု ပြုံးပြုံးကြီး ပြောလိုက်လေတော့၏။ ထိုအခါ ပေတလူက –

“အဘတစ်ယောက် အသက်ရှည် ကျန်းမာပါစေလို့ ကျွန်တော် အမြဲတမ်းဆုတောင်းပါတယ် အဘ…” ဟု ပြောလိုက်လေတော့ သတည်း။

●

www.burmeseclassic.com





www.burmeseclassic.com


အခန်း ။ ၂၅ ။

## ပေတလူပြောသော အဆောင်လုပ်နည်း

တစ်နေ့သ၌ ဦးတင်ဘက်တူကြီးသည် မန်ကျည်းပင်ကြီးအောက်တွင် ထိုင်၍ စက္ကူ၊ ခဲတံတို့ကို အသုံးပြုကာ ရေးခြစ်နေလေ၏။ ထိုအခါ၌ ပေတလူ ရောက်လာပြီးလျှင် –

"အဘ ဘာတွေတွက်နေတာလဲ ...." ဟု မေးလေ၏။

"ဒီလိုပါ ငါ့လူရာ ...၊ တို့အိမ်မှာ အရင်က ကားမောင်းတဲ့ ဒရိုင်ဘာစာတ်ရင်းနဲ့ ချောင်းဟိုဘက်က မညွန့်ကြည်တို့ရပြီး ကလေးတစ်ယောက်ရပြီကွ ...၊ ကလေးက ယောကျ်ားလေး ...၊ အဲဒီကလေးကို သူတို့အနားမှာရှိတဲ့ မူကြိုကျောင်းလေးမှာ ကျောင်းအပ်လိုက်ပြီကွ ...၊

www.burmeseclassic.com



အဲဒီအတွက် စရိတ်လိုလို့ တို့ဒရိုင်ဘာစလင်းနဲ့ဖြစ်နေတဲ့ ဟိုကျောင်းဆရာမ ကနေတစ်ဆင့် ငါ့ဆီကို စာရေးပြီး ပိုက်ဆံတောင်းတယ်ကွ ...၊ စာထဲမှာက ကလေးက ကျန်းမာရေးချူချာတဲ့အကြောင်းလည်း ပါတယ်ကွ၊ အဲဒါကြောင့် ကလေးအတွက် ကျောင်းထားဖို့စရိတ်လည်း ပေးမယ်ကွာ ...၊ ကလေး ကျန်းမာရေးကောင်းအောင် အဆောင်လေး ဘာလေးလည်း ပေးချင်တယ် ကွာ ...၊ အဲဒါကြောင့် ကလေးကို ဘာဖွားလဲလို့ တွက်ချက်ကြည့်နေတာ ကွ...'' ဟု အဘိုးကြီးက ပြောလေ၏။

''ကိုဓာတ်ရင်းရဲ့သားလေးက အထွန်းဖွားလေးပါ အဘရဲ့ ...၊ အဘက ဘယ်လိုအဆောင်မျိုးပေးမလို့လဲ'' ဟု ပေတလူက ပြန်၍မေးလေ၏။

''အဲဒီကလေးက တနင်္ဂနွေသားလို့ ဆိုတယ်ကွ၊ ဘာပဲဖြစ်ဖြစ် ကွာ...တနင်္ဂနွေဆိုတော့ ဂဠုန်မဟုတ်လားကွာ ...၊ ရွှေလေးနဲ့ ဂဠုန် ရုပ်ကလေးလုပ်ပြီး လည်ပင်းမှာဆွဲထားဖို့ ပေးမလို့ကွ ...''ဟု အဘိုးကြီးက ပြောလေ၏။ ထိုအခါ ပေတလူက .....

''အဆောင်က ဒီလိုပေးရတာမဟုတ်ဘူး အဘရဲ့၊ ဆောင်မယ့်လူရဲ့ မဟာဘုတ်လည်း တွက်ရတယ်၊ အဲဒီမဟာဘုတ်မှာ ညံ့နေတဲ့ ဂြိုဟ်တွေကို လည်း ဖယ်ရတယ်၊ ပြီးတော့နေ့သားကို အင်္ဂဝိဇ္ဇာတိုင်ထူရတယ်၊ အင်္ဂဝိဇ္ဇာမှာ ညံ့နေတဲ့ ဂြိုဟ်တွေကိုလည်း ထပ်ပြီးဖယ်ရတယ်၊ မဟာဘုတ်မှာလည်းကောင်း တဲ့ဂြိုဟ်၊ အင်္ဂဝိဇ္ဇာမှာလည်း ကောင်းတဲ့ဂြိုဟ်ကို ရွေးရတယ်၊ နောက်ပြီးတော့ အဘပြောသလို တနင်္ဂနွေ ဂဠုန်၊ တနင်္လာကျားတို့ မထုရဘူး အဘရဲ့...၊ တနင်္ဂနွေကို ဥဒေါင်းငှက်၊ တနင်္လာကို ကျေးမင်း၊ အင်္ဂါကို ခြင်္သေ့မင်း၊ ဗုဒ္ဓဟူးကို ဆင်မင်း၊ ကြာသပတေးကို မျောက်မင်း၊ သောကြာကို ဟင်္သာမင်း၊ စနေကို နွားလားဥသဘထုရတယ် အဘရဲ့ ...၊ ပြီးတော့လည်း ရွှေနဲ့ မလုပ်ရဘူး၊ တနင်္ဂနွေအတွက်ဆို အင်သား၊ အုန်းသား၊ ဧကရာဇ်သားကို သုံးရတယ်၊ တနင်္လာအတွက်ဆိုရင် ကံ့ကော်သား၊ ကျွန်းသားတို့ကို သုံးရ တယ်၊ သူ့အသားနဲ့သူ သုံးရတယ် အဘရဲ့၊ ကိုဓာတ်ရင်းရဲ့ကလေးဟာ (၁)

www.burmeseclassic.com



ကြွင်းမဟာဘုတ် တနင်္ဂနွေသားဆိုတော့ ကြာသပတေးတစ်လုံးပဲ အကောင်းရတယ် အဘရဲ့ …၊ ဒါကြောင့် ပျဉ်းမသားကို မျောက်မင်းရုပ်ထုပြီး ကလေးလည်ပင်းမှာ ဆွဲဖို့ ကျွန်တော်ပြောပြပြီးပါပြီ…၊ ပြီးတော့ အဆောင်ပေးတဲ့အခါမှာလည်း ကိုယ်က တိုက်ရိုက်မပေးရဘူး အဘရဲ့ …၊ ဆောင်မယ့်သူရဲ့ခြောက်ခု မြောက်နေ့သား ဆပ္ပတ်သားပေါ့ အဘရယ် …၊ သူကပေးရင်ကောင်းတယ်၊ တနင်္ဂနွေသားဆောင်ဖို့အတွက်ဆိုရင် သောကြာသားက ခြောက်ခုမြောက်နေ့သားပေါ့ အဘရယ် …''ဟု ပြောလိုက်လျှင် အဘိုးကြီးသည် ပေတလူအား မျက်လုံးပြူး၍ကြည့်နေလေ၏။ ထိုသို့ကြည့်ပြီးနောက်

''ငါကအဲဒီလောက် အသေးစိတ်မသိပါဘူးကွာ၊ အကြမ်းစား သိတာပါ …၊ မင်းက အသေးစိတ်သိနေပါလား …၊ ဒါတွေကို မင်းက ဘယ်လိုလုပ်ပြီး သိနေတာလဲ …၊ မင်းက ကလေးပဲ…''ဟု ပြောလေ၏။ ထိုအခါ ပေတလူက -

''ကျွန်တော်နဲ့ တစ္ဆေဖြူနဲ့က မော်တော်ကားဝပ်ရှော့မှာ တောက်တိုမယ်ရခိုင်းဖို့ အလုပ်လုပ်ရသေးတယ် အဘရဲ့ …၊ ကျွန်တော်တို့ ဝပ်ရှော့က ဝပ်ရှော့ဆရာက ကားကို သိပ်ပြီးမပြင်ချင်ဘူး၊ ဗေဒင်ပဲ တွက်ချင်နေတာ၊ ဗေဒင်လည်း အတော်တတ်တယ် အဘရဲ့ …၊ သူက စကားစပ်မိတိုင်း ကျွန်တော်တို့နှစ်ယောက်ကို သင်ပေးပါတယ် …၊ တစ္ဆေဖြူကတော့ မှတ်ဉာဏ် မကောင်းလို့မရဘူး …၊ ကျွန်တော်ကတော့ အတော်လေးရလိုက်ပါတယ်…''ဟု ဖြည်းဖြည်းဆေးဆေး ပြန်၍ပြောပြလေ၏။ ဦးတင်ဘက်တူကြီးသည် ပြုံး၍နေလေ၏။ ထို့နောက်မှ -

''မင်း စောစောကပြောတာ သဘောကျတယ်ကွာ၊ ဒါပေမဲ့ ငါမတတ်သေးဘူးကွ၊ ငါ့လည်း သင်ပြပေးပါဦး …'' ဟု ပြောလေတော့၏။

''ပြလည်းပေးပါမယ် အဘရယ် …၊ ပြီးတော့ အလွယ်ကြည့်လို့ရအောင် ဇယားလေးတစ်ခုလည်း လုပ်ပေးထားပါမယ် အဘရယ်…''ဟု ဆိုကာ ပေတလူသည် စာရွက်တစ်ရွက်ကိုယူ၍ လှပဝိုင်းစက်သော လက်ရေးဖြင့်

www.burmeseclassic.com



လွယ်ကူစွာအဆောင်ပေးနိုင်ရန်အတွက် အောက်ပါဇယားတစ်ခုကို ရေးပေးလိုက်လေတော့၏။

ဦးတင်ဘက်တူသည် ပေတလူရေးပြသော ဇယားကို လိုက်လံ၍ တွက်ကြည့်လေ၏။ ထိုသို့ တွက်ကြည့်ပြီးနောက် -

"ပေတလူရေ ... ငါက ထိန်သားနဲ့ နွားလား ဉသဖပုံ ထုပြီး ဆောင်ရမှာ..." ဟု ပြောလေ၏။ ထိုအခါ ပေတလူသည် ရယ်လေတော့၏။

| နေ့သား | ၁-ကြိမ် | ၂-ကြိမ် | ၃-ကြိမ် | ၄-ကြိမ် | ၅-ကြိမ် | ၆-ကြိမ် | ၇-ကြိမ် | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | မျောက်မင်း | ဟင်္သာမင်း | မျောက်မင်း | ကျောက်မင်း | ကျောက်မင်း | မျောက်မင်း | မျောက်မင်း | သောကြာ | ဗုဒ္ဓဟူး |
| တနင်္လာ | ဟင်္သာမင်း | ဟင်္သာမင်း | [illegible] | ဟင်္သာမင်း | မြသွေးမင်း | မြသွေးမင်း | ဟင်္သာမင်း | စနေ | ကြာသပတေး |
| အင်္ဂါ | [illegible] | [illegible] | [illegible] | ဥဒေါင်းမင်း | [illegible] | ဥဒေါင်းမင်း | ဆင်မင်း | တနင်္ဂနွေ | သောကြာ |
| ဗုဒ္ဓဟူး | မျောက်မင်း | ဥဒေါင်းမင်း | ဥဒေါင်းမင်း | ဥဒေါင်းမင်း | ကျောက်မင်း | ဥဒေါင်းမင်း | ကျောက်မင်း | တနင်္လာ | စနေ |
| ကြာသပတေး | မြသွေးမင်း | ဟင်္သာမင်း | ကျောက်မင်း | ကျောက်မင်း | ကျောက်မင်း | မြသွေးမင်း | ကျောက်မင်း | အင်္ဂါ | တနင်္ဂနွေ |
| သောကြာ | မြသွေးမင်း | [illegible] | [illegible] | မြသွေးမင်း | မြသွေးမင်း | မြသွေးမင်း | ဆင်မင်း | ဗုဒ္ဓဟူး | တနင်္လာ |
| စနေ | မျောက်မင်း | ဆင်မင်း | ဥဒေါင်းမင်း | ဥဒေါင်းမင်း | ဆင်မင်း | ဥဒေါင်းမင်း | ဆင်မင်း | ကြာသပတေး | အင်္ဂါ |

"အဘအရွယ်က အဆောင်တွေဘာတွေ ဆောင်ဖို့ မလိုတော့ပါဘူး အဘရယ် ...၊ တကယ်ဆောင်ရမှာကတော့ ကိုယ်စောင့်တရားကို ဆောင်ရမှာ အဘရဲ့ ...၊ ဒီအရွယ်ဟာ တရားလေးဘာလေး ထိုင်သင့်ပြီ ...၊ ပြီးတော့ အချိန်မရွေး သေတတ်တယ်ဆိုတဲ့ သဘောကိုလည်း ဆောင်ထားသင့်ပြီ၊ သတ္တဝါတွေကိုလည်း မေတ္တာပို့တဲ့ အကျင့်လေး လုပ်သင့်ပြီ ...၊ အဲဒီလို အမြဲလုပ်ပြီး အမြဲဆောင်ထားရမယ့် ကိုယ်စောင့် တရားလေးတော့ ဆောင်ထားသင့်ပြီ ...၊ အရုပ်တွေဘာတွေ မဆောင်ပါနဲ့ အဘရယ်...၊ လူမြင်လို့ မကောင်းပါဘူး၊ အဘတို့ အရွယ်မှာက ကြီးပွားရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး ဘာမှမရှိတော့ဘဲ၊ ဘာအတွက်ဆောင်မှာလဲ ...၊ မဆောင်ပါနဲ့ အဘရယ် ...၊ ကိုယ့်ရဲ့ အကျင့်ဟာ ကိုယ့်ရဲ့ အဆောင်လို့ပဲ သဘောထားပါ အဘရယ် ..."ဟု ပေတလူက ပြောလိုက်လျှင် အဘိုးကြီးက-

www.burmeseclassic.com



“သာခု …သာခု …သာခု …”ဟု သာခု ခေါ်လိုက်လေတော့သတည်း …။ ။

●

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၂၆ ။

## စိန်ပွင့်တစ်ပွင့် ဖြစ်ချင်ဖြစ်နေမှာပါ အဘ

တစ်နေ့သ၌ ဦးတင်ဘက်တူသည် ခြံတွင်းရှိ မန်ကျည်းပင်ကြီး အောက်ရှိ ခုံတန်းပေါ်တွင် စိတ်အေးလက်အေး ထိုင်လျက်ရှိလေ၏။ ပေတလူသည် ဦးတင်ဘက်တူ၏ခေါင်းကို ဘီးတစ်ချောင်းဖြင့် ရှင်း၍ပေးနေလေ၏။ ထိုသို့ ရှင်းပေးရင်း –

"မာဃဒေဝမင်းကြီးကတော့ သူ့ခေါင်းမှာ ဆံပင်ဖြူလေးတစ်ချောင်း တွေ့တာကို ဆတ္တာသည်ကတွေ့လို့ ပြောတာနဲ့ တောထွက်သွားတယ်၊ သေမင်းက အလံတစ်ချောင်း လာစိုက်ပြီလို့လည်း ပြောသွားတယ်၊ အဘခေါင်းမှာ အလံတွေများနေပြီနော် …"ဟု ပြောလိုက်ရာ အဘိုးကြီးက –

www.burmeseclassic.com



“အထိတ်တလန့် မလုပ်စမ်းပါနဲ့ ပေတလုရယ်၊ နဂိုကမှ လူက သေရမှာကြောက်ရတဲ့အထဲ မခြောက်စမ်းပါနဲ့ကွာ …” ဟု ရယ်ကျဲကျဲနှင့် ပြောလေ၏။ ထိုအခါ ပေတလူက –

“ဒီလိုစဉ်းစားရအောင် အဘရယ် …၊ ကျွန်တော်တို့ တိုင်းပြည်မှာက သက်တမ်းဟာ ပျမ်းမျှခြင်းအားဖြင့် ၇၅ နှစ်ပဲရှိတယ်၊ ဒီထက်ပိုပြီး နေရရင်တော့ ကံကောင်းလို့မှတ် …”ဟု ပြောရာ အဘိုးကြီးက –

“ဟုတ်တယ်ကွ ..၊ ငါနဲ့သိတဲ့ လူတော်တော်များများဟာ ၇၅နှစ် ပတ်ဝန်းကျင်မှာ ဆုံးပါးကုန်ကြတယ်” ဟု ထောက်ခံပြောဆိုလေ၏။ ထိုအခါ ပေတလူက–

“ရောက်ရှိတဲ့ အသက်ဟာ လူ့ဘဝမှာ သုံးခဲ့ပြီးတဲ့ အချိန်ကာလ ပေါ့ အဘရယ် …၊ အဲဒီတော့ လူတစ်ယောက်ကို ၇၅ နှစ်အထိ နေရမယ် လို့ စဉ်းစားကြည့်ရင် အဲဒါကို ရက်ဖွဲ့လိုက်ရင် (၂၇၃၇၅) ရက်၊ ဥပမာဆိုပါတော့ ဆယ့်ငါးနှစ်သားဆိုရင် သူနေပြီးတဲ့ရက်က (၅၄၇၅) ရက်ဖြစ်တယ် အဘရဲ့…၊ ၇၅ နှစ် နေရမယ်ဆိုရင် အသက်ရှင်သန်ဖို့ ရက်ဟာ (၂၁၉၀၀)ရက်ပဲ ကျန်တော့တယ် အဘရဲ့ …၊ အဲဒီတော့ အဘရယ် …ကျွန်တော် ဇယားလေး တစ်ခု အဘကိုလုပ်ပေးမယ်၊ အဘ အသက်ကို ၇၅နှစ် လျှာထားပြီး အဘ သေဖို့ ဘယ်နှစ်ရက်ကျန်သေးတယ်ဆိုတာကို ကျွန်တော် တွက်ပေးထားမယ်…”ဟု ပြောကာ ပေတလူသည် စာရွက်တစ်ရွက်ကို မျဉ်းကြောင်းများ တား၍ အောက်ပါဇယားတစ်ခုကို ရေးဆွဲပေးလေ၏။ ထိုဇယား၏ အောက် တွင်လည်း –

‘အဘ ဦးတင်ဘက်တူ မသေမီ လက်ကျန်ရက်များ တန်ဖိုးရှိစွာ သုံးနိုင်ပါစေ …’

မောင်ပေတလူ

www.burmeseclassic.com



ဟု ရေးထိုးထားလေ၏။

## မသေမီ ကျန်သောရက်ပေါင်း

| အဘဦးတင်ဘက်တူ အသက် | အဘဦးတင်ဘက်တူ သုံးခဲ့ပြီးသောရက်များ | ၇၅နှစ် မတိုင်မီ အဘဦးတင်ဘက်တူ၏ လက်ကျန်ရက်များ |
|---|---|---|
| ၁၅ နှစ် | ၅၄၇၅ ရက် | ၂၁၉၀၀ ရက် |
| ၂၀ နှစ် | ၇၃၀၀ ရက် | ၂၀၀၇၅ ရက် |
| ၂၅ နှစ် | ၉၁၂၅ ရက် | ၁၈၂၅၀ ရက် |
| ၃၀ နှစ် | ၁၀၉၅၀ ရက် | ၁၆၄၂၅ ရက် |
| ၃၅ နှစ် | ၁၂၇၇၅ ရက် | ၁၄၆၀၀ ရက် |
| ၄၀ နှစ် | ၁၄၆၀၀ ရက် | ၁၂၇၇၅ ရက် |
| ၄၅ နှစ် | ၁၆၄၂၅ ရက် | ၁၀၉၅၀ ရက် |
| ၅၀ နှစ် | ၁၈၂၅၀ ရက် | ၉၁၂၅ ရက် |
| ၅၅ နှစ် | ၂၀၀၇၅ ရက် | ၇၃၀၀ ရက် |
| ၆၀ နှစ် | ၂၁၉၀၀ ရက် | ၅၄၇၅ ရက် |
| ၆၅ နှစ် | ၂၃၇၂၅ ရက် | ၃၆၅၀ ရက် |
| ၇၀ နှစ် | ၂၅၅၅၀ ရက် | ၁၈၂၅ ရက် |
| ၇၅ နှစ် | ၂၇၃၇၅ ရက် | တရားမမေ့ပါနှင့် |

**အဘတစ်ယောက် မသေမီကျန်သောရက်တွင် တန်ဖိုးရှိစွာ နေသွားပါစေ . . .**

**မောင်ပေတလူ**

ဒီဇယားက ဒီလို အဘရဲ့ အဘဟာ ဆယ့်ငါးနှစ်သား ရောက်တဲ့ အခါမှာ သေဖို့ရက် ဘယ်လောက်ကျန်သေးတယ်၊ အသက်နှစ်ဆယ် ရောက်တဲ့

www.burmeseclassic.com



အခါမှာ သေဖို့ရက်ပေါင်း ဘယ်လောက်ကျန်သေးတယ်ဆိုတာကို တွက်ထား ပေးတာ အဘရဲ့ ...၊ အဘ အသက် ၆၀ တုန်းက သေဖို့ရက်ဟာ(၅၄၇၅)ရက် ကျန်သေးတယ်၊ အခု အဘဟာ ၆၂ နှစ်ရှိပြီလေ ...၊ အဘသေဖို့ ကျန်တဲ့ ရက်ဟာ(၃၇၄၅)ရက်ပဲ ကျန်တော့တယ် အဘရဲ့ ...၊ အဲဒီ လေးထောင် ကျော်ရက် ကလေးဟာ ဟိုလှည့်ဒီလှည့်နဲ့ ရောက်လာမှာနော်၊ အဲဒါလေးကို တန်ဖိုးရှိရှိ အသုံးချတတ်ဖို့တော့ လိုလိမ့်မယ်ထင်တယ် အဘ ...''ဟု ပေတလူက ပြောလိုက်ရာ ဦးတင်ဘက်တူကြီးသည်း ပါးစောင်တွင်ခဲထားသော ဆေးတံကို ဖြုတ်၍ ပြုံးလေ၏။

''ကျေးဇူးတင်ပါတယ် ပေတလူရယ် ...၊ ငါ သေမယ့်ရက်တွေကို မင်းက အတိအကျ လိုက်ပြီးတွက်ပေးထားတာကိုး ...'' ဟု ခပ်လှောင် လှောင်ရယ်သံဖြင့် ပြောလေ၏။

''အဘက ကျွန်တော့်ကို လှောင်တာကိုး ...၊ ဒါပေမဲ့ သေမင်းကို တော့ လှောင်လို့မရဘူးနော် ...''ဟု ပေတလူက ခပ်တည်တည် ပြန် ပြောလေ၏။

''တစ်ခုမေးပါရစေဦး ပေတလူရယ် ...၊ သေတယ်ဆိုတာဟာ ကြောက်စရာ၊ လန့်စရာလား၊ မကြောက်မလန့် နေရမယ့်အရာလား ...'' ဟု အဘိုးကြီးက မေးလေ၏။

''အမှန်ကတော့ အဘရယ် ...၊ ရှင်တာရော သေတာရောဟာ ဖြစ်စဉ်တွေပါပဲ၊ သေခြင်းတရားဆိုတာကလည်း မဖြတ်သန်းဘဲ နေလို့မရတဲ့ ဖြစ်စဉ်တစ်ခုမဟုတ်လား အဘရယ် ...၊ အဲဒီတော့ ကြောက်စရာလို့လည်း ပြောလို့မရဘူး၊ မကြောက်စရာလို့လည်း ပြောလို့မရဘူး၊ ဖြတ်သန်းရမယ့် ဂိတ်တစ်ခုဆိုရင် မမှားပါဘူး၊ ဂိတ်ဆိုပေမဲ့ တကယ့် ဂိတ်ကြီးဆောက်ထားတာ မဟုတ်ဘူး အဘရေ ... **GATELESS , GATE** '' ဟု ပေတလူက ပြောလိုက်လေ၏။ ဦးတင်ဘက်တူသည် ကလေးမျှသာရှိသော ကောင်ကလေးက ကြီးကြီးကျယ်ကျယ် ပြောနေသောကြောင့် မရယ်မိစေရန် မနည်းထိန်း၍ထားရ

www.burmeseclassic.com



လေ၏။ သို့ရာတွင် ဦးတင်ဘက်တူ ရယ်ချင်နေကြောင်းကို ပေတလူက ကောင်းစွာသိလေ၏။ ထို့ကြောင့် -

"အာဘကို ကျွန်တော် ပုံလေးတစ်ပုံ ပြောပြမယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ ကျော်လောက်က ဂျပန်ပြည်မှာ 'ဂူဒို'လို့ခေါ်တဲ့ ပုဂ္ဂိုလ်ထူးတစ်ဦး ရှိခဲ့တယ်၊ တစ်နေ့မှာ သူဟာ လွန်စွာဝေးတဲ့ 'တီဒို'ဆိုတဲ့မြို့ကို သူနေတဲ့ မြို့ကနေ ခြေလျင်ခရီးနဲ့ သွားရှာတယ်၊ အဲဒီနေ့မှာ မိုးကလည်း သည်းလိုက်တာ မပြောနဲ့တော့၊ ဂူဒို စီးလာတဲ့ ကောက်ရိုးဖိနပ်ဟာ ခရီးကြမ်းလွန်းလို့ ပြတ်ထွက် သွားပြီး ဖိနပ်မပါတော့ ခြေဖဝါးက သိပ်နာတာနဲ့ လမ်းကောင်းကောင်း လျှောက်လို့မရဘူး၊ အဲဒီတော့ ဂူဒိုဟာ အိမ်တစ်အိမ်ရဲ့ ရှေ့မှာရပ်ပြီး သူ့ကို ဖိနပ်တစ်ရံ လှူဖို့ ဒါမှမဟုတ် ရောင်းဖို့ မေတ္တာရပ်ခံတယ်၊ အဲဒီအိမ်က အိမ်ရှင်မက ထွက်လာပြီး မိုးရေတွေစိုနေတဲ ဂူဒိုကို အိမ်ထဲကို ဖိတ်ခေါ်လိုက် တယ်၊ ဖိနပ်လည်း လှူပါ့မယ်လို့ပြောတယ်၊ ပြီးတော့ အိမ်ရှင်မက ဖိနပ် တစ်ရံလှူတယ်၊

အဲဒီအခါမှာ ဂူဒိုက မျက်နှာလည်း မကောင်းပါလား၊ ဘယ်လို အခက်အခဲများရှိလို့လဲလို့ မေးလိုက်တယ်၊ အဲဒီတော့ အိမ်ရှင်မက 'ကျွန်မ ယောကျ်ားဟာ သိပ်ပြီးဆိုးပါတယ်၊ လောင်းကစားလည်း အလွန်ဝါသနာပါ ပါတယ်၊ လောင်းကစားဝိုင်းမှာ နိုင်ရင်လည်းနိုင်တဲ့အတွက် အပေါင်း အသင်းတွေနဲ့ အရက်သောက်ပြီး အိမ်ကို ပြန်မလာဘူး၊ ရှုံးပြန်ရင်လည်း ငွေတွေ လျှောက်ချေးပြီး ထပ်ပြီးကစားတယ်၊ ကျွန်မတို့ဟာ သူ့ရဲ့လုပ်စာကို စားရတယ်မရှိပါဘူး၊ အဲဒါကြောင့် စိတ်ညစ်နေရတာပါ ...'' လို့ ပြောတယ်။ ပြီးတော့ အိမ်ရှင်မဟာ ဂူဒိုကို မိုးတိတ်မှပဲ ခရီးဆက်ဖို့ မေတ္တာရပ်ခံတယ်။

ဂူဒိုက အိမ်ရှင်မကို ပိုက်ဆံပေးပြီး အရက်တစ်ဂါလံနဲ့ ငါးကြော် အချို့ကို ဝယ်ခိုင်းလိုက်တယ်။ ပြီးတော့ အိမ်ရှင်မရဲ့ယောကျ်ားပြန်အလာကို အိမ်ရှေ့မှာ ထိုင်ပြီး စောင့်နေတယ်။ အတော်လေး ညဉ့်နက်တဲ့အခါမှာ အိမ်ရှင်မရဲ့ ယောကျ်ားဟာ ပြန်လာတယ်၊ အတော်လည်း မူးနေရှာတယ်၊

www.burmeseclassic.com



အဲဒီလူက ဂူဒိုကို 'ခင်ဗျား ဘယ်သူလဲ'လို့ မေးလိုက်တယ်၊ ဂူဒိုက 'ကျုပ်က ခရီးသည်တစ်ဦးပါပဲ၊ နာမည်က ဂူဒိုလို့ ခေါ်တယ်၊ မိုးရွာလို့ ခင်ဗျား မိန်းမဆီမှာ ခွင့်တောင်းပြီး မိုးခိုတာပါ ...'လို့လည်း ပြောလိုက်ရော ...အိမ်ရှင်ယောကျ်ားက 'ကျုပ်မိန်းမလည်း အိပ်ပြီ၊ ကျုပ်အတွက် စားစရာလည်းရှိမှာမဟုတ်ဘူး၊ ဒီ့ထက်အရေးကြီးတာကတော့ ထပ်ပြီး အရက်သောက်ချင်တယ်...' လို့ ပြောတယ် ...၊

အဲဒီတော့ ဂူဒိုက 'အဲဒီအတွက် မပူပါနဲ့၊ ကျုပ်မှာ အရက်လည်း ရှိပါတယ်၊ ငါးကြော်လည်း ရှိပါတယ် ...' လို့ ဆိုပြီး အရက်နဲ့ ငါးကြော်ကို ချပေးလိုက်တယ်၊ အိမ်ရှင်ယောကျ်ားဟာ အရက်နဲ့ ငါးကြော်ကို အတော်အတန် စားသောက်ပစ်လိုက်တယ်၊ ပြီးတော့ မူးပြီးအိပ်ပျော်သွားတယ်၊ မိုးလင်းခါနီးမှာ အိပ်ရာကနိုးပြီး 'ခင်ဗျား ဘယ်သူလဲ'လို့ မေးတယ် ...၊

ညကအဖြစ်အပျက်တွေ မေ့သွားပြီလေ ...၊ အဲဒီအခါမှာ ဂူဒိုက သူဟာ ဧည့်သည်ဖြစ်ကြောင်း၊ ညက အရက်နဲ့ ငါးကြော်ကျွေးတဲ့သူဖြစ်ကြောင်း ပြောပြလိုက်တယ်၊ အဲဒီအခါမှာ အိမ်ရှင်ယောကျ်ားက ကျေးဇူးတင် စကားပြောကြားလိုက်တယ်၊ အဲဒီတော့ ဂူဒိုဟာ အိမ်ရှင်ယောကျ်ားကို အသက်ဘယ်လောက်ရှိပြီလဲလို့ မေးလိုက်တယ်၊ အဲဒီတော့ အိမ်ရှင်ယောကျ်ားက အသက် ၄၀ ရှိပြီလို့ ပြောလိုက်တယ်၊ အဲဒီတော့ ဂူဒိုက 'ဒီမှာ မိတ်ဆွေ၊ ခင်ဗျားဟာ အသက် ၄၀ ရှိပြီဆိုရင် လူ့လောကမှာ ရက်ပေါင်း(၁၄၆၀၀)ရက် နေခဲ့ပြီးပြီ၊ တကယ်လို့ ၇၅ နှစ်ထိ နေရမယ်ဆိုရင် နေဖို့ကျန်သေးတဲ့ ရက်ပေါင်းဟာ ( ၁၂၇၇၅ )ရက်ပဲ ကျန်တော့တယ်၊

အဲဒီရက်တွေဟာလည်းနေ့တစ်ခါ၊ ညတစ်လှည့်နဲ့ ကုန်သွားမှာပါ၊ အကောင်းဆုံးအကြံပေးချင်တာကတော့ လောင်းကစားလုပ်တာတို့၊ အရက်သောက်တာတို့ကို ဖြတ်သင့်ပါပြီလို့ ပြောလိုက်တယ်၊ အဲဒီတော့ အိမ်ရှင်ယောကျ်ားက 'ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ဒီလို ဟောပြောဆုံးမတဲ့အတွက် ကျေးဇူးဆပ်ချင်ပါတယ်၊ ခင်ဗျားသွားတဲ့ခရီးမှာ ခင်ဗျားလွယ်အိတ်ကို

www.burmeseclassic.com



လွယ်ပြီး ခရီးအတော်အတန်ထိ လိုက်ပို့ချင်ပါတယ် …' လို့ ပြောပြီး ဂူဒို အိမ်ကထွက်တဲ့အခါမှာ အဲဒီလူက ဂူဒိုရဲ့လွယ်အိတ်ကိုလွယ်ပြီး လိုက်ပို့ရှာတယ်၊ ငါးမိုင်လောက်ရောက်တဲ့အခါမှာ ဂူဒိုက ပြန်ဖို့ပြောပါတယ်၊

ဒါပေမဲ့ အဲဒီလူက မရဘူး၊ နောက်ထပ် ငါးမိုင်လောက်ထပ်ပြီး လိုက်ပို့ပါရစေလို့ ပြောပါတယ်၊ ဆယ်မိုင်လောက် ရောက်တဲ့အခါမှာ ဂူဒိုက ပြန်သင့်ကြောင်း ပြောပါတယ်၊ ဒါပေမဲ့ ဒီလူက နောက်ထပ် ဆယ်မိုင် လိုက်ပို့ပါရစေဦးလို့ ပြောပါတယ်၊ မိုင်နှစ်ဆယ်ခရီးတွင် သွားတဲ့အခါမှာ ဂူဒိုက 'မလိုက်နဲ့တော့၊ ကျုပ်က ရှေ့ကျင် ရဟန်းပြုမယ်' လို့ ပြောပါတယ်၊ အဲဒီအခါမှာ အဲဒီလူက ကျွန်တော် လုံးဝမပြန်တော့ပါဘူးလို့ဆိုပြီး ဂူဒိုနဲ့အတူ ရဟန်းပြုလိုက် တယ်။ ပြီးတော့ တစ်သက်ပတ်လုံး ရဟန်းဘဝနဲ့ပဲ နေသွားတယ်၊ သူ့ခေတ်သူ့ အခါမှာ တရားဟော အလွန်ကောင်းတဲ့ ဘုန်းတော်ကြီး မူနန်းဆိုတာ အဲဒီ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ မူနန်းဆိုတာ သူတို့ဘာသာစကားနဲ့ '*နောက်ကြောင်း ပြန်မလှည့်သူ*' လို့ အဓိပ္ပါယ်ရပါတယ်၊ ပြန်မလှည့် ဆရာတော်ပေါ့ အဘရယ်၊

ဒါပေမဲ့ ဂူဒိုရဲ့မှတ်တမ်းမှာတော့ မူနန်းကို ရွံ့ထူတဲ့ လမ်းပေါ်က ကောက်ရတဲ့ စိန်တစ်ပွင့်လို့ မှတ်တမ်းတင်ထားတယ်၊ အဲဒီတော့ အဘရယ် ကျွန်တော့်ကိုလျှောင်ပြီး ရယ်ဖို့မကြိုးစားပါနဲ့၊ တစ်ချိန်မှာ ကျွန်တော်ဟာ စိန်တစ်ပွင့် ဖြစ်လာချင် ဖြစ်လာမှာပါ'' ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူကြီးက ကျေကျေနပ်နပ်ကြီး ပြုံးလိုက်လေတော့သတည်း …။ ။

www.burmeseclassic.com





အခန်း ၊ ၂၇ ၊

# ဦးတင်ဘက်တူ အမိဠာန်ဝင်ရန်ပြင်ဆင်ပေးခြင်း

တစ်နေ့သ၌ ဦးတင်ဘက်တူသည် ခြံတွင်းရှိ အရိပ်အာဝါသကောင်းလှသော မန်ကျည်းပင်ကြီးအောက်တွင်ထိုင်လျက် တစ်စုံတစ်ခုကို ရေးမှတ်နေလေ၏။

"ဘာတွေရေးနေတာလဲ အဘ ..." ဟု ပေတလုူက မေးလေ၏။ ထိုအခါ အဘိုးကြီးက –

"အခုလာမယ့် တန်ဆောင်မုန်းလပြည့်နေ့မှာ အမိဠာန်ဝင်မလို့ကွ..." ဟု ပြောလေ၏။

"ကောင်းပါတယ် အဘရယ် ..." ဟု ပေတလုူက ပြန်၍ပြော

www.burmeseclassic.com



လေ၏။

"မင်းကိုငါ ပြောပြရဦးမယ်ကွ ...၊ ငါဟာ အသက်လေးဆယ် လောက်ကတည်းက အဓိဋ္ဌာန်ပုတီးစိပ်တာတို့၊ အဓိဋ္ဌာန်နဲ့ မန္တာန်ရွတ်တာတို့ လုပ်ဖူးပါတယ်ကွာ..၊ ဒါပေမဲ့ တစ်ခါမှ အဓိဋ္ဌာန်မအောင်ဖူးဘူးကွ ...၊ ဘယ်လိုဖြစ်တယ်မဆိုနိုင်ပါဘူးကွာ ..."ဟု အဘိုးကြီးက ညည်းညူလေ၏။ ထိုအခါ ပေတလူက -

"ဒီလိုရှိတယ် အဘ ...၊ ဆရာလုပ်တာ မဟုတ်ဘူးနော်၊ ကျွန်တော် သိတာလေး ပြောပြမှာပါ၊

(၁) အဓိဋ္ဌာန်ကို ရက်ရှည်မလုပ်ရဘူး အဘရဲ့၊ ရက်ရှည်လုပ်ရင် ပျက်ဖို့က များတယ် ...၊

(၂) ခက်တဲ့အဓိဋ္ဌာန်တွေ အထူးသဖြင့် ကိုယ်မလုပ်နိုင်တာတွေကို မလုပ်ရဘူး အဘရဲ့၊ လုပ်ရင်ပျက်ဖို့များတယ်၊

(၃) စကားပြောတတ်တဲ့အဖော်၊ ကျားထိုးတတ်တဲ့ ...၊ စစ်တုရင် ထိုးတတ်တဲ့အဖော်၊ ဝတ္ထုဇာတ်လမ်း ပြောတတ်တဲ့အဖော်နဲ့လည်းအတူ အဓိဋ္ဌာန်မဝင်ရဘူး အဘရဲ့ ...၊ ဝင်မိရင် ပျက်တတ်တယ်...၊

(၄) ကျန်းမာရေး သိပ်မကောင်းဘဲနဲ့လည်း အဓိဋ္ဌာန်မလုပ်ရဘူး အဘရဲ့ ...၊ အဓိဋ္ဌာန်မပြီးခင်မှာ ကျန်းမာရေး ညံ့လာရင်လည်း အဓိဋ္ဌာန် ပျက်တတ်တယ်၊

(၅) အမှုချိန်း၊ ရုံးချိန်းရှိနေတဲ့အခါမှာလည်း အဓိဋ္ဌာန်မလုပ်ရဘူး အဘရဲ့ ...၊ လုပ်ရင် ပျက်တတ်တယ် ...၊

(၆)ခရီးမသွားမဖြစ်ကိစ္စမျိုးရှိနေရင်လည်း အဓိဋ္ဌာန်မလုပ်ရဘူး အဘရဲ့ ...၊ လုပ်ရင်ပျက်တတ်တယ် ...၊

ပြီးတော့ အကြံပေးချင်တာကတော့ အဓိဋ္ဌာန်ကို အဖော်နဲ့ မလုပ် တာကောင်းတယ် အဘရဲ့ ...၊ အဖော်နဲ့လုပ်ရင် သူပျက်တာနဲ့ ကိုယ်ပါ လိုက်ပြီးပျက်တတ်တယ်...၊

(၇) အမိဌာန်လုပ်တဲ့အခါမှာ နေရာထိုင်ခင်းက အတော်ပဲ အရေးကြီးပါတယ် …။

(၈) မပူလွန်း၊ မအေးလွန်းတဲ့နေရာဖြစ်ဖို့လည်း လိုသေးတယ် အဘရဲ့…။ (၉) လေဝင်လေထွက်ကောင်းဖို့နေရာဖြစ်ဖို့လည်း လိုသေးတယ် အဘရဲ့ …။

(၁၀) အမိဌာန်လုပ်တဲ့နေရာဟာ မှောင်လွန်း၊ လင်းလွန်းတဲ့နေရာ မဖြစ်ဖို့လည်း အရေးကြီးတယ်၊

(၁၁) မျက်စိရှုပ်စရာကောင်းတဲ့ နေရာမျိုးမှာလည်း အမိဌာန် မလုပ်ရဘူး အဘရဲ့ …၊ လုပ်မိရင် ပျက်တတ်တယ် …၊

(၁၂) အန္တရာယ်များတဲ့နေရာတွေ၊ ရာဇဝတ်မှုတွေ ဖြစ်နိုင်တဲ့ နေရာမှာလည်း အမိဌာန်မလုပ်ရဘူး အဘရဲ့ …၊ လုပ်မိရင် ပျက်တတ်တယ်…၊

(၁၃) ကာမဂုဏ်အာရုံတွေများတဲ့နေရာမှာလည်း အမိဌာန် မလုပ်ရဘူး အဘရဲ့ …၊ လုပ်မိရင် ပျက်တတ်တယ်၊

(၁၄) အမိဌာန်လုပ်တဲ့အခါ အဆာခံပြီးလည်း မလုပ်ရဘူး၊ တအားဗိုက်ပြည့်အောင် စားထားပြီးလည်း မလုပ်ရဘူး၊

(၁၅)အဝတ်အစားကလည်း သန့်ရှင်းပြီး ချောင်ချောင်ချိချိဖြစ်တဲ့ အဝတ်အစားမျိုး ဝတ်ရမယ် အဘရဲ့…၊

(၁၆) ပြီးတော့ အမိဌာန်ယူတယ်ဆိုပြီး မအိပ်မနေ လုပ်လို့မရဘူး၊ အိပ်ချိန်၊ နားချိန်တော့ မှန်မှန်ရှိရမယ်၊

(၁၇) အမိဌာန်လုပ်နေတဲ့အချိန်တွင်းမှာ အမိဌာန်နဲ့ပတ်သက်လို့ ကဗျာရေးတာတွေ၊ စာရေးတာတွေ မလုပ်ရဘူး၊ အဲဒါတင်မကဘူး၊ အမိဌာန်နဲ့ မပတ်သက်တဲ့ ဘယ်လိုအလုပ်မျိုးနဲ့မှ အချိန်မဖြုန်းရဘူး အဘရဲ့ …၊

(၁၈) ပြီးတော့ ဆေးဝါးခါတ်စာ မှီဝဲနေရတဲ့သူဆိုရင်လည်း အမိဌာန် အချိန်အတွင်းမှာ မှီဝဲနိုင်ရမယ် အဘရေ …၊ အဲဒီလို မမှီဝဲနိုင်ဘူးဆိုရင်တော့

www.burmeseclassic.com



အစိမ္ဘာန်ပျက်သွားမယ် အဘရေ ...၊

(၁၉) ကျန်းမာရေးကို ဂရုစိုက်ရမယ်၊ နေ့တိုင်းရေမှန်မှန်ချိုးရမယ်၊ အညောင်းပြေ၊ အညာပြေ လမ်းလျှောက်ဖြစ်ရမယ် ...၊ အဲဒီလို မလုပ်နိုင်ဘူးဆိုရင်တော့ အစိမ္ဘာန်ပျက်သွားလိမ့်မယ်၊

(၂၀) အစိမ္ဘာန်လုပ်နေတဲ့ အတောအတွင်းမှာ နောက်ကိုလည်း ပြန်မစဉ်းစားနဲ့၊ ရှေ့ကိုလည်း ကြိုမစဉ်းစားနဲ့၊ အတွေးအကြံတွေကင်းပြီး နေတတ်အောင် နေရမယ်၊

(၂၁) အစိမ္ဘာန်ပြီးသွားရင် ငါတော့အတော့်ကို ထူးသွားမယ်လို့လည်း အာရုံပြုမထားနဲ့၊ ဘာမှထူးမှာမဟုတ်ဘူးလို့လည်း ထင်မထားနဲ့၊ အဲဒီနှစ်ခုနဲ့ လွတ်အောင်နေပြီး အစိမ္ဘာန်လုပ်ရမယ်၊ အခု ကျွန်တော်ပြောတာတွေဟာ အဘကို ဆရာလုပ်နေတာ မဟုတ်ဘူးနော်၊ အဘကို ကျွန်တော် နားလည်တာတွေပြောပြတာပါ ...''ဟု ပေတလူက ပြောပြလေ၏။

ထိုအခါ အဘိုးကြီးက -

''မင်းပြောတာတွေက အမှန်တွေပါပဲ ပေတလူရယ် ..၊ ငါ့အနေနဲ့ အစိမ္ဘာန်လုပ်ပြီး ပျက်သွားတာတွေ အားလုံးဟာ အခု မင်းပြောတာနဲ့ အကျုံးဝင်ပါတယ်ကွာ'' ဟု ပြောလေ၏။ ထို့နောက် ပေတလူက -

''အဘရေ ...ချောင်းဟိုဘက်က ခြံတစ်ခြံမှာ တိုက်တစ်လုံး လွတ်နေတယ်၊ အဲဒီမှာ အဘ အစိမ္ဘာန် လုပ်သင့်တယ်'' ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူက -

''သူများတိုက်ထဲ သွားလုပ်လို့ ကောင်းပါ့မလားကွ''ဟု ပြောလိုက်လျှင် ပေတလူက -

''အဘကလည်းဗျာ ...သူများတိုက် ဘယ်ဟုတ်မလဲ၊ အဲဒါကို လတွက်နဲ့ ငှားလိုက်မှာပေါ့ ...၊ အဲဒီလိုငှားပြီး အဲဒီနားက လူတွေကိုလည်း ငှားပြီး သန့်ရှင်းရေး လုပ်ခိုင်းလိုက်မယ်၊ ပိုးသတ်ဆေးဖျန်းခိုင်းလိုက်မယ်၊ အဘ အိပ်ဖို့ အိပ်ရာတွေဘာတွေ ပြင်ထားလိုက်မယ်၊ အဘ စားဖို့

www.burmeseclassic.com


မီးဖိုတွေ ဘာတွေ အဆင်သင့်လုပ်ထားလိုက်မယ်၊ မီးလုံးတွေ၊ မီးချောင်းတွေပျက်နေတာရှိရင်လည်း ပြန်ပြီး ပြင်ထားလိုက်မယ်၊ ကျွန်တော်က အဘနားမှာ ရှိနေမှာပဲ၊ ကိုစလင်းကိုလည်း အဖော်အဖြစ် ခေါ်ထားလိုက်မယ် အဘရယ် …၊

ဈေးတွေဘာတွေ ဝယ်ဖို့တော့ ကျွန်တော် မသွားပါဘူး၊ အဲဒီနားက အိမ်တစ်အိမ်က မိန်းမတစ်ယောက်ကို အကူအညီတောင်းလိုက်မယ် အဘရယ် …၊ အားလုံး အဆင်သင့်ဖြစ်အောင် ကျွန်တော် လုပ်ထားမယ် …၊ တန်ဆောင်မုန်းလပြည့်နေ့ကျတော့ အဘကို ဘုရားလိုက်ပို့မယ် …၊ အဲဒီမှာ အဘအမိဋ္ဌာန်ယူပေါ့ …၊ အဘ အမိဋ္ဌာန်ထွက်တဲ့နေ့မှာ ဟိုဘက်က တစ်ပါးကျောင်းက ဘုန်းကြီးလေးပင့်ပြီး ဆွမ်းကျွေးမယ် အဘရယ်၊ အဲဒီအိမ်မှာ ဘုရားစင်တော့ ရှိတယ်၊ လူမနေတော့ ဘုရားတော့ ရှိမှာမဟုတ်ဘူး၊ အဲဒီတော့ ကျွန်တော်တို့ အိမ်က ဘုရားပဲပင့်သွားမယ် …'' ဟု ပြောလိုက်လျှင် အဘိုးကြီးသည် သဘောကျလွန်းသဖြင့် ပြုံး၍နေလေတော့၏။ ထို့နောက် အဘိုးကြီးက –

''ပေတလူ … မင်းဟာ သိပ်ပြီးတော်တဲ့ကောင် …''ဟု လေးလေးနက်နက် ချီးမွမ်းလိုက်လေ၏။ ထိုအခါ ပေတလူက –

''ထူးပြီးတော်တာမဟုတ်ပါဘူး အဘရယ် …၊ လူကြီးနဲ့ နေတဲ့ လူငယ်တစ်ယောက်ရဲ့တာဝန်ဟာ တခြားဘာမှမရှိဘူး အဘရဲ့ …၊ အဲဒီ လူကြီးအတွက် အမြဲတမ်း အဆင်သင့်ဖြစ်နေအောင် လုပ်ပေးတတ်ဖို့ပါပဲ…၊ နံပါတ်တစ် အရေးကြီးတာက 'အဆင်သင့်ဖြစ်ခြင်း'ပါပဲ၊ နံပါတ်နှစ် အရေးကြီးတာကလည်း 'အဆင်သင့်ဖြစ်ခြင်း'ပါပဲ၊ နံပါတ်သုံး အရေးကြီးတာကလည်း 'အဆင်သင့်ဖြစ်ခြင်း'ပါပဲ အဘရယ် …'' ဟု ပြောလိုက်ရာ အဘိုးကြီးက

''ဒီအချက်ကိုက တော်တယ်လို့ပြောရမှာပဲဟေ့…''ဟု ပြောလိုက်လေတော့သတည်း …။ ။

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၂၈ ။

# အဘိုးကြီးအား ဓာတ်ပုံရိုက်ခြင်း

တင်ဘက်တူကြီးသည် ပေတလူစီစဉ်ထားသော ရေနွေးကြမ်းကို တစ်ခွက်ချင်း ငုံ၍သောက်နေလေ၏။ပေတလူကမူ အဘိုးကြီး၏ ခြေထောက်မှ ယားနာကို ဆပရစ်ဖြင့်ပွတ်ကာ ဆေးထည့်ပေးနေလေ၏။ ထိုအချိန်၌ အဘိုးကြီးက –

"ပေတလူရေ ... ငါ့ခြေထောက်က ကောင်းသွားပြီကွ ...၊ ကောင်းကောင်းလမ်းလျှောက်နိုင်ပါပြီကွာ ...၊ အဲဒီတော့ မိတ်ဆွေတွေက အလှူအတန်းတွေ ဖိတ်တယ်၊ မင်္ဂလာဆောင်တွေ ဖိတ်တယ်၊ အခမ်းအနားတွေ ဖိတ်ကြတယ်၊ အဲဒါတွေကို ငါက သွားရမှာ ...၊ အဲဒီအတွက် ငါ့မှာ

www.burmeseclassic.com



အဝတ်အစားမရှိဘူးကွ၊ အဝတ်အစားတွေ ဖန်တီးရမယ်ကွ …၊ အခုတော့ကွာ …အိမ်နေရင်းဝတ်တဲ့ ရှုံ့ကြိုးဘောင်းဘီကြီးနဲ့ သွားလိုသွားရ၊ တိုက်ပုံအင်္ကျီမပါဘဲ ဆွယ်တာအင်္ကျီကြီးနဲ့ သွားလိုသွားရ၊ နေရာမကျတော့ဘူးကွ၊ လူတစ်ဖက်သားကို မလေးစားရာရောက်တယ်ကွ …'' ဟု ပြောလျှင် ပေတလူက –

''ဟုတ်ပါတယ် အဘရယ် …၊ ကျွန်တော်တို့ ဗမာစကားမှာရှိသားပဲ …၊ 'ဘယ်ခရီးမှာ ဘယ်ထီးဆောင်းရမယ်၊ ဘယ်အရပ်သွားရင် ဘယ်ဖိနပ်စီးရမယ်'ဆို ထားတယ်မဟုတ်လား …၊ အဲဒီတော့ အဘရယ် အဝတ်အစားတွေလည်း ချုပ်ရမှာပေါ့ …၊ 'အိမ်အိုရင် ကျားကန်၊ လူအိုရင် ပန်းပန်'တဲ့ …၊ အဲဒီတော့ အဘက အသက်ကြီးပြီ၊ ပန်းပန်ရမယ်ဆိုတာ တကယ့်ပန်းပန်ဖို့ကို ပြောတာမဟုတ်ပါဘူး၊ နုနုလေးတွေ ဝတ်ရမှာကို ပြောတာ…၊ ကြက်ဥနှစ်ရောင်ဆိုလည်း အဖျော့လေး၊ ထုံးကျောက်ရောင်ဆိုလည်း အဖျော့လေး၊ အောက်ကပုဆိုးကလည်းအလျှူကြီး အတန်းကြီးသွားမယ် ဆိုရင်တော့ ယွန်းတစ်ရာချိတ်လောက် ဝတ်ရမယ်၊ အဲဒါကိုလည်း အမရပူရထိ ဆင်းပြီး အဘနဲ့ လိုက်မယ့်အဆင်ကို ရှာမယ်ဗျာ …၊ ပြီးတော့ ဖိနပ်ကလည်း ဖြစ်သလိုလုပ်လို့မရဘူး၊ ကတ္တီပါပုံတော် ဖိနပ်လောက်စီးမှ နေရာကျမယ်၊ အခုခေတ်မှာကလည်း ပုံတော်ဖိနပ်က မရှိသလောက်ရှားနေပြီ၊ မန္တလေးက ဖိနပ်ချုပ်တဲ့ဆီမှာ စပါယ်ရှယ်မှာရမှာပဲ၊ အရောင်ငါးမျိုးလောက်နဲ့ ဖိနပ်ငါးရံ ချုပ်ထားမယ် အဘရယ်…၊ရှပ်အင်္ကျီကိုတော့ ဘော်ကြယ်သီးတွေဘာတွေ မလုပ်ပါနဲ့၊ ရွှေကြယ်သီးလောက် တပ်ရမှာပေါ့ …၊ ပြီးတော့ လက်စွပ်ကလည်း အဲဒီအဝတ်အစားနဲ့ လိုက်တာကတော့ နဝရတ်လက်စွပ် အကောင်းဆုံးပဲ အဘရေ …၊ ပြီးတော့လည်း ခေါင်းက ဆံပင်ဖြူတွေ ကျိုးတို့ကျဲတဲပေါက်နေပြီ၊ အားလုံးဖြူသွားရင်လည်း ကောင်းတယ်၊ အဲဒီလို ကျိုးတို့ကျဲတဲက အတော်ကြည့်ရဆိုးတယ် …၊ အဲဒီတော့ ဆံပင်ကိုလည်းဖြစ်နိုင်ရင် ၁၀ ရက်တစ်ခါလောက်ဆိုးရမယ် အဘရေ …။ အဲဒါမှ မှန်ထဲမှာ ကိုယ့်ရုပ်ကိုယ်

ကြည့်လိုက်ရင် မအိုသေးကြောင်းတွေ့မှ အသက်ရှည်မှာ အဘရဲ့ …”ဟု ပေတလူက ပြောလိုက်လျှင် အဘိုးကြီးလည်း သဘောကျ၍ ရယ်လေတော့၏။ ထိုသို့ ရယ်သောအခါ၌ ပေတလူက -

“ပွဲနေတဲ့ အဘရဲ့ ရှေ့သွားတစ်ချောင်းကိုလည်း သွားဆရာဝန်နဲ့ ပြပြီး ပြင်ရမယ် အဘရဲ့ …၊ အဲဒါကြီးက အတော်အကြည့်ရဆိုးတယ် အဘရဲ့…”ဟု ပြောလေ၏။ ထိုအခါ၌ အဘိုးကြီးက -

“ပေတလူရယ် …၊ နဝရတ်လက်စွပ်လုပ်တာက ဟုတ်ပါပြီ၊ အဲဒါက ဘယ်လိုလုပ်ရတာလဲ၊ ငါ့လည်း ပြောပြစမ်းပါဦး …” ဟု မေးလေ၏။

“နဝရတ်လက်စွပ်က ကျောက် ၉ လုံး စီရတာပေါ့ အဘရယ်…၊ အဲဒီ ကျောက် ၉ လုံးမှာ ပတ္တမြားက အလယ်က စီရတယ်၊ သူက အရေးကြီးဆုံးပဲ အဘရဲ့ …၊ နဝရတ်လက်စွပ်လုပ်မယ့် ပန်းထိမ်ဆရာက ပွဲထိုးပြီး ၉ ပါး သီလယူ၊ ပိတ်ဖြူစင်ကြယ် ဝတ်ထားရတယ်၊ အချိန်ပြည့်လောက်နီးနီး ဂုဏ်တော်ကို ပုတီးစိပ်ရတယ်၊ မစိပ်နိုင်တဲ့အချိန်မှာ လည်ပင်းမှာစွပ်ထားရတယ်၊ ရွှေလက်စွပ်ကို စွန်ငုပ်နဲ့ဘာနဲ့ အဆင်သင့် လုပ်ထားရတယ် …၊ အလယ်က ပတ္တမြားကို စပြီးထည့်ရတယ်၊ အဲဒီ ကျောက်ထည့်တဲ့နေ့ကတော့ တနင်္ဂနွေနေ့ဖြစ်ရင် အကောင်းဆုံးပဲ၊ အဲဒီပတ္တမြားထည့်တဲ့အချိန်ဟာ ၉ နာရီကနေ ၁၀ နာရီခွဲအတွင်းထည့်ရမယ်၊ အဲဒီအချိန်ဟာ တနင်္ဂနွေအားကောင်းတဲ့အချိန်ပဲ၊ ထည့်တဲ့အချိန်မှာ ‘ဒိဝါတပသိဂါထာ’ ရွတ်ပြီး ထည့်ရင် ပိုပြီးကောင်းတာပေါ့၊ ဘုရားစင်မှာလည်း အမွှေးတိုင် ဖယောင်းတိုင်တွေ ပူဇော်ထားရမယ်၊ ပြီးတော့ အရှေ့မြောက်ထောင့်မှာ သန္တာကျောက်ကို စီရမယ်၊ အရှေ့မှာ စိန်ကို စီရမယ်၊ အရှေ့တောင်မှာ ပုလဲကို စီရမယ်၊ တောင်စူးစူးမှာ ကြောင်ကို စီရမယ်၊ အနောက်တောင်ထောင့်မှာ ဂေါမုတ်ကို စီရမယ်၊ အနောက်စူးစူးမှာ မြကိုစီရမယ် …၊ အနောက်မြောက်ဘက်မှာ ဥဿဖယားကို စီရမယ်၊ မြောက်ဘက်မှာ နီလာကို စီရမယ်၊ အဲဒီ အစီအစဉ်အတိုင်း ကျောက်တွေကို စွန်ငုတ်ထဲမှာ ထည့်ရမယ်၊ ပြီးတော့ ပန်းထိမ်ဆရာက

www.burmeseclassic.com



ဝတ်မယ့်လူကို တိုက်ရိုက်မပေးရသေးဘူး၊ ဝယ်မယ့်လူရဲ့ ခြောက်ခုမြောက် နေ့သားကို အပ်ရမယ်၊ အဘက စနေသားဆိုရင် ကြာသပတေးသားလက်ကို အပ်ရမယ်၊ ကြာသပတေးသားကမှ အဲဒီလက်စွပ်ကို အဘရဲ့ ညာဘက် လက်မှာ ဝတ်ပေးရမယ်၊ ဝတ်တဲ့အခါမှာ မြဟာ အဘဘက်က ဖြစ်ရမယ်...'' ဟု ပေတလူက ပြောလိုက်လျှင် အဘိုးကြီးက

''တယ်လည်း စနစ်ကျပါလား ...'' ဟု ချီးမွမ်းလိုက်လေ၏။ ထို့နောက်တွင်ကား ပေတလူသည် အဘိုးကြီး ဝတ်ရန်အတွက် ရှပ်အင်္ကျီ ချုပ်ရန် ပိတ်စများ၊ တိုက်ပုံအင်္ကျီချုပ်ရန် ပိတ်စများကို မန္တလေးသို့ဆင်း၍ ဝယ်လေ၏။ ချိတ်လုံချည်ကိုလည်း အမရပူရရက်ကန်းရုံများသို့ဆင်း၍ ရှာလေ၏။ ကတ္တီပါပုံတော်ဖိနပ်ကိုမူ အသိဖိနပ်ရုံတွင် ကတ္တီပါဖိနပ်များ ဝယ် ပေးရန် စီစဉ်ရလေတော့၏။ အလုံးစုံ ပြီးသောအခါ၌ အဘိုးကြီး၏ ခေါင်းကို ဆေးဆိုးပေးလေ၏။ ပုံ့နေသော ရှေ့သွားကိုလည်း သွားစိုက် ဆရာတစ်ဦးနှင့် တိုင်ပင်ကာ ပြုပြင်ပေးလိုက်လေ၏။ ထို့ကြောင့် အဘိုးကြီးက

''ဟေ့ ...ပေတလူ၊ မင်းက ငါ့ကိုပြောတုန်းက သွားဆရာဝန်နဲ့ ပြမယ်ဆို၊ အခုတော့ တရုတ်သွားစိုက်ဆရာ ခေါ်လာတာကိုး ...'' ဟု ပြောလေ၏။

''သွားဆရာဝန်က အဘဆီ လာမှာမဟုတ်ဘူး၊ အဘက သူ့ဆီ သွားရမှာ ...၊ ဒီသွားစိုက်ဆရာတွေက လက်မှတ်ရထားတာ ...၊ ကျွမ်းကျင်ပါတယ်၊ သူတို့မှာက ခြေနင်းစက်လေးတစ်လုံးပါရင် သူ့ဟာသူ ပြုပြင်လို့ရပြီ၊ အဲဒီ ခြေနင်းစက်လေးက သူ့ဟာသူ ထမ်းလာတာပဲ၊ အဘရဲ့ ပုံ့နေတဲ့သွား လှသွားဖို့ပဲ မဟုတ်လား၊ ချေးမများစမ်းပါနဲ့ အဘရယ် ...''ဟု ပြောလေတော့၏။ ငါးရက်ခန့်ကြာသောအခါ၌ ဦးတင်ဘက်တူကြီးသည် အဖြူရောင်ရှပ်အင်္ကျီ ရွှေကြယ်သီးတပ် ထိုးကျောက်ရောင် တိုက်ပုံအင်္ကျီ၊ လွန်းတစ်ရာချိတ်လုံချည်၊ ကတ္တီပါပုံတော်ဖိနပ် စသည်တို့ကို ဆင်မြန်း၍ နဝရတ်လက်စွပ်ကို ဝတ်ဆင်ကာ ခာတ်ပုံအရိုက်ခံနေလေ၏။ ခာတ်ပုံ

www.burmeseclassic.com



ဆရာလည်း ပုံပေါင်းများစွာကို ရိုက်နေလေ၏။ ပေတလူက ဟိုလိုရိုက်ပေးပါဦး၊ ဒီလိုရိုက်ပေးပါဦးနှင့် ညွှန်ကြားလျက်ရှိလေ၏။ ထိုအချိန်၌ တစ္ဆေဖြူ ရောက်လာပြီးလျှင် -

"ဟော့ ...ပေတလူ၊ မင်း အဘိုးကြီးကို ဘာတွေ လျှောက်ပြီး လုပ်နေတာလဲ ..." ဟု တိုးတိုးကပ်၍ မေးနေလေ၏။ ထိုအခါ ပေတလူက-

"တို့အဘကြီး စုတ်ပြတ်သတ်နေလို့ ရှိုင်နင်ပွိုင်နင် လုပ်ပေးပြီး ဓာတ်ပုံရိုက်ယူနေတာ ...၊ မင်း အသာနေစမ်းပါ ..." ဟု ခပ်တိုးတိုး ပြန်၍ဖြေလေ၏။ ထိုအခါ တစ္ဆေဖြူက -

"မသိပါဘူးကွာ ...၊ အဘကြီးကို မင်းက ရုပ်ရှင်ထဲ ထည့်မလို့လားလို့ ...ငါက စိတ်ပူပြီး လာမေးတာပါ ..." ဟု ပြောလိုက်လေ၏။

"အေးကွ ...၊တို့အဘကြီးကို ရုပ်ရှင်ထဲထည့်လည်း ရပါတယ်ကွ ...၊ အခုကြည့်စမ်း ...မိုလ်အောင်ဒင်ဇာတ်ကားထဲက ဦးဘချစ်ကြီးနဲ့ မတူဘူးလား ..."ဟု ပေတလူက ပြန်၍ပြောလေ၏။ ထိုအခါ တစ္ဆေဖြူက

"ကြည့်လည်းလုပ်ပါ ပေတလူရယ် ...၊ တို့အဘကြီး ရှူးလည်း သွားပါဦးမယ် ..."ဟု ပြောလိုက်လေ၏။ ထိုအခါ ပေတလူက -

"မရှူးပါဘူးကွာ ...၊ အဘိုးကြီးက လူလည်ကြီးပါကွ၊ အချဉ်ကြီး တော့ မဟုတ်ဘူးကွ၊ ရွှေတောင်စက္ကူကတောင် ဆလံပေးရမယ့် လူစားမျိုးကွ၊ ပါးလိုက်တာမှ ပေါက်တောင်ထွက်နေသေးတယ် ..."ဟု ပြောကာ ရယ်မောလိုက်လျှင် အဘိုးကြီးက -

"ဟော့ကောင်နှစ်ကောင် ...မင်းတို့နှစ်ယောက် ငါ့အတင်းပြော နေတာ မဟုတ်လား ..."ဟု မေးလိုက်လေ၏။ ထိုအခါ ပေတလူက-

"အဘအတင်းပြောနေတာမဟုတ်ပါဘူး အဘရယ် ...၊ ဓာတ်ပုံဆရာအတင်းပြောနေတာပါ ...၊ ဓာတ်ပုံဆရာကြီးက အိုက်တင်ကတော့ သိပ်ကောင်းတယ်၊ ဓာတ်ပုံဆရာကြီးက သူ့အင်္ကျီက အိတ်တွေအများကြီးပဲ၊ ဒါပေမဲ့ သူ့ဘောင်းဘီက ဖင်ကပေါက်နေတယ် ..." ဟု ပြောလိုက်လျှင်

www.burmeseclassic.com



ဓာတ်ပုံဆရာလည်း လက်တစ်ဖက်ဖြင့် သူ၏ဖင်ကို ဆတ်ခနဲ ပိတ်လိုက်လေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

၁၆၂

# မင်းသိခ်



ပြုံးပန်းတစ်ရာစာစဉ်

အခန်း ။ ၂၉ ။

# ကိုဘာသာ ရောက်ရှိလာခြင်း

တင်ဘက်တူကြီးသည် သူ၏စာအုပ်တွင် ဂဏန်းများကို ရေးလိုက်၊ ပေါင်းလိုက်၊ နှုတ်လိုက်၊ ဖျက်လိုက်နှင့် အလုပ်ရှုပ်နေလေ၏။ ထိုအချိန်၌မှာပင် လူတစ်ယောက် ခြံအတွင်းသို့ ဝင်လာလေ၏။ ဦးတင်ဘက်တူနှင့် တွေ့လိုကြောင်းပြောသဖြင့် ဈေးဆိုင်တွင် ဈေးရောင်းနေသော တစ္ဆေဖြူက ဦးတင်ဘက်တူရှိရာ သစ်ပင်ကြီးအောက်သို့ ခေါ်သွားလေ၏။

ဦးတင်ဘက်တူသည် ထိုသူ့အားမြင်လျှင် အားရဝမ်းသာ နှုတ်ဆက်လေ၏။ ထိုသူကလည်း 'ဆရာ …' ဟု ဦးတင်ဘက်တူအား ခေါ်လေ၏။

www.burmeseclassic.com



ပေတလူမှာမူ ဦးတင်ဘက်တူအနီး မြေပြင်ပေါ်တွင် မီးသွေး မီးဖိုကလေးဖို၍ အာလူးဟင်းချက်နေလေ၏။ တစ္ဆေဖြူက ပေတလူအား-

"ဟော့ကောင် ပေတလူ ...ဘာတွေချက်နေတာလဲ ..." ဟု မေးလေ၏။

"အဘကို ဒီနေ့ နေ့လယ်စာအတွက် ဗယာကြော်သုပ်သုပ်ပြီး ကျွေးမလို့ အာလူးဟင်းချက်နေတာကွ..." ဟု ပေတလူက ပြောလေ၏။

"မင်း အာလူးဟင်းကလည်း မွှေးလှချေလား"ဟု တစ္ဆေဖြူက ပြောရာ ပေတလူက -

"မွှေးမယ့်မွှေးတာပါကွာ ...၊ အသားဆိုလို့ ဘာမှမပါဘူး၊ မဆလာကောင်းလို့ကွ ...၊ မဆလာကလည်း ဈေးကဝယ်တာမဟုတ်ဘူး၊ ငါ့ဟာငါဖော်တဲ့ မဆလာကွ ..." ဟု ပြောလိုက်လျှင် တစ္ဆေဖြူက -

"အဘကြီးကို ကျွေးတယ်ကျွေးတယ်နဲ့ မင်းပဲ စားနေတာပါကွာ...၊ မင်းကိုယ်မင်းလည်း မှန်ထဲမှာ ပြန်ကြည့်ဦး၊ ဘုန်းကြီးကျောင်းတွေ၊ ထမင်းဆိုင်တွေမှာ မွေးထားတဲ့ ခွေးကျနေတာပဲ၊ ပါးလေးတွေဖောင်းလို့ ...၊ ဗိုက်ကလေးလည်းလုံးလို့ ..."ဟု ပြောလိုက်ရာ ပေတလူက တစ်စုံတရာပြန်၍ မပြောတော့ဘဲ -

"ဟော့ကောင် ...တစ္ဆေဖြူ၊ ဆိုင်မှာဈေးဝယ်သူ ရောက်နေပြီ ... သွားတော့ ..." ဟု ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် နောက်လာသော ဧည့်သည်က အဘိုးကြီးအား -

"ဆရာနဲ့နေတဲ့ ကလေးဆိုတာ ဒီကလေးလား"ဟု မေးလေ၏။ အဘိုးကြီးက -

"အေး ဟုတ်တယ်ကွ၊ ဒီကလေးရယ်၊ စောစောက သူနဲ့ရပ်ပြီး စကားပြောနေတဲ့ ကလေးရယ် ...နှစ်ယောက်က ညီအစ်ကိုကွ ..." ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ဧည့်သည်က -

"ဆရာ့အဖို့ ဒီကလေးနှစ်ယောက်ရတာ ကံကောင်းတာပေါ့ ..."

www.burmeseclassic.com


ဟု ပြောလေ၏။

““တကယ်ကံကောင်းတာပါကွာ ...၊ ဒီကလေးနှစ်ယောက်ရ တာ ငါ့ဘဝဟာ ရှင်သန်သွားတာပဲ”” ဟု အဘိုးကြီးက ပြောလေ၏။ ထို့နောက် အဘိုးကြီးက ပေတလူအား -

““ပေတလူရေ ...ဟောဒီကောင်က ငါ့တပည့်ကွ၊ အလုပ်လည်း ငါသွင်းပေးတာကွ၊ မိန်းမရတော့လည်း ငါပဲ အကုန်အကျခံပြီး လက်ထပ် ပေးလိုက်တာပါ၊ နောက်ဆုံးကွာ ... သူ့သားလေး ဆယ်တန်းအောင်လို့ တက္ကသိုလ်တက်ဖို့ စားရိတ်မရှိတဲ့အခါမှာလည်း ငါပဲ ထုတ်ပေးလိုက်တာ...”” ဟု ပြောလေ၏။

ထိုသူ၏အမည်မှာ ‘ကိုဘသာ’ ဟု အဘိုးကြီးက ပြောပြလေ၏။ ၎င်းတို့နှစ်ဦးသည် ရှေးဟောင်းနှောင်းဖြစ်များကို တစ်ဝကြီး ပြောနေကြလေ၏။ များမကြာမီ၌ ထိုသူသည် အဘိုးကြီးထံ၌ ငွေသုံးသောင်းချေးလေတော့၏။ အဘိုးကြီးသည် သူ့တွင် မရှိကြောင်း၊ ပင်စင်ယူပြီးကတည်းက ဝင်ငွေမရှိ ကြောင်း စသည်ဖြင့် ဖွဲ့ကာနွဲ့ကာ ပြောလေ၏။

သို့ရာတွင် ထိုသူသည် ငွေသုံးသောင်းချေးပါမည့်အကြောင်း တငင်ငင် ပြောလေ၏။ ထိုသူ၏အသံမှာ လူ၏အသံနှင့်မတူဘဲ လှည်းဆီငတ်သော လှည်းအိုကြီးတစ်စီး၏ ဘီးမှအသံကဲ့သို့ တကျွီကျွီနှင့် နားငြီးဖွယ်ရာ ကောင်း လေတော့၏။

ထို့နောက်တွင်ကား အဘိုးကြီးသည် ပေတလူအား သူ၏ ရွှေရောင် သေတ္တာကလေးကို ယူရန်ခိုင်းလိုက်လေ၏။ ပေတလူလည်း ထိုသေတ္တာကလေး ကိုယူပေးလေ၏။ အဘိုးကြီးသည် ရွှေရောင် သေတ္တာကလေးကို တုန်တုန် ရီရီနှင့်ဖွင့်ကာ အတွင်းမှငွေသုံးသောင်းကို ထိုသူအား ပေးလေ၏။ ထိုသို့ ပေးရင်း -

““ပြန်တော့ဆပ်ကွာ ...၊ ငါ့မှာ ငွေတွေကလည်း ရှိတာမဟုတ်ဘူး၊ ငွေမရှိရင် အိုကြီးအိုမနဲ့ ဒုက္ခရောက်မယ်ကွ ...၊ ကိုယ်ချင်းစာပါကွာ ...””

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။ ထိုသူလည်း ငွေရသွားသောအခါ၌ အဘိုးကြီးအား ထိုင်၍ကန်တော့လေ၏။ ရောက်စဉ်ကလည်း မကန်တော့ခဲ့။ ငွေရမှပင် ငွေ၏မျက်နှာဖြင့် ကန်တော့ခြင်းဖြစ်လေ၏။

ထို့နောက် ဆိုင်းမဆင့် ဗုံမဆင့်ထ၍ ပြန်သွားလေတော့၏။ ထိုသူ ပြန်သွားသောအခါ၌ ပေတလူက အဘိုးကြီး၏မျက်နှာသို့ကြည့်၍ စပ်ဖြဲဖြဲ ပြုံးပြလိုက်လေ၏။ ထိုသို့ ပြုံးပြပြီးနောက် -

"သေတ္တာထဲကငွေလေး ကုန်သွားပြီလား ..." ဟု မေးလိုက်လေ၏။

"တက်တက်ပြောင်အောင်တော့ မကုန်သေးပါဘူးကွာ ...၊ ဒါပေမဲ့ အတော့်ကိုနည်းသွားပြီကွ ...၊ သူ့အရင် သုံးယောက်လည်း မင်းမှတ်မိဦးမှာပေါ့ ...၊ လာပြီးဆပ်ပါမယ်ဆိုပြီး ပေါ်မလာတော့ဘူးလေကွာ .." ဟု အဘိုးကြီးကပြောလျှင် ပေတလူက -

"မှတ်မိပါတယ် အဘ ...၊ အဘတို့ ဆရာတပည့်ချင်း ကိစ္စမို့လို့ ကျွန်တော်ဝင်ပြီးမပြောတော့ပါဘူး၊ ဒါပေမဲ့ အဘတပည့်တွေ အတော်လွန်တယ်၊ သူတို့ ထမင်းစားဖို့ အလုပ်သွင်းပေးရတယ်၊ အလုပ်တွေ သင်ပြပေးရတယ်၊ အခုအခါမှာ အဘကြီးဟာ အငြိမ်းစားယူသွားပြီ ...၊ အလုပ်မရှိတော့ဘူး ...၊ သူတို့ကအလုပ်လုပ်နေဆဲ ...၊ အဲဒါကို မညှာမတာ အဘဆီက ပိုက်ဆံလာချေးကြတယ်၊ ပြီးတော့ ပြန်မဆပ်ကြဘူး၊ ဘယ်လိုတပည့်မျိုးတွေ ရှာထားတာလဲ အဘရယ် ...၊ ရက်စက်လှချေလား ...၊ အိုကြီးအိုမ အဘိုးကြီးကို ကူညီရမယ့်အစား သူတို့က လာခွာနေကြတယ်၊ ဖြစ်နိုင်ရင် အဘ အသားကိုဖဲ့ပြီး မီးဖုတ်မယ်၊ နှမ်းဆီရွှဲရွှဲ ဆမ်းပြီး စားသွားကြလိမ့်မယ်၊ အဲဒါကိုရော အဘ စဉ်းစားမိရဲ့လား၊ အမှန်က အဘဟာ သူတို့ရဲ့ ကျေးဇူးရှင်ပဲ၊ သူတို့က ထောက်ပံ့ရမယ့်အစား ... လာပြန်ပြီတစ်ယောက် သုံးသောင်းပေးပါ...၊ လာပြန်ပြီတစ်ယောက် ... ဘာလိုလို့ လေးသောင်းပေးပါနဲ့ ...၊ တကယ်လို့ အဘမှာ မရှိရင် အဘ ဘယ်သူ့ဆီသွားချေးမှာလဲ ...၊ ဘယ်သူက

www.burmeseclassic.com



ပေးမှာလဲ၊ ကျွန်တော်တော့မမြင်ဘူး၊

အဘရဲ့ လူတွေဟာ အတော့်ကို စီးပိုးတယ်၊ ချေးသွားတဲ့လူတွေ တစ်ယောက်မှ အဘဆီပြန်မလာဘူးလေ ...၊ အဘ ဘာလုပ်မလဲ၊ တရားစွဲလို့လည်းမရဘူး ...၊ လိုက်တောင်းရအောင်ကလည်း အဘ အခြေအနေက ခရီးသွားလို့မရဘူး၊

အဘနေရာမှာ ကျွန်တော်သာဆိုရင် တပည့်တွေလုပ်လို့ ဒုက္ခရောက်သွားတဲ့ အဘိုးကြီးအဖြစ်နဲ့ ဥဒါန်းတွင်ရစ်အောင် ဟောဒီ မန်ကျည်းပင်က ဟောဒီကိုင်းမှာ လေထီးကြိုးကောင်းကောင်းနဲ့ ဆွဲကြိုးချပြီး သေလိုက်မယ် အဘရေ ...၊

တကယ်လို့ ကျွန်တော်နဲ့ တစ္ဆေဖြူသာမရှိရင် အဘတစ်ယောက် ဟောဒီအိမ်ကြီးမှာ တပည့်တွေလုပ်လို့ ငုတ်တုတ်ငုတ်ပြီးသေမှာ ...၊ ကျွန်တော်တစ်ခုပဲပြောမယ် ...၊ ရှေ့လူတွေကလည်း အဘကြွေးကို လာမဆပ်ဘူး၊ ဟောဒီနောက်ဆုံး ယူသွားတဲ့ ကိုဘသာ ကြွေးလာမဆပ်ရင် အဘဘာလုပ်မလဲ...''ဟု ပေတလူက မတ်တပ်ရပ်ကာ ခါးထောက်လျက် မေးလိုက်လေ၏။

ထိုအခါ ဦးတင်ဘက်တူက လျော့ရဲသောလေသံဖြင့် –

''ငါ့ရင်ထဲမှာ တပည့်ဆိုတဲ့အရာကို ချစ်လျက်ရှိတုန်းပဲကွ ...၊ ဒီကောင်ဖောက်လိုက်ရင်တော့ ငါ့ရင်ထဲမှာ တပည့်ဆိုတာ မရှိတော့ဘူးပေါ့ကွာ...''ဟု ပြောလိုက်လေ၏။ ထိုအခါ ပေတလူက –

''ကျွန်တော် ကြားဖူးတဲ့ အင်္ဂလိပ်စကားပုံလေး တစ်ခုကတော့ လူတစ်ယောက်အဖို့ အသက်ရှင်လျက် ဆွေးမြေ့ကြေကွဲဖွယ်ရာ အဖြစ်အပျက်ဟာ တခြားမဟုတ်ဘူးတဲ့၊ ကိုယ်ခန္ဓာအတွင်းမှာ သိမ်းဆည်းသိုမှီးထားတဲ့အရာတွေ သေဆုံးသွားခြင်းဖြစ်တယ်တဲ့ ...

**THE TRAGEDY OF A MAN'S LIFE IS WHAT DIES INSIDE OF HIM WHILE HE LIVES.**

www.burmeseclassic.com



အခုကြည့်စမ်း ...၊ ကိုဘသာဆိုတဲ့ လူတစ်ယောက် အဘငွေကို ပြန်မပေးရင် အဘရင်ထဲမှာရှိတဲ့ တပည့်တွေ သေဆုံးသွားတော့မယ် ...၊ ဘယ်လောက် ဝမ်းနည်းဖို့ကောင်းသလဲ အဘ ...'' ဟု ချက်နှင့်လက်နှင့် ပြောလေတော့၏။

ထို့နောက် ဗယာကြော်သုပ်ကို အာလူးဟင်းဆမ်း၍ ဇွန်းတပ်ပေးပြီးလျှင် အဘိုးကြီးအား –

''ကဲ ...အဘရေ ...၊ နေ့လယ်စာ ဗယာကြော်သုပ်ကလေး စားလိုက်ပါဦး ...'' ဟု ပြောလိုက် ရာ အဘိုးကြီးက –

''မင်း ပြောတာတွေးမိတော့ ငါအတော့်ကို စိတ်ဆင်းရဲသွားတယ် ကွာ ...၊ မင်း ဗယာကြော်သုပ်လည်း မစားတော့ပါဘူး ...'' ဟု ကြေကွဲသံကြီးဖြင့် ပြောလိုက်လေတော့သတည်း ...။ ။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com


အခန်း ။ ၃၀ ။

# အိမ်နောက်ဘက်က ဦးအေးမောင်ကြီးအကြောင်း

တစ်နေ့သ၌ ဦးတင်ဘက်တူကြီးသည် ခြံကိုပတ်၍ လမ်းလျှောက်နေလေ၏။ အိမ်နောက်ဘက်သို့ ရောက်သောအခါ၌ စီးဆင်းနေသော စမ်းချောင်းကလေးကိုကျော်၍ တစ်ဖက်မှ တဲအိမ်စုကလေးများကို ကြည့်ရှုလိုက်လေ၏။ ထိုအိမ်စုကလေးမှ ဦးအေးမောင်ဆိုသော အဘိုးကြီးတစ်ဦးသည် သူ၏ တဲရှေ့သို့ထွက်ကာ အော်ကြီးဟစ်ကျယ် ဆဲဆိုနေသည်ကို တွေ့ရလေ၏။ ဦးတင်ဘက်တူသည် ထိုလူကြီးကို လှမ်း၍မြင်လျှင်–

"ပေတလုူရေ…ဒီလူကြီးက အတော်ဆဲပါလားကွ …"ဟု ပြောရာ ပေတလုူက –

www.burmeseclassic.com



"သူ့နာမည်က ဦးအေးမောင်တဲ့ …၊ ဒါပေမဲ့ မအေးဘူးအဘရေ…၊ အတော့်ကို ပူပူဆူဆူလုပ်တဲ့ လူကြီး …၊ ကျွန်တော်နဲ့ခင်တယ်၊ အဘက သတိမထားမိလို့ပါ …၊ နေ့တိုင်းလောက်နီးနီး ပူပူဆူဆူ လုပ်နေတာ သူပဲလေ …၊ အဲဒီမှာနေတဲ့ အိမ်စုကလေးတွေကတော့ သူ့အကြောင်းသိလို့ ဆဲဆဲဆိုဆို ဘာမှပြန်မပြောတော့ဘူး၊ သူစိတ်ဆိုးရင် ငြိမ်နေလိုက်ကြတယ်၊ စိတ်ဆိုးပြေရင် သူစိုက်ထားတဲ့ အခင်းထဲက ခရမ်းသီးတွေ၊ ရုံးပတီသီးတွေ အကုန်ယူပြီးစားကြတော့တာပဲ၊ တစ်ခါတလေ ကာလသားတွေက ကြက်ခိုးသေးတယ်၊ ခိုးသွားတဲ့အထိ မသိသေးဘူး၊ အဲဒီကြက်သားကို မဆလာနဲ့ဘာနဲ့ သေချာချက်ပြီးမှ 'ဘကြီးစားဖို့ …' ဆိုပြီး လာပို့လေ့ရှိတယ်၊ အဲဒါလည်း မသိဘူး၊ စားပြီးမှ ကြက်ပျောက်တာကို သိတဲ့အခါမှာ သူစားနေတာ သူ့ကြက်ဆိုတာ သိလည်းသွားရော အရမ်းစိတ်ဆိုးတော့တာ …၊ လူကြီးကို နောက်စရာလား၊ မင်းတို့ အမေလင် အောက်မေ့လို့လား ဘာလားနဲ့ ဆဲတော့တာပဲ၊ အဆဲခံရတဲ့ လူကစိတ်မဆိုးဘဲ အသာလေးငြိမ်ပြီး ရယ်နေတတ်ကြတယ်၊ အဲဒါ သူတို့ခလေ့ပဲ …၊ ကောင်းတယ်၊ မကောင်းဘူးလို့ ပြောဖို့မရှိပါဘူး အဘရယ် …" ဟု ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးက –

"ဘာပဲဖြစ်ဖြစ်ကွာ …ဒီအရွယ်ဟာ ပတ်ဝန်းကျင်နဲ့ သင့်မြတ်နေရမယ်ကွ …၊ အခုလို ဆဲဆိုရန်ဖြစ်နေတာတော့ ဘယ်ကောင်းမလဲကွ…" ဟု ပြောလေ၏။ ထိုအခါ ပေတလူက –

"အဘရေ …ဦးအေးမောင်ကြီးကို ပတ်ဝန်းကျင်က ချစ်ပါတယ်၊ အခုဟာက သူ့ကိုချစ်လို့ ပတ်ဝန်းကျင်က ကျီစားတာ …၊ သူကလည်း မကျေနပ်တဲ့အခါမှာ ထွက်ပြီး ဆဲလားဆိုလားလုပ်လေ့ရှိတယ်၊ ဒါပေမဲ့ သူ့ရင်ထဲမှာ ငြိုးထားတာ …၊ မှတ်ထားတာ …၊ တေးထားတာ ရယ်လို့တော့ မရှိဘူး၊ အဲဒီနားကလူတွေကိုလည်း သူက ချစ်ပါတယ် …၊ ပြဿနာမရှိပါဘူး အဘရယ် …"ဟု ပြောလိုက်လျှင် အဘိုးကြီးက –

"ငါ သူ့ကို ကောင်းကောင်းသိပါတယ်ကွ …၊ သူတို့က

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်ကွ ...၊ အေးဆောင်၊ အေးမောင်တဲ့ ...၊ အေးဆောင်က အတော်မိုက်တဲ့ကောင်၊ ဖရဲသီးနဲ့ ဘဲဥနဲ့စားရင် သေတယ်လို့ သူများကပြောရင် သူက မသေဘူးဆိုပြီး ခေါက်ပြီးစားပြတယ်၊ မင်းကွတ်သီးနဲ့ သကြားနဲ့ စားရင် သူများက သေတယ်လို့ပြောရင် သူက မသေဘူးဆိုပြီး တို့ပြီးစားပြတယ် ...၊ ပြီးတော့ ရပ်ဝေးမှာ သွားပြီး အလုပ်လုပ်ရရှာတယ်...၊ အဲဒီမှာ ဘာနဲ့ဘာစားပြလဲမသိဘူး၊ အဆိပ်ဖြစ်ပြီး သေသွားရှာတယ် ...၊ ဟောဒီ အေးမောင်ကတော့ လေးတန်းကိုပြတဲ့ ကျောင်းဆရာကွ ...၊ ကျောင်းသားလေးတစ်ယောက်ကို ရိုက်ပြီးဆုံးမတာ လက်ကျိုးသွားလို့ ကျောင်းသားမိဘက မကျေနပ်လို့ ပညာအုပ်ကို တိုင်တာ အဲဒီကနေ ဖုံးမရဖိမရ ဖြစ်ပြီး အလုပ်ပြုတ်သွားရှာတယ် ...၊ အလုပ်ပြုတ်သွားတော့လည်း တခြားကို မသွားဘူးကွ ...၊ သူ အလုပ်လုပ်ခဲ့တဲ့ ကျောင်းမှာပဲ ကလေးစားစရာမုန့်လေးတွေသွားရောင်းပြီး အသက်မွေးရရှာတယ်၊ အဲဒီကျောင်းမှာ ရေနံ့သုတ်ဖို့ရှိရင်လည်း တခြားလူကို ငှားစရာမလိုဘူး၊ သူက သုတ်တယ်၊ သူ့ကိုပဲ ရေနံ့သုတ်ခ ပေးရတယ်၊သူ ရိုက်လိုက်လို့ လက်ကျိုးသွားတဲ့ ကျောင်းသားလေးရဲ့ အဒေါ်က ကျောင်းကို ထမင်းလာလာပို့တယ်၊ အဲဒီမိန်းမနာမည်က မအေးမေတဲ့ ...၊ အဲဒီ မအေးမေနဲ့ သူနဲ့ အိမ်ထောင်ကျသွားတယ် ...၊ သူက အေးမောင်...၊ ဟိုက အေးမေတဲ့ ...၊ ဘယ်လောက် တိုက်ဆိုင်လိုက်သလဲကွာ ...၊ တစ်နေ့မှာ အဲဒီလင်မယား ရန်ဖြစ်ပါလေရော ...၊ သူက ဆဲတယ်၊ သူ့ မိန်းမက ဆဲတာမကြိုက်ဘူး၊ အဲဒီတော့ မအေးမေက သစ်သား ငရုတ်ကျည် ပွေ့နဲ့ သူ့လက်ကို ရိုက်ချလိုက်တယ်၊ အဲဒီမှာ သူက လက်ကျိုးသွားတာ...၊ အဲဒါကြောင့် သူတို့လင်မယား ကွဲသွားကြတာ ...'' ဟု ပြောလိုက်လျှင် ပေတလူက ရယ်လေ၏။

''သူ့ရဲ့လက်ကောက်ဝတ်အထက်နားမှာ ကောက်ကောက်ကြီး ဖြစ်နေတာ ကျွန်တော် သတိထားမိတယ်၊ အဲဒါကို ကျွန်တော်က ဘာဖြစ်တာလဲ အဘလို့မေးတော့ သူက 'ငါ ငယ်ငယ်က စစ်မှုထမ်းတယ်ကွ ...၊ အင်းစိန်

www.burmeseclassic.com



ခဝဲခြံ တိုက်ပွဲမှာ ရိုက်တဲ့ဒဏ်ရာပေါ့ကွာ …’ လို့ ပြောတယ်၊ အဲဒါဆုတွေ၊ ဘွဲ့တွေရဖို့ပဲ …၊ အဆဲသန်တာနဲ့ အထက် လူကြီးက မထောက်ခံလို့ မရတာတဲ့ …” ဟု ပြောရာ ဦးတင်ဘက် တူကြီးက တဟားဟား ရယ်လေ၏။

“အေးမောင်ဆိုတဲ့ကောင်…သိပ်အကြွားသန်တာကွ …၊ ဒီကောင် တကယ်အောင်ခဲ့တာကွ …၊ ဒါပေမဲ့ ဘယ်တော့မေးမေး ဆယ်တန်းအောင်တယ်လို့ပြောတယ်ကွ …၊ သူ့အဖေကြီးဟာ သားသမီးတွေကလည်း မကြည့်တော့ ဆင်းဆင်းရဲရဲနဲ့ ဖိုးသူတော် ဝတ်သွားရရှာတယ်၊ အခုတော့ ပုသိမ်ဘက်မှာရှိသေးလား…၊ ဆုံးသွားပြီးလားဆိုတာ မပြောနိုင်ပါဘူးကွာ …၊ အဲဒါကို သူက ဘယ်တော့ဖြစ်ဖြစ် ကျောင်းထိုင်ဆရာတော်ကြီးလို့ပြောတာ …၊ ကျောင်းထိုင်ဆရာတော်ကြီးတောင် ရိုးရိုးမဟုတ်ဘူးဟေ့ …၊ ကျမ်းပြုဆရာတော်ကြီးလို့ ပြောသေးတယ် …၊ ကျမ်းတွေလည်း ရွတ်ပြသေးတယ်ကွ…”ဟု ပြောလိုက်လျှင် ပေတလူသည် တခစ်ခစ်ရယ်လေတော့၏။ ထိုသို့ ရယ်ပြီးနောက် –

“ကျွန်တော့်ကိုလည်း အဲဒီလို ပြောဖူးတယ် အဘရဲ့ …၊ ပြီးတော့ သူက ‘ဟေ့ကောင် ပေတလူ …၊ မင်း ငါ့ကို ဘယ်လိုအောက်မေ့လို့လဲ၊ ငါက ဆွေကြီးမျိုးကြီးထဲကကွ …၊ တစ်ခုတော့ ရှိတာပေါ့ကွာ … အဲဒီဆွေမျိုးတွေ ဂျပန်ခေတ်က ဗုံးကျလို့ အကုန်သေကုန်ပြီ …’တဲ့ …၊ ပြီးတော့ ဆွေမျိုးတွေက သူများလက်ထဲမှာ ပေါင်ထားပြီး မရွေးနိုင်လို့ ဆုံးလုဆဲဆဲ အိမ်သုံးလုံးလည်း အမွေပေးခဲ့သေးတယ်၊ ငါ့လက်ထဲလည်း ရောက်ရော ဆုံးတာပါပဲ၊ နွားသူခိုးတွေ ခိုးသွားတဲ့ နွားဆယ်ကောင်ကိုလည်းရအောင် လိုက်ရှာပြီး မင်းယူတဲ့ဆိုပြီး ပေးသွားသေးတယ်ကွ …၊ ငါ့အမေရဲ့အစ်ကို အရင်း ဘကြီးကလည်း ရွှေသုံးဆယ် သား ငါ့ကို ပေးသွားတယ်၊ ရွှေချွတ်တဲ့ဆီကိုသွားပြီး ငရဲမီးနဲ့စားကြည့်တာ ငရဲမီးစားလို့ ကုန်ပါလေရော…၊ ရွှေအတုတွေကွ …၊ အဒေါ်ကတော့ ချက်လက်မှတ်တစ်အုပ် ပေးခဲ့ပါတယ်ကွာ …၊ ဒါပေမဲ့ ဘဏ်တိုက်မှာက သူ့ငွေကုန်နေပြီ …၊ထုတ်လို့မရဘူး…၊

www.burmeseclassic.com



သွားထုတ်ရင် အဖမ်းတောင်ခံရဦးမယ်ဆိုပဲ …၊ ပြီးတော့ သူငယ်ငယ်က ဘုန်းကြီးကျောင်းမှာ ကိုရင်အကြာကြီးဝတ်ဖူးတယ်တဲ့၊ စာတွေကလည်း အတော်တတ်ဆိုပဲ …၊ ပထမလတ်အထိ သင်ဖူးတယ်တဲ့ …၊ ဒါပေမဲ့ ခေါင်းကို အရိုက်ခံရလို့ အားလုံးမေ့ကုန်ပြီတဲ့ …၊ သီချင်းဆိုလည်း အားကြီး ကောင်းတယ်ဆိုပဲ၊ အသံလည်း ကောင်းတယ်တဲ့ …၊ ငှက်ဖျား အပျင်းဖျား ဖျားပြီး လျှာခင်တိုသွားလို့ သူ့အသံဟာ သီချင်းဆိုလို့ မရတော့ဘူးတဲ့ …၊ အဲဒီလိုများ မဖြစ်ခဲ့ရင် မြန်မာပြည်မှာ သူ့လောက်ကောင်းတဲ့ အဆိုတော်ပေါ်မှာ မဟုတ်တော့ဘူးတဲ့ …၊ ငယ်ငယ်က ရုပ်လည်း အတော်ချောတာတဲ့ …၊ သူနဲ့သိတဲ့ ကိုစိန်ကုလားဆိုတဲ့လူက ရုပ်ပြောင်းဆေးဖော်ပေးတဲ့ဟာကို စားမိကတည်းက သူ့ရုပ်ဟာ အဲဒီလိုဆိုးသွားတာ …၊ အဲဒီဆေးမစား မိခင်တုန်းကဆို သူ့ရုပ်ဟာ အတော်ချောတာတဲ့ …၊ ရုပ်ရှင်ကုမ္ပဏီ တစ်ခုကတောင် မင်းသားလုပ်ဖို့ လာပြီးကမ်းလှမ်းဖူးတယ်တဲ့ …၊ စာချုပ် ဖို့ဆဲဆဲ စာချုပ်ခေါင်းဝယ်လို့မရလို့ စောင့်ဆိုင်းနေရတဲ့အချိန်အတွင်းမှာ စိန်ကုလားရဲ့ ရုပ်ပြောင်းဆေးကို စားမိလို့ အဲဒီလိုဖြစ်သွားတယ်ဆိုပဲ …" ဟု ပြောလိုက်လျှင် ဦးတင်ဘက်တူကြီးသည် ပါးစပ်ပင် မပိတ်နိုင်တော့ဘဲ တဟားဟား ရယ်နေလေတော့သတည်း။

●

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၃၁ ။

# ပေတလုူသင်ပြသော ကျွန်းမာရေးလေ့ကျင့်ခန်းတစ်ခု

ပေတလုူသည် ဦးတင်ဘက်တူကြီးအား ရေနွေးကြမ်းသောက် တတ်စေရန် ပြုလုပ်ပေးခဲ့၏။ ရေနွေးကရား လှလှကလေးများဝယ်၍ ရေနွေးတိုက်ခဲ့၏။ ရေနွေးကျိုရာ၌လည်း ရေနွေးကို ကျိုက်ကျိုက်ဆူသည် အထိ တည်ပြီးလျှင် လက်ဖက်ခြောက်ကောင်းကောင်းခတ်၍ တိုက်ခဲ့ခြင်းဖြစ် ၏။ ဦးတင်ဘက်တူကြီးသည် ပေတလုူ ရေနွေးကြမ်းတိုက်သောအခါ အခြားသောရေနွေးကရားများထက် ရွှေနားကွပ်အနီရောင်ကရားလေးကို လွန်စွာနှစ်သက်လေ၏။ ထိုကရားလေးနှင့်အတူ ရွှေနားကွပ်အနီရောင်ပန်း

www.burmeseclassic.com



ကန်လုံးကလေးများမှာ အတွဲလိုက်ရှိသည်ဖြစ်ရာ ရေနွေးသောက်တိုင်း ထိုကရားနှင့်ပန်းကန်ကိုသာ ထည့်ခိုင်းလေ့ရှိလေ၏။

တစ်နေ့တွင် ဦးတင်ဘက်တူသည် သူ၏ခြံအတွင်းရှိ မန်ကျည်းပင်ကြီးအောက်တွင် ရေနွေးကြမ်းသောက်လျက်ရှိလေ၏။ ပေတလူမှာမူ ၄င်း၏အနီးတွင် ထိုင်ခုံပုလေးတစ်လုံးနှင့်ထိုင်ကာ စာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်လျက်ရှိလေ၏။ ထို့ကြောင့် ဦးတင်ဘက်တူက -

"ဟေ့ ပေတလူ ...ဘာတွေ အလုပ်များနေတာလဲကွ ..." ဟု မေးလေ၏။ ထိုအခါ ပေတလူက

"ဒီလို အဘရဲ့ ...၊ ရှေးနှစ်ပေါင်းများစွာတုန်းက နီပေါပြည်က ဗုဒ္ဓဘာသာရဟန်းတစ်ပါးဟာ တရုတ်ပြည်ကို ကြွဖူးတယ်၊ အဲဒီလိုကြွတဲ့အခါမှာ လူတွေအတွက် တရားဓမ္မတွေတင် မဟုတ်ဘူး၊ ကျန်းမာရေးလေ့ကျင့်ခန်းတွေပါ သင်ပြပေးသွားတယ်..."ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

"ကျန်းမာရေးလေ့ကျင့်ခန်းတွေအတွက် ဘယ်လိုသင်ပြတာလဲကွ..."ဟု မေးလိုက်ရာ

"ကျွန်တော် နားလည်သလောက် ပြောမှာနော်၊ သူက ကျန်းမာရေးအတွက် ကိုယ်ခန္ဓာလှုပ်ရှားရမယ့်ပုံစံ ဖောင်မ် **(Form)**ပေါ့ ...၊ ဖောင်မ်တွေ ပြောပြသွားတာ၊ အဲဒီလှုပ်ရှားမှု ဖောင်မ်တွေကတော့ အများကြီး ရှိမှာပေါ့လေ၊ ကျွန်တော်သိတာက တစ်ခုတည်းပါ၊ ကျွန်တော်သိတဲ့ ဖောင်မ်က အလုပ်များတဲ့ ဝမ်ယု၊ 'ဘီးဖီးဝမ်ယု'ဆိုတဲ့ ဖောင်မ်ပါ၊ ပထမဦးစွာ ဝမ်ယုအလုပ်သွားတဲ့ ဖောင်မ်ပေါ့၊ လက်နှစ်ဖက်ကို အချက်ကျကျနဲ့ ခပ်ဖြည်းဖြည်း အကြိမ် ၆၄ ကြိမ် လွှဲရတယ် ...၊

အဲဒါပြီးရင် ..လူကို နောက်ဖက်ပြန်လှည့်ပြီး အလုပ်ကပြန်လာတဲ့ ဝမ်ယုအဖြစ် နောက်ထပ် ၆၄ ကြိမ် လွှဲရပြန်တယ်၊ ပြီးတော့မှ အိမ်ရောက်တဲ့အခါမှာ တံခါးဆွဲဖွင့်တဲ့ဟန် လက်နှစ်ဖက်ကို ရင်ဝမှာကပ်ပြီးတော့ ဘေးကို

www.burmeseclassic.com



ဖြည်းဖြည်းချင်းဆန့်ထုတ်တဲ့ ပုံစံပါပဲ ...၊ အဲဒီလို အိမ်ခန်းတံခါးကို ဖွင့်လိုက်တဲ့အခါမှာ လရောင်ဟာ ပြတင်းပေါက်ကနေပြီး ကြမ်းပြင်ပေါ်ကို ထိုးကျနေတာကို တွေ့ရတယ်၊ အဲဒီတော့ ဝမ်ယုဟာ သူ့ရဲ့ ခွင့်ပြုချက်မရဘဲ သူ့အခန်းထဲကို ဝင်ရမလားဆိုပြီးတော့ လရောင်ကို ဆွဲယူလွှင့်ပစ်တဲ့ ဟန်ပါပဲ၊ အဲဒီလို အလုပ်ရှုပ်နေတုန်း သူ့နောက်ကနေ သူခိုးက တက်လာတယ်၊ အဲဒီမှာ ဝမ်ယုဟာ သူခိုးရဲ့ မျက်နှာကို လက်နဲ့ ကုတ်ချလိုက်တယ်၊ သူခိုးထွက်သွားတယ်၊ ဝမ်ယုက လှမ်းကြည့်လိုက်တဲ့အခါ သူခိုး မဟုတ်ဘူး၊ ကျားဖြစ်နေကြောင်း သိရတယ် ...၊

အဲဒီတော့ ကျားဆိုတော့ နောက်တစ်ခါက် ပြန်မလာအောင် လေးနဲ့လှမ်းပစ်လိုက်တယ်၊ လေးနဲ့ လှမ်းပစ်တဲ့ဟန်ပေါ့၊ အဲဒီလို ဝုန်းဒိုင်းကြဲနေတော့ ရွာလူကြီးက ဘာဖြစ်တာလဲလို့ လာမေးတယ်၊ အဲဒီမှာ ဝမ်ယုက ရွာလူကြီးကို ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ပြန်ပါဆိုပြီးတော့ တွန်းလွှတ်လိုက်တယ်၊ တွန်းလွှတ်တဲ့ဟန်ပေါ့ ...၊ ရွာလူကြီးက စိတ်ဆိုးပြီး ပြန်သွားတယ်၊ အဲဒီတော့ ဝမ်ယုက ရွာလူကြီးကို လိုက်ပြီးတောင်းပန်ရတယ်၊ အဲဒီမှာ လက်နှစ်ဖက်လွှဲပြီး လမ်းလျှောက်တဲ့ဟန် ...၊

ရွာလူကြီးအိမ်ရှေ့ကိုရောက်တော့ ရွာလူကြီးကို မတွေ့ရဘူး၊ အိမ်ရှေ့က စပါးပုံကြီးက ကြီးလွန်းလို့ ကွယ်နေတယ်၊ အဲဒီမှာ ဝမ်ယုက စပါးပုံကြီးကို လက်နဲ့ရိက်ပြီး ဘေးကိုဖယ်ချတယ်၊ ဘေးဖယ်ချတဲ့ ဟန်ပေါ့...၊ အဲဒီလို ဆူဆူညံညံ ဖြစ်နေတော့ မိုးနတ်မင်းကြီးရဲ့ မိဖုရားက မိုးပြတင်းပေါက် ကိုဖွင့်ပြီး ငုံ့ကြည့်တယ်၊ အဲဒီတော့ ... ဝမ်ယုက လာဘ်ထိုးတဲ့အနေနဲ့ မက်မန်းသီးဆက်သလိုက်တယ်၊ လက်နှစ်ဖက်ကို အပေါ်မြှောက်ပြီး ဆက်သတဲ့ ဟန်ပေါ့ ...၊ ပြီးတော့ သူ့အိမ်ကို သူပြန်လာတယ်၊ လမ်းလျှောက်လက်လွှဲတဲ့ ဟန်ပေါ့ ...၊ အိမ်ရောက်တော့ အိပ်မယ်ဆိုပြီး ပက်လက်အလှန်မှာ ထုပ်တန်းပေါ်က မြွေတစ်ကောင် ဆင်းလာတယ်၊ အဲဒါကို လက်နဲ့ခံပြီး မြွေကိုလွှင့်ပစ်လိုက်တယ်၊ လွှင့်ပစ်တဲ့ဟန်ပေါ့ ...၊

www.burmeseclassic.com



ဒါပေမဲ့ ဝမ်ယုဟာ ဆက်ပြီးမအိပ်နိုင်တော့ဘူး၊ မျက်စိကြောင်သွားတယ်၊ဒါကြောင့်မတ်တတ်တံမြက်စည်း တစ်ချောင်းယူပြီး သူ့အိမ်ရှေ့မှာ ရောက်နေတဲ့ ဖုန်တွေကို လှဲပစ်တယ်၊ ဒါပေမဲ့ ဖုန်တွေဟာ လှဲပြီးတိုင်း ထပ်ထပ်ပြီး ရောက်လာတော့ ဝမ်ယုဟာ အဝေးကို မျှော်ကြည့်တယ်၊ အဲဒီလို လှမ်းမျှော်ကြည့်တော့ တောင်ကုန်းကြီးတစ်ကုန်းကနေ လွင့်နေတယ်ဆိုတာကို တွေ့ရတယ်၊ အဲဒီတော့ တံမြက်စည်းလှည်းနေလို့ အလကားပဲ၊ အဲဒီတောင်ကြီးကို မြစ်ထဲတွန်းချမယ်ဆိုပြီး တွန်းချတယ်၊ ဒူးကွေးပြီး လက်နှစ်ဖက်ကို ရှေ့ကိုဆန့်ထုတ်ပြီး တွန်းချတဲ့ဟန်ပေါ့ ...၊

အဲဒီလို တွန်းချတော့ တောင်ကြီးကတော့ ရေထဲကို ကျသွားတာဟုတ်ပြီ၊ ရွှံ့တွေ ရေတွေက မိုးမျက်နှာကြက်ကို တက်ပြီး ပေကုန်တာပေါ့...၊ အဲဒါကြောင့် မိုးမျက်နှာကြက်ကို ဆေးပြန်ပြီး သုတ်ပေးရတယ်၊ လက်နှစ်ဖက်ကို ပက်လက်လှန်ပြီး ကိုယ်ကို ဟိုယိမ်းဒီယိမ်း လုပ်ရတဲ့ပုံစံပါပဲ၊ အဲဒီလိုလုပ်ရင်းနဲ့ပဲ မိုးလင်းလု ဖြစ်သွားတော့ ဝမ်ယု ပြန်အိပ်လို့ မရတော့ဘူး၊ မိုးလည်းလင်းသွားရော အလုပ်ပြန်သွားရတာပေါ့ ...၊ အဲဒီမှာ လေ့ကျင့်ခန်းကတစ်ကျော့ပြန်လုပ်ရသလိုဖြစ်သွားတယ် ...'' ဟု ပေတလူက ပြောလိုက်လေ၏။ အဘိုးကြီးက ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက် -

''သူ့လေ့ကျင့်ခန်းကမဆိုးဘူးကွ ...၊ အစီအစဉ်လေးနဲ့ မှတ်ထားလို့ရတယ်၊ ဇာတ်လမ်းလေးလိုပဲ...''ဟုပြောလိုက်လေ၏။ ထိုအခါ ပေတလူက

''ဟုတ်တယ်အဘရဲ့ ...၊ လှုပ်ရှားရမယ့် ဖောင်မ်က ၁၅ မျိုး...၊ အဲဒါကို အစီအစဉ်တကျလုပ်ထားတာ ...၊ နောက်တစ်ကျော့ ပြန်လုပ်တော့လည်း ဒီ ၁၅ မျိုးပဲပေါ့ ...၊ နှစ်ကျော့လောက် လုပ်လိုက်ရင် အတော့်ကို မောဟိုက်ပြီး ချွေးတွေဘာတွေ ထွက်လာပါပြီ၊ တစ်ခုသတိထားရမှာက မမြန်ရဘူး အဘရဲ့ ...၊ ဖြည်းဖြည်းလုပ်ရမှာ ...'' ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

''ပြောတာတော့ ဟုတ်ပါပြီကွာ ...၊ မင်းကိုယ်တိုင်လုပ်ပြပါဦး...၊

www.burmeseclassic.com



ပုံစံကျအောင် ငါက လိုက်လုပ်ရမှာလေကွာ'' ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ပေတလုူလည်း ရေးထားသော လေ့ကျင့်ခန်းစာရွက်ကို အဘိုးကြီးသို့ ပေးလိုက်ပြီးလျှင် ၄င်းက လက်တွေ့လုပ်ပြလေ၏။ ဦးတင်ဘက်တူကြီးက လိုက်၍ လုပ်လေ၏။ ပုံစံမကျသောနေရာများတွင် ၄င်းက ပြင်ပေး၏။ လေ့ကျင့်ခန်း လုပ်ပြီးသောအခါ၌ အဘိုးကြီးက -

''ကောင်းတယ်ဟေ့ ...၊ အကြောတွေကို လျော့သွားတော့တာပဲ...'' ဟု ပြောလေ၏။

''အဲဒီလေ့ကျင့်ခန်းကို အဘအနေနဲ့ မနက်တစ်ခေါက် ညနေ တစ်ခေါက် လုပ်သင့်တယ်၊ အဲဒီလိုလုပ်မှ အဘရဲ့အကြောတွေ ပြန်ပြီး သန်လာမှာ ...'' ဟု ပေတလုူက ပြောလေ၏။

''နေစမ်းပါဦး ပေတလုူရဲ့ ...၊ မင်းက အဲဒီလေ့ကျင့်ခန်းကို ဘယ်က တတ်ထားတာလဲ ...'' ဟု အဘိုးကြီးက မေးလိုက်လေ၏။

''ဒီလိုပါ အဘ ...ကျွန်တော်နဲ့ တစ္ဆေဖြူဟာ မန္တလေးက တရုတ်ခေါက်ဆွဲဆိုင်တစ်ဆိုင်မှာ စားပွဲထိုးလုပ်ခဲ့ကြသေးတယ်လေ ...၊ အဲဒီမှာနေတုန်းက ဆိုင်ပိတ်လို့ ညမိုးချုပ်ပြီဆိုရင် ကျွန်တော်နဲ့ တစ္ဆေဖြူက ဆော့ကြတယ်ခင်ဗျ၊ တစ်ယောက်နဲ့တစ်ယောက် တွန်းလားထိုးလား ဆော့ကြတာ ...၊ အဲဒါကို အနားမှာရှိတဲ့ မြေပဲဆားလှော်ရောင်းတဲ့ တရုတ်ကြီးက အဲဒီလို မဆော့နဲ့ဆိုပြီး ဒီလေ့ကျင့်ခန်းကို သင်ပေးတယ်၊ အဲဒီလေ့ကျင့်ခန်းရဲ့ ရာဇဝင်လေးကိုပါ ပြောပြပေးတယ်၊ တစ္ဆေဖြူကတော့ မလုပ်ပါဘူး၊ ကျွန်တော်ကတော့ အဲဒီကတည်းက အဲဒီလေ့ကျင့်ခန်းကို လုပ်ခဲ့တာပဲ၊ တစ်ခါတလေ ဆယ်ရက်လောက် မလုပ်ဖြစ်ဘဲ ရှိချင်ရှိမယ်၊ ဒါပေမဲ့ လုပ်ဖြစ်တာက များပါတယ်...'' ဟု ပေတလုူက ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

''ကောင်းပါပြီ ပေတလုူရယ် ...၊ မင်းပြတဲ့ လေ့ကျင့်ခန်းကို ငါလည်း အချိန်မှန်မှန်လုပ်ပါ့မယ် ...'' ဟု ဝန်ခံလိုက်လေတော့သတည်း။



www.burmeseclassic.com



အခန်း ။ ၃၂ ။

# ချူချာင့်လုပ်သော မုန့်အချိုနှင့် ရေနွေးကြမ်း

တစ်နေ့သ၌ ဦးတင်ဘက်တူကြီးသည် နေ့လယ်နေ့ခင်းအတွက် တစ်ရေးတမော အိပ်ပြီးနောက် ခြံတွင်း၌ လမ်းလျှောက်နေလေ၏။ ထိုသို့ လမ်းလျှောက်ရင်း ပေတလူအား -

''ပေတလူရေ ...ပျင်းဖို့ကောင်းတယ်ကွာ ...၊ စားရတဲ့ အစား အသောက်တွေကလည်း ထပ်နေပြီကွ၊ တစ်ခုခု ထူးထူးဆန်းဆန်းလေးလုပ်ပြီး ကျွေးစမ်းပါကွာ''ဟု ပြောလေ၏။ ထို့ကြောင့် ပေတလူလည်း မန်ကျည်း ပင်ကြီး၏အောက်တွင် မုန့်လုပ်ရန်အတွက် ပြင်ဆင်ရလေတော့၏။

www.burmeseclassic.com



ဂျုံအနည်းငယ်တွင် ဆားအနည်းငယ်ခတ်ပြီးနောက် ကြက်ဥနှစ်လုံးကို ဖောက်ထည့်ကာ ဂျုံကိုနှဲရလေ၏။ နှဲ၍ပြီးသောအခါ၌ ပိတ်စတစ်ခုကို ရေဆွတ်၍အုပ် ထားရလေ၏။ ပြီးလျှင် မီးမွှေးလေ၏။ မိနစ်အစိတ်ခန့် ကြာသောအခါ၌ မုန့်များကို အထူအပါးညီရန် ဖြန့်ပြီးနောက် အတုံးကလေးများ ဖြစ်အောင် လှီးရလေ၏။

ထို့နောက် အစေ့ထုတ်ထားသော စွန်ပလွန်သီးကိုထောင်း၍ သကြား ဖြင့်ရော၏။ ပြီးလျှင် မုန့်များပေါ်သို့တင်၏။ ထို့နောက် မုန့်များကို လိပ်လိုက် လေ၏။ ထိပ်ဘက်များကို ရေဆွတ်၍ လုံခြုံအောင် ခေါက်လိုက်ရ၏။ ပြီးလျှင် ဆီအိုးတည်၍ ဆီဆူလာလျှင် မုန့်များထည့်၍ ကြော်ရလေ၏။ မုန့်ကျက် သောအခါ၌ ဆယ်၍ဆီကို ဆန်ကာဖြင့်စစ်ရ၏။ ပြီးလျှင် သကြား၊ နှမ်းတို့ဖြူး၍ ပန်းကန်တွင်ထည့်ရလေ၏။ ထို့နောက် ရေနွေးကြမ်းကျကျဖြင့် ဦးတင်ဘက်တူ ကြီး သုံးဆောင်ရန် ပေတလူက ပြင်ဆင်ပေးလိုက်ရလေ၏။

ဦးတင်ဘက်တူကြီးသည် မုန့်ကို ကိုက်လိုက်၊ ပါးစပ်ထဲတွင် မြုံလိုက်၊ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ဖြင့် ခံတွင်းတွေ့လျက် ရှိလေ၏။ ထို့နောက်အဘိုးကြီးက

"ဘာမုန့်လဲကွ ..."ဟု မေးလေ၏။

"ဒါက ဒီလိုအဘရဲ့ ...၊ ရှေးဟောင်းတရုတ်လူမျိုးတွေ စားတဲ့ မုန့်တစ်မျိုးပဲ၊ ကျွန်တော့်ကိုလည်း ကျန်းမာရေးလေ့ကျင့်ခန်းလုပ်နည်း သင်ပေး တဲ့ တရုတ်ကြီးက ပြပေးသွားတာ ...၊ ကောင်းတယ်မဟုတ်လား ..." ဟု ပေတလူက ပြောလေ၏။ ထိုအခါ အဘိုးကြီးက-

"စားလို့ကောင်းတယ်ကွ ...၊ တစ်ခုတော့ရှိတယ်ကွာ ...၊ သကြားတော့ လျှော့ပြီးထည့်ကွာ ..."ဟု ပြောလေ၏။

"စိတ်ချပါ အဘ ...၊ နောက်တစ်ခါလုပ်ရင် သကြားလျှော့ပြီး လုပ်ပေးပါ့မယ် ..." ဟု ပေတလူက ပြောလိုက်လေ၏။ ထို့နောက် ဦးတင်ဘက်တူကြီးက -

www.burmeseclassic.com



"အခုတလော ...မင်းပြောတဲ့ ပုံကလေးဘာလေး နားမထောင်ရတာ အတော်ကြာပြီကွာ ...၊ သက်ငယ်စကား သက်ကြီးကြားပေါ့ကွာ...၊ ပုံကလေးဘာလေး နားထောင်ချင်တယ်ကွာ...၊ ပြောပြစမ်းပါဦး" ဟု ပြောလေ၏။ ထိုအခါ ပေတလုူက -

"ရွာတစ်ရွာမှာ တပည့်တပန်းတွေ အများကြီးရှိတဲ့ သိုင်းဆရာကြီး တစ်ယောက်ရှိတယ်၊ အဲဒီဆရာကြီးဟာ တပည့်တွေကို သိုင်းပညာသင်ချင်သင် ...၊ မသင်ရင် သူ့ခြံထဲမှာ အမိုက်ရှင်းလိုက်၊ အမိုက်တွေကို မီးရှို့လိုက် လုပ်တော့တာပဲ၊ အစဉ်သဖြင့် ဂေါ်ပြားကြီး ကိုင်ချင်ကိုင်နေတယ်၊ မကိုင်ရင် ထွန်ခြစ်ကြီး ဆွဲထားတယ်၊ မဆွဲရင် မတ်တပ်တံမြက်စည်းကြီးနဲ့ တံမြက်စည်း လှည်းနေတော့တာပဲ၊ အဲဒါတွေ လုပ်စရာမရှိရင်တော့ စူးဆောက် တန်ဆာပလာ လက်သမားပစ္စည်းတွေနဲ့ သစ်သားရေစည်ပိုင်းလုပ်နေလေ့ရှိတယ်၊ လုပ်ပြီးတဲ့ ရေစည်ပိုင်းတွေကိုလည်း မြို့ကိုပို့ပြီး ရောင်းချလေ့ရှိတယ်...၊

အဲဒီကရတဲ့ ငွေတွေနဲ့ပဲ တပည့်တွေကို ဆန်ပြုတ်တိုက်တယ်၊ အီကြာကွေးကျွေးတယ်၊ ဆန်ပြုတ် ပြုတ်တဲ့ အခါမှာလည်း တခြားလူကို အပြုတ်မခိုင်းဘူး၊ သူကိုယ်တိုင်ပြုတ်တယ်၊ အီကြာကွေးကလည်း ဝယ်တာမဟုတ်ဘူး၊ ဂျုံကို ဝယ်ပြီး သူ့ဟာသူ အီကြာကွေးလုပ်တာ ...၊ သူ့ အီကြာကွေးကလည်း တစ်ခါစားပြီးရင် စွဲသွားတာ ...၊ အဲဒီ ဆရာကြီးဟာ အသက် ၈၀ရောက်နေပြီ၊ တပည့်တွေကို သိုင်းပြနိုင်တုန်း၊ အလုပ်တွေကို လုပ်နိုင်တုန်းပဲ ...၊

ဒါပေမဲ့ သူ့ရဲ့တပည့်တွေက သူ့ကို သနားနေကြတယ်၊ 'တို့ဆရာကြီးကွာ ...အသက် ၈၀ ရောက်နေပြီ၊ တို့ကိုလည်း သိုင်းပညာပြရသေးတယ်၊ ပြီးတော့လည်း ခြံထဲမှာ တလုပ်လုပ်နဲ့ အလုပ်ရှုပ်နေတော့တာပဲ ...၊ အဲဒါကို မကြည့်ရက်ဘူးလို့ တစ်ယောက်တစ်လှည့် ပြောကြတယ်၊ ပြီးတော့ တပည့်တွေဟာ ဆရာကြီး အလုပ်မလုပ်အောင်ဆိုပြီးတော့ အလုပ်လုပ်တဲ့ပစ္စည်းတွေ ကို ဝှက်ထားကြတယ်၊ ဂေါ်ပြားတို့ ...၊ ထွန်ခြစ်တို့ ...၊ တံမြက်စည်းတို့

www.burmeseclassic.com



ပေါ့၊ အဲဒီတော့ ခြံအလုပ်မလုပ်ရဘူးပေါ့ …၊ ပြီးတော့ လက်သမားပစ္စည်း တွေကိုလည်း ဝှက်ထားကြတယ်၊ ရေစည်ပိုင်းအလုပ်လည်း မလုပ်ရတော့ ဘူးပေါ့ …၊

အဲဒီအခါမှာ အဘိုးကြီးဟာ ဘာမှလုပ်စရာမရှိတော့ဘူး၊ အဲဒီတော့ သူ့အိမ်ရှေ့က ကွပ်ပျစ်ပေါ်မှာ ငုတ်တုတ်ကြီး ထိုင်နေတော့တာပဲ၊ တပည့်တွေက ထမင်းချက်ပြီး သူ့ရှေ့မှာထမင်းပွဲပြင်ပေးတယ်၊ ဒါပေမဲ့ အဘိုးကြီးက မစားဘူး၊ မုန့်တွေလုပ်ပြီး လာပြီးပြင်ပေးကြတယ်၊ ဒါပေမဲ့ အဘိုးကြီးက မစားဘူး…၊

အဲဒီလို မစားဘဲနေလာတာ ၃ ရက် ရှိသွားပြီ၊ အဲဒီတော့ အဘိုးကြီး ဟာ ဘုန့်ဘုန့်သား လဲတော့တာပဲ၊ ဆေးဆရာတွေ ဘာတွေခေါ်ပြီးတော့ ပြသတယ် …၊ ဆေးဆရာပေးတဲ့ ဆေးတွေကိုတော့ သောက်တယ်၊ အစာတော့ မစားဘူး၊ အဲဒီအခါမှာ တပည့်တွေက ဝှက် ထားတဲ့ ပစ္စည်းတွေကို အဘိုးကြီးကို ပြန်ပြီးထုတ်ပေးကြတယ် …၊

'*ဟောဒီမှာ မတ်တပ်တံမြက်စည်း၊ ဟောဒီမှာ ထွန်ခြစ်၊ ဟောဒီမှာ ဂေါ်ပြား*' ဆိုပြီး သူ့ရှေ့မှာ ပြန်ချပေးကြတယ်၊ '*ဟောဒီမှာ လက်သမား ပစ္စည်းတွေ*' ဆိုပြီး စူးဆောက် တန်ဆာပလာတွေကိုလည်း ပြန်ချပေးကြတယ်၊ အဲဒီတော့မှ အဘိုးကြီးက '*ငါ အလုပ်လုပ်ခွင့်ရပြီ …*' လို့ ပြောပြီးအားယူပြီး ထ,ရာတယ်၊ ပြီးတော့ ခြံထဲဆင်းပြီး မတ်တပ်တံ မြက်စည်းကြီးနဲ့ တံမြက်စည်း လှဲတယ်၊ အမှိုက်တွေကောက်တယ်၊ ထွန်ခြစ်ကြီးနဲ့ အမှိုက်တွေကို ဆွဲထုတ် တယ်၊ အဲဒီလို လုပ်နေတဲ့အချိန်မှာပဲ သူဟာ ဆန်ပြုတ်အိုးလေး တည်ထား တယ်၊ အီကြာကွေးလည်း ကြော်ထားတယ်၊ ပြီးတော့ အလုပ်လည်းနားရော ဆန်ပြုတ်နဲ့ အီကြာကွေးကို မြိန်ရေ ယှက်ရေ စားသောက်တော့တာပဲ …၊

အဲဒီလိုနဲ့ပဲ အဘိုးကြီးဟာ ပြန်ပြီးကျန်းမာသွားတယ်၊ အဲဒီတော့ တပည့်တွေက အဘိုးကြီးကို '*ဘယ်လိုဖြစ်တာလဲ*' မေးကြတယ်၊ အဲဒီအခါမှာ အဘိုးကြီးက …

'*ဒီလိုကွ …ငါဟာ ဆင်းရဲတဲ့မိသားစုက ပေါက်ဖွားလာတာဖြစ်*

www.burmeseclassic.com



*တယ်၊ ငါကိုယ်တိုင်လည်း ဆင်းရဲတယ်၊ အဲဒီတော့ ဆင်းရဲတွင်းက တက်ဖို့ နည်းလမ်းဟာ အလုပ်လုပ်တဲ့ နည်းလမ်းပဲ ရှိတယ်ဆိုတာ ငါ နားလည်တယ်၊ ဒါကြောင့် အလုပ်လုပ်ဖို့ အမြဲကြိုးစားတယ်၊ နောက်တစ်ခုက ငါ့ဟာငါ သစ္စာဆိုထားတယ်၊ 'ဘာမှမလုပ်ရတဲ့နေ့ဟာ ဘာမှမစားတဲ့ နေ့ပဲ ...' လို့ သစ္စာဆိုထားတယ်၊ မင်းတို့က ငါ့ကို အလုပ်လုပ်တာကို သနားကြတယ်၊ အဲဒါကြောင့် အလုပ်မလုပ်နိုင်အောင် ပစ္စည်းတွေ ဝှက်ထားကြတယ်၊ အဲဒီနေ့ရာမှာ သနားရာမရောက်ဘဲနဲ့ အစာငတ်အောင် လုပ်သလိုဖြစ်သွားတာကွ ...'လို့* ရှင်းပြလိုက်တဲ့အခါ တပည့်အားလုံးဟာ စိတ်မကောင်းဖြစ်ကြရတယ်၊

နောက်နောင် အလုပ်လုပ်တာကို မကန့်ကွက်ပါဘူးလို့လည်း ကတိပြုကြတယ်၊ အဲဒီအခါမှာ ဆရာလုပ်တဲ့လူက '*မင်းတို့လည်း အဲဒီသစ္စာမျိုး ပြုထားသင့်တယ်...*' လို့ အကြံပေးတယ်၊ အဲဒါကြောင့် တပည့်အားလုံးဟာ '*ဘာမှမလုပ်ရင် ဘာမှမစားပါဘူး ဘုရား ...*' လို့ ဘုရားရှေ့မှာ သစ္စာပြုကြတယ်၊ အဲဒီအချိန်ကစလို့ အဘိုးကြီးရဲ့ တပည့်တွေဟာ တစ်ခုမဟုတ်တစ်ခု အလုပ်လုပ်နေကြတော့တာပဲ ...'' ဟု ပေတလူက ပြောပြလိုက်ရာ ဦးတင်ဘက်တူက -

''အတော်ကောင်းတဲ့ ပုံပြင်ကလေးပဲ ...'' ဟု ချီးမွမ်းလိုက်ကာ ပန်းကန်လုံးအနီကလေးထဲသို့ ရေနွေးကြမ်းငှဲ့ထည့်လိုက်ပြီးလျှင် ကျေကျေနပ်နပ်ကြီး မော့ချလိုက်လေတော့သတည်း...။ ။

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၃၃ ။

# အင်ဒိုနီးရှား မရှိဆိုကြော်

တစ်နေ့တွင် ဦးတင်ဘက်တူသည် ခြံကိုပတ်၍ လမ်းလျှောက်နေလေ၏။ ပေတလူသည် ၄င်း၏အနီးမှ လိုက်ပါ၍ ချွေးထွက်သောအခါ၌ မျက်နှာသုတ်ပုဝါထုတ်ပေးခြင်း၊ မောသောအခါ၌ ရေသောက်ရန်ပေးခြင်း...စသော ဝေယျာဝစ္စများကို ဆောင်ရွက်ပေးနေလေ၏။ ထိုသို့ လမ်းလျှောက်ရင်း ဦးတင်ဘက်တူက -

"ဒီနေ့ နေ့လယ်စာ ဘာစားရမလဲကွ ..." ဟု မေးလေ၏။

"စားရမယ်လေ အဘရဲ့ ...၊ စားတဲ့အခါကျတော့ ကြည့်ပေါ့..." ဟု ပေတလူက ပြောလေ၏။ ထိုအခါ ဦးတင်ဘက်တူက -

www.burmeseclassic.com



"မင်းကလည်းကွာ …အခုပြောလိုက်လည်း ပြီးရော …" ဟုပြောရာ ပေတလူက -

"အဘကလည်းဗျာ …စားရတဲ့အခါကြည့်ပေါ့ …"ဟု ပြန်၍ပြောလေ၏။ ထိုအခါ ဦးတင်ဘက်တူက -

"ဒါလေးပြောတာ မင်းအတွက် ဘာများခက်နေလဲ" ဟု ပြောလေ၏။ ထိုအခါ ပေတလူက -

"ဒီလောက်လေးစောင့်ရတာ အဘအတွက် ဘာများခက်နေလဲ…" ဟု ပြန်၍ပြောလေ၏။ ထိုအခါ အဘိုးကြီးက စိတ်တို၍ -

"မင်းနှယ်ကွာ …"ဟု ပြန်၍ပြော၏။ ပေတလူက -

"အဘနှယ်ဗျာ …"ဟု ရယ်ကျဲကျဲနှင့် ပြန်၍ပြောလေ၏။ အဘိုးကြီးက ပေတလူအား -

"မသာလေး …"ဟု ပြော၏။ ထိုအခါ ပေတလူက -

"အနိစ္စ …အနိစ္စ …"ဟု ပြန်၍ပြော၏။

"မင်းတော့ သေတော့မှာပဲ …" ဟု အဘိုးကြီးက ပြောလျှင် ပေတလူက -

"မသေမယ့်လူ အဘ ဘယ်မှာမြင်ဖူးသလဲ…"ဟု ပြန်၍ မေးလေ၏။ ထိုအခါ အဘိုးကြီးလည်း ဆက်၍မပြောတော့ဘဲ ပေတလူ၏ ခေါင်းကို လက်ဖြင့်ပုတ်ရင်း ရယ်လေတော့၏။ ထိုသို့ ရယ်ပြီးနောက် -

"ငါ အရှုံးပေးတယ်ကွာ …"ဟု ပြောလိုက်လေ၏။ ထိုအခါ ပေတလူက -

"ကျွန်တော် အနိုင်မယူချင်ဘူး အဘ …" ဟု ပြန်၍ ပြောလိုက်၏။

ထို့နောက် ၎င်းတို့နှစ်ဦးသည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍ ရယ်မောနေကြလေတော့၏။

လမ်းလျှောက်ပြီးသောအခါ၌ အဘိုးကြီးသည် ထမင်းစား၍ တစ်ရေး တမော အိပ်လေ၏။ အိပ်ရာမှနိုးလျှင် ခြံတွင်းရှိ မန်ကျည်းပင်အောက်သို့

www.burmeseclassic.com


သွား၍ထိုင်လေ၏။ ပေတလူလည်း အဘိုးကြီးထိုင်သောနေရာနှင့် မလှမ်းမကမ်းတွင် မီးသွေးမီးဖိုကို ချ၍ မီးမွှေးလေ၏။

ထို့နောက် ဂျုံမုန့်၊ သကြား၊ ဆား၊ ထောပတ်၊ အုန်းသီးခြစ်ပြီးသား၊ ကြက်ဥနှစ်လုံး၊ နွားနို့ ... စသည်တို့ဖြင့် အလုပ်ရှုပ်လျက်ရှိလေ၏။

အစဦးစွာ ဂျုံ၊ သကြား စသည်တို့ကို ရော၍နယ်၏။ ကြက်ဥ၊ ထောပတ်၊ နွားနို့တို့ဖြင့် မုန့်ကို နှဲ၏။ ပြီးလျှင် ဆီအနည်းငယ်ထည့်၍ အပူပေး ထားသော ဒယ်ပိုင်းထဲသို့ ဇွန်းဖြင့်ခပ်၍ထည့်ကာ ဖြန့်၏။ ထို့နောက် ဟိုဘက် ဒီဘက်လှန်၏။ ပြီးလျှင် ကြော်ပြီးသားမုန့်များကို ဆယ်ယူ၍ စက္ကူတွင် ဆီစစ်၏။ ထို့နောက် အုန်းသီးဖြူး၍ လိပ်လေ၏။

အုန်းသီးသာမက နှမ်းထောင်းကိုပါ ထည့်၍ ဖြူးလေ၏။ ပြီးလျှင် အဘိုးကြီးအား ရေနွေးကြမ်းနှင့် မြည်းရန် ပန်းကန်ပြားတွင် ထည့်၍ပေးလေ၏။ အဘိုးကြီးလည်း မုန့်ကြော်တစ်လိပ်ကိုယူ၍ တစ်ကိုက်ကိုက်ကာ မြည်းပြီးနောက် -

"တယ်ကောင်းပါလား ...ဘာမုန့်လဲကွ ..." ဟု မေးလေ၏။ ထိုအခါ ပေတလူက -

"အဘရယ် ...အရသာဟာ မုန့်ဆီကြော် အရသာပါ ...၊ ထန်းလျက်မထည့်ဘဲ သကြားထည့်ထားတာတစ်ခုပါပဲ ...၊ ဆန်မှုန့်နဲ့ မလုပ်ဘဲ ဂျုံမုန့်နဲ့လုပ်ထား တာတစ်ခုပါပဲ ...၊ အုန်းပင်ပေါတဲ့ သီဟိုဠ်တို့၊ အင်ဒိုနီးရှားတို့မှာ ဒီလိုမုန့်ဆီကြော်မျိုးလုပ်ပြီး စားလေ့ရှိတယ် အဘရဲ့ ...၊ များသောအားဖြင့်ကတော့ အင်ဒိုနီးရှားမှာ လုပ်စားကြတာများတယ်၊ အလွယ်မှတ်ရင်တော့ အင်ဒိုနီးရှား မုန့်ဆီကြော်ပေါ့ အဘရယ် ..."ဟု ပြောလျှင် အဘိုးကြီးက -

"ငါကလည်း အင်ဒိုနီးရှားကို မရောက်ဖူးဘူး၊ အဲဒီက မုန့်ဆီကြော်ကိုလည်း မစားဖူးလေတော့ မင်းပြောတာကို လက်ခံပါတယ်ကွာ ..." ဟု ပြော၍ နှစ်ယောက်သား တခစ်ခစ်ရယ်ကြလေ၏။

www.burmeseclassic.com



ထို့နောက် အဘိုးကြီးက ပေတလူအား -

“လုပ်စမ်းပါဦး ပေတလူရဲ့ …၊ သက်ငယ်စကား သက်ကြီးကြား ပေါ့ကွာ …၊ မင်းတို့လို ငယ်တဲ့လူတွေက ပြောပြမှ ငါတို့လူကြီးတွေက ကြားရမှာကွ …၊ အဲဒီတော့ ပုံကလေး ဘာလေး ပြောစမ်းပါဦးကွာ …” ဟု ပြောလိုက်ရာ ပေတလူက -

“သာလာယံဇရပ်ကြီးတစ်ခုထဲမှာ ဆရာတစ်ယောက်ဟာ သူ့ရဲ့ တပည့်တွေကို လောကီအတတ်ပညာနဲ့ပတ်သက်ပြီး သင်ကြားပေးနေ တယ်…၊ အဲဒီအခါမှာ အဲဒီဆရာကို မနာလိုဖြစ်နေတဲ့ လူတစ်ယောက်က အဲဒီကို ရောက်လာပြီး …

‘နေစမ်းပါဦး ငါ့လူရဲ့ …၊ မင်းက ဒီတပည့်တွေကို ပညာသင် ပေးရအောင် မင်းအနေနဲ့ဘယ်လိုများ အစွမ်းသတ္တိရှိလို့လဲ …၊ မင်းရဲ့ အစွမ်းသတ္တိကို ဒါမှမဟုတ် မင်းလုပ်နိုင်တာကို ငါသိချင်တယ် …၊ ပြောစမ်းပါ’ လို့ ခြိမ်းခြောက်မေးမြန်းသတဲ့ …၊

အဲဒီအခါမှာ အဲဒီဆရာက ကျုပ် လုပ်နိုင်တာ ပြောပြမယ်လေ…၊ ကျုပ်က ဆာရင် စားတယ်ဗျ …၊ ရေငတ်ရင် ရေသောက်တယ်ဗျ …’ လို့ ပြန်ပြီးပြောလိုက်တယ်၊

အဲဒီအခါမှာ ဟိုလူက ‘အဲဒါ အဆန်းလားကွ၊ ဆာရင် လူတိုင်း စားတတ်တာပေါ့ …၊ ရေငတ်ရင် လူတိုင်း ရေသောက်တတ်တာပေါ့ …’လို့ ပြန်ပြီးပြောတယ်၊

အဲဒီတော့ ဆရာလုပ်တဲ့လူက ‘အဲဒီအလုပ်ကို လူတိုင်း မလုပ်နိုင် ပါဘူး …၊ တချို့က ထမင်းစားရင်းနဲ့ ခရီးသွားနေတယ်၊ ထမင်းစား တဲ့နေရာမှာ သူ့စိတ်ဟာမရှိဘူး၊ ခရီးသွားတဲ့နေရာကို ရောက်နေတယ် …၊

တချို့က ရေသောက်ရင်းနဲ့ စကားပြောနေတယ်၊ ရေသောက်တဲ့ နေရာမှာ သူ့စိတ်က မရှိဘူး …၊ သူ့စိတ်က တစ်စုံတစ်ယောက်နဲ့ စကားပြော နေတယ်…’လို့လည်း ပြောလိုက်ရော ဟိုလူဟာ ဘာမှမပြောနိုင်ဘဲ

www.burmeseclassic.com



ထွက်သွားတယ် ...'' ဟု ပေလူက ပြောပြလိုက်လေ၏။

ထိုအခါ ဦးတင်ဘက်တူက -

''တော်တော်အဓိပ္ပါယ်ရှိတဲ့ စကားပဲကွ ...၊ မင်းတို့ငါတို့ဟာ အဲဒီ အတိုင်း ဖြစ်နေကြတာလေကွာ ...၊ စားရင်းနဲ့ သွားနေကြတယ် ...၊ သောက်ရင်းနဲ့ ပြောနေကြတယ် ...၊ အိပ်ရင်းနဲ့ အလုပ်လုပ်နေကြတယ်...၊ အလုပ်လုပ်ရင်းနဲ့ ငြင်းခုန်နေကြတယ် ...၊ အလုပ်နဲ့ စိတ်နဲ့ တစ်ထပ်တည်း မကျဘူးလေကွာ ...၊ ဒီပုံပြင်လေးက ဒါကိုညွှန်ပြနေတာကွ ...''ဟု ပြောလိုက်ပြီးလျှင် အင်ဒိုနီးရှား မုန့်ဆီကြော်ကို တစ်ကိုက်ထပ်၍ ကိုက်လိုက်လေတော့သတည်း ...။ ။

●

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၃၄ ။

# အရှုံးရှိ နှင့်နှပ်သော ရုံးဗတ်သီး သို့မဟုတ် ထဲတားအောက်က ချဉ်ဗတ်သည်

တစ်နေ့သ၌ ဦးတင်ဘက်တူသည် ခြံတွင်းရှိ မန်ကျည်းပင်ကြီး အောက်တွင်ထိုင်၍ စာဖတ်ရင်း ပေတလူအား -

"ပေတလူရေ ...အခုနေ့လယ်စာ ဘာစားရမလဲကွ ..."ဟု မေးလေ၏။ ထိုအခါ ပေတလူက -

"တစ်ခုခုလုပ်ရမှာပေါ့ အဘရယ် ..." ဟု ပြောရာ ဦးတင်ဘက် တူက -

"မုန့်တွေဘာတွေ မလုပ်နဲ့ကွာ ...၊ ဟင်းလိုဟာမျိုးက ကောင်း

www.burmeseclassic.com



တယ်ကွ ...” ဟု ပြောလေ၏။

ထိုအခါ ပေတလူက အဘိုးကြီး၏အနီး၌ပင် မီးသွေးမီးဖိုတစ်ခု ယူ၍ မီးမွှေးလေ၏။ ထို့နောက် ပုဇွန်ထုပ်လတ်လတ်နှစ်ကောင်ကို ဆီဖြင့် လုံးလေ၏။ ထိုသို့လုံးပြီးနောက် ပုဇွန်ထုပ်ကို နုပ်နုပ်စဉ်း၍ မှုင်ငါးပိ၊ ဆားတို့ဖြင့် ရောနှောပြီးလျှင် ရေအနည်းငယ်ဖြင့် မီးဖိုပေါ်တွင် တည်လေတော့၏။

ရေဆူသောအခါ၌ ရေထပ်ထည့်ပြီးလျှင် ကြက်သွန်ဖြူကို ဓားပြား ရိုက်၍ ထည့်ပြန်လေ၏။ ထို့နောက် တဗွမ်းဗွမ်းဆူသောအခါ၌ ရှောက်ရွက်ကို ပါးပါးလှီး၍ ခတ်လေ၏။ ထိုသို့ ထည့်လိုက်သောအခါ၌ လွန်စွာ ခံတွင်းရှင်း သော ရှောက်ရွက်ဟင်းချို ဖြစ်သွားလေတော့၏။

ထို့နောက် ရုံးပတီသီးနုနုထွားထွားများကို ခပ်ရှေရှေ ခပ်စောင်း စောင်းလှီး၍ ဆီဖြင့်ဒယ်အိုးတွင် ချက်ရလေ၏။ ရုံးပတီသီးနူး၍ ဆီပြန်လာ သောအခါ၌ အုန်းသီးတစ်ခြမ်းကို ခြစ်၍ရသော အုန်းနို့များကို ညှစ်ကာ ဒယ်အိုးအတွင်းသို့ လောင်း၍ထည့်လေ၏။ ပြီးလျှင် အဖုံးဖုံး၍ထားလေ၏။ ရေခမ်း၍ အုန်းနို့ဆီပြန်လာသောအခါ၌ အုန်းနို့နံ့ ထွက်၍လာလေတော့ ၏။ ထိုအခါ ပန်းကန်စောက်အတွင်းသို့ထည့်ကာ ပေါင်မုန့်ဖြင့်ညှပ်၍ စားရန် စီမံရလေတော့၏။

ထိုဟင်းလျာမှာ ရုံးပတီသီးအုန်းနို့နှပ်ဖြစ်၏။ ပေါင်မုန့်ဖြင့်စားလျှင် အလွန်လိုက်၏။ ထိုဟင်းကို ပေါင်မုန့်ဖြင့်စားလိုက်၊ ရှောက်ရွက်ဟင်းချိုလေးကို မှုတ်၍သောက်လိုက်နှင့် ဦးတင်ဘက်တူကြီးသည် အလွန်သဘောကျလျက် ရှိနေလေတော့၏။ ထိုသို့စားရင်း ဦးတင်ဘက်တူက –

“စားလို့တော့ ကောင်းပါတယ် ပေတလူရယ်၊ ဒါပေမဲ့ မင်းချက်တဲ့ အုန်းနို့ဟင်းတွေက သွေးတိုးလိမ့်မယ်ထင်တယ်၊ အသက် ၄၀ ကျော်တဲ့ အချိန်ကစပြီး အုန်းသီးဟာ မစားသင့်ဘူးကွ ...၊ နည်းနည်းလည်း သတိထားပါကွာ ...” ဟု ပြောလိုက်လျှင် ပေတလူက

“အဘရယ် ... အုန်းသီးစားလို့ သေတဲ့လူမရှိပါဘူး၊ အသက်

www.burmeseclassic.com



မရှိမှ သေတာပါ၊ အသက်ရှိနေသေးရင် ဘာမှမဖြစ်သေးပါဘူး ...''ဟု ကိုးယို့ကားယား ပြန်၍ပြောလေ၏။ ထိုအခါ အဘိုးကြီးက -

''ငါ့မိတ်ဆွေတစ်ယောက် အုန်းနို့ခေါက်ဆွဲနှစ်ခွက်စားပြီး အလျှုအိမ်မှာတင် အသက်ထွက်သွားတယ်ကွ ...'' ဟု ပြောလိုက်ရာ ပေတလူက -

''အဘပြောသလို အုန်းနို့စားလို့ သေရမယ်ဆိုရင် သီရိလင်္ကာမှာ လူမရှိတော့ဘူး၊ သူတို့ဆီမှာ ဘာချက်ချက် အုန်းဆီအုန်းနို့တွေနဲ့ ချက်ကြတာ ...'' ဟု ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးက -

''သူတို့က အကျင့်ရနေပြီလေကွာ ...''ဟု ပြောလေ၏။

''အဘလည်း အကျင့်ရအောင် လုပ်ထားပေါ့ ...'' ဟု ပေတလူက ပြောလိုက်ရာ -

''ဒီအရွယ်ကြီးကျမှ အကျင့်ရအောင် လုပ်လို့ရမလားကွ ...''ဟု အဘိုးကြီးက ပြောလေ၏။ ထိုအခါ ပေတလူက -

''အကျင့်ဆိုတာ မှန်မှန်လုပ်တာကို ပြောတာ အဘရဲ့ ...၊ အရွယ်နဲ့ မဆိုင်ဘူး၊ နည်းနည်းကနေ စပြီး စားကြည့် အဘရယ် ...၊ ခံနိုင်ရည် ရှိလာတော့ နည်းနည်းတိုးတာပေါ့ ...'' ဟု ပြောလိုက်ရာ အဘိုးကြီးက-

''နည်းနည်းစပြီး အစားမှာ ဦးနှောက်ကြောပြတ်ပြီး သေသွားရင် ကာကွာ ...'' ဟု မေးလေတော့၏။

''အဘ သေသွားရင်တော့ အဘခြံနဲ့ မော်တော်ကားကို ကျွန်တော်နဲ့ တစ္ဆေဖြူ ရောင်းပြီးတော့ ခွဲယူသွားမယ်၊ မော်တော်ကားရောင်းလို့ရတဲ့ ပိုက်ဆံကိုတော့ ဒရိုင်ဘာကိုစလင်းကို နည်းနည်းခွဲပြီးပေးမယ် ...၊ အဲဒီ ပိုက်ဆံနဲ့ပဲ အဘကို သင်္ဂြိုဟ်မှာပဲ၊ သင်္ချိုင်းမှာ အဘရဲ့ အုတ်ဂူလှလှလေးလုပ်ပေးမယ် ...၊ အဘရဲ့ အုတ်ဂူမှာတော့ '*ဘာမှ မလုပ်တတ် မကိုင်တတ်တဲ့ အဘိုးကြီးတစ်ယောက် ဤနေရာ၌ လဲလျောင်းနေသည်*' လို့ စာတန်းထိုးပေးမယ် ...'' ဟု ပေတလူက ပြောလိုက်ရာ အဘိုးကြီးသည် သဘောကျ၍ တဟဲဟဲ ရယ်လေ၏။ ထို့နောက် အဘိုးကြီးက -

www.burmeseclassic.com



"ပေတလူရယ် …သက်ငယ်စကား သက်ကြီးကြားဖြစ်အောင် ပုံလေးတစ်ပုံ ပြောပါဦးကွ …" ဟု ပြောလေ၏။

"တစ်ခါက …မြို့ကြီးတစ်မြို့မှာ ဦးတိုးစိန်ဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်၊ သူဟာ ငယ်စဉ်တုန်းက ရဟန်းဝတ်ဖူးတယ်၊ ဒါပေမဲ့ အသက် ၅၀ လောက် ရောက်တဲ့အခါမှာ လေနာရောဂါနှိပ်စက်လို့ ရဟန်းဘဝကနေ လူဝတ်လဲခဲ့ရတယ်၊ အဲဒီလို လူဝတ်လဲပြီး ၁၀နှစ်ကြာတဲ့ အခါမှာ နေစရာလည်း မရှိ၊ ဆွေမျိုးလည်း မရှိ၊ စားစရာလည်း မရှိတော့ အဲဒီမြို့ရဲ့ မြို့လယ်မှာရှိတဲ့ ချောင်းကြီးကို ဖြတ်ကူးထားတဲ့ တံတား ကြီးအောက်မှာ ဝင်ပြီးနေရရှာတယ်၊ အဲဒီတံတားကြီးအောက်မှာက သူတောင်းစားတွေ အများကြီးပဲလာပြီး နေနေကြတယ် …၊

ဒါပေမဲ့ …သူတောင်းစားတွေရော၊ သူရောဟာ အိပ်တဲ့အချိန်လောက်သာ တံတားအောက်မှာ နေကြတာ …၊ ကျန်တဲ့ အချိန်တွေမှာတော့ တံတားကြီးပေါ်တက်ပြီး တောင်းရမ်းစားသောက်ကြတယ်၊ ဦးတိုးစိန်ဟာ သူတောင်းစားမဟုတ်ပေမဲ့ အဲဒီလို တောင်းပြီးစားမှဖြစ်တော့ တောင်းပြီးစား နေရတာပေါ့လေ …၊ ဒါပေမဲ့ သူဟာ တခြားသူတောင်းစားတွေလို မရရှာဘူး၊ သူက တောင်းမှမတောင်းတတ်ဘဲကိုး …၊ ရသမျှငွေလေးနဲ့ပဲ အသက်ဆက်နေရရှာတယ် …၊

နေမကောင်းတဲ့အခါ တံတားအောက်က မထွက်ဘဲ ခွေခွေလေး အိပ်နေရရှာတယ်၊ အဲဒီအခါမျိုးမှာ ထမင်းတောင် မစားရရှာဘူး၊ ဆောင်းတွင်းမှာဆိုရင်လည်း အဝတ်အထည်က မလုံလောက်လို့ သူ့ခမျာ အချမ်းခံပြီးနေရရှာတယ် …၊ ဦးတိုးစိန်ရဲ့ဘဝဟာ အသက် ၆၀ လောက်မှာ ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့ …၊ ဒါပေမဲ့ တစ်နေ့မှာ ကံကောင်းချင်တော့သူ့ကို သိတဲ့လူတစ်ယောက်နဲ့ ပိုက်ဆံတောင်းနေတုန်း သွားပြီးတွေ့တယ်၊ အဲဒီတော့ အဲဒီလူက ဦးတိုးစိန်ကို '*ဦးတိုးစိန်ရယ် …ခင်ဗျားဘဝဟာ ဆိုးလှချေ လား…၊ တောင်းပြီးစားရတဲ့အဖြစ်ကို ရောက်သွားပြီကိုး …၊ လာ လာ…*

www.burmeseclassic.com



*တောင်းမစားနဲ့တော့၊ ခင်ဗျားကို ချဉ်ဖတ်တည်တဲ့နည်း သင်ပေးမယ်၊ ပြီးတော့ ချဉ်ဖတ်တည်ဖို့ အစိတ်ဝင်အိုး သုံးလုံးလည်း ဝယ်ပေးမယ်၊ ချဉ်ဖတ်ထည့်ဖို့ ပစ္စည်းတွေလည်း ဝယ်ပေးမယ် …၊ ပြီးတော့ အဲဒါကို ရောင်းဖို့ သစ်သားဗန်း တစ်ခုလည်းဝယ်ပေးမယ် …'* ဆိုပြီး ချဉ်ဖတ်စိမ်တဲ့နည်းလည်း သင်ပြပေးမယ်၊ လိုအပ်တဲ့ ပစ္စည်းတွေလည်း ဝယ်ပေးတယ်၊ အဲဒီအခါမှာ ဦးတိုးစိန်ဟာ သူတောင်းစားဘဝကနေ ချဉ်ဖတ်သည် ဖြစ်သွားပြန်ပါရော …၊

ချဉ်ဖတ်သည်ဖြစ်သွားပေမဲ့လည်း နေစရာမရှိတော့ တံတားအောက်မှာပဲ နေရသေးတယ်၊ သူ့ချဉ်ဖတ်အိုး သုံးလုံးကိုလည်း တံတားအောက်မှာပဲ ထားရတယ်၊ မနက်ဆိုရင် သူတောင်းစားတွေက ပိုက်ဆံတောင်းဖို့ ထွက်တယ်၊ သူက ချဉ်ဖတ်ရောင်းဖို့ တံတားပေါ်တက်တယ်၊ တစ်နေ့မှာ သူတောင်းစား တစ်ယောက်က သူ့ကို ပုံလေးတစ်ပုံပေးတယ် …၊

*'အဲဒီပုံဟာ ဆုတောင်းပြည့်တဲ့ နတ်ရဲ့ပုံတဲ့ …၊ ကျုပ်လည်း မသိပါဘူးဗျာ …လူတစ်ယောက်က ပေးခဲ့တာ …၊ ခင်ဗျားကို လက်ဆောင်ပေးမယ်၊ ယူထားပြီး ဆုတောင်းပေတော့'* ဆိုပြီး ပုံလေးတစ်ပုံ ပေးတယ်၊ ဦးတိုးစိန်ဟာ အဲဒီပုံလေးကို သူနေတဲ့ တံတားရဲ့ အုတ်တိုင်မှာ ကော်နဲ့ကပ်လိုက်တယ်၊ ပြီးတော့ …

*'အို …ကျွန်ုပ်မသိတဲ့ နတ်ကြီးခင်ဗျာ…၊ ကျွန်ုပ်က တံတား အောက်မှာနေရလေတော့ သင့်ကိုလည်း တံတားအောက်မှာပဲ ထားရပါတယ်၊ အဲဒီအတွက် စိတ်မဆိုးနဲ့နော် …၊ ကျွန်ုပ်က အိမ်နဲ့ယာနဲ့ နေရရင်တော့ အသင်နတ်ကြီးကိုလည်း အိမ်နဲ့ယာနဲ့ထားမှာပါ …၊ အခုလိုပြောလို့ ကျွန်ုပ်ဟာ အိမ်လိုချင်တယ်ဆိုပြီး အိမ်ရှာမပေးနဲ့နော်…၊ မယူဘူး …၊ တံတား အောက်မှာ ဆင်းဆင်းရဲရဲနေရတယ်ဆိုပြီးတော့လည်း မမ,စနဲ့နော်၊ ကျွန်ုပ်က ချဉ်ဖတ်အိုးသုံးလုံးနဲ့ အလုပ်ဖြစ်နေပြီ …၊ ကျုပ်ဟာ ကျုပ် ချဉ်ဖတ်အိုးနဲ့ ကြီးပွားတာကို နတ်ကြီးက မ,စတယ်လို့ ပြောနေဦးမယ်၊ နတ်ကြီးကို လေးစားပါတယ်၊ ဒါပါပဲခင်ဗျာ …''* လို့ ပြောပြီး သူ့ဘာသာပြောပြီး သူ့

www.burmeseclassic.com



ဘာသာကျေနပ်လို့ ပြုံးပြုံးကြီး လုပ်နေတယ်၊ သေတဲ့အထိ ချဉ်ဖတ်ရောင်း သွားတယ် …၊ သေတဲ့အထိ နတ်ကြီးကို အဲဒီလို ပြောသွားတယ် …၊ အဲဒါ ဦးတိုးစိန်ရဲ့ ပုံပြင်ပဲ အဘရေ …" ဟု ပေတလူက ပြောလိုက်လျှင် ဦးတင်ဘက်တူသည် သဘောကျလွန်း၍ –

"နိတ်ဟ …" ဟု အော်လိုက်လေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



အခန်း ၊ ၃၅ ၊

# မာတင်ရောက်လာခြင်း

တစ်နေ့တွင် ဦးတင်ဘက်တူ၏ခြံသို့ လူတစ်ယောက်ရောက်ရှိလာလေ၏။ ထိုသူ၏အမည်မှာ ကိုမာတင်ဟူ၍ ဖြစ်၏။ ကိုမာတင်သည် ဦးတင်ဘက်တူအား 'ဘကြီး'ဟူ၍ ခေါ်လေ၏။ ဦးတင်ဘက်တူက ပေတလူအား

"ပေတလူရေ ...ဟော့ဒီ မာတင်ဆိုတဲ့ကောင်က ငါ့ညီမတစ်ဝမ်းကွဲကမွေးတဲ့ ငါ့တူတစ်ဝမ်းကွဲတော်တယ်ကွ ...၊ ကလေးအရွယ်တုန်းက အတော်ဆိုးတယ်ကွ ...၊ အတော်လေး အရွယ်ရောက်လာတော့ မကောင်းဘူးကွ ...၊ နည်းနည်းလေးကြီးလာတော့ သုံးလို့မရတော့ဘူး...၊ သူ့အမေက မုဆိုးမကွ ...၊ သူ့ အဖေထားခဲ့တဲ့ ပစ္စည်းတွေလည်း ဒီကောင်ဖြုန်းလို့

www.burmeseclassic.com



ကုန်ပြီကွ …၊ လူက အလုပ်အကိုင် မယ်မယ်ရရမလုပ်ဘူးကွ …၊ ဒါပေမဲ့ မိန်းမကိုတော့ တစ်ယောက်ပြီးတစ်ယောက်ယူတယ် …၊ အခု နောက်ဆုံး ယူထားတဲ့ မိန်းကလေးက လှမေတဲ့ …'' ဟု အဘိုးကြီးက ပြောလိုက်လျှင် ငှင်းကိုမာတင်က –

''မဟုတ်ဘူး ဘကြီး …၊ လှမေနဲ့ ကွဲသွားတာ(၂)နှစ်လောက် ရှိပြီ …၊ အခု ယူထားတာက ကုလားကပြားမ၊ နာမည်က ချော်ချော်တဲ့…၊ ကျွန်တော်တို့က ရန်ကုန်မြို့၊ ဗျိုင်းရေအိုးစင်ရပ်မှာနေတယ်၊ အဲဒီရပ်ကွက်မှာ မာတင်၊ ချော်ချော်လို့ မေးရင် လူတိုင်းသိပါတယ် …''ဟုပြောလေ၏။ ထိုအခါ အဘိုးကြီးက –

''ကောင်းပါပြီ မာတင်ချော်ချော်ရယ် …၊ အခု ဘာအလုပ်လုပ်စား နေသလဲ …'' ဟု မေးလိုက်လေ၏။

''အလုပ်အကိုင် အဆင်ပြေပါတယ်၊ အိမ်ကလည်း အိမ်ပိုင်ပါပဲ…၊ တယ်လီဖုန်းလည်း ရှိပါတယ်၊ ကျွန်တော်က တိရစ္ဆာန်တွေကို သွားစိုက်ပေးတဲ့ အလုပ်လုပ်တယ်၊ အလှမွေးထားတဲ့ ခွေးကလေး တွေဘာတွေ သွားကျိုးနေရင် ကျွန်တော်က သွားအသစ်စိုက်ပေးတယ် …၊ အိမ်မှာ မွေးထားတဲ့ ကြောင် ကလေးတွေ သွားတွေကျိုးရင်၊ ပဲ့ရင်လည်း ကျွန်တော့်ဆိုင်မှာပဲ ပြုပြင်ပါတယ်၊ တချို့လည်း မျောက်တွေဘာတွေကို ချစ်လို့မွေးထားတာရှိပါတယ် …၊ အဲဒီမျောက်တွေ သွားကျိုးရင်လည်း ကျွန်တော့်ဆီ လာရတာပါပဲ၊ ဒါကြောင့် ကျွန်တော်ဟာ ရန်ကုန်မြို့မှာ ပြိုင်ဘက်မရှိ သွားစိုက်ဆရာပါ …၊ ဝင်ငွေ အလွန်ကောင်းပါတယ်၊

ကျွန်တော့်မိန်းမကတော့ ထမင်းဆိုင်ဖွင့်ပြီး ထမင်းရောင်းပါတယ်၊ သူ့ထမင်းဆိုင်ကလည်း ရိုးရိုးထမင်း ဆိုင်မဟုတ်ပါဘူး …၊ မုဆိုးထမင်းဆိုင် ဖြစ်ပါတယ်၊ သူ့ဆိုင်မှာက ရိုးရိုးကြက်သား၊ ဝက်သားဟင်းမရှိပါဘူး၊ ဖွတ်၊ ပုတတ်၊ ယုန်၊ ခါ၊ မိကျောင်း၊ မြွေ၊ ကင်း၊ ကင်းလိပ် လျှော၊ တောဆိတ်၊ တောင်ဆိတ်၊ တိ`ဂနိတ်၊ တိ`ဂနိတ် ဆိုတာက တောဆိတ်နဲ့ တောင်ဆိတ်

www.burmeseclassic.com



စပ်ပြီးကျထားတာ…၊ ခွါသေးတယ်၊ တောင်စောင်းမှာ အစာရှာတာ၊ ခွါမြဲတယ်၊ ပြီးတော့ ချော်ချော့်ဆိုင်မှာ ပြောင်၊ ဆင်၊ ကျား၊ ကျွဲနဲ့ ယုန်သူငယ်ဟင်းတွေလည်း ရပါတယ်၊ ဖွတ်သားဆီပြန်၊ ပုတတ်မီးကင်၊ တောဆိတ်တစ်ဆို့ထိုး၊ သိုးသားဟင်း၊ ဆူလီနဖာ အကုန်ရပါတယ် ခင်ဗျာ …၊

ဒါကြောင့် ချော်ချော် ဆိုင်ဖွင့်တာနဲ့ ဆိုင်ရှေ့မှာ မော်တော်ကားတွေ မော်တော်ကားတွေ ရပ်ထားတာ ထပ်နေတာပဲ၊ ဆိုင်ထဲမှာလည်း အလွန်သန်မာတဲ့ မုဆိုးကြီးတစ်ယောက် ဒရယ်တစ်ကောင်ကို ထမ်းလာတဲ့ပုံ၊ လက်တစ်ဖက်မှာလည်း ဒူးလေးကြီး ကိုင်လို့ပေါ့ခင်ဗျာ …၊ အဲဒီပုံတစ်ပုံလည်း ထုလုပ်ထားပါတယ်၊ ဒါကြောင့် ချော်ချော့်ရဲ့ မုဆိုးထမင်းဆိုင်ကိုသိလည်း သိကြပါတယ် …၊ လာပြီးတော့လည်း စားသောက်ကြပါတယ် …၊

ချော်ချော့်ကိုလည်း တွေ့သမျှလူတွေက ခင်ကြပါတယ်၊ မုဆိုးသမီးလို့ ခေါ်ကြတယ်ခင်ဗျ၊ ချော်ချော်ဟာ ကုလားသွေး ပါတာတော့ မှန်ပါတယ်၊သူ့ရဲ့ မျက်လုံး၊ မျက်ခုံး၊ နှာတံဟာ ငြင်းလို့မရပါဘူး၊ ဒါပေမဲ့ ဆွေကြီးမျိုးကြီးထဲကပါ၊ ဆွေကြီးမျိုးကြီးဆိုပေမဲ့ ဆွေမျိုးတွေ အားလုံးက ဂျပန်ခေတ်က ဗုံးကျတဲ့အထဲ ပါသွားကြပြီခင်ဗျ၊ ဆွေမျိုးတွေ ဗုံးထဲပါသွားပေမဲ့ လေးထပ်တိုက်သုံးလုံး အမွေရခဲ့ပါတယ်၊ တစ်ခုတော့ရှိတယ်၊ အမွေရတဲ့ တိုက်သုံးလုံးရဲ့ ဂရမ်ဟာ ချော်ချော့်မှာ မရှိလေတော့ အဲဒီတိုက်သုံးလုံးဟာ ချော်ချော် မပိုင်တော့ပါဘူး၊ တခြားလူတွေ ပိုင်သွားပါပြီ၊ ချော်ချော့်မှာ မိဘနှစ်ပါးလုံးမရှိတော့ပါဘူး၊ မိဘတွေလည်း ဝမ်းလျှောတဲ့ရောဂါနဲ့ ဆုံးပါးကုန်ပါပြီ …၊

ဒါပေမဲ့ ချော်ချော်ဟာ သူ့ဖခင်ကြီးပေးခဲ့တဲ့ ဝမ်းနုတ်ဆေးဖော်နည်းနဲ့ ဝမ်းနုတ်ဆေးဖော်ပြီး ရောင်းခဲ့ပါသေးတယ်၊ ကြော်ငြာမလိုက်နိုင်လို့ မအောင်မြင်ခဲ့ပါဘူး၊ အဲဒါကြောင့် စိတ်ပျက်ပြီး သီလရှင်ဝတ်ဖို့ ကြံပါသေးတယ်၊ ဘုရားရှိခိုးကောင်းကောင်းမရလို့ မဝတ်ခဲ့ရပါဘူး …၊ ဒါတွေ ထားလိုက်ပါတော့လေ…၊ အခုတော့ မုဆိုးထမင်းဆိုင်နဲ့ အတော့်ကို အဆင်ပြေနေပါပြီ …၊ ချော်ချော် ပန်ထားတဲ့ စိန်နားကပ်တစ်ဖက်ဟာ ရတီခြောက်ဆယ်ကျော်ပါတယ်၊

www.burmeseclassic.com



မဂိုလမ်း(ရွှေဘုံသာလမ်း)က စိန်ပွဲစား တစ်ယောက်ကို ပြခဲ့တော့ အတုကြီးဖြစ်နေတာသိရပါတယ်၊ အဲဒီမှာ ချော်ချော်ဟာ ရင်ဘတ်ကိုထုပြီး ချုံးပွဲချငိုမလို့ပါပဲ…၊

ဒါပေမဲ့ ချော်ချော်က မျက်လုံးခွဲထားတာ မကြာသေးလေတော့ ငိုလို့မဖြစ်ဘူး၊ ဒါကြောင့် ကျွန်တော်က မငိုဖို့တားခဲ့ရပါတယ်၊ အဲဒီတော့ ချော်ချော်က မငိုတော့ပါဘူး၊ သူ့ကိုယ်စား ကျွန်တော့်ကို ငိုခိုင်းပါတယ် …၊ ဒါနဲ့ ကျွန်တော်လည်း စိတ်ညစ်ပြီး ဘကြီးဆီကိုတက်လာခဲ့တာပါ၊ နောက်တစ်ခုကလည်း ဘကြီးမှာ အဖော်သဟဲ မရှိလေတော့ ဘကြီးမှာရှိတဲ့ ပစ္စည်းတွေကို ကပ်ဖားရက်ဖားလုပ်ပြီး ခွာတဲ့ကောင်က ခွာမယ်၊ ညာလှိုင်းပြီး ဝါးတဲ့ကောင်က ဝါးမယ်၊ ဘကြီးအနေနဲ့ တစ်ဆယ် ဝင်တာကို တစ်ဆယ်ပြန်မပေးဘဲ ငါးကျပ်ကို လျှိုထားပြီး ငါးကျပ်ပဲ ပေးတာမျိုးလည်း လုပ်ချင်လုပ်မယ်၊ ဘကြီးကို ထမင်းကောင်းကောင်း ချက်ကျွေးတဲ့သူလည်း ရှိမှာမဟုတ်ဘူး …၊

စားရပြန်တော့လည်း ထမင်းနဲ့တူမှာမဟုတ်ဘူး…၊ ဆန်ပြုတ်သာသာလောက်ဖြစ်မှာ …၊ အဲဒါ ကြောင့် ဘကြီးကို သနားပြီး အနီးကပ်ပြုစုဖို့ တက်လာခဲ့တာ…၊ ဘကြီးနဲ့ ကျွန်တော်မာတင်နဲ့က တူဝရီးအရင်းကြီး ရှိသေးတယ်…၊ အရေးကြီးတော့ သွေးနီးဖို့လိုတယ်၊ ငရုပ်သီး ဆယ်တောင့်စားလို့ တစ်တောင့်မစပ်တဲ့ဟာတွေက '*အဘ …အဘ…*'လို့ ခေါ်တိုင်း မယုံလေနဲ့ အဘ …၊ အသက်ကြီးမှ ဒုက္ခရောက်သွားမယ်'' ဟု ပြောလေ၏။ ထိုအခါ ပေတလူက –

''ဒီမှာ ကိုမာတင် …ခင်ဗျား ဘကြီးပင်စင်ယူပြီးကတည်းက ဝင်ငွေတစ်ပြားမှမရှိတော့ဘူး …၊ ကျုပ်တို့ညီအစ်ကိုနှစ်ယောက် ဆိုင်လေးဖွင့်ပြီး ရှာကျွေးနေရတာ …၊ ဒီအိမ်ဟောင်းကြီးကို ဖျက်ပြီး အခုလိုအိမ်သစ်ဖြစ်အောင် ကျုပ်တို့ညီအစ်ကိုနှစ်ယောက် ကြိုးပမ်းထားရတာ …၊ မယုံရင် ခင်ဗျားဘကြီး မသေခင် မေးထားလိုက်ဦး …၊ ပြီးတော့ ခင်ဗျားကို ပြောထားလိုက်ဦးမယ်…၊ သွားစိုက်ဆရာတော့ရှိတယ်၊ ဒါပေမဲ့ တိရစ္ဆာန်သွားစိုက်

www.burmeseclassic.com


ဆရာတော့မရှိပါဘူး …၊ ခင်ဗျားက ဝင်ငွေကောင်းတယ်လို့သာ ပြောတာ…၊ ခင်ဗျားစီးလာတဲ့ ဖိနပ်ကိုကြည့်လိုက်ပါဦး …၊ ဘယ်အမှိုက်ပုံက ကောက်လာတာလဲ၊ စုတ်ပြတ်သပ်နေတာပဲ …၊ ခင်ဗျားမိန်းမ ချော်ချော်က မုဆိုးထမင်းဆိုင်ကြီး ထောင်ထားလို့ အတော့်ကိုကြီးပွားနေတယ်ဆို …၊ ခင်ဗျားပြောတဲ့စကားနဲ့ ခင်ဗျားပုံပန်းနဲ့ ကိုက်ညီရဲ့လားဆိုတာ မှန်လေး ဘာလေးလည်း ကြည့်ပါဦး …၊ ဟိုနားမှာ မှန်ရှိတယ်၊ ဘေးက ပတ်ကာပါတဲ့ မှန်လေးကို ချိုးလိုက်ရင် ခင်ဗျားရဲ့ နောက်ဖက်ကိုပါမြင်ရမယ်၊ အဲဒါ သွားကြည့်လိုက်ဦး…သွားကြည့် …သွားကြည့် …'' ဟု ပြောလိုက်လေတော့၏။ ထိုအခါ၌ ဦးတင်ဘက်တူက -

``ဒီမှာ မာတင် …ဒီကောင်လေးတွေနဲ့ ငါနဲ့ စိတ်ဝမ်းကွဲအောင် လာပြီးမလုပ်နဲ့ …၊ ငါ ပင်စင်ယူကတည်းက ဒီကောင်လေး ညီအစ်ကို နှစ်ယောက်ဟာ ငါ့ကိုကြည့်လာခဲ့ကြတာ၊ မင်းတို့က တစ်ခေါက်တောင် လာဖော်ရဘူး၊ အခုမှ တစ်ရေးနိုးပြီး ဘယ်ကထလာတာလဲ၊ ဘာဒုက္ခပေးမလို့လဲ…''ဟု မေးလိုက်လေ၏။ ထိုအခါ မာတင်က -

``ဒီလို ဘကြီးရဲ့ …၊ ကျွန်တော့်မိန်းမရဲ့ မုဆိုးထမင်းဆိုင်မှာ အဝေးပြေးကားသမားတွေ ထမင်းဝင်စားလေ့ရှိတယ်၊ ကိုဓာတ်သားဆိုတဲ့ အဝေးပြေးကားသမားတစ်ယောက်ဟာ ပြင်ဦးလွင်မြို့အကြောင်း စကားစပ်မိရာကနေ သူဟာ သုတေသနအရာရှိ ပင်စင်စားကြီး ဦးတင်ဘက်တူရဲ့ အိမ်မှာ ကားမောင်းဖူးတဲ့အကြောင်းပြောမိတယ်၊ အဲဒီစကားစကနေ ဘကြီး အကြောင်းရောက်သွားတယ်၊ ဘကြီးအိမ်မှာ ကောင်လေးနှစ်ယောက် ခြယ်လှယ်နေတဲ့ အကြောင်းကိုလည်းရောက်သွားတယ်၊ အဲဒါကြောင့် ကျွန်တော်က ဘကြီးကို သနားလို့တက်လာခဲ့တာ …''ဟု ပြောလေ၏။

``မင်းပြောတဲ့ ဓာတ်သားဟာ ငါ့အိမ်မှာ ကားမောင်းဖူးတာ မှန်တယ်၊ အိမ်နောက်ဖေး ချောင်းဟိုဘက်က ညွှန့်ကြည်ဆိုတဲ့ ကောင်မကို ခိုးပြေးလေရဲ့…၊ ဒီကောင်လေးနှစ်ကောင်ဟာ ငါ့ကျေးဇူးရှင်လေးတွေကွ …၊

www.burmeseclassic.com



တကယ်ပြောရရင် ငါ့ပင်စင်လခဟာ ငါ့အတွက် မလောက်ဘူး၊ ဒီကောင်တွေ ရှာကျွေးနေတာ ...'' ဟု အဘိုးကြီးက ရှင်းပြလေ၏။ သို့ရာတွင် မာတင်သည် မပြန်တော့ပေ။ အဘိုးကြီးအိမ်၌ပင် ကပ်၍နေလေတော့၏။ အဘိုးကြီး၏ ဝေယျာဝစ္စများကိုလည်း သူက လုစ်၍ လုပ်၏။ ပေတလူလုပ်မည့်ကိစ္စအားလုံးကို သူက အတင်းဝင်၍လုပ်လေ၏။

ပြီးလျှင် တစ္ဆေဖြူ၏ စတိုးဆိုင်သို့သွား၍ တစ္ဆေဖြူ၏ အလုပ်များကို ဝင်၍လုပ်ပြန်၏။ တစ္ဆေဖြူ၏အလစ်တွင် ပိုက်ဆံခွက်ထဲမှ ပိုက်ဆံများကို နှိုက်ယူထားတတ်လေ၏။

တစ္ဆေဖြူက ရိပ်မိလေ၏။ ထိုအကြောင်းကို ပေတလူအား ပြောရာ ပေတလူက ပိုက်ဆံနံပါတ်များကို စာအုပ်တစ်အုပ်တွင် မှတ်သား၍ ပိုက်ဆံခွက်တွင်ထည့် ခိုင်းထားလိုက်လေ၏။ မာတင်ခိုးယူပြီးသောအခါ လောက်တွင် တစ္ဆေဖြူက ပေတလူအား အချက်ပေးလိုက်လေ၏။ ထိုအခါ ပေတလူက ဦးတင်ဘက်တူအား -

''အဘရေ ...အဘတူ ကိုမာတင်ကြီးကတော့ တစ္ဆေဖြူ့ဆိုင်က ပိုက်ဆံခွက်ထဲက ပိုက်ဆံတွေကို ခိုးယူနေပြီ ...၊ အခုချိန်စစ်လိုက်ရင်ပေါ် မှာ...၊ အဘစစ်ပေတော့ ...'' ဟု ပြောလေ၏။ ထိုအခါ အဘိုးကြီးက မာတင်ကိုခေါ်၍ -

''မင်းအိတ်ထဲက ပိုက်ဆံတွေကို အကုန်ထုတ်စမ်း'' ဟု ဆိုလိုက်ရာ မာတင်လည်းအိတ်တွင်းမှ ပိုက်ဆံများကို ထုတ်၍ပြရင်း -

''ဘကြီး ...ဒါ ကျွန်တော့်မိန်းမဆီက တောင်းလာခဲ့တဲ့ ပိုက်ဆံတွေပါ ...'' ဟု ပြောရာ ပေတလူက ပိုက်ဆံနံပါတ်များ မှတ်ထားသော စာအုပ်ကို အဘိုးကြီးလက်သို့ ပေးလိုက်ပြီးလျှင် -

''ပိုက်ဆံနံပါတ်တွေအကုန်လုံးကို ကျွန်တော် ဒီစာအုပ်ထဲမှာ မှတ်ထားတယ် အဘ ...၊ တိုက်ကြည့်လိုက်ပါ ...၊ သူ့မိန်းမပိုက်ဆံလား၊ ဆိုင်က ပိုက်ဆံလားဆိုတာ အဘအနေနဲ့ ရှင်းရှင်းလင်းလင်း သိသွားမှာပါ...''

www.burmeseclassic.com



ဟု ပြောလိုက်ရာ အဘိုးကြီးလည်း ပေတလူ၏စာအုပ်မှ နံပါတ်များနှင့် မာတင့်ထံမှ ငွေစက္ကူနံပါတ်များကို တိုက်ဆိုင်ကြည့်ရာ အားလုံးလိုလို တူနေကြောင်း တွေ့ရလေ၏။

"မာတင် ...မင်း ဘာပြောမလဲ၊ ပိုက်ဆံနံပါတ်တွေဟာ အတူတူဖြစ်နေပြီ...၊ မင်းခိုးတာ သေချာနေပြီ ...၊ အဲဒီတော့ မင်းကို တစ်ခါတည်းပြောလိုက်မယ်၊ အမြန်ဆုံး ဒီအိမ်က ထွက်သွားပါ၊ ထွက်မသွားရင်လည်း ဆိုင်နားကိုမကပ်ပါနဲ့ ..." ဟု အဘိုးကြီးက ပြောလိုက်လေ၏။ ထို့နောက် အဘိုးကြီးက ပေတလူအား -

"ပေတလူ ...မင်း သူခိုးဖမ်းပုံကလည်း တယ်ပြီးမြန်လှ ချေလားကွာ ..." ဟု ပြောလိုက် လေ၏။

"ဒီလို အဘရဲ့ ...၊ အရင်က အဘနဲ့ ကျွန်တော်တို့နဲ့က အဆင်ပြေနေတာ ...၊ အဘကလည်း ကျွန်တော်တို့အပေါ် သံသယမရှိဘူး ...၊ နေလို့ကောင်းတယ်၊ အခု ကိုမာတင်ရောက်လာတော့ ကျွန်တော်တို့အဖို့ သတိထားနေရတယ်၊ သူက အဘရဲ့ အမျိုးတော်တယ်၊ ကျွန်တော်တို့က သူပြောတဲ့စကားအတိုင်းပြောမယ်ဆိုရင် ငရုတ်သီးဆယ်တောင့်စားလို့ တစ်တောင့်မစပ်ဘူးလေ ..." ဟု ပြောလိုက်ရာ အဘိုးကြီးလည်း ငြိမ်ကျသွားလေ၏။

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး များမကြာမီ၌မှာပင် မာတင်နှင့် တစ္ဆေဖြူတို့ ငြိကြလေတော့၏။ မာတင်က တစ္ဆေဖြူအား ရိုက်မည်ဟု တုတ်ကိုကိုင်၍ ရှေ့သို့တိုးသွား၏။ ထိုအဖြစ်အပျက်ကို ဦးတင်ဘက်တူလည်း မြင်တွေ့နေရ၏။ ထို့ကြောင့် ဦးတင်ဘက်တူက လှမ်း၍ဟန့်၏။ သို့ရာတွင် မာတင်က မရပ်ဘဲ ရှေ့သို့တိုးသွားမြဲတိုးသွား၏။ ထိုအခါ ပေတလူက လေးခွဖြင့် မာတင်၏ ရင်ဘတ်ကို ဘုတ်ခနဲ ပစ်လိုက်လေတော့၏။

မာတင်လည်း နာလွန်း၍ ခြေလှမ်းတုန့်၍ရပ်သွား၏။ ထိုအခါ၌ ပေတလူက မာတင်၏ မျက်လုံးဆီသို့ ချိန်ရွယ်၍ -

www.burmeseclassic.com



"ရှေ့တိုးရင် အကန်းဖြစ်သွားမယ် ...၊ တုတ်ချလိုက်..."ဟု ပြောသော်လည်း မာတင်သည် လက်တွင်းမှ တုတ်ကိုမချသဖြင့် ပေတလူလည်း မာတင်၏ ပုခုံးညှပ်ရိုးဆီသို့ လေးခွဖြင့် နောက်တစ်ချက် ပစ်လိုက်လေ၏။ မာတင်၏လက်မှ တုတ်လွတ်ကျသွား၏။ ထိုအခါ၌ တစ္ဆေဖြူက ထိုတုတ်ကိုကောက်၍ မာတင်၏ ဦးခေါင်းကို ဖြောင်းခနဲ ရိုက်ချလိုက်လေ၏။ မာတင်လည်း ခေါင်းကွဲ၍ သွေးများစီးကျလာလေ၏။

ပေတလူကလည်း လေးခွဖြင့် ဝမ်းဗိုက်ကို နှစ်ချက်ထပ်၍ ပစ်ပြန်၏။ မာတင်မှာ မရှုမလှနာကျင်သွားပြီဖြစ်၍ ငိုယိုကာ အဘိုးကြီး၏ ခြေထောက်ကိုဖက်၍ တိုင်တန်းနေလေတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၃၆ ။

# မာတင်ရောက်လာခြင်း

ဦးတင်ဘက်တူ၏အိမ်သို့ ကိုမာတင်ရောက်လာသည်မှာ နှစ်လခန့်ရှိပြီဖြစ်၏။ ကိုမာတင်သည် အကြောင်းအရာမဟုတ်ဘဲ စကားကို ကျယ်လောင်စွာပြောလျှင် ပေတလူသည် လေးခွကို ပြလေ၏။ ထိုအခါ ကိုမာတင်သည် ချက်ချင်းစကားကိုရပ်လေ၏။ ကိုမာတင်သည် ပေတလူ ကိုလည်းကောင်း၊ တစ္ဆေဖြူကိုလည်းကောင်း၊ လေးခွကိုလည်းကောင်း အကြောက်ကြီး ကြောက်သွားပြီဖြစ်၏။

တစ်နေ့တွင် ထိုအိမ်သို့ ပစ္စည်းဝန်စည်စလယ်များဖြင့် မိန်းမတစ်ယောက် ရောက်လာလေ၏။ ထိုမိန်းမမှာ ကိုမာတင်၏ မိန်းမ ချော်ချော်

www.burmeseclassic.com



ဖြစ်၏။ ချော်ချော်သည် ကိုမာတင်ကို တွေ့လျှင် -

"ကိုမာ ...ကိုမာ့ရဲ့ခေါင်းကို ရိုက်တာ ဘယ်ကောင်လေးလဲ... ပြစမ်း ..." ဟု ပြောလေ၏။ ထိုအခါ ပေတလူက -

"ခေါင်းကိုရိုက်တာ ကျုပ်အစ်ကို တစ္ဆေဖြူ၊ ပုခုံးညှပ်ရိုးကို လေးခွနဲ့ ပစ်တာက ကျုပ်ပဲ ...၊ နာမည်လည်း မှတ်ထားဦး ပေတလူတဲ့ ...၊ ခင်ဗျားလည်းပဲ ဒီမှာ ကောင်းကောင်းမနေရင် ကျုပ်ရဲ့လေးခွက ဦးပုသ် စောင့်မထားဘူး ..." ဟု ပြောလိုက်ရာ ချော်ချော်က မျက်နှာကိုမဲ့၍ -

"အတော်မိုက်ရိုင်းတဲ့ကောင်လေးပဲ ...၊ မိမဆုံးမ၊ ဖမဆုံးမလေး တွေ ..." ဟု ပြောလိုက်လျှင် ပေတလူက -

"မှန်တာပေါ့ဗျာ ...၊ ကျုပ်တို့အဖေက ကျုပ်တို့ ငယ်ငယ်က တည်းက ဆုံးသွားတာဆိုတော့ ကျုပ်တို့ကို ဆုံးမဖို့ အချိန်မရလိုက်ဘူး ...၊ အဲဒါကြောင့် ကျုပ်တို့ဟာ ဖမဆုံးမတွေပဲ၊ ကျုပ်တို့အမေက နောက်လင်ယူ သွားတော့ ကျုပ်တို့ကို မဆုံးမနိုင်ပါဘူး၊ အဲဒါကြောင့် မိမဆုံးမဗျာ ...၊ အဲဒါ ဘာဖြစ်လဲ၊ ခင်ဗျား ဆက်ပြီးပြောစမ်းပါဦး .." ဟု ပေတလူက ပြန်၍မေးလိုက်လေ၏။ ထိုအခါ ကိုမာတင်က

"ချော်ရေ ... စကားမပြောတာဟာ အကောင်းဆုံးပဲ" ဟု လှမ်း၍ ဟန့်လိုက်လေ၏။ ထို့ကြောင့် ချော်ချော်လည်း တစ်စုံတစ်ရာပြောဆိုခြင်းမပြု တော့ပေ။ ကိုမာတင်သည် ချော်ချော်အား အဘိုးကြီးနှင့် မိတ်ဆက်ပေးလိုက် လေ၏။

"ဘကြီး ...ဒါ ကျွန်တော့်မိန်းမချော်ချော်ပဲ" ဟု မိတ်ဆက်ပေး လိုက်လျှင် အဘိုးကြီးက -

"မာတင်ရေ ...တို့အိမ်မှာက ယောကျ်ား တွေချည်းပဲနေတာ...၊ မင်းမိန်းမကိုနေဖို့ ခွင့်မပြုနိုင်ဘူးကွ ..." ဟု ပြောလိုက်ရာ ချော်ချော်က-

"ဘဘကလည်း ချော်တို့က ဘဘကို ပြုစုဖို့လာတာ၊ ချော်တို့ဟာ ချော်တို့ နေနိုင်စားနိုင်ပါတယ် ...၊ ချော်တို့မှာ မုဆိုးထမင်းဆိုင်ရှိတယ်၊

www.burmeseclassic.com


အဲဒီဆိုင်မှာက တကယ့်တောကောင်တွေကို ဟင်းချက်ပြီးရောင်းတာ …၊ လူတွေမှကြိတ်ကြိတ်တိုးနေတာပဲ …၊ ချော့ဆိုင်မှာက ဖွတ်၊ ပုတတ်၊ ယုန်၊ ခါဟင်းတွေ ရတယ် …၊ ပြောင်၊ ဆင်၊ ကျား၊ ကျွဲနဲ့ ယုန်သူငယ် ဟင်းတွေလည်း ရတယ် …၊ မရတာဆိုလို့ နဂါးနဲ့ ဂဠုန်အသားပဲရှိတယ်…၊ ဒါတောင် မရလို့ပါ …၊ ဖမ်းလို့မိမယ်ဆိုရင် နဂါးကိုလည်း ကြပ်ကင် ပစ်လိုက်မယ် …၊ ဂဠုန်ကိုလည်း တစ်ကောင်လုံး အရိုးထုပ်ပြီး တရုတ် မဆလာနဲ့ ပေါင်းပစ်လိုက်မယ်…ဟီ … ဟိ …'' ဟု ပြောလေ၏။

အဘိုးကြီးသည် ပေတလူဘက်သို့လှည့်ကာ ပါးစပ်တွင်းမှ ဆေးတံကို ဖြုတ်၍ မဲ့ပြလိုက်လေ၏။ ထို့နောက် ချော်ချော်သည် သူ၏ သားရေသေတ္တာ အတွင်းမှ ဆေးတံသောက်ဆေးနှစ်ဗူးကို ထုတ်၍ အဘိုးကြီးအားပေးရင်း–

''ဘဘက ဆေးတံကြိုက်တယ်ဆိုလို့ ချော်က ဗိုလ်ချုပ်ဈေးထဲမှာ သွားပြီး မရမက ရှာခဲ့တာ …၊ သရီးနန်းတဲ့၊ အင်္ဂလိပ်မယ်သီလရှင် သုံးပါးတံဆိပ် ဘဘရေ …၊ သောက်တဲ့လူတော့ မပြောတတ်ဘူး …၊ ဆေးဗူးဖွင့်လိုက်ရင် ဘေးကလူအတွက်တော့ တအားမွှေးနေတာပဲ၊ ဘဘရဲ့ ဆေးတံအိုးထဲကို ချော်ကိုယ်တိုင် ဆေးတွေထည့်ပေးမယ် …၊ ဘဘက ဆေးတံနဲ့ မှိန်းနေရုံပဲ …'' ဟု ပြောလေ၏။ ကိုမာတင်ကို မောင်းထုတ်နေ သည့်ကြားက ပင် ၄င်း၏မိန်းမ ချော်ချော်ပါထပ်ပြီး ရောက်လာပြန်ပြီ ဖြစ်၏။ ထို့ကြောင့် တစ္ဆေဖြူက –

''ပေတလူရေ …ဒီခြံမှာ ကိုမာတင်က တို့နှစ်ယောက်ကိုမနိုင် ဘူးကွ …၊ ဒါကြောင့် သူ့မိန်းမကို ထပ်ပြီးခေါ်လိုက်တာ …၊ စစ်တုရင် စကားနဲ့ ပြောရရင်တော့ ပါဝါတင်လိုက်တာပေါ့ကွာ…၊ ကိုမာတင်က ပွန်းဆိုရင် ချော်ချော်က ကွင်းပေါ့ကွာ …၊ ကွင်းနဲ့ ထောက်ထားတာ ပေါ့…၊ ပွန်းကို ကောက်စားလိုက်တာနဲ့ ကွင်းကတို့ကို စားပြီးသားပဲကွ…'' ဟု စစ်တုရင်စကားဖြင့် ဥပမာထား၍ ပြောလိုက်လေ၏။ ထိုအခါ ပေတလူက–

''ချော်ချော်က ကွင်းဆိုရင် တို့အဘက ကင်းပေါ့ကွ …၊

www.burmeseclassic.com



အဲဒီလိုဆိုရင် ကင်းနဲ့ ကွင်းနဲ့ ညားသွားလိမ့်မယ်ကွ …၊ သူတို့ နှစ်ယောက် ညားမယ်ဆိုတာနဲ့ တို့ဒီက လစ်ရမှာပဲ …” ဟု ပြောလိုက်လျှင် တစ္ဆေဖြူက

“မဟုတ်သေးပါဘူး ပေတလူရယ် …၊ အဘကြီးကို ဒီလင်မယား နှစ်ယောက်ရဲ့လက်ထဲမှာ မျက်နှာလွှဲ ခဲပစ်ထားခဲ့လို့တော့ မဖြစ်ဘူးကွ …၊ ထန်းလျက်ခဲ ခွေးလျက်သလို အဘိုးကြီး လုံးပါးပါးပြီး သေလိမ့်မယ် …”ဟု ပြောလေ၏။ ထိုအခါ ပေတလူက –

“စောလူးမင်းကို ကျန်စစ်သားက မွန်တွေလက်ထဲက အသက်စွန့်ပြီး ကယ်ခဲ့တာပဲကွ …၊ ဒါပေမဲ့ ကယ်လို့မရတော့လည်း မွန်တို့ လက်ထဲမှာ ခွေးသေ ဝက်သေ သေရစ်တော့လို့ဆိုပြီး ပစ်ချခဲ့ရ တာပဲ …၊ စာလေးဘာ လေးဖတ်ပါဦး တစ္ဆေဖြူရယ် …၊ မင်းကလေ စာဖတ်ပါဆိုရင် အရုပ်နည်းတယ်၊ စာများတယ်ဆိုတာပဲ၊ ပတ်ဝန်းကျင်ကို လေ့လာပါဆိုရင်လည်း ခွေးချင်း ပူးတာလောက် ကြည့်တတ်တာ …၊ မင်းကတော့ လူတောတိုးဖို့ ခက်တော့မယ် …၊ မင်းဟာ ကွမ်းယာလို ကောင်စားပဲ၊ စားပြီး အစာမဖြစ်၊ ဝါးပြီးထွေးပစ်၊ အကျိုးစွန်းတာ အဆစ်” ဟု ပြောလိုက်လျှင် တစ္ဆေဖြူက –

“မင်းက ငါ့ကို တွယ်လှချေလားကွ …” ဟု ပြောလေ၏။ ထိုအခါ ပေတလူက –

“တွယ်တာမဟုတ်ဘူး …၊ ညီအစ်ကိုချင်းမို့လို့ မင်းကို ငါက ဆုံးမရတာ …၊ ဒီလိုမှမဆုံးမရင် လူ့ဘဝမှာ မင်းဟာ အောက်ကျနောက်ကျ ဖြစ်တော့မယ် …”ဟု ပြောလိုက်လေ၏။

ချော်ချော်သည် အိမ်သို့ရောက်လာပြီးနောက် နေရာတကာတွင် ဝင်၍ ပါ၏။ ချက်ရေးပြုတ်ရေးတွင်လည်း သူပါလာ၏။ ဈေးဝယ်သည့် ကိစ္စတွင်လည်း ပါလာလေ၏။ အဘိုးကြီးအား ဆေးလူးပေးခြင်း၊ နှိပ်နယ်ခြင်းကိစ္စတွင်လည်း ရှေ့ဆုံးကပါ၏။ နေ့လယ်နေ့ခင်း အဘိုးကြီးစားရန် မုန့်များကိုလည်း ချော်ချော်ပင် စီစဉ်လေ၏။ အာလူးကို အစာသွတ်သော အာလူးကက်သလိတ်၊ ဘဲဥကို အစာသွတ်သောမုန့်များ၊ ပေါင်မုန့်ကို အတုံးကလေးများလှီး၍

ဟင်းချက်သော မည်သို့ခေါ်ရမှန်းမသိသည့် အစားအသောက်များကို ပြုလုပ်ပေးတတ်လေ၏။

အေးသည်ဟု ဆိုကာ အဘိုးကြီးအား ရေချိုးခွင့်မပေးဘဲ ရေနွေး ကြက်သီးနွေးကလေးဖြင့် ရေပတ်တိုက်ပေးတတ်၏။ ရေပတ်တိုက်သော အခါတွင် မြင်အပ်သောနေရာ၊ မမြင်အပ်သော နေရာဟူ၍မရှိ။ နေရာအား လုံးကို တိုက်ပေး၏။ ထိုသို့ တိုက်ပေးရင်း –

"ဘဘက သမီးအဖေနဲ့ သိပ်ပြီးတူတာ ....၊ မသိရင် အမြွှာ ညီအစ်ကိုလို့တောင် ထင်ရတယ် ....၊ ဘဘကို မြင်ရင် အဖေ့ကို အရမ်း သတိရတယ် ...."ဟု ဆိုလေ၏။

အားလျှင် အဘိုးကြီးအား ကလိထိုး၍ဆော့၏။ အဘိုးကြီး တစ်စုံတစ်ခု စဉ်းစားနေလျှင် စဉ်းစား၍မရအောင် ကလေးမြှူသကဲ့သို့ မြှူလေ၏။ လက်ခုပ်လက်ဝါးတီး၍ ရယ်မောအောင် ပြုလုပ်လေ၏။

ဦးတင်ဘက်တူကြီးသည် ချော်ချော်၏လက်ထဲတွင် အခါလည် သားကလေး ပြန်၍ဖြစ်နေရရှာလေတော့၏။ တစ်နေ့တွင် ပေတလူက –

"အဘရေ ...နည်းနည်းတော့ သတိထားပေတော့၊ အဘကို ချော်ချော်က နည်းမျိုးစုံနဲ့ စည်းရုံးနေပြီ၊ ဒီခြံကြီးဟာ သူတို့လက်ထဲ ရောက်သွားလိမ့်မယ် ...၊ ခြံရှေ့မှာ ချိတ်ထားတဲ့ "*ဦးတင်ဘက်တူ (သုတေသနအရာရှိ အငြိမ်းစား)*"ဆိုတဲ့ ဆိုင်းဘုတ်အစား "*မာတင်ချော်ချော်*" ဆိုတဲ့ ဆိုင်းဘုတ်ကြီး ရောက်လာလိမ့်မယ် ...၊ အဲဒီ အခါမှာ အဘဟာ အနေလှခဲ့ပေမဲ့ အသေမလှဖြစ်သွားလိမ့်မယ်...၊ ဒီလောက်မျက်နှာပြောင် တိုက်တဲ့ လင်မယား ကျွန်တော်ဖြင့် တစ်ခါမှ မတွေ့ဖူးပါဘူး ..."ဟု ပြောလိုက်ရာ ဦးတင်ဘက်တူက –

"ဒီလိုကွ ...မာတင်ဆိုတဲ့ကောင်ကတော့ ကလိမ်ကကျစ်ပဲ ...၊ တစ်ခါမှ မကောင်းဖူးဘူး ...၊ သူ့မိန်းမချော်ချော်လေးကတော့ မဆိုးဘူး ကွ...၊ ငါ့ကို သူက သူ့အဖေနဲ့တူလို့ အဖေအစားရနေပြီလို့ အောက်မေ့

www.burmeseclassic.com



နေတာ …” ဟု ပြောလေ၏။ ပေတလူသည် မျက်လုံးပြူး၍ သွားလေတော့၏။ ထိုအခါ ပေတလူက -

“ဒီလို အဘရေ …ရန်ကုန်မြို့ ဗျိုင်းရေအိုးစင်မှာက မော်တော်ကားဝပ်ရှော့တွေ ရှိတယ် …၊ အဲဒီဝပ်ရှော့တွေမှာ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက် အလုပ်လုပ်ဖူးတယ် …၊ အဲဒီမှာ လှမောင်ဆိုတဲ့ ကောင်လေး တစ်ကောင်ရှိတယ် …၊ ကျွန်တော်တို့နဲ့ အလုပ်လုပ်ဖက်ပါပဲ၊ သူ့ဆီကို ကျွန်တော်က စာရေးပြီး သူတို့နှစ်ယောက်အကြောင်း မေးကြည့်တော့ ဟော့ဒီမှာ လှမောင်ဆီက ပြန်စာ”ဟု ဆိုကာ အဘိုးကြီး၏လက်သို့ စာတစ်စောင်ကို ထည့်ပေးလိုက်လေ၏။ ထိုစာတွင် မာတင်ရော ချော် ချော်ပါ ပူးပေါင်း၍ လိမ်နေသော လူလိမ်များဖြစ်ကြောင်း၊ မုဆိုးထမင်းဆိုင်ဆိုသည်မှာလည်း မရှိကြောင်း၊ မာတင်မှာလည်း တိရစ္ဆာန်သွားစိုက်ဆရာဆိုသည်မှာလည်း မဟုတ်ကြောင်း ဖော်ပြထားသောစာဖြစ်၏။

အဘိုးကြီးသည် ပေတလူပေးသောစာကို ဖတ်ပြီးနောက် -

“မင်းကတော့ အတော့်ကို ခြေလှမ်းကျဲတဲ့ ကောင်ပဲ၊ သူတစ်ပါးကို ကိုယ့်အထင်နဲ့ မစွပ်စွဲပါနဲ့ကွာ” ဟု ပြောလေတော့၏။ ထို့ကြောင့် ပေတလူသည် တစ္ဆေဖြူနှင့် တိုင်ပင်ရလေတော့၏။

“တစ္ဆေဖြူရေ …ကျန်စစ်သားကတော့ စောလူးမင်းကို မွန်တွေ ဖမ်းထားတဲ့ကြားက ကယ်တာပဲကွ …၊ ဒါပေမဲ့ စောလူးမင်းကတော့ အတင်းရန်းနေတယ်ကွ …၊ အဲဒီတော့ ခွေးသေ ဝက်သေ သေရစ်တော့ ဆိုပြီး ပစ်ချခဲ့ရတော့မှာပဲဟော့၊ အဲဒီတော့ မင်းဘက်က အသင့်ဖြစ်အောင် ပြင်ထား …၊ စစ်သဘောနဲ့ပြောရရင် တက်ဆိုတဲ့နေရာမှာ စစ်ပညာ ပါသလို၊ ဆုတ်တဲ့နေရာမှာလည်း စစ်ပညာပါတယ် …၊ မဆုတ်တတ်ရင် တစ်တပ်လုံး ပျောက်သွားတတ်တယ်လို့ စစ်ပါရဂူဆွန်ဇူးရဲ့ သေနင်္ဂဗျူဟာ ကျမ်းမှာ အတိအကျဆိုထားတယ် ငါ့လူ …” ဟု ပေတလူက ပြောလိုက်လျှင် တစ္ဆေဖြူက -

www.burmeseclassic.com



““မင်းပြောတာ ငါ နားမလည်ဘူး ...”” ဟု ပြောလေ၏။ ထို့ကြောင့် ပေတလူက -

““မင်း ဘယ်နားလည်မလဲကွာ ...၊ စာမှမဖတ်ဘဲ၊ စာဖတ်ပါဆိုရင် အရပ်နည်းတယ်၊ စာများတယ် ...၊ စာအုပ်ထူတယ် လုပ်နေတာကိုး ...၊ ပတ်ဝန်းကျင်ကို လေ့လာပါဆိုတော့လည်း ခွေးချင်းပူးတာလောက် သွားပြီးကြည့်တတ်တာကိုးကွ ...၊ မင်းဟာ ကွမ်းယာလိုကောင်ပဲ ...၊ စားတော့ စားတယ် ...၊ အစာမဖြစ်ဘူး၊ ဝါးပြီးထွေးထုတ် အကျိုးစွန်းတာ အလုပ်လုပ်နေတဲ့ ကောင်စားမျိုးကိုး ...””ဟု ပယ်ပယ်နယ်နယ် ဆူလိုက်လေတော့သတည်း ... ။ ။

●

www.burmeseclassic.com





www.burmeseclassic.com


အခန်း ၊ ၃၇ ၊

# မိုးပြာရောင် ကြွေရေနွေးခရားလေး

ဦးတင်ဘက်တူသည် ရွှေစာရံဘုရားတွင် သွားရောက်၍ ပုတီးစိပ်လိုသည်ဆိုသောကြောင့် ဒရိုင်ဘာ ကိုစလင်းက ကားဖြင့် လိုက်၍ပို့ရလေ၏။ ချော်ချော်မှာ ဉာဏ်တောဈေးသို့သွား၍ ဈေးဝယ်ရလေ၏။ မာတင်ကလည်း အနွေးထည်ဝယ်လိုသည်ဟုဆိုကာ ချော်ချော်နှင့် လိုက်သွားလေ၏။ ထိုအခါ၌ ပေတလူသည် တစ္ဆေဖြူ၏ ဆိုင်တွင်ဖွက်ထားသော လွန်ကို ထုတ်လေ၏။ တစ္ဆေဖြူက အစီပွါယ်ကို နားမလည်သဖြင့် –

"ဒီလွန်ကြီးက ဘာလုပ်ဦးမလို့လဲ ..." ဟု မေးလေ၏။

"အဘရဲ့အိပ်ခန်းက လုံတယ်ကွ ...၊ အဲဒါကြောင့် ခိုးပြီးဖောက်

www.burmeseclassic.com



မလို့ကွ …၊ ဖောက်တာကတော့ နှစ်နေရာဖောက်ရမှာပဲကွ …၊ ရေချိုးခန်းကိုလည်း ဖောက်ရမှာပဲကွ …၊ ဘာဖြစ်လို့လဲ သိလား …၊ ချော်ချော့်ကို ငါမယုံဘူးကွ …၊ တို့အဘကြီးကို သူက ကာမဂုဏ်နဲ့ စည်းရုံးလိမ့်မယ်…၊ အပိုင်စည်းရုံးပြီးရင်တော့ ပေတလူတို့၊ တစ္ဆေဖြူတို့ကို သူ ကစ်လိမ့်မယ်…၊ သူမကစ်ခင် ကိုယ်လစ်တာကောင်းတယ်ကွ …၊ ပြီးတော့ မင်းသိအောင် ပြောရဦးမယ် …၊ ချော်ချော်နဲ့ ကိုမာတင်ကြီးဟာ လင်မယားမဟုတ်ဘူး နော်၊ အယောင်ဆောင်နေတာ …၊ နှစ်ယောက်စလုံးဟာ ခွင်နဲ့လျှောက်လိမ်နေတဲ့ လူလိမ်တွေကွ…၊ အဲဒီတော့ ကိုယ့်ဘက်ကအသိ ဦးအောင်လုပ်ထားဖို့လိုတယ်…၊ အသိဦးတာဟာ အရာရာဦးတာပဲကွ …” ဟု ပေတလူက ပြောလေ၏။ ထို့နောက် ပေတလူသည် အဘိုးကြီး၏အိပ်ခန်းကို ချောင်းကြည့်ရန်အတွက် လွန်ဖြင့် နှစ်နေရာ၊ သုံးနေရာ ဖောက်လေ၏။ ပြီးလျှင် အပေါက်များကို အဆို့ဖြင့် ပြန်၍ဆို့ထားလေ၏။ ပြီးလျှင် ရေချိုးခန်းကိုလည်း ဖောက်လေ၏။

ထို့နောက် ပေတလူသည် ချော်ချော်၏ သားရေသေတ္တာကို သော့တူဖြင့်ဖွင့်၍ အတွင်းမှပစ္စည်းများကို လှန်လှောရှာဖွေလေ၏။ ထိုသို့ ရှာဖွေရာ ကလေးတစ်ယောက်ကို ချီထားလျက် ရိုက်ထားသော ချော်ချော်၏ နှစ်သမီးအရွယ်ဓာတ်ပုံကို တွေ့ရလေ၏။ တစ်နေရာတွင် မှတ်စုစာအုပ်လေးကို တွေ့ရသဖြင့် ထုတ်ယူ၍ဖတ်ကြည့်ရာ လိပ်စာအချို့ကို တွေ့ရလေ၏။ ပေတလူသည် ထိုမှတ်စုစာအုပ်မှ လိပ်စာများကိုကူးယူ၍ စာအုပ်ကို ပြန်၍ထည့်ထားလိုက်လေ၏။ ဓာတ်ပုံကိုမူ ပြန်၍မထည့်ဘဲ ယူ၍ထားလိုက်လေ၏။

အလုံးစုံပြုလုပ်ဆောင်ရွက်ပြီးသောအခါ၌ ရွှေစာရံဈေးသို့ သွားကာ စတိုးဆိုင်တစ်ဆိုင်မှ တယ်လီဖုန်းဖြင့် ရန်ကုန်မြို့ ဗျိုင်းရေအိုးစင် ရပ်ကွက်တွင်ရှိသော ဝပ်ရှော့သို့ တယ်လီဖုန်းဆက်လေ၏။ ထိုဝပ်ရှော့တွင် ၄င်းတို့ညီအစ်ကိုနှင့်အတူ အလုပ်လုပ်ခဲ့ဖူးသော သူငယ်လေးတစ်ယောက်ရှိ၏။ ထိုသူငယ်လေး၏အမည်မှာ လှမောင်ဟူ၍ဖြစ်၏။ ၄င်းလှမောင်သည် ပေတလူလိုချင်သော ချော်ချော်နှင့်ပတ်သက်သည့် သတင်းများကို ကောင်းစွာပေး

နိုင်လေ၏။

ပေတလူသည် အိမ်သို့ပြန်၍ရောက်လာလေ၏။ ထိုအခါ တစ္ဆေဖြူက–

““ဟော့ကောင် …ပေတလူ၊ မင်း ဘယ်တွေ လျှောက်သွားပြီး ဘာတွေလုပ်နေတာလဲ၊ ငါ့လည်း ပြောပါဦးကွ …”” ဟု ပြောလေ၏။

““မင်းကိုပြောနေရင် အလုပ်ဖင့်မှာစိုးလို့ …၊ မင်းကို မပြောဘဲ ငါ့ဟာငါ လျှောက်ပြီးလုပ်နေတာကွ၊ သိအောင်တော့ ပြောပြမယ်ကွာ …၊ မင်းနဲ့ငါ ဒီအိမ်က လစ်ရတော့မယ်၊ ချော်ချော်က လက်ဦးသွားပြီကွ …၊ ချော်ချော်ဟာ တို့အဘကြီးကို အပြီးအပိုင်စည်းရုံးလိုက်ပြီလို့ ငါထင်တယ်၊ မြန်မြန်လစ်မှ တော်ကာကျမယ်၊ မလစ်ရင် ငါတို့နှစ်ယောက်ရဲ့အသက်ကိုပါ မာတင်နဲ့ ချော်ချော်က လုပ်ကြံကြလိမ့်မယ်၊ သူတို့ နှစ်ယောက်အဖို့ အဘိုးကြီးရဲ့ စည်းစိမ်ဥစ္စာဟာ အလွန်ကြီးတဲ့ငါးကြီးကွ …၊ ‘ဗစ်ဖစ်ရှ်’ ဖြစ်တယ်ကွာ…၊ ဒါကို အလွတ်ခံမှာမဟုတ်ဘူး၊ လိုအပ်ရင် တို့နှစ်ယောက်ကို ရှင်းပစ်လိုက်မှာပဲ၊ တို့အဘကြီးကလည်း အရင်လို တို့ရဲ့ထိန်းချုပ်မှုအောက်မှာ မရှိတော့ဘူး၊ ဟိုဘက်ကို ယိုင်နေပြီ …၊ ချော်ချော့်မှာ ယောကျ်ားရှိတယ်ကွ၊ ကလေးတစ်ယောက်လည်း ရထားတယ်၊ သမီးလေးကွ …၊ သမီးလေးက အခု လောက်ဆို ခုနစ်နှစ်သမီးအရွယ်လောက်ရှိပြီကွ …၊ အဲဒီကလေးရဲ့နာမည်က ‘ချစ်ထိပ်ဖူးငုံငုံ’တဲ့ …၊ ချော်ချော်က သူ့အဒေါ်နဲ့ထားခဲ့တယ်၊ ကလေးက စိန့်ဖရန့်စစ် သာသနာပြုကျောင်းမှာ ထားတယ်ကွ …၊ ချော်ချော်ယောကျ်ားက လူမိုက်ကျွဲရိုင်းတဲ့ကွ၊ အခု ထောင်ထဲမှာ …၊ လွတ်ရက်နီးပြီတဲ့ကွ၊ လွတ်တာနဲ့ ချော်ချော့်ကို ရှာမှာပဲ၊ ဘယ်ယောကျ်ားပဲ ယူထားယူထား … ချော်ချော့်ကိုရော ယူထားတဲ့ယောကျ်ားကိုရော သတ်မှာပဲ၊ နောက်တစ်ခုပြောရဦးမယ်၊ ကိုမာတင်ဆိုတဲ့ လူကြီးဟာ သူ့နာမည်က မာတင်မဟုတ်ဘူးကွ၊ သူ့နာမည်က မောင်တင်တဲ့ကွ …၊ ခရမ်းသုံးခွဘက်က ဓားပြမှုမှာ သူပါတယ်တဲ့ကွ …၊ တရားခံပြေးပေါ့ကွာ၊ ရဲကို သတင်းပေးလိုက်တာနဲ့ မာတင်ကတော့ ကွဲပြီကွ”” ဟု ပြောလိုက်လျှင် တစ္ဆေဖြူက –

www.burmeseclassic.com


"မင်းဟာ အတော်ရှုပ်တဲ့ကောင်လေးပဲ၊ ငါဖြင့် ဘာမှနားမလည်ဘူး ..." ဟု ပြန်၍ပြောလေ၏။

"နားမလည်ရင် နောက်ကလိုက်ပေတော့ ...၊ ငါ ပြောတဲ့ အတိုင်းလုပ်ပေတော့ ...၊ မင်းဟာ ပတ်ဝန်းကျင်ကို ဘာမှမလေ့လာဘူး၊ မင်းကို တစ်ခုပြောလိုက်ဦးမယ်၊ တို့အမေ ဒေါ်ခင်နက်ဟာ တို့ကို ဒီမှာထားခဲ့ပြီး စာရေးကြီး ဦးချိပ်ပန်းနဲ့ ယူသွားတယ်မဟုတ်လား၊ ကလေးတစ်ယောက်ရတယ်ကွ ...၊ ယောက်ျားလေးပဲ၊ အဲဒီကောင်လေးရဲ့နာမည်က 'နာတာလူး' တဲ့၊ တို့နှစ်ယောက်နဲ့ဆိုရင် မအေတူ ဖအေကွဲပေါ့ကွာ ...၊ အမေနဲ့ ဦးချိပ်ပန်းကြီးနဲ့ ကွဲသွားကြပြီ၊ အမေက ပြည်ဈေးရဲ့ အပြင်ဘက်မှာ ကရေကရာ ရောင်းပြီး ရပ်တည်နေတယ်၊ အနားက သံသေတ္တာရောင်းတဲ့ အာမက်ဆိုတဲ့ ကုလားက အမေ့ကို ချိတ်တိတ်တိတ်လုပ်နေတယ်၊ အချိန်မီ တို့နှစ်ယောက် အမေ့ဆီမရောက်ခဲ့ရင် အမေဟာ ကုလားမယားဖြစ်သွားလိမ့်မယ် ..."ဟု ပေတလူက ပြောလိုက်လျှင် တစ္ဆေဖြူက -

"နေစမ်းပါဦး ပေတလူရယ် ...၊ မင်းက ဒါတွေကို ဘယ်လိုလုပ်ပြီးသိနေရတာလဲ ..." ဟု မေးလိုက်လေ၏။

"ပြည်မှာ ဆိုက်ကားပြင်တဲ့ မာယုသာဆိုတဲ့ ကောင်တစ်ကောင်ရှိတယ်ကွ၊ ဒီကောင်က ဝပ်ရှော့မှာ တို့အလုပ်လုပ်တုန်းက သူကလည်း တခြားဝပ်ရှော့လာပြီး အလုပ်လုပ်ရှာတယ် ...၊ ဝပ်ရှော့ဆရာက ငါ့ကို လက်ဖက်ရည်ဝယ်ခိုင်းတဲ့အခါမှာ သူ့ဝပ်ရှော့ကလည်း သူ့ကို လက်ဖက်ရည်ဝယ်ခိုင်းတာနဲ့ကြုံရင်း ငါတို့နှစ်ယောက် စကားပြောဖြစ်ကြတယ်၊ ပြီးရင် သူဝယ်တဲ့ချိုင့်ထဲက လက်ဖက်ရည်နည်းနည်း၊ ငါဝယ်တဲ့ လက်ဖက်ရည် ချိုင့်ထဲက လက်ဖက်ရည်နည်းနည်းစီ ထည့်ပြီး တို့နှစ်ယောက် သောက်ကြတယ်ကွ ...၊ သူနဲ့ငါနဲ့ဟာ အတော်ခင်တဲ့ သူငယ်ချင်းတွေကွ၊ ဒီကောင်က ဝပ်ရှော့ကထွက်ပြီး သူ့မြို့မှာ သူဟာ ဆိုက်ကားပြင်တဲ့အလုပ် လုပ်နေတယ်ကွ...၊ ရသမျှပိုက်ဆံနဲ့ မျက်မမြင်အဘိုးကြီးတစ်ယောက်ကို သူက ပြုစု

လုပ်ကျွေးတာကွ …၊ သူနဲ့ ဘာမှမတော်ဘူးနော် …၊ သက်သက်မဲ့လုပ်ကျွေး တာကွ …၊ လူတော်ကွ …၊ သူက တို့အမေကို ကောင်းကောင်းသိတယ်၊ သူ့ဆီက အမေ့သတင်းတွေ မှန်မှန်ရတယ်၊ မလိုအပ်လို့ မင်းကို ငါမပြော တာ…'' ဟု ပေတလူက ပြောလိုက်လျှင် –

''မင်းကတော့ကွာ အတော့်ကိုလည်တဲ့ကောင်ပါပဲ…၊ အဲဒီတော့ မင်းကို ဆရာတင်ရမှာပဲ …'' ဟု တစ္ဆေဖြူက ပြောလိုက်လျှင် ပေတလူက

''မင်းအနေနဲ့ ငါ့ကို ဆရာတင်ရမယ်ဆိုတာ အခုမှပဲ သဘောပေါက် ရသလားကွ …အံ့ရော … အံ့ရော …'' ဟု ရေရွတ်လိုက်လေတော့၏။

များမကြာမီအချိန်၌မှာပင် ချော်ချော်သည် ဈေးမှ ပြန်၍ရောက် လာ၏။ ငါးရံ့ကို ရေချိုချက်၏။ မရမ်းသီးကို ငပိစိမ်းစား၊ ကုလားအော် ငရုတ်သီးတို့ဖြင့် ထောင်း၏။ ပုတတ်စာဟင်းချိုချက်၏။ ဟင်းကျက် လောက်သည့်အချိန်တွင် ဦးတင်ဘက်တူသည် ပြန်၍ရောက်လာ၏။ ဦးတင်ဘက်တူ ပြန်၍ရောက်လာလျှင် ချော်ချော်က ထမင်းပွဲပြင်ပေး၏။ ဦးတင်ဘက်တူ ထမင်းစားသောအခါ၌ အနီးမှာနေ၍ ငါးရံ့ကို အရိုးထွင်ပေး၏။ ပြီးလျှင် –

''အဘ …မရမ်းသီးထောင်းလေး စားလိုက်ပါဦး၊ ပုတတ်စာ ဟင်းချိုလေး သောက်လိုက်ပါဦး …'' ဟု တွတ်တီးတွတ်တာပြော၍ ထမင်းကို ကျွေးလေ၏။ အဘိုးကြီးလည်း ငရုတ်သီးစပ်သဖြင့် နဖူးတွင် ချွေးများ စို့နေ၏။ ထိုအခါ ချော်ချော်က သူ၏အင်္ကျီလက်မောင်းတွင် ထိုးထားသည့် ရေမွှေးဆွတ် ထားသော လက်ကိုင်ပုဝါကို ထုတ်ကာ အဘိုးကြီး၏နဖူးရှိ ချွေးများကို တို့၍ သုတ်ပေး၏။

ထမင်းစားပြီးသောအခါ၌ အဘိုးကြီးအား ကော်ဖီတစ်ခွက်၊ ငှက်ပျော သီးတစ်လုံး ကျွေးလေတော့၏။ ပြီးလျှင် အဘိုးကြီး၏ ဆေးတံတွင် ဆေးများဖြည့်ပေး၏။ အဘိုးကြီးသည် နောက်မှီကုလားထိုင်ကြီးတွင် ထိုင်ကာ ဆေးတံကို ဖွာ၍နေလေတော့၏။ ဆေးတစ်ဆုံဖွာပြီးသောအခါ၌ –

www.burmeseclassic.com



"ဘဘ အိပ်တော့ ...''ဟု ဆိုကာ အိပ်ခန်းအတွင်းသို့ တွဲ၍ ခေါ်သွားလေတော့၏။ ပြီးလျှင် အတွင်းမှ 'ချက်'ထိုးလိုက်လေတော့၏။

ထိုအချိန်၌ ပေတလူသည် ငှင်းဖောက်ထားသော ချောင်းကြည့် ပေါက်မှ အဆို့ကိုဖြုတ်၍ ချောင်းကြည့်လေတော့၏။ အဘိုးကြီးသည် ကုတင်ပေါ်တွင် ဆန့်ဆန့်ရန့်ရန့် အိပ်နေလေ၏။ ချော်ချော်သည် အဘိုးကြီး၏ ခြေထောက်၊ ပေါင် စသည်တို့ကို လျှောက်၍နှိပ်ပေး၏။ အစပထမတွင် ကောင်းကောင်းမွန်မွန် နှိပ်ပေးခြင်းဖြစ်၏။ ထို့နောက်တွင်'ကလိ ... ကလိ ...'ဟု ပါးစပ်မှ အော်ကာ ကလိထိုးလေ၏။ ထိုအခါ အဘိုးကြီးက -

"ထမင်းစားဝကြီး ရှိသေးတယ်၊ မလုပ်ပါနဲ့ ချော်ချော်ရယ် ...''ဟု တောင်းပန်လေ၏။ သို့ရာတွင် ချော်ချော်သည် အဘိုးကြီး၏စကားကို နားမထောင်ဘဲ ကလိထိုးမြဲထိုးနေ၏။ ပေတလူလည်း မျက်တောင်မှု မခတ်ဘဲ ကြည့်နေလေ၏။ ချော်ချော်မှာ ကဲသည်ထက်ကဲ လာလေ၏။ နောက်ပိုင်း၌မူ ပေတလူပင် ကြည့်ရန်ရှက်လှ သောအဖြစ်သို့ ရောက်သွားလေ၏။ ပေတလူ လည်း ချောင်းကြည့်ပေါက်မှအဆို့ကို ပြန်၍ဆို့ ထားလိုက်ပြီးလျှင် အောက်ထပ် သို့ ဆင်းခဲ့လေ၏။ ထို့နောက် တစ္ဆေဖြူ ၏ စတိုးဆိုင်သို့သွားကာ-

"တစ္ဆေဖြူရေ ...စောလူးမင်းကတော့ ကယ်လို့မရတော့ဘူးကွ၊ အဲဒီတော့ ဒီနေ့ပဲ တို့လစ်မယ်ကွာ ...'' ဟု ပြောလိုက်လေ၏။

အဘိုးကြီးသည် တရေးတမောအိပ်လေ၏။ ချော်ချော်လည်း ခြံတွင်းသို့ဆင်းကာ အဘိုးကြီး အိပ်ရာမှနိုးသောအခါ၌ ထိုင်မည့် သစ်ပင် အောက်ရှိ ခုံအနီးတွင် မီးဖိုကိုချကာ အာလူးကပ်သလိပ်များ ကြော်လေ၏။ နွားနို့များ ကျိုလေ၏။ အာလူးကပ်သလိပ်များအထဲတွင် ရွှေရောင်စက္ကူ ပတ်များဖြင့် ထုတ်ထားသော ဂျာမဏီလုပ် အားဆေးများကို သွတ်သွင်း လေ၏။

နေ့လယ်တစ်ချက်ထိုးလောက်တွင် အဘိုးကြီးသည် ခြံအတွင်းသို့ ဆင်းလာလေ၏။ ထိုင်နေကျသစ်ပင်အောက်ရှိ ခုံပေါ်တွင် ထိုင်၏။ ထိုအခါ

www.burmeseclassic.com



ပေတလူနှင့် တစ္ဆေဖြူတို့သည် အဘိုးကြီး၏ အနီးသို့သွားကာ မြေကြီးပေါ်တွင် ထိုင်ကြလေ၏။ ထို့နောက် ပေတလူက -

"အဘကို ကျွန်တော် ပုံလေးတစ်ပုံ ပြောပြမယ်" ဟု စလိုက်လျှင်

"လုပ်စမ်းပါဦး ပေတလူရယ် ...၊ မင်းဆီက ပုံလေးဘာလေးတွေ နားမထောင်ရတာ အတော်ကြာပြီကွ" ဟု အဘိုးကြီးက ပြောလိုက်လေ၏။

"အခုအဖြစ်အပျက်က ဂျပန်ပြည်မှာဖြစ်တာ အဘရဲ့ ...၊ လူတစ်ယောက်ဟာ ဘုန်းကြီးတစ်ပါးကို ကြည်ညိုပြီး သူ့အိမ်အနားကို ပင့်သွားတယ်၊ အိမ်နားက မြေကွက်မှာ တစ်ပါးနေကျောင်းလေး ဆောက်ပြီး ကိုးကွယ်တော့တာပဲ၊ ဆွမ်းလည်း မှန်မှန်ပို့တယ်၊ သူ မအားရင်လည်း သူ့သမီးလေးကို ပို့ခိုင်းတယ် ...၊ သူက မုဆိုးဖိုကြီး အဘရဲ့ ...၊ သူ့သမီးလေးမှာက ရည်းစားရှိတယ်၊ ကောင်လေးက ငါးရောင်းတဲ့ကောင် လေး...၊ ကောင်လေးနဲ့ ကောင်မလေးဟာ မကြာခဏ ချိန်းချိန်းတွေ့တော့ ကောင်မလေးမှာ ကိုယ်ဝန်ငြိပါလေရော ...၊

အဲဒီတော့ ကောင်လေးက ငွေရှာဖို့ တခြားမြို့တွေမှာ ငါးသွားရောင်းမယ်ဆိုပြီး ထွက်သွားတယ်၊ တော်တော်နဲ့ ပြန်မလာဘူး၊ ကောင်မလေးရဲ့ ကိုယ်ဝန်ဟာ တဖြည်းဖြည်းထင်ရှားလာတယ်၊ အဲဒီတော့ အဖေလုပ်တဲ့ လူကသိသွားပါလေရော ...၊ အဲဒီတော့ ဓားမိုးပြီး သမီးကိုမေးတယ်၊ ဒီကိုယ်ဝန် ဘယ်သူနဲ့ရသလဲလို့ အတင်းအကြပ်မေးတယ် ...၊ အဲဒီအခါမှာ ကောင်မလေးက သူ့ရည်းစားလေးလည်း ဘယ်ရောက်နေမှန်းမသိလေတော့ ရည်းစားလေးကို မပြောတော့ဘူး၊ ကြောက်ကြောက်လန့်လန့်နဲ့ ပြောမိပြောရာ ပြောလိုက်တယ် ...၊

ဒီကိုယ်ဝန်ဟာ အဖေကိုးကွယ်နေတဲ့ ဘုန်းကြီးနဲ့ ရတာလို့လည်း ပြောလိုက်ရော အဖေလုပ်တဲ့သူက ကောင်မလေးကို လက်ဆွဲပြီး ဘုန်းကြီးကျောင်းကို သွားပါလေရော၊ '*အရှင်ဘုရား ...ကောင်းသလား၊ တပည့်တော်က ကြည်ညိုလိုက်ရတာ ...၊ အရှင်ဘုရားက တပည့်တော်ရဲ့ သမီးကို*

www.burmeseclassic.com



ကိုယ်ဝန်ရအောင်လုပ်လိုက်တယ် သတ်မယ် ...' လို့ ပြောလိုက်တယ်၊ ဘုန်းကြီးလည်း ဘုမသိဘမသိနဲ့ 'နေစမ်းပါဦး ...ဒီကိုယ်ဝန်ဟာ ငါနဲ့ရတဲ့ ကိုယ်ဝန်လို့ မင်းကို ဘယ်သူက ပြောတာတုံး' လို့ ပြန်ပြီးမေးလိုက်တယ်၊

အဲဒီတော့ ကောင်မလေးရဲ့အဖေက 'ဘယ်သူပြောရမလဲ၊ တပည့်တော်ရဲ့သမီးက ပြောတာပေါ့ ...' လို့ ပြန်ပြီးဖြေလိုက်တယ်၊ အဲဒီအခါမှ ဘုန်းကြီးက ရိပ်မိသွားပြီး သူဘာမှမသိတဲ့ကိစ္စ သူ့ဆီကို အန္တရာယ်အဖြစ်နဲ့ ရောက်ရှိလာပြီ၊ ရှောင်လွှဲလို့ မရတော့ဘူး၊ အဲဒါကြောင့် ဘုန်းကြီးက 'အဲဒီ လိုဆိုတော့လည်း အဲဒီအတိုင်းပေါ့ကွာ ...' လို့ ပြန်ပြီးပြောလိုက်တယ်၊ ဒီပုံပြင်က အင်္ဂလိပ်လို ရေးထားတယ် အဘရဲ့ ...၊ ဘယ်လိုရေးထားသလဲဆိုတော့ (အစ် သက် ဆိုး) **'IS THAT SO'** လို့ ရေးထားတယ်၊ ကောင်မလေးရဲ့အဖေလည်း ကျေနပ်လောက် အောင်ပြောဆိုပြီး ပြန်သွားတယ်၊ သိပ်ပြီးမကြာလှပါဘူး ...၊ ကောင်မလေးရဲ့ ရည်းစား ပြန်ရောက်လာတယ်၊ ကောင်မလေးက ကောင်လေးကို အပြစ်တင်တာပေါ့ ...၊

'နင် ရောက်မလာတာနဲ့ နင်နဲ့ရတဲ့ ကိုယ်ဝန်ကို အဖေ ကိုးကွယ်တဲ့ ဘုန်းကြီးကို လွှဲချလိုက်ရတယ် ...' လို့ ပြောလိုက်တဲ့အခါမှာ ကောင်လေးက 'ခက်တော့တာပဲ၊ ငရဲတွေ ကြီးကုန်တော့မှာပဲ၊ လာ ...လာ ... နင့်အဖေကို ငါကိုယ်တိုင် ရှင်းပြမယ်' လို့ဆိုပြီး ကောင်လေးနဲ့ ကောင်မလေးဟာ ကောင်မလေးရဲ့ အဖေဆီကိုသွားပြီး အကျိုးအကြောင်း အဖြစ်မှန်ကို ရှင်းပြကြတယ်၊ အဲဒီတော့ ကောင်မလေးရဲ့အဖေက သူတို့နှစ်ယောက်ကိုခေါ်ပြီး ဘုန်းကြီးဆီကို တစ်ခေါက်ပြန်ပြီးသွားတယ်၊ ဘုန်းကြီးနဲ့ တွေ့တဲ့အခါမှာ 'အရှင်ဘုရား ...တပည့်တော်ကို ခွင့်လွှတ်ပါ ဘုရား၊ သမီးရဲ့ကိုယ်ဝန်ဟာ အရှင်ဘုရားနဲ့ ဘာမှမပတ်သက်ပါဘူး၊ ဒီကောင်လေးနဲ့ ရတာပါ ...၊ ဒီကောင်လေးဟာ တပည့်တော် သမီးရဲ့ရည်းစားလေးပါ ...' လို့ လျှောက်ထားလိုက်တယ်၊

အဲဒီအခါမှာ ဘုန်းကြီးက 'နေစမ်းပါဦး ဒကာရဲ့၊ ကိုယ်ဝန်ဟာ

www.burmeseclassic.com



*ငါနဲ့မပတ်သက်ဘူးလို့ မင်းကို ဘယ်သူက ပြောပြန်တာလဲ'* လို့ မေးလိုက်တယ်၊ အဲဒီတော့ ကောင်မလေးရဲ့အဖေက *'တပည့်တော်ရဲ့သမီးက ပြောတာပါဘုရား ...'* လို့ ပြန်ပြီး လျှောက်ထားလိုက်တယ်၊ အဲဒီအခါမှာ ဘုန်းကြီးက **'IS THAT SO'** *ဒီလိုဆိုတော့လည်း ဒီလိုပေါ့ကွာ ...'*လို့ မိန့်တော်မူလိုက်တယ်၊ အဘကို တစ်ခုပြောချင်တာက လူ့လောကမှာလည်း ရှင်းလို့မရလို့ **'IS THAT SO'** လုပ်လိုက်ရတာတွေ အများကြီးပဲ အဘ'' ဟု ပြောလိုက်လျှင် အဘိုးကြီးက သဘောကျ၍ တဟားဟား ရယ်လေတော့၏။

ထိုအခါ၌ ပေတလူနှင့် တစ္ဆေဖြူက အဘိုးကြီးအား မိုးပြာရောင်ကြွေရေနွေးခရားကလေးနှင့် ပန်းကန်လုံးကလေးများကိုပေး၍ ကန်တော့လေတော့၏။ ထိုသို့ကန်တော့ပြီးလျှင် ပေတလူက

''ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဒီက သွားတော့မယ် အဘ...၊ ဘာကြောင့်သွားမှာလဲလို့ မမေးပါနဲ့၊ **'IS THAT SO'** လို့ပဲ နားလည်လိုက်ပါ ...'' ဟု ပြောကာ အဘိုးကြီးအနီးမှ ထွက်သွားကြလေတော့၏။ ထိုအခါ အဘိုးကြီးက -

''ဟဲ့ ကလေးတွေ ...လမ်းစရိတ်လေးဘာလေး ယူသွားကြဦး လေ ...''ဟုပြောရာ ပေတလူက -

''မလိုပါဘူး အဘရဲ့ ...၊ ကျွန်တော်တို့မှာ ပြည့်စုံပါတယ်၊ ကျွန်တော်ဆိုရင်လည်း ဒီအိမ်ရောက်ကတည်းက ဈေးဖိုးထဲက ခိုးထားတဲ့ ပိုက်ဆံတွေ မနည်းပါဘူး၊ တစ္ဆေဖြူဆိုရင်လည်း ဆိုင်ကနေ ခိုးထားတဲ့ ပိုက်ဆံတွေလည်း မနည်းပါဘူး ...''ဟု ပြောကာ ပြုံးရယ်၍ ထွက်သွားကြလေ၏။

ဦးတင်ဘက်တူကြီးသည် ၎င်းတို့၏နောက်ကျောကို ကြည့်ကာ မျက်လုံးအိမ်မှ မျက်ရည်များတတွေတွေ စီးကျလာလေတော့သတည်း ...။

●

www.burmeseclassic.com





www.burmeseclassic.com


အခန်း ။ ၃၈ ။

# ပေတလုူတို့ မိခင်ဒေါ်ခင်ရတာထံ ရောက်ကြပြီ

ဦးတင်ဘက်တူကြီးသည် ငူငူကြီးထိုင်၍နေလေ၏။ သူ၏မျက်လုံးများသည် ပေတလုူတို့ညီအစ်ကို ကန်တော့သွားသော ကြွေရေနွေးခရားအပြာလေးပေါ်တွင် ငေးစိုက်၍နေလေ၏။ ထို့နောက် ပါးစပ်မှလည်း ဆီမန်းမန်းသကဲ့သို့ -

"ငါ့ရဲ့မိတ်ဆွေတွေ ထွက်သွားကြပြီ ...၊ ပေတလုူဟာ မိတ်ဆွေကောင်းပဲ ...၊ ပင်စင်ယူပြီး ယိုင်နဲ့နဲ့ဖြစ်သွားတဲ့ ငါ့ရဲ့ဘဝကို ဒီကောင်လေးက တည့်ပေးခဲ့တာ ...၊ ငါ မသိသေးတာတွေကိုလည်း အများကြီး ပြောပြခဲ့တာ ...၊ အဲဒီတော့ ပေတလုူဟာ မိတ်ဆွေတင် မဟုတ်ပါဘူး၊

www.burmeseclassic.com



ငါ့ရဲ့ဆရာလို့တောင် ပြောလို့ရပါတယ်၊ အခု ငါ့မှာ ဆရာမရှိတော့ဘူး ...၊ ငါ့ဘဝအသက်ရှင်ရပ်တည်ရေးဟာ ထင်သလောက်မလွယ်တော့ဘူး ...''ဟု ညည်းတွားနေလေ၏။ ထိုအချိန်၌မှာပင် ချော်ချော် အနီးသို့ ရောက်လာ၏။ ချော်ချော်ရောက်လာသည်ကိုပင် အဘိုးကြီးသည် သတိမပြုမိပေ။ ထို့ကြောင့် ချော်ချော်က -

''ဘဘ ...ဘဘတွေတွေးနေတာလဲဟင် ... မျက်ရည်တွေနဲ့ပါလား ...၊ ဘာဖြစ်တာလဲ ...ချော့်ကို ပြောစမ်းပါ ...''ဟု အငမ်းမရ မေးလိုက်လေ၏။ ထိုအခါ အဘိုးကြီးက -

''ပေတလူနဲ့ တစ္ဆေဖြူ မရှိကြတော့ဘူး ...၊ ဒီက အပြီးထွက်သွားကြပြီ ...'' ဟု ဆို့နင့်သံကြီးဖြင့် ပြောလိုက်လေ၏။

''သွားမယ့်သွားတာပါ ဘဘရယ် ...၊ ချော်ဆိုရင် သူတို့နှစ်ယောက်နဲ့ ပြဿနာမဖြစ်အောင်နေတယ်၊ ကိုမာ့ကိုလည်း ပြဿနာမဖြစ်အောင်နေဖို့ အမြဲမှာထားတယ်၊ ဒီကြားထဲက ထွက်သွားတာတော့ မတတ်နိုင်ဘူး၊ ဒီမှာလောက် အစားရချောင်တဲ့နေရာ ဘယ်မှာမှမရှိပါဘူး အဘရယ်...၊ ဒင်းတို့ ငတ်ရင်ပြန်လာမှာပါ ...'' ဟု နှုတ်ခမ်းကို မဲ့ ကာရွဲ့ကာဖြင့် ပြောလေတော့၏။ ထိုအခါ၌ မာတင်ရောက်လာပြီးလျှင်-

''ကောင်းတယ် ...ကောင်းတယ်၊ ဒီအိမ်မှာ တက်နေတဲ့ ဖွတ်ကလေးနှစ်ကောင်တော့ ရှောင်းပြီ ...'' ဟု ပြောလိုက်ရာ ဦးတင်ဘက် တူကြီးက -

''ဟေ့ကောင် ...မာတင် ကလေးတွေကို ဒီလိုနှိမ်နှိမ်ချချ မပြောပါနဲ့ကွာ ...၊ သူတို့နှစ်ယောက် ကျေးဇူး ငါ့မှာရှိတယ်'' ဟု ပြောလိုက်လျှင် ချော်ချော်က -

''အဲဒါကြောင့် ကိုမာ့ကိုပြောတာပေါ့ ...၊ စကားကို အရမ်းမပြောရဘူးဆိုတာ ...'' ဟု ဟန့်လိုက်လေတော့၏။

* * * * * *

www.burmeseclassic.com



ပေတလုူနှင့် တစ္ဆေဖြူတို့သည် ပြင်ဦးလွင်မှ ထွက်လာပြီးနောက် မန္တလေးသို့ဝင်ပြီး ဘုရားများကို လှည့်လည်၍ဖူးကြလေ၏။ ထို့နောက်မှ ပြည်မြို့ဆီသို့ ထွက်ခဲ့ကြလေတော့၏။ ပြည်သို့ရောက်လျှင် ဈေးသို့သွား၍ ၄င်းတို့ မိခင် မခင်နက်ကို ရှာလေ၏။ မခင်နက်သည် ဈေးအပြင်တန်းတွင် ကရေကရာရောင်းနေလေ၏။ ပေတလုူသည် မခင်နက်၏ဆိုင်ရှေ့တွင် တည့်တည့်ရပ်ပြီးလျှင် -

““ကရေကရာ ငါးမတ်သား လိုချင်တယ်ဗျာ”” ဟု ပြောလိုက်ရာ မခင်နက်က -

““ငါးမတ်သား မရောင်းဘူးဟဲ့ ...၊ အနည်းဆုံး တစ်ဆယ်သား ဝယ်မှ ရောင်းတာ ...”” ဟု ပြန်၍ပြောလေ၏။

““တစ်ဆယ်သားကြီးတော့ မဝယ်နိုင်ပါဘူးဗျာ၊ ကျွန်တော်တို့က သူများအိမ်မှာ ကျွန်ခံရတာဗျ ...၊ အဖေ ကလည်း သေသွားပြီ ...၊ အမေကလည်း နောက် ယောကျ်ားနဲ့၊ အခုဝယ်တဲ့ ငါးမတ်သားကလည်း ကျွန်တော်တို့ စားဖို့မဟုတ်ပါဘူး၊ ကျွန်တော့် ညီလေး နာတာလူး စားဖို့ပါ ...”” ဟု ပြောလိုက်လျှင် မခင်နက်လည်း အသေအချာမော့၍ ကြည့်လိုက်လေ၏။ မခင်နက်လည်း ပေတလုူနဲ့ တစ္ဆေဖြူကို မှတ်မိသွားလေ၏။ ထိုအခါကျမှပင် မခင်နက်က -

““ဟယ် ...ငါ့သားတွေပါလား ...၊ ဦးတင်ဘက်တူ အိမ်မှာ ဘာဖြစ်လို့ ဆက်ပြီးမနေတာလဲ ...”” ဟု မေးလိုက်လေ၏။ ထိုအခါ ပေတလုူက -

““နေလို့မရတဲ့အကြောင်းရှိလို့ပေါ့ အမေရယ်၊ နောက်တော့ အေးအေးဆေးဆေးပြောတာပေါ့ ...”” ဟု ပြန်၍ဖြေလိုက်လေ၏။ ထိုအချိန်၌ မခင်နက်၏ဘေးတွင် ကျောင်းသွားရန် မုန့်ဖိုးတောင်းရန် ရပ်နေသော နာတာလူးဆိုသည့် မခင်နက် နောက်ယောကျ်ားဖြင့်ရသော ကောင်လေးက-

““အမေ ...အမေ ...ဒီကောင်တွေက ဘယ်ကလဲ ...”” ဟု

www.burmeseclassic.com



မေးလိုက်ရာ တစ္ဆေဖြူက -

"အမေ့သားလေးက တော်တော်ယဉ်ကျေးပါလား"ဟု ပြောလိုက်လေ၏။ ထိုအခါ မခင်နက်က -

"ကလေးပဲဟယ် ...သူက နင်တို့ကို ညီအစ်ကိုမှန်း သိမှ မသိဘဲ..." ဟု ပြောလေ၏။ ထိုအခါ တစ္ဆေဖြူ က -

"ညီအစ်ကိုမှန်း သိသမသိသိ အမေရယ် ...၊ ကိုယ့်ထက်ကြီးတဲ့သူတွေကို အကောင်တွေဘာတွေ ပြောတာတော့ ရိုင်းတာပေါ့ အမေ ရယ် ...၊ အမေ သင်ရမယ်"ဟု ပြောလိုက်လျှင် ဒေါ်ခင်နက်က -

"နင်တို့နဲ့ မတွေ့ရတာ နှစ်ကိုအတော်ကြာပြီ၊ တွေ့တာနဲ့ စိတ်ညစ်ရတော့တာပဲ ..." ဟု ငြီးတွားလေ၏။

ငှင်းတို့နှစ်ဦးသည် မခင်နက်၏ ဘယ်ညာတွင် ဝင်၍ထိုင်ကြ လေ၏။ ထိုအခါ နှာတာလူးလေးက -

"ငါ့အမေနားမကပ်နဲ့ ...၊ အမေ ဒီကောင်တွေက လူဆိုးတွေလား ..."ဟု ပြောလိုက်ရာ ပေတလူက

"လူဆိုးတွေမဟုတ်ဘူး ...၊ မင်းကို ဆုံးမမယ့် ကျောင်းဆရာနှစ်ယောက် ...သဘောပေါက် ..." ဟု ပြောလိုက်လျှင် နှာတာလူးက-

"မင်းတို့ကျောင်းမှာ မနေဘူး ..." ဟု ပြန်၍ ပြောလေ၏။

"နေနေ မနေနေကွာ ...၊ ရိုက်တာကတော့ ရိုက်မှာပဲ ..." ဟု ပေတလူက ပြောလိုက်ရာ နှာတာလူးက -

"မိမဆုံးမ ဖမဆုံးမ ဗုန်းဗုန်းကျတွေ ..." ဟု ပြန်၍ပြောလိုက်ရာ ပေတလူနှင့် တစ္ဆေဖြူသည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်၍ ရယ်ကြလေ၏။ ထိုအချိန်၌ မလှမ်းမကမ်းတွင် သံသေတ္တာနှင့် သံထည် ပစ္စည်းရောင်းသော အာမက်ဆိုသူ ရောက်လာပြီး -

"အနက်ရေ ...ဒါ အနက်သားကြီးနှစ်ယောက်လား ..." ဟု မေးလေ၏။

www.burmeseclassic.com



"ဟုတ်တယ် ကိုမက်ရဲ့ ...၊ ပြင်ဦးလွင်က လာကြတာ ...၊ အဘိုးကြီးနဲ့ ဘာဖြစ်လာတယ်မဆိုနိုင် ပါဘူး ...၊ အိမ်ရောက်မှ မေးရဦး မယ်...၊ ပြန်လို့မဖြစ် တော့ဘူးဆိုရင်တော့ ဒီမှာပဲ အလုပ် လေးဘာလေး ရှာပြီး ပေးရမှာပဲ၊ ဒီအရွယ်ကြီးတွေကို ငုတ်တုတ်ထိုင်ပြီးစားဖို့ မကျွေးနိုင်ပါ ဘူး..." ဟု ပြန်၍ပြောလိုက်ရာ ကိုအာမက်ဆိုသူက–

"ဒီလောက်လည်း ပူမနေပါနဲ့ အနက်ရယ် ...၊ ကိုမက် တာဝန် ထားလိုက်ပါ ...၊ တခြားဘယ်မှာမှ အလုပ်သွင်းပေးစရာ မရှိရင်လည်း ကိုမက်ဆိုင်မှာ နှစ်ယောက်လုံး ဈေးရောင်းဖို့ အလုပ်ခန့် လိုက်ပါမယ် ..."ဟု ပြောလေ၏။ ထိုအချိန်၌မှာပင် ကိုအာမက်သည် လက်ဖက်ရည်ဆိုင်မှ သူငယ်လေးအား လက်ဖက်ရည်နှစ်ခွက်ပို့ရန် မှာ လိုက်ပြီဖြစ်၏။ လက်ဖက်ရည် ရောက်လာသောအခါ ကိုအာမက်သည် ပေတလူအားတစ်ခွက်၊ တစ္ဆေဖြူအား တစ်ခွက်ပေးလေ၏။ နာတာလူးအတွက်မူ ပလိန်းကိတ်တစ်ချပ်မှာ၍ ကျွေးလေ၏။ ပေတလူနှင့် တစ္ဆေဖြူတို့သည် လက်ဖက်ရည်ပန်းကန်ရောက် လာပြီးနောက် တစ်ယောက်ပါးကို တစ်ယောက် ဖြန်းခနဲ ဖြန်းခနဲ ရိုက်ကြ လေ၏။ ထိုအခါ ကိုအာမက်က –

"ဟာ ...ဟာ ...ဟာ ...ဟာ ...ဘာဖြစ်တာလဲ ..." ဟု အလန့်တကြား ဝင်၍ပြောလေ၏။ ထိုအခါ တစ္ဆေဖြူက –

"ဒီလောက် အချိုပေါ့တဲ့ လက်ဖက်ရည်ကို ဒီကောင် မြဲ့ပြီး သောက် နေတယ်၊ တကယ်ဆို ဒီကောင် အရင်သောက်တာပဲ၊ အချိုပေါ့တယ် ...၊ မသောက်နဲ့လို့ ပြောရမှာပေါ့ ..."ဟု ပြောလေ၏။

ငါကလည်း မင်း သောက်မိစေချင်လို့ မပြောတာကွ၊ လက်ဖက် ခြောက်ကလည်း အသစ်မဟုတ်ဘူးကွ၊ အကျန်တွေကို ပြန်ပြီးနှပ်ထားတာ...၊ ဒါကြောင့် လက်ဖက်ခြောက်နံ့ မမွှေးဘဲ ပြုတ်စော်နံနေတာ ...၊ ဒါကိုတောင် မင်းက မသိဘူးဆိုတော့ မင်းပါးကိုရိုက်တာ ..." ဟု ပေတလူက ပြော လေ၏။

www.burmeseclassic.com



ထို့နောက် ၄င်းတို့နှစ်ဦးသည် လက်ဖက်ရည် တစ်ပန်းကန်စီ ကိုင်ကာ-

"ကဲကွာ …ကဲကွာ …"ဟုဆိုကာ တစ်ယောက်ကို တစ်ယောက် ပက်လေ၏။ သို့ရာတွင် လက်ဖက်ရည်သည် သူတို့၏ မျက်နှာ ကို မရောက်ဘဲ ကိုအာမက် ကြီး၏မျက်နှာကိုသာ စိုရွှဲ၍သွားလေတော့၏။ ထိုအခါ မခင်နက်က-

"ကြည့်စမ်း …ကြည့်စမ်း …ကိုကိုမက်ကို အားနာစရာ …၊ လက်ဖက်ရည်လည်း ဝယ်တိုက်ရသေးတယ် …၊ လက်ဖက်ရည်နဲ့လည်း မျက်နှာအပက်ခံရ သေးတယ် …"ဟု ပြောကာ လွယ်အိတ်အတွင်းမှ မျက်နှာသုတ်ပုဝါကိုထုတ်၍ ကိုအာမက်၏ မျက်နှာကို သုတ်ပေးလေ။ ထိုအချိန်၌မှာပင် ပေတလူနှင့် တစ္ဆေဖြူသည် နပန်းလုံးကြပြန်၏။ တစ်ယောက်ကိုတစ်ယောက် ထိုးကြိတ်ကြပြန်၏။ ကိုအာမက်လည်း အတင်းဝင်၍ ဖျင်ရ၏။ မခင်နက်ကလည်း ဆွဲထားရ၏။ ထိုသို့ဆွဲထားသည့်အထဲမှ -

"ဟော့ကောင် တစ္ဆေဖြူ …မိမဆုံးမ ဖမဆုံးမ လမ်းသုံးခွ …"ဟု ပေတလူက ပြောလိုက်လျှင် တစ္ဆေဖြူက -

"မင်းအမေ ကုလားနဲ့ညားပါစေ …" ဟု လှမ်း၍ပြော၏။ ထိုအခါ ပေတလူက -

"ငါ့အမေ ကုလားနဲ့ညားရင် မင်းအမေ သံသေတ္တာရောင်းရ မယ်…" ဟု ပြောလေ၏။ ထိုအခါ တစ္ဆေဖြူက -

"ငါ့အမေ သံသေတ္တာရောင်းရင် မင်းအမေ ကုလားကို ကိုကိုမက် ခေါ်ရမယ် …"ဟု ပြောလေ၏။ ထိုအခါ ကိုအာမက်က -

"တော်ပါတော့ကွာ …မင်းတို့အချင်းချင်း ဆဲတာမှ မဟုတ်ဘဲ၊ ငါ့ကို ထိခိုက်နေတာပဲ …၊ ကျွဲနှစ်ကောင်ခတ်တဲ့ကြားမှာ ငါက မြေစာပင် ဖြစ်နေပြီကွာ …၊ တူတော်မောင်တို့ရယ် ကြည့်လည်းလုပ်ပါဦး …" ဟု ပြောလိုက်လျှင် ပေတလူက -

"တစ္ဆေဖြူရေ …တို့ကို ကျွဲနှစ်ကောင်တဲ့ကွ၊ တိရစ္ဆာန်နဲ့ နှိုင်းတာ

www.burmeseclassic.com



ပဲ၊ တို့ခံလို့မဖြစ်ဘူး ...၊ အဲဒီ ကိုအာမက်ဆိုတဲ့လူကြီးကို ရိုက်မယ်ကွာ...'' ဟု ပြောလိုက်ရာ မခင်နက်က–

''မလုပ်ပါနဲ့ ...မလုပ်ပါနဲ့ ...ကိုမက်ဟာ အမေ့ကျေးဇူးရှင် ပါ ...၊ ဈေးအရင်းပြတ်ရင် သူက ထုတ်ပေးတယ်ဟဲ့ ...၊ သူသာမရှိရင် အမေနဲ့နာတာလူးလေး ငတ်ပြီးသေတာကြာပြီ ...''ဟု ငိုယို၍ တောင်းပန်လေ၏။ အနီးအပါးလည်း လာရောက်ကြည့်ရှုနေသူများနှင့် ပွဲကဲ့သို့ စည်ကားနေလေတော့၏။

ထို့နောက် ဒေါ်ခင်နက်လည်း ဆိုင်သိမ်းလေ၏။ ပေတာလူနှင့် တစ္ဆေဖြူလည်း ဝိုင်းကူ၍သိမ်းပေးလေ၏။ တစ္ဆေဖြူက နာတာလူးကို ချီ၏။ နာတာလူးက –

''အမေ ကျောင်းသွားမယ် ...'' ဟု ပြောလေ၏။ ထိုအခါ ပေတာလူက –

''ဟော့ကောင် ကျောင်းမသွားနဲ့ကွ ...၊ ကျောင်းသွားလို့ စာတွေ တတ်ကုန်ရင် ဘယ့်နှယ့်လုပ်မလဲ ပြန်လည်း မေ့ပစ်လို့မရနဲ့ ...''ဟု ပြောလိုက်ရာ နာတာလူးသည် ပေတာလူအား ထူးဆန်းသော သတ္တဝါကဲ့သို့ ငေး၍ကြည့်နေ ပြီးလျှင် –

''အမေ ...ဒီကောင် ဘာကောင်လဲ ...''ဟု မေးပြန်လေ တော့သတည်း ...။ ။

www.burmeseclassic.com





www.burmeseclassic.com



အခန်း ။ ၃၉ ။

## ဒေါ်ခင်ရတ်အတွက် စီးပွားရေးလုပ်ငန်းတစ်ခု ဖန်တီးပေးခြင်း

ပေတာလူနှင့် တစ္ဆေဖြူတို့သည် မခင်နက် ဆိုင်သိမ်းသောအခါ၌ မခင်နက် နေသောအိမ်သို့ လိုက်ပါသွားရလေ၏။ မခင်နက်၏အိမ်သည် ဆင်းရဲသားရပ်ကွက်ကလေးတွင်ရှိ၏။ သုံးပင်နှစ်ခန်းအိမ်ကလေး၏ တစ်ခြမ်းကို ငှားရမ်းနေထိုင်ရခြင်းဖြစ်၏။ ထို့ကြောင့် ပေတာလူက တစ္ဆေဖြူအား -

"တို့အမေက အတော်ဆင်းရဲနေတယ်ကွ ...၊ ငါတို့က ကြီးပွားအောင်လုပ်ပေးရမှာပဲ ..."ဟု ပြောရာ တစ္ဆေဖြူက -

www.burmeseclassic.com



“ငါ မလုပ်တတ်ဘူး၊ မင်းပဲ လုပ်ပေးပါ ...” ဟု ပြောလေ၏။ ထိုအခါ ပေတလူက -

“အဲဒီလိုဆိုရင် အဘအိမ်မှာနေတုန်းက မင်း ခိုးထားတဲ့ ပိုက်ဆံတွေ ငါ့ကို အကုန်အပ် ...”ဟု ပြောလိုက်ရာ တစ္ဆေဖြူ သူ၏ သားရေအိတ်ကိုဖွင့်၍ နှစ်နှင့်ချီပြီး ခိုးထားသောငွေများကို ပေတလူ၏လက်သို့ အပ်လိုက်လေတော့၏။ ထိုအခါ ပေတလူက -

“သူများပစ္စည်းကို သူများမသိဘဲယူတာဟာ ခိုးတာပဲကွ ...၊ ခိုးတာဟာ အဒိန္နာဒါနကံကို ကျူးလွန်တာပဲ၊ အဲဒီတော့ မင်းဟာ ငါးပါးသီလကံမမြဲဘူး ...၊ သေရင် အပယ်ငရဲကို ရောက်လိမ့်မယ် ...” ဟု ပြောလိုက်ရာ တစ္ဆေဖြူ၏မျက်နှာသည် ရှုံ့တွ၍သွားလေတော့၏။ ထိုအခါ ပေတလူက -

“စိတ်မပျက်ပါနဲ့ တစ္ဆေဖြူရယ် ...၊ မင်းလိုလူတွေ ငရဲအိုးထဲမှာ အများကြီးပဲ ...၊ အဖော်တွေရှိပါတယ် ...”ဟု ပြော၍ တခစ်ခစ် ရယ်နေလေ၏။

များမကြာမီ၌ ပေတလူလည်း အပြင်သို့ ထွက်သွား၏။ ထို့နောက် စက်ဘီးရောင်းသောဆိုင်သို့ဝင်ကာ စက်ဘီးတစ်စီးဝယ်လေ၏။ ပြီးလျှင် ထိုစက်ဘီးနှင့် ၎င်း၏ သူငယ်ချင်းမာယာသာဆိုသူကို ရှာလေတော့၏။ များစွာမရှာရဘဲ မာယာသာကို ဘူတာအနီး ရပ်ကွက်တစ်ခုတွင် တွေ့ရလေ၏။ ထိုအခါ၌ ပေတလူက -

“မာယာသာရေ ...တို့အမေက အတော်ဆင်းရဲနေတယ်ကွာ ...၊ အဲဒါ ချောင်ချောင်လည်လည်ဖြစ်အောင် စီးပွားရေးထူထောင်ပေးရမယ် ကွ ...၊ ဘာလုပ်ရရင် ကောင်းမယ်ဆိုတာ အကြံဉာဏ်လေးဘာလေး ပေးပါဦးကွာ ...”ဟုပြောရာ မာယာသာက -

“ဈေးနားမှာ တိုက်ခန်းတစ်ခန်း ငှားချင်ငှား ...၊ ဝယ်ချင်ဝယ်ပေါ့ကွာ ...၊ ပြီးတော့ ရခိုင်ဘက်ကနေ တောင်ကုတ်ကိုဖြတ်ပြီး အဝတ်

www.burmeseclassic.com



အစားဘေထုပ်တွေ ပြည်ဘက်ကို ဆင်းတယ်ကွ ...၊ မင်းအမေကို ဘေထုပ်ဆိုင်တစ်ဆိုင် ဖွင့်ပေးလိုက်ပေါ့ကွာ ...၊ ပြီးတော့ မင်းကို ငါပြောပြမယ်...၊ ငါက ဘေထုပ်အကြောင်း ကောင်းကောင်းသိတယ်ကွ ...၊ ပြီးတော့ ငါက ဘေထုပ်တွေကိုရောင်းဖို့ အဝတ်တွေကို ဘယ်လို ခွဲရတယ်ဆိုတာ လည်းလုပ်တတ်တယ်ကွ၊ ဘေထုပ်သမားတွေနဲ့လည်း အဆက်အသွယ်ရှိတယ်ကွ ...၊ ဘာဖြစ်လို့လဲဆိုတော့ ငါက ဘေထုပ် သယ်ပို့ကယ်ရီလုပ်ဖူးတယ်ကွ ...၊ ငါ့အနေနဲ့ အများကြီး ကူညီနိုင်ပါတယ်ကွာ ...'' ဟု ပြောလေတော့၏။ ထိုအခါ ပေတလူက -

''ဘေထုပ်ဆိုင်သက်သက်ဖွင့်ဖို့ထက် ဘေထုပ်ဆိုင်နဲ့တွဲပြီး ပင်မင်းဆိုင်တစ်ဆိုင်ပါ ဖွင့်ချင်တယ်ကွာ ...၊ ပင်မင်းဆိုင်လုပ်ငန်းကိုတော့ ငါ့အမေနားလည်တယ်ကွ၊ အဲဒီတော့ မင်းကို တာဝန်ဝေးမယ်ကွာ ...၊ ရက်ပိုင်းအတွင်း နေရာကောင်းကောင်းမှာ အခန်းနှစ်ခန်းတွဲလျက် လိုချင်တယ်ကွာ ...'' ဟု ပြောလိုက်လေ၏။ ထိုအခါ မာယုသာက-

''အခန်းဝယ်ဖို့ ပိုက်ဆံရော လုံလုံလောက်လောက်ရှိရဲ့လား ...''ဟု ပြန်၍မေးလိုက်လေ၏။

''ရှိပါတယ်ကွ ...၊ တို့သွားနေတဲ့အိမ်က အဘိုးကြီးရဲ့ ပိုက်ဆံကို ငါခိုးထားတာ နှစ်နဲ့ချီနေပြီကွ ...၊ ငါ့မှာ အလုံအလောက်ရှိပါတယ်ကွာ...'' ဟု ပေတလူက အားရပါးရ ပြန်ပြောလေ၏။ ထိုအခါ မာယုသာက-

''သူများပိုက်ဆံကို မသိဘဲယူထားတယ်ဆိုတော့ မင်းဟာ ခိုးတာပဲပေါ့ ...၊ ခိုးတယ်ဆိုကတည်းက အဒိန္နဒါနကံ ကျူးလွန်ပြီးသားပဲ၊ အဲဒီတော့ ငါးပါးသီလ မမြဲတော့ဘူး ...၊ သေရင် ငရဲအိုးထဲကျတော့မယ် ...'' ဟု ပြောလိုက်လေ၏။

''မင်းကလည်းကွာ ...၊ ငါ့ကို လာပြီးခြောက် မနေစမ်းပါနဲ့ ...၊ မင်းနဲ့ငါနဲ့ ဝပ်ရှော့မှာနေတုန်းက သူများဝယ်ခိုင်းတဲ့ လက်ဖက်ရည်တွေ ခိုးသောက်တာမေ့သွားပြီလား...၊ မင်းလည်း ငရဲပြည်လိုက်ရမှာပါ ...၊

www.burmeseclassic.com


အပိုတွေပြောမနေနဲ့ ...” ဟု ပေတလူက ပြန်၍ ခပ်ငေါက်ငေါက်ပြောလိုက်လေ၏။ ထိုအခါ မာယုသာက -

“မင်းတို့ငါတို့လို ကောင်ကလေးတွေမပြောနဲ့၊ ဘုန်းကြီးရဟန်းတောင်မှ ငွေငါးကျပ်မသိအောင်ယူမိရင် ရဟန်းမဖြစ်တော့ဘူးတဲ့ ...၊ ပါရာဇိကံကျတယ်လို့ ဆိုတယ်ကွ ...”ဟု လူကြီးတစ်ဦး၏ဟန်ပန်ဖြင့် ပြောလေ၏။ ထိုအခါ ပေတလူက -

“ဒီလိုဆိုရင်ကွာ ...တစ်ယောက်တည်းဆီက ငါးကျပ်ကို မယူဘူးကွာ ...၊ လေးကျပ်ပဲ မသိအောင် ယူမယ် ...၊ အများဆီက လေးကျပ်လေးကျပ် မသိအာင်ယူမယ်ကွာ ...၊ အဲဒါဆိုရင်ကော လွတ်သလား ကွာ...” ဟု ပြန်၍မေးလိုက်ရာ မာယုသာက -

“ပေတလူ မင်းက ပညာရှိလူယုတ်မာပဲ၊ မင်းနဲ့ မငြင်းတော့ဘူးတော်တော့ ...၊ တိုက်ခန်းရအောင် ငါ ရှာပေးထားမယ်၊ အစအဆုံး ငါလုပ်ပေးမယ်၊ စိတ်အေးလက်အေးနေပေတော့ ...”ဟု ပြောကာ လမ်းခွဲလိုက်ကြလေ၏။ ထိုအခါ ပေတလူက -

“ငါ ဘယ်မှာနေသလဲလို့ မမေးတော့ဘူးလား မာယုသာ ...”ဟု ပြောလိုက်လျှင် မာယုသာက -

“ဘယ်မှာနေရမှာလဲကွာ ...၊ မင်းအမေ ဒေါ်ခင်နက်နဲ့ပဲ နေမှာပေါ့...၊ မင်းအမေ ဒေါ်ခင်နက်အိမ်ကို ငါသိတယ်၊ အဲဒီမျက်နှာ ချင်းဆိုင်က အိမ်က တို့ အဒေါ်အိမ်ကွ ...၊ ကုလားအာမက် အဲဒီအိမ်ကို လာ မလာ စုံစမ်းနိုင်းထားတာ ...၊ ဘာဖြစ်လို့ စုံစမ်းနိုင်းသလဲ သိလား ...၊ ပေတလူဆိုတဲ့ ကောင်လေး ကုလားမယားပါသား ဖြစ်သွားမှာစိုးလို့ ...”ဟု မာယုသာက ပြန်၍ ပြောလေ၏။ ထိုအခါ ပေတလူက-

“သာဓု ...သာဓု ...သာဓု ...သေရင် နတ်ပြည်တက်မယ့် မာယုသာပဲ ...၊ မင်း နတ်ပြည်တက်ရင်ကွာ ... ငါ့ကိုလည်း ဘေးမှာ ကပ်လိုက်ခွင့်ပေးပါကွာ ...”ဟု ပြောဆိုရယ်မောကာ လမ်းခွဲလိုက်ကြလေ၏။

www.burmeseclassic.com



ထို့နောက် အိမ်သို့ စက်ဘီးနှင့် ပြန်လာသောအခါ၌-

"မင်းက ဘယ်ကစက်ဘီးကို ယူလာပြန်ပြီလဲ" ဟု တစ္ဆေဖြူက မေးလေ၏။ ထိုအခါ ပေတလူက -

"သူများစက်ဘီးကိုယူစီးမယ့်ရုပ်လားကွာ ...၊ ကြည့်စမ်းပါဦး ...၊ ဝယ်လာတာကွ၊ လမ်းသလားရမယ့် ကိစ္စတွေက များနေလို့ စက်ဘီးတစ်စီး ဝယ်လိုက်တာဟေ့၊ အပျင်းပြေလျှောက်စီးဖို့မဟုတ်ဘူး ..." ဟု ပြန်၍ ပြောလိုက်လေ၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး ငါးရက်ခန့်ကြာသော အခါ၌ ပေတလူ့ထံသို့ မာယုသာ ရောက်ရှိလာ၏။ နှစ်ခန်းတွဲဆိုင်ခန်း ရပြီဖြစ်ကြောင်း၊ နောက်ဆုံးရောင်းနိုင်မည့် ဈေးကိုပင် ဆစ်ခဲ့ပြီဖြစ်ကြောင်း၊ ပင်မင်းဆိုင်အတွက်လည်း ပန်းချီဆရာထံတွင် ဆိုင်းဘုတ်အပ်ခဲ့ကြောင်း၊ ပင်မင်းဆိုင်နာမည်ကို '*လေဒီဒတ်ခ်*'ဟု အမည်ပေးထားကြောင်း၊ ပင်မင်းဆိုင်တွင် အသုံးလိုမည့် မှန်ဘီရိုနှစ်လုံးကိုလည်း ပရိဘောဂ အဟောင်းဆိုင်မှ ဝယ်ယူပြီး ပြီဖြစ်ကြောင်း၊ ဘေထုပ်ဆိုင်တွင်အသုံးပြုရန်အတွက် အင်္ကျီချိတ် ငါးဒါဇင်လည်း ဝယ်ထားကြောင်း၊ ဘေထုပ်သမားများလည်း ဤရက်တွင်း၌ရောက်လာမည်ဖြစ်ကြောင်း ပြောပြလေ၏။

ထို့နောက်တွင်ကား ပေတလူသည် နောက်တစ်နေ့၌ မာယုသာကိုခေါ်၍ ၄င်း၏မိခင်ဒေါ်ခင်နက်နှင့်အတူ ဆိုင်ခန်းနှစ်ခန်း ဝယ်သောငွေကို စာချုပ်နှင့်တကွ သွားရောက်၍ချေလိုက်လေ၏။ မာယုသာသည် ပင်မင်းဆိုင်အတွက် အစစအရာရာ ပြင်ဆင်ပေးလေ၏။ ဆိုင်းဘုတ်မှာ အဖြူရောင်ပေါ်တွင် အနက်ဖြင့် ရေးထားသော ဆိုင်းဘုတ်ဖြစ်၏။

**Lady Dark**
လေဒီဒတ်ခ်
ပင်မင်း

www.burmeseclassic.com



ပင်မင်းဆိုင်အတွက် အဝတ်လျှော်ရန် ယောက်ျားကြီး နှစ်ယောက်နှင့် မိန်းမသုံးယောက်ကို ပုတ်ပြတ်ပေးစနစ်ဖြင့် လျှော်ခိုင်းရန် စီစဉ်လေ၏။ မီးပူတိုက်သူနှစ်ဦးကိုလည်း အထည်အရေအတွက်ဖြင့် ပုတ်ပြတ်စနစ်နှင့် နေ့သမား ညသမားခွဲကာ ခန့်အပ်လိုက်လေတော့၏။ ဆိုင်းဘုတ်ကိုမူ ဗေဒင်ဆရာကြီးတစ်ဦးထံတွင် နေ့ကောင်းရက်သာရွေး၍ တင်လိုက်လေ၏။ ဘောထုပ်များ ရောက်လာသောအခါ၌ မာယုသာက ဘောထုပ်ကိုဖွင့်၍ပါလာသော အထည်များကို သုံးမျိုးသုံးစား ခွဲလေ၏။ အကောင်းစား၊ အလတ်စား၊ အညံ့စား ဟူ၍ဖြစ်၏။ မာယုသာကပင် တွက်ချက်၍ ဈေးနှုန်းများ သတ်မှတ်ပေးလေ၏။ ဆိုင်ဖွင့်သောအခါ၌ ဘောထုပ်ဆိုင်တွင် -

**အထည်ဟောင်း မဝယ်ပါ**

ဟူသော ဆိုင်းဘုတ်ကလေးတစ်ခုကို ချိတ်ဆွဲပေးလိုက်လေ၏။ ထိုအချင်းအရာကို မသိသော တစ္ဆေဖြူက -

"ဒီစာက ဘာဖြစ်လို့ ချိတ်ရတာလဲ ..." ဟု မေးလေ၏။ ထိုအခါ မာယုသာက -

"ခိုးရာပါ အဝတ်အထည်တွေ လာရောင်းမှာစိုးလို့ ချိတ်ထားတာ..." ဟု ပြန်၍ဖြေလိုက်လေ၏။

မခင်နက်သည် လမ်းဘေးတွင် မုန့်ရောင်းနေရာမှ ရုတ်တရက် ချက်ချင်းအထည်ဆိုင်နှင့် ပင်မင်းဆိုင်ပိုင်ရှင်ဖြစ်သွားပြီဖြစ်၏။ ထိုဆိုင်သို့ သံသေတ္တာရောင်းသော ကုလားအာမက်သည် လာ၍လည်လေ၏။ ထို့နောက် ၄င်းက -

"အနက်တို့များ သားတွေရောက်လာတာနဲ့ နေ့ချင်းညချင်း ကြီးပွားသွားတော့တာကိုး ..." ဟု ခနဲ့တဲ့တဲ့စကားပြောလေ၏။ ထိုအခါ မခင်နက်က

www.burmeseclassic.com



"ကိုမက်ရယ် ...ဘယ်လောက်ပဲကြီးပွား ကြီးပွား ကိုမက်ရဲ့ ကျေးဇူး ကိုမမေ့ပါဘူး ..." ဟု ပြောလိုက်လျှင် ကုလားအာမက်သည် လွန်စွာ သဘောကျ၍ ၄င်း၏နှုတ်ခမ်းမွေးကို လက်မလက်ညှိုးတို့ဖြင့် သပ်လိုက်လေ၏။ ထိုအချင်းအရာကို မြင်တွေ့ကြားသိနေရသော တစ္ဆေဖြူက ပေတလူ၏ အနားသို့ကပ်ကာ -

"ဟေ့ကောင် ပေတလူ ...၊ တို့အမေကို ဟိုကုလားက လာပြီး ရိသဲ့သဲ့လုပ်နေတယ်ကွ ...၊ ဟိုးက သုံးနှစ်သားနဲ့ မျက်နှာကို ဖြတ်ရိုက် ချင်တယ်ကွာ ..." ဟု ပြောလေ၏။

"သွားမလုပ်နဲ့တစ္ဆေဖြူ ...၊ အဲဒီလိုရိုက်လိုက်မှ အမေက ကုလားကို သနားတယ်ဆိုပြီး လိုက်သွားလိမ့်မယ်...၊ မိန်းမဆိုတာ အဲဒီ အရွယ်မှာ ထိန်းရသိပ်ခက်တယ်ကွ ...၊ အပျိုပေါက်လေးတွေကို ထိန်းရ တာက လွယ်တယ် ...၊ အဲဒီအရွယ်ကျရင် အပျိုပေါက်ကလေးတွေထက် ပိုပြီး မိုက်မဲတတ်တယ် ငါ့လူ၊ မိန်းမအကြောင်းလည်း ဘာမှမသိဘူး၊ မန်လည်ဆရာတော်ဘုရားရေးတဲ့ 'မာဃဒေဝ' စာအုပ်လေးဘာလေးလည်း ဖတ်ဦးကွ ...၊ ဒီအခြေအနေလောက်ထိတော့ လက်ပိုက်ကြည့်နေရမှာပဲ၊ သွားပြီးကြပ်လိုက်ရင် အမေဟာ တို့နဲ့နေမှာမဟုတ်ဘူး၊ ရုန်းပြီးထွက်သွား လိမ့်မယ် ...၊ နားမလည်ဘဲနဲ့ရမ်းပြီး မဝင်စမ်းပါနဲ့ကွာ ...၊ ငါ ကြည့် လုပ်ပါ့မယ် ... ဒါပေမဲ့ တို့အမေ ဒေါ်ခင်နက်ကိစ္စက မပြီးဘူးနော် ...၊ ကိုကိုမက်ပြီးရင် တခြားတစ်ယောက်လာဦးမှာပဲ"ဟု ပေတလူက ပြောလိုက် လျှင် တစ္ဆေဖြူက -

"အဲဒီတော့ ဘယ်လိုလုပ်မလဲ ဟေ့ကောင် ..." ဟု အလန့်တကြား မေးလိုက်လေ၏။

"ဘယ်လိုမှ လုပ်လို့မရဘူး ငါ့လူ ...၊ အဲဒါ သဘာဝကွ ...၊ သဘာဝကို ဆန့်ကျင်ဖို့ စိတ်ကူးမကူးလေနဲ့ ...၊ ဘယ်တော့မှ မရဘူး...၊ သင့်တော်တဲ့သူနဲ့ တွေ့လို့ ယူမယ်ဆိုရင်တော့ မင်းရောငါရော မသိချင်ယောင်

www.burmeseclassic.com



ဆောင်နေရမယ်ဟေ့ ...'' ဟု ပေတလူက ပြောလိုက်လျှင် တစ္ဆေဖြူက ခေါင်းကို ညိတ်လိုက်၍ -

''ပေတလူရယ် ...မင်းပဲ စီစဉ်ပါကွာ ...၊ တို့အမေ ဒေါ်ခင်နက်လေး လင်ကောင်းသားကောင်းရတဲ့အထိ ကြိုးစားစမ်းပါ၊ သာဓု ... သာဓု...သာဓု ... မင်းကတော့ သေရင် နတ်ပြည်တက်မယ့်အကောင် ပဲ ...၊ တကယ်လို့ နတ်ပြည်တက်ရင်လည်း ငါလည်း ဘေးကကပ်ပြီး လိုက်ပါရစေကွာ ...''ဟု ဆွဲဆွဲငင်ငင် ပြောလိုက်လေတော့သတည်း ..။

●

www.burmeseclassic.com

www.burmeseclassic.com



# မင်းသိခ်



www.burmeseclassic.com



အခန်း ။ ၄၀ ။

# မာယာသာကို ဖြင်ဦးလွင်လွှတ်လိုက်ပြီ

ပေတလူသည် ဒေါ်ခင်နက်၏ဆိုင်သို့ နေ့စဉ်သွားရလေ၏။ ကူညီ၍ လုပ်ကိုင်ပေးရလေ၏။ တစ္ဆေဖြူမှာမူ အိမ်တွင်နေ၍ ထမင်းဟင်း ချက်ပြီးနောက် ဒေါ်ခင်နက်၊ နာတာလူးနှင့် ပေတလူတို့ စားရန်အတွက် ထမင်းချိုင့်ပို့ရသော တာဝန်ကို ယူရလေ၏။ ဒေါ်ခင်နက်၏ဆိုင်သည် အတော်ပင် နေသားတကျ ဖြစ်သော အခြေအနေသို့ ရောက်လာပြီဖြစ်၏။

တစ်နေ့တွင် မာယာသာသည် ဒေါ်ခင်နက်၏ဆိုင်သို့ ရောက်လာ ပြီးလျှင် ပေတလူအား –

“ပေတလူရေ …အာမက်ရဲ့ဆိုင်မှာ ရဲတွေရော၊ ဈေးသူဈေးသား

www.burmeseclassic.com



တွေရော၊ ဈေးဝယ်လာတဲ့သူတွေရော အုံနေတာပဲဟေ့ …၊ အာမက်က ခိုးလာတဲ့ သေတ္တာကို ဝယ်မိလို့တဲ့…၊ သူခိုးလက်ခံဆိုပြီး ရဲက ဖမ်းလိုက်ပြီ ကွ" ဟု ပြောလေ၏။ ထိုအခါ မလှမ်းမကမ်းတွင် အလုပ်လုပ်နေသော ဒေါ်ခင်နက်က ကြား၍သွားပြီဖြစ်ရာ -

"ဟဲ့ …မာယုသာ … ကိုမက် ဘယ်လိုဖြစ်တာလဲ" ဟု မေးလေ၏။ မာယုသာသည် ၎င်းသိသမျှကို ဒေါ်ခင်နက်အား ပြောပြလိုက်လေ၏။ ထိုအခါ ဒေါ်ခင်နက်က -

"ငါလိုက်သွားမှဖြစ်မယ် …၊ ကိုမက်က ငါ့ ကျေးဇူးရှင်ဟဲ့ …" ဟု ပြောရာ မာယုသာက -

"လိုက်သွားသင့်တာပေါ့ ခင်ဗျာ …၊ ကိုယ့် ကျေးဇူးရှင်တစ်ယောက် ဒီလို ဒုက္ခရောက်နေတဲ့အချိန်မှာ လိုက်မသွားဘူးဆိုရင် ရိုင်းသလိုဖြစ်သွားမှာ ပေါ့ …" ဟု ပြောလေ၏။ ထိုအခါ ဒေါ်ခင်နက်လည်း နာတာလူးလေးကို ဆွဲ၍လိုက်သွားလေတော့၏။ ဒေါ်ခင်နက်ထွက်သွားလျှင် ပေတလူက -

"မာယုသာ မင်းက ငါတို့အမေကို လိုက်မသွားဖို့ တားရမှာကွ…၊ ဘာဖြစ်လို့ တွန်းလွှတ်လိုက်တာလဲ" ဟု မေးလိုက်လေ၏။

"တမင်တကာ လွှတ်လိုက်တာပါ ပေတလူရယ်၊ အာမက်က ဆိုင်မှာ မရှိတော့ဘူးကွ …၊ ရဲတွေကခေါ်သွားပြီ …" ဟု မာယုသာက ပြောလေ၏။

"အဲဒီတော့ တို့အမေက ဂါတ်ကို လိုက်သွားမှာပေါ့ …" ဟု ပေတလူက ပြောရာ -

"ဂါတ်ကို လိုက်သွားလည်း မတွေ့နိုင်တော့ဘူးကွ၊ ရန်ကုန်ကို ခေါ်သွားပြီ၊ လာဖမ်းတာက ရန်ကုန်ကရဲတွေ၊ သူ့ဆီမှာ သေတ္တာရောင်းတဲ့ သူခိုးသုံးယောက်လည်း လက်ထိပ်တန်းလန်းနဲ့ ပါလာတယ်ကွ၊ မင်းတို့ အမေ ဂါတ်ကို လိုက်သွားလည်း အာမက်ကိုတွေ့မှာ မဟုတ်တော့ဘူး၊ ထောင်ကြီး ချုပ်ကိုတန်းပြီးပို့လိုက်မှာ …" ဟု မာယုသာက ပြောလိုက်၏။ ပေတလူသည်

www.burmeseclassic.com



မာယုသာ၏မျက်နှာကို ကြည့်၍ အဓိပ္ပါယ်ပါပါ ပြုံးလိုက်လေတော့၏။

နေ့လယ်ပိုင်းလောက်တွင် ဒေါ်ခင်နက်သည် နာတာလူးလေးနဲ့ အတူ ပြန်၍ရောက်လာလေ၏။ ပေတလူက –

“အမေ …ကိုအာမက်ကြီးကို တွေ့ခဲ့ရရဲ့လား၊ ဘယ်လိုဖြစ်တာ လဲ…”ဟု မေးလေ၏။

“မတွေ့ရပါဘူးကွယ် …၊ ရန်ကုန်ကို ခေါ်သွားပြီတဲ့၊ ဂါတ်မှာချုပ် မှာမဟုတ်ဘူး၊ ထောင်မှာ ချုပ်မှာလို့လည်း ပြောသံကြားတယ်၊ ကိုအာမက်ကို လာဖမ်းတဲ့ရဲတွေထဲမှာ ပြည်ဂါတ်က ပြောင်းသွားတဲ့ လူဆိုးထိန်း ကိုရွှေလှပါ လာတယ်ဆိုပဲ …”ဟု ဒေါ်ခင်နက်က ပြော၍ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်လေတော့၏။ ထိုနေ့ညနေပိုင်း လောက်တွင် ပေတလူနှင့် မာယုသာတို့ ဘူတာတွင် တွေ့ကြလေ၏။ ပေတလူက –

“ပြောပါဦး မာယုသာရယ် …” ဟု မေးလိုက်လေ၏။

“ဘာပြောစရာရှိသလဲကွာ …၊ ကိုရွှေလှကြီးဟာ ငါနဲ့ ရင်းနှီး တယ်ကွ …၊ အဲဒီသူခိုးသုံးယောက်ကလည်း ပြည်ကနေ နယ်နှင်ထားတဲ့ ငတိတွေကွ …၊ အာမက်ဆိုင်မှာ သေတ္တာတွေ လာလာရောင်းနေတာ များပြီ ကိုယ့်လူရေ …၊ တစ်ယောက်က မြသီးတဲ့ …၊ တစ်ယောက်က ရွှေဆောင်းတဲ့ …၊ ဒီကိစ္စက ငါဆင်တာ မဟုတ်ပါဘူး၊ သူများဆင်ထားတဲ့ ဖဲမှာ သူ့ဘာသာသူဖြစ်နေတာကို ညပ်ကြောင်းလေး ထပ်ပေးလိုက်တာပါ၊ ကိုရွှေလှ က အသာလေးချိုးယူလိုက်တာ ကောင်းမှုတစ်ခုပြုလိုက်ပြီလို့ ငါတော့ မှတ်လိုက်ပြီကွာ …” ဟု မာယုသာက ပြောလိုက်လျှင် ပေတလူက –

“သာဓု …သာဓု …သာဓု …၊ သေရင်တော့ နတ်ပြည် တက်ရမှာပါပဲ …” ဟု ပြောလိုက်လေ၏။ ထို့နောက် ပေတလူသည် မာယုသာအား လက်ဖက်ရည် ဆိုင်သို့ ခေါ်သွားပြီးလျှင် ချော်ချော်ကလေး ချီထားသော ဓာတ်ပုံကို ထုတ်၍ပြရင်း အကျိုးအကြောင်းကို ပြောပြလေ၏။ ထိုအခါ မာယုသာက –

www.burmeseclassic.com



“ဒီဓာတ်ပုံကို ပြင်ဦးလွင်မှာရှိတဲ့ မင်းတို့အဘဆိုတဲ့ အဘိုးကြီး ဆီကို ပို့မလို့လား …၊ အဲဒီလိုပို့မယ်ဆိုရင်တော့ စာက မင်းတို့ အဘလက်ထဲ ကိုမရောက်ဘဲ ချော်ချော့်လက်ထဲကို ရောက်သွားနိုင်တယ်၊ အဲဒီတော့ ပြင်ဦးလွင်ကို တစ်ပါတ်မှာ နှစ်ကြိမ်လောက် ကုန်ပို့နေတဲ့ ငါ့ရဲ့အပေါင်း အသင်းတစ်ယောက်ရှိတယ်၊ သူ့ကို အသေအချာမှာပြီး အဘလက်ထဲ ရောက် အောင် ငါပို့ပေးလိုက်မယ်၊ ဒါပေမဲ့ ဒီပုံအတိုင်း မပို့နဲ့နော် …၊ ဓာတ်ပုံဆိုင် မှာ ကူးလိုက်ဦး …၊ ဘာပဲဖြစ်ဖြစ် ဒီဓာတ်ပုံ ပွားထားရမှာကွ၊ နောက် တစ်ခုက ချော်ချော့်ရဲ့ယောကျ်ား မာတင် (ခေါ်) မောင်မောင်ဟာ ဓားပြမှု ဝရမ်းပြေးဆိုတာ ဟုတ်မဟုတ် သေချာအောင် လုပ်ရမယ် …၊ သေချာပြီဆို ရင်တော့ ပြင်ဦးလွင်ကို သတင်းပေးလိုက်ရုံ ပါပဲ၊ ဒါက သိပ်ပြီးမခက်ပါ ဘူး …၊ တို့တစ်ခုလေ့လာရမှာက မင်းအဘကြီး ချော်ချော်ဆင်ထားတဲ့ အကွက်ထဲကို ဘယ်လောက်ဝင်သွားပြီလဲဆိုတာ လေ့လာဖို့လိုတယ် …”ဟု ပြောလေ၏။ ထိုအခါ ပေတလူက –

“အဲဒီထိတော့ ငါမသိတာအမှန်ပဲကွ …၊ ဘယ်လိုဖြစ်နိုင်သလဲ ပြောပြစမ်းပါဦး …”ဟု မေးလိုက်လေ၏။ ထိုအခါ မာယုသာက လက်ဖက်ရည်ကို အပြီးသတ်မော့ချလိုက်ပြီးလျှင် အိတ်အတွင်းမှ စီးကရက်ဘူး ကို နှိုက်ယူပြီး စီးကရက်တစ်လိပ်ကိုထုတ်ကာ ဗူးပေါ်တွင် တဒေါက် ဒေါက် ခေါက်လိုက်လေ၏။ ပြီးလျှင် နှုတ်ခမ်းဖျားတွင်တေ့ကာ မီးညှိ လိုက်လေ၏။ ထို့နောက် မာယုသာက –

“မင်းပြောတဲ့ဓာတ်ထုပ်မှာက အရေးကြီးတဲ့ ဇာတ်ကောင်က မာတင်မဟုတ်ဘူးကွ …၊ ချော်ချော် ဖြစ်နေတယ်၊ ချော်ချော့်အနေနဲ့ မာတင် အချုပ်ထဲဝင်သွားတာကို မှုမှာမဟုတ်ဘူး၊ အဘိုးကြီးနဲ့နေခဲ့မှာပဲ၊ အဘိုးကြီးမှာ သားထောက်သမီးခံမရှိဘူးဆိုရင်တော့ အဘိုးကြီးသေရင် ခြံနဲ့အိမ်ကို သူပဲ ရသွားမှာ၊ အဘိုးကြီးကလည်း သူသေရင် အိမ်နဲ့ခြံကို ဘယ်သူ့ကိုပေးပါတယ်လို့ ရှေ့နေရှေ့ရပ်နဲ့ သေတမ်းစာရေးခွင့်လည်း မရှိဘူးကွ …၊ ဗုဒ္ဓဘာသာဝင်

www.burmeseclassic.com



တစ်ယောက်ဟာ သေတမ်းစာ ရေးခွင့်မရှိဘူးကွ'' ဟု ပြောလေ၏။ ထိုအခါ ပေတလူက -

''ချော်ချော့်မှာ ပထမယောက်ျားရှိတယ်ကွ ...၊ အဲဒီလူက လူမိုက်ကွ၊ ထောင်ထဲမှာ ...၊ သူ့နာမည်က ကျွဲရိုင်းတဲ့၊ အဲဒီလူ ထောင်က လွတ်ရင် ချော်ချော့်ရှိတဲ့နေရာကို လက်ထောက်ချလိုက်တာပေါ့ကွာ ...၊ ဘာပဲဖြစ်ဖြစ် အဲဒီလူမိုက်ဟာ ချော်ချော့်ဆီကို အရောက်သွားပြီး ချော်ချော့် ကို အပြတ်ရှင်းမှာပဲ'' ဟု ပြောလျှင် မာယုသာက -

''အပြတ်မရှင်းဘဲနဲ့ ချော်ချော်နဲ့ ကျွဲရိုင်းက မင်းတို့ အဘကြီးကို ဒုက္ခပေးရင် ဘယ်နှယ့်လုပ်မလဲ ...''ဟု ပြောလေ၏။

''ဖြစ်နိုင်ပါ့မလား မာယုသာရယ် ...၊ ချော်ချော်ဟာ သူ ထောင်ကျနေတုန်း မာတင်နဲ့လည်း ယူလိုက်သေးတယ်လေကွာ...၊ အဲဒီတော့ ကျွဲရိုင်းကြီးက စိတ်နာမှာပဲကွ ...''ဟု ပေတလူက ပြောလေ၏။ ထိုအခါ မာယုသာက -

''လူဆိုးလူမိုက်တွေက သူတို့မိန်းမတွေကို စိတ်နာခဲတယ်ကွ ...၊ ငါ ထောင်ကျနေလို့ ဒီလိုဖြစ်ရတာပဲဆိုပြီး ခွင့်လွှတ်တတ်တယ်၊ အကောင်းဆုံးကတော့ မင်းတို့ အဘကြီးဟာ သူ့ရဲ့ခြံနဲ့ အိမ်ကို သူ ယုံကြည်ရတဲ့လူကို ချော်ချော်မသိအောင် စာချုပ်စာတမ်းနဲ့ အရောင်းပြ ထားရမယ်ကွ ...၊ ဒါမှ မင်းတို့အဘကြီး ရုတ်တရက် သေသွားလည်း ချော်ချော့်လက်ထဲ မရောက်မှာပေါ့ကွာ ...''ဟု ပြောလိုက်လျှင် ပေတလူက မာယုသာ၏အနီးသို့ ကပ်ကာတီးတိုးစကားများ ပြောလိုက်လေ၏။

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီး အချိန်အတန်ကြာသောအခါ၌ မာယုသာသည် ပြင်ဦးလွင်ရှိ ဦးတင် ဘက်တူကြီး၏ခြံသို့သွားကာ ဦးတင် ဘက်တူနှင့် စကားစမြည်ပြောဆိုနေလေ၏။ ထိုသို့ပြောဆိုနိုင်ရန်အတွက်လည်း ပေတလူက ဦးတင်ဘက်တူအား စာတစ်စောင် ရေး၍ပေးလိုက်လေ၏။ ချော်ချော်က မာယုသာကို မသင်္ကာ၍ -

www.burmeseclassic.com



“ဘဘ …သူက ဘယ်သူလဲ …” ဟု တီးခေါက်မေးမြန်းရာ ဦးတင်ဘက်တူက -

“တခြားလူမဟုတ်ပါဘူး၊ ဘဘရုံးက စာရေးကြီး ကိုသံတိုင်ဆိုတဲ့လူရဲ့သားပါ …၊ မန္တလေးမှာ ကျောင်းလာတက်နေတာ၊ သူ့အဖေက နိုင်းလိုက်လို့ ဘဘဆီကို ရောက်လာတာပါ၊ သူ့အဖေလည်း ပင်စင်ယူပြီး အတော့်ကို နေထိုင်မကောင်းဖြစ်နေတယ်၊ ဘဘကိုလည်း မသေခင်တွေ့ချင်တယ်လို့ မှာနေတယ်၊ သူကတော့ အိပ်ရာထဲ လဲနေရှာတယ်၊ သွားခြင်းသွား ဘဘကပဲ သွားရမှာပဲ …” ဟု ပြောရာ ချော်ချော်က -

“ဘဘတစ်ယောက်တည်းလိုက်သွားလို့ ဘယ်ဖြစ်မလဲ၊ ချော်ချော်ပဲဖြစ်ဖြစ်၊ ကိုမာပဲဖြစ်ဖြစ် တစ်ယောက်ယောက်တော့ လိုက်မှ ဖြစ်လိမ့်မယ်…” ဟု ပြောလေတော့၏။ ထိုစကားများမှာ ပေတလူ၏ သင်ကြားချက်များဖြစ်၏။ ထိုသို့ ပြောဆိုနေခိုက်မှာပင် ပြင်ဦးလွင်မှ ရဲများ ရောက်လာပြီး မာတင်အား မေးမြန်းစရာရှိသည်ဟုဆိုကာ ခေါ်သွားလေတော့၏။ ထိုအခါ ဦးတင်ဘက်တူက -

“အရေးထဲကွာ …၊ ဒီငတင်ဆိုတဲ့ကောင်က ဘာဖြစ်ရပြန်တာတုံး…၊ ဟိုမှာ ကိုသံတိုင်က အခြေအနေမကောင်းတော့ဘူး၊ ချက်ချင်းကို လိုက်သွားရမှာ …”ဟု ပြောလေ၏။ ထိုအခါ ချော်ချော်က -

“ဘဘ မလိုက်လို့မဖြစ်လည်း လိုက်သွားပေါ့၊ အိမ်ကကားနဲ့ သွားမှာမဟုတ်လား …၊ ကိုစလင်းကို အဖော်လုပ်သွားရမှာပေါ့ …၊ ဒီကမောင်လေးလည်း ဂရုစိုက်ပါကွာ …၊ ဘဘက ခြေထောက် ကောင်းကောင်းသန်တာမဟုတ်ဘူး” ဟု ပြောလိုက်လေ၏။ ထိုအခါ မာယုသာက-

“စိတ်ချပါ အစ်မရယ် …၊ ကျွန်တော့်အဖေက တွေ့ချင်လွန်းလို့ လာပြီးခေါ်ရတာပဲ၊ ကျွန်တော် ဂရုမစိုက်ဘဲနေပါ့မလား …”ဟု ယဉ်ကျေးစွာပြောလိုက်လေ၏။

ဦးတင်ဘက်တူသည် ၄င်း၏အိမ်မှ ကားနှင့်ပင် လိုက်ပါခဲ့လေ၏။

www.burmeseclassic.com



ကိုစလင်းက ကားမောင်းပေးလေ၏။ မန္တလေးမှထွက်သောအခါတွင် ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းစားကြလေ၏။ ထမင်းစားနေစဉ်အတွင်း မာယုသာက သူ၏လက်ဆွဲအိတ်ကို သွားယူမည်ဟုဆိုကာ ကားဆီသို့ သွားလေ၏။ ထမင်းစားပြီး ကားထွက်ရန် ကိုစလင်းက စက်နှိုးသောအခါ တွင် စက်နှိုး၍ မရတော့ပေ။ ကိုစလင်းသည် အမျိုးမျိုးအဖုံဖုံ ကြိုးစား ကြည့်၏။ သို့ရာတွင် ကားသည် တုတ်တုတ်မျှမလှုပ်တော့ပေ။ ထိုအခါ မာယုသာသည် မော်တော်ကားတစ်စီးကိုငှား၍ ဦးတင်ဘက်တူအား တင်ပြီးလျှင် -

"ကိုစလင်းရေ ...မော်တော်ကားကို ဝပ်ရှော့ပို့ဗျာ၊ ကောင်းသွား ရင်တော့ ပြင်ဦးလွင်ကိုပဲ ပြန်ပေတော့၊ အဘအတွက် ဘာမှမပူနဲ့၊ ကျွန်တော်ကိုယ်တိုင် ပြန်ပြီး လိုက်ပို့မယ်"ဟု မာယုသာက ပြောလေ၏။ ထိုအခါ ကိုစလင်းက -

"ဒီမှာ ညီလေး ...အဘကို ခေါ်သွားမယ့် နေရာကိုလည်း ပြောခဲ့ဦးလေကွာ ..." ဟု ပြောရာ မာယုသာက -

"တောင်ငူမြို့၊ ထီးနီကုန်းရပ်ကွက်ဗျာ၊ အိမ်နံပါတ်တော့ မရှိဘူး၊ ဦးသံတိုင်အိမ်လို့မေးရင် ရပါတယ်" ဟု ပြော၍ ထွက်ခဲ့လေတော့၏။

ထို့နောက် မာယုသာသည် အဘိုးကြီးအား ပြည်သို့ခေါ်လာလေ၏။ ပြည်မြို့သို့ရောက်၍ ပေတလူနှင့် တွေ့လျှင် အဘိုးကြီးသည် ပေတလူအား တအားဖက်လိုက်ပြီးလျှင် -

"အမယ်လေး ပေတလူရယ် ...၊ မင်းကို လွမ်း လိုက်တာကွာ..." ဟု ဝမ်းနည်းသံကြီးနှင့် ပြောလေ၏။

ဦးတင်ဘက်တူကြီးသည် ပေတလူတို့နေထိုင်ရာ ဒေါ်ခင်နက်၏ အိမ်တွင်ပင် သုံးလေးရက် တည်းခိုနေထိုင်လေ၏။ သူသည် ပေတလူနှင့် တွေ့ရသဖြင့် ပြင်ဦးလွင်အိမ်ကိုပင် မေ့နေလေ၏။ ပေတလူကို စကားတွေ အများကြီး ပြောခိုင်း၏။ သူက နားထောင်၍ရယ်မော၏။

www.burmeseclassic.com



"အဘသေရင် ချော်ချော်က အဘအိမ်နဲ့ ခြံကို အပိုင်စီးလိုက် မှာ…၊ အတွင်းပစ္စည်းတွေကိုလည်း ချမ်းသာပေးမှာမဟုတ်ဘူး၊ သူ့ ယောကျ်ား လူမိုက်ကျွဲရိုင်းဆိုတာလည်း ထောင်က လွတ်လာတော့မှာ …၊ အဘကို ရန်ရှာချင်ရန်ရှာမှာ …၊ အဲဒါကြောင့် အဘကို မာယုသာနဲ့တိုင်ပင်ပြီး ဆွဲထုတ်လာရတာ၊ ဒီမိန်းမက လူဆိုးမယား အကြံသမား အဘရဲ့ …"ဟု အစချီကာ ၄င်းတို့လုပ်မည့် အစီအစဉ်ကို ပြောပြလေ၏။ အဘိုးကြီးလည်း ကောင်းစွာသဘောပေါက်သွားပြီ ဖြစ်သောကြောင့် -

"ပေတလူရယ် …မင်းကြိုက်သလို စီမံပါကွာ၊ အဘက မငြင်းပါ ဘူး …"ဟု ပြောလေ၏။ ထိုအခါ မာယုသာသည် ၄င်းနှင့်သိသော ပွဲရုံပိုင်ရှင် တစ်ဦးအား ပြင်ဦးလွင်မှ ဦးတင်ဘက်တူ၏ခြံကို ရောင်းချသော စာချုပ် တစ်စောင် ရေးနေနှင့် ပြုလုပ်လေ၏။ ထို့အတူ ပွဲစားဆီကလည်း ထိုပြင်ဦးလွင် ၏ ခြံနှင့်အိမ်ကို ပေတလူအား ပြန်လည်ရောင်းချသော စာချုပ်တစ်စောင် ရက်စွဲခွာပြီး ပြုလုပ်ကာ ပေတလူ့လက်သို့ အပ်နှံလိုက်လေ၏။ ထိုပွဲစားမှာ မာယုသာကို လွန်စွာလေးစားအားကိုးသော ပွဲစားဖြစ်လေ၏။ ထို့ကြောင့် ပေတလူက မာယုသာအား -

"ဟော့ …မာယုသာ …ပွဲစားကြီးက မင်းကို အတော့်ကို လေးစား တယ်ကွ …၊ ဘယ်လိုအကြောင်းလဲကွ …"ဟု မေးလေ၏။

"ဒါက ဒီလိုကွ …၊ ပွဲစားကြီးသမီး မြသည်းညွှာက ပြည်နဲ့ ရန်ကုန်ပြေးတဲ့ မယားရှိတဲ့ ဘတ်စ်ကား ဒရိုင်ဘာတစ်ယောက်နဲ့ လိုက်ပြေးတာကွ …၊ အဲဒါကို ပွဲစားကြီးက မျက်ရည်စက်လက်နဲ့ ငါ့ကို အကူအညီတောင်းတယ် …၊ ငါက လူမိုက်တွေနဲ့ တိုင်ပင်ပြီး အဲဒီ ကောင်မလေးကို မရအရ ခွဲထွက်ခဲ့တာကွ၊ အိမ်ပြန်ရောက်မှ မြသည်းညွှာကို တခြားတစ်ယောက်နဲ့ ပေးစားလိုက်ရတာ၊ အဲဒီကောင်က မြသည်းညွှာ လင်နောက်လိုက် ပြေးဖူးမှန်းမသိဘူးကွ …၊ သိတဲ့နေ့ဟာ ကွဲတဲ့နေ့ပဲ ဟေ့ …၊ အဲဒီခလုတ်က ငါ့လက်ထဲမှာကွ …" ဟု ပြောလေ၏။ ထိုအခါ

www.burmeseclassic.com



ပေတလူက -

“မာယုသာရယ် ...မင်းဟာကလည်း ခလုတ်တွေက များလှချေလားကွာ ...” ဟု ပြောလိုက်လေတော့သတည်း။

●

www.burmeseclassic.com




www.burmeseclassic.com



အခန်း ။ ၄၁ ။

# မာယာသာ၏ အတွေ့ထူးများ

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး များမကြာမီ၌ အာမက်သည် ခိုးရာပါပစ္စည်းလက်ခံမှုဖြင့် ထောင်သုံးနှစ် ကျသွားလေ၏။

ဒေါ်ခင်နက်၏ဆိုင်တွင် နေ့ဘက်မီးပူတိုက်ရန်နှင့် ညဘက်မီးပူတိုက်ရန်အတွက် အလုပ်သမားနှစ်ယောက် ငှားရမ်းထားလေ၏။ နေ့မီးပူတိုက်သမား၏အမည်မှာ ကိုယောင်လေးဟူ၍ ဖြစ်၏။ ညမီးပူတိုက်သမား၏အမည်မှာ ကိုညိုမောင်ဟူ၍ ဖြစ်၏။ ကိုယောင်ကလေးမှာ အရုပ်ပုပု ခပ်ညှပ်ညှပ်ဖြစ်၏။ ကိုညိုမောင်မှာ အရုပ်အမောင်း ကောင်း၍ ကိုယ်လုံးကိုယ်ထည် ကျစ်၏။ သူသည် ရွှေဘိုဘက်မှ ရောက်လာသူဖြစ်၏။ ထို့ပြင် ကိုညိုမောင်မှာ

www.burmeseclassic.com



ရွှေကြက်ဖဟူသောအမည်ဖြင့် လက်ဝှေ့ထိုးခဲ့သော လက်ဝှေ့သမားကောင်း တစ်ဦးလည်းဖြစ်လေ၏။ အသားအရောင်မှာ ကြေးနီရောင်ဖြစ်၏။ မေးရိုး လေးထောင့်ကျ၏။ သူ၏ မျက်နှာကို မြင်လိုက်သည်နှင့် သတ္တိရှိသော လူတစ် ယောက်ဟုသိနိုင်၏။ ခါးတောင်း ကျိုက်လိုက်သောအခါ ဒူးခေါင်းအထိ ထိုး ထားသော ထိုးကွင်းမင်ကြောင်များကို တွေ့နိုင်လေ၏။ ခြင်းခတ်လည်း အလွန်ကောင်း၏။ မဟာဒူးကို ဆယ့်ငါးလုံးခန့် ပုံစံတကျ တိုက်ပြနိုင်၏။ ရင်လိမ်ဖဝါးဟူသော ခြင်းခတ်နည်းကို အလုံး ၂၀ ခန့် ခတ်ပြနိုင်၏။

ထို့ပြင် ကိုညိုမောင်ကြီး၏ အခြားအရည်အချင်းတစ်ခုမှာ စကား ပြောကောင်းခြင်းပင်ဖြစ်၏။ ပေတလူ၏ အမေ မခင်နက်သည် ၄င်း ညိုမောင်ကြီးအား မျက်စိကျနေ၏။ ၄င်းကို ညိုမောင်ကြီး ထမင်းစားလျှင် မခင်နက်က ဟိုဟင်းလေးထည့်ပေး၊ ဒီဟင်းလေးထည့်ပေးနှင့် လုပ်နေလေ၏။

"အထည်တွေ မပြီးရင် မနက်လာရွေးတဲ့လူတွေနဲ့ စကားများ လိမ့်မယ် ..." ဟု အကြောင်းပြကာ မခင်နက်သည် အိမ်တွင်မအိပ်ဘဲ ဆိုင်တွင်အိပ်လေ၏။ အမှန်စင်စစ် ဆိုင်တွင် အိပ်သည်မဟုတ်၊ ကိုညိုမောင်ကြီး အိုက်မည်စိုး၍ ယပ်ခပ်ပေးလေ၏။ ညလယ်သို့ရောက်လျှင် ကိုညိုမောင် ကြီးဆာမည်ဟုဆိုကာ ထမင်းသုပ်၍ကျွေး၏။ ရေနွေးတည်၍ တိုက်၏။ နဖူးနှင့် ရင်ဘတ်မှ ချွေးများကို ကိုယ်တိုင်သုတ်၍ပေး၏။

တစ်နေ့တွင် တစ္ဆေဖြူက ပေတလူအား -

"ဟေ့ကောင် ပေတလူ...တို့အမေ အိမ်မှာ မအိပ်ဘဲ ပင်မင်းဆိုင်မှာ သွားပြီးအိပ်တာ ငါတော့ တယ်ပြီး မသင်္ကာဘူးကွ၊ မဟုတ်မှ လွဲရော ... မီးပူတိုက်သမား ကိုညိုမောင်ကြီးနဲ့ ငြိနေပြီ ထင်တယ်ကွ ..." ဟု ပြောလိုက် ရာ ပေတလူက ပြုံးလေ၏။ ကျေနပ်အောင် ပြုံးပြီးနောက် -

"ကိုညိုမောင်ကြီးက လူရိုးလူကောင်းကြီးပါကွ၊ ဘာနဲ့တူသလဲဆိုရင် ယုန်နဲ့တူတယ်ကွ ...၊ တို့အမေက ယုန်ဖမ်းတဲ့ ပိုက်နဲ့တူတယ်ကွ ...၊ ယုန်က မတိုးဘူးဟေ့၊ ပိုက်က လိုက်ပြီးတိုးနေရတာ ...၊ ငါ့ရဲ့သဘောထား

ပြောရရင် တို့အမေ အာမက်ဆိုတဲ့ကုလားနဲ့ ငြိမယ့်အစား ကိုညိုမောင်ကြီးနဲ့ ညားမှာကိုတော့ သိပ်ပြီးမကန့်ကွက်ချင်ဘူးကွာ ...''ဟု ပြောလိုက်လျှင် တစ္ဆေဖြူက -

''ဘယ်ဟုတ်မလဲကွာ ...၊ ကိုယ့်ဆီမှာ အလုပ်လုပ်တဲ့ အလုပ်သမားနဲ့ ပြန်ပြီးယူတယ်ဆိုတော့ အမေ့ အနေနဲ့ သိက္ခာကျတာပေါ့ကွာ ...'' ဟု ပြောလိုက်လျှင် ပေတလုူက -

''ဟော့ ..တစ္ဆေဖြူ၊ ဒေါ်ခင်နက်ဟာ မင်းတို့ငါတို့သမီး မဟုတ်ဘူးနော် ...၊ သူက အမေကွ ...၊ သူ့ကို ဆုံးမလို့တော့ မဖြစ်ဘူး၊ ငရဲအိုးရှိသေးတယ်၊ သူက မှား ခွင့်ရှိတယ်ကွ ...၊ တို့က တားခွင့်မရှိဘူး ...''ဟု ပြောလိုက်လျှင် တစ္ဆေဖြူသည် ခေါင်းကိုတဗျင်းဗျင်း ကုတ်လေ၏။

''ဒီလိုဆိုရင် ဒီလိုလုပ်ရင်မကောင်းဘူးလား ...၊ ပြင်ဦးလွင်က တို့အဘကြီးကလည်း မိန်းမလိုချင်နေပုံရတယ်ကွ ...၊ တို့အမေ ဒေါ်ခင်နက်ကလည်း ယောကျာ်းလိုချင်နေပုံရတယ်၊ အဲဒီတော့ သူတို့နှစ်ယောက်ကို ပေးစားလိုက်ရင် မကောင်းဘူးလား ...''ဟု တစ္ဆေဖြူက ပြောလိုက်လျှင် ပေတလုူက ရယ်လေ၏။

''မဟုတ်တာ မကြံစည်စမ်းပါနဲ့ တစ္ဆေဖြူရယ်၊ မျောက်နဲ့ကျားပေးစားသလိုဖြစ်မှာပေါ့ ...၊ မျောက်က ဆော့မယ်၊ ကျားက ကိုက်မယ်၊ ပြီးတော့ အဘတို့အရွယ်ဟာ မိန်းမပေးစားလိုက်တာနဲ့ ကိုယ့်သေတွင်း ကိုယ်တူးတာပဲကွ၊ သေသွားလိမ့်မယ်...၊ ယောကျာ်းနဲ့မိန်းမ ပေးစားတယ်ဆိုတာ သက်တူရွယ်မျှ ဖြစ်ရမယ်၊ လုံးတူဒေါက်တူ ဖြစ်ရမယ်ကွ ...၊ လက်ဝှေ့လူတွဲတာထက်ခက်တယ် ကိုယ့်လူရေ ...၊ မမျှမတတွဲမိရင် လက်ဝှေ့ပွဲကလည်း ကြည့်မကောင်းဘူးကွ ...၊ အနာတရတွေ ဖြစ်သွားတတ်တယ်၊ အဲဒီကိစ္စမှာ မင်း မပါစမ်းပါနဲ့ကွာ ...''ဟု ပေတလုူက ပြောလိုက်လျှင် တစ္ဆေဖြူက -

''မပါနဲ့ဆိုလည်း မပါပါဘူး ကိုယ့်လူရာ ...၊ ဒါပေမဲ့ တို့အမေ

www.burmeseclassic.com



ဟာ သူ့ရဲ့အလုပ်သမားကို ပြန်ယူတာဆိုတာတော့ ငါ မကျေနပ်ဘူး ...၊ အဲဒီအဖြစ်မျိုး ဖြစ်သွားပြီဆိုရင်တော့ မင်းကို ပြဿနာရှာမယ် ...''ဟု ပြောလေတော့၏။ ထို့နောက်တွင် ပေတလူ့ထံသို့ မာယုသာ ရောက်လာလေ၏။ ပေတလူသည် မာယုသာအား ၄င်းအဖြစ်အပျက်ကို ပြောပြရာ မာယုသာက -

''ဒီမှာ ပေတလူ ...မင်းတို့အမေဟာ မြင်းဆိုရင် ကိုညိုမောင်ကြီးဟာ ဂျော်ကီကောင်းပဲကွ ...၊ ဒီအခွင့်အရေးကို လက်မလွှတ်စေနဲ့နော်...၊ ဒီခေတ်ကြီးမှာ ပထွေးကောင်းရဖို့ ခဲယဉ်းတယ် ကိုယ့်လူ...'' ဟု ပြောလိုက်ရာ ပေတလူက ရယ်လေ၏။ ထို့နောက် -

''ငါက သဘောပေါက်ပါတယ် ...၊ ငါ့အစ်ကို တစ္ဆေဖြူက သဘောမပေါက်ဘူးကွ ...၊ တဂျီဂျီလုပ်နေတယ် ''ဟု ပြောလိုက်လျှင် မာယုသာက-

''လွယ်ပါတယ်ကွာ ...၊ မင်းအစ်ကို တစ္ဆေဖြူကို အချုပ်ထဲ ခဏရောက်အောင် ထည့်ထားလိုက်ပြီး မင်းအမေ ဒေါ်ခင်နက်နဲ့ ကိုညိုမောင်ကြီးကို ပေးစားလိုက်ကြတာပေါ့ ...၊ ပလိန်းကိတ်နှစ်လုံးဝယ်ပြီး ပါးပါးလှီးမယ်ကွာ ...၊ ကော်ဖီခပ်ကျဲကျဲ ဖျော်မယ်ကွာ ...၊ ပလိန်းကိတ်ပါးပါးနဲ့ ကော်ဖီခပ်ကျဲကျဲကို ပတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေကို ခေါ်တိုက်ပြီး မင်္ဂလာပွဲလေး လုပ်လိုက်တာပေါ့ ...မခက်ပါဘူး''ဟု ပြောလေ၏။

''ဒီဇာတ်ကြောင်းမှာ ခက်နေတာက ငါ့အစ်ကို တစ္ဆေဖြူကွ ...၊ ဒီကောင့်ကိုလည်း အချုပ်ထဲမထည့်ချင်ဘူး ...''ဟု ပေတလူက ပြောလိုက်လျှင် မာယုသာက

''ငါ လုပ်ပေးမယ် ...၊ ဒီနေ့ကစပြီး တစ္ဆေဖြူကို အိမ်မှာ ထမင်းမချက်ခိုင်းနဲ့တော့ ...၊ ဆိုင်ကို ပို့ထားလိုက်တော့ ...၊ မင်းက သူ့နေရာဝင်ပြီး ထမင်းချက်ပေးလိုက် ...''ဟု ပြောလေ၏။

''အဲဒီလိုလုပ်ပြီး ဘယ်လိုဆက်လုပ်ရဦးမှာလဲ''ဟု ပေတလူက

www.burmeseclassic.com



မေးရာ မာယုသာက -

“အကွက်က ပြောပြလို့မရဘူးကွ …၊ သုံးကောင်စားပြီး ကင်းပေါက်ရိုက်ရမှာ …၊ ဒါက ကျား စကားပြောတာ၊ ချက်စကားနဲ့ပြောရရင် ကာဆယ်နဲ့ပိတ်ပြီး ဘီးရှေ့နဲ့ ထောက်ထားမယ်ကွာ …၊ ပြီးတော့မှ မြင်းနဲ့ ချုပ်မယ်၊ အဲဒါဆိုရင် လှုပ်လို့မရတော့ဘူး …၊ စကွဲချပ်လို့ ခေါ်တယ်၊ ငါရွှေ့မယ့်အကွက်ကို အသာစောင့်ကြည့်စမ်းပါကွာ …” ဟု ရှည်လျားစွာ ပြောလိုက်လေတော့၏။

ထို့နေ့မှစ၍ ပေတလူသည် ထမင်းချက်ခြင်း၊ ထမင်းချိုင့်ပို့ခြင်းတာဝန်ကိုယူရ၏။ တစ္ဆေဖြူမှာမူ ပင်မင်းဆိုင်တွင်ထိုင်၍ ဒေါ်ခင်နက်ကို ကူညီရ၏။ ဦးတင်ဘက်တူကြီးကိုမူ မာယုသာက ပြန်၍ပို့လိုက်ပြီဖြစ်၏။

နေ့စဉ်လိုလိုပင် အထည်အပ်ထားသူများသည် ရက်ချိန်းအတိုင်းမရသဖြင့် ဒေါ်ခင်နက်အား ရန်တွေ့ကြလေ၏။ ထို့ကြောင့် လျှော်ပြီးသားအဝတ်များကို ညတွင် တစ္ဆေဖြူပါဝင်၍ မီးပူတိုက်ပေးနေရ၏။ ထိုအချိန်၌မှာပင် ရွှေဘိုမှ သံကြိုးစာတစ်စောင် ရောက်လာလေ၏။ ထို သံကြိုးစာမှာ ကိုညိုမောင်ကြီးထံသို့ရောက်လာသော သံကြိုးစာဖြစ်၏။ ကိုညိုမောင်ကြီး၏မိခင် အသည်းအသန်ဖြစ်၍ အမြန်လာပါဆိုသော သံကြိုးစာဖြစ်၏။ ထို့ကြောင့် ကိုညိုမောင်ကြီးသည် ချက်ချင်းပင် ရွှေဘိုသို့ ပြန်သွားရလေတော့၏။

ဒေါ်ခင်နက်နှင့် တစ္ဆေဖြူသည် မီးပူတိုက်သမားတစ်ယောက် အသည်းအသန် ရှာဖွေရလေတော့၏။ သို့ရာတွင် မရခဲ့ပေ။ ထို့ကြောင့် တစ္ဆေဖြူလည်း ညလုံးပေါက် မီးပူတိုက်ရလေတော့၏။ ထို့ကြောင့် အိပ်ရေးများ ပျက်ကာ ညှောင်နာနာဖြစ်နေ၏။ ဒေါ်ခင်နက်သည် ကိုညိုမောင်ကြီး၏ လိပ်စာဖြင့် သံကြိုးစာ သုံးကြိမ်ရိုက်၏။ သို့ရာတွင် အကြောင်းမထူးပေ။ နောက်ဆုံးတွင် ဒေါ်ခင်နက်က -

“မနက်တိုင်း အင်္ကျီရွေးတဲ့လူတွေနဲ့ ရန်ဖြစ်နေရတယ်၊ လျှော်တဲ့လူတွေက လျှော်နိုင်တယ် …၊ မီးပူတိုက်တဲ့ လူတွေက မနိုင်ဘဲဖြစ်နေ

www.burmeseclassic.com



တာ …၊ ကြာရင် ဆိုင်ပြုတ်သွားလိမ့်မယ် …၊ ဒါကြောင့် ကိုညိုမောင်ကြီး နောက်ကို ငါလိုက်သွားမယ် …၊ မရရအောင် ခေါ်ခဲ့မယ် …၊ ငါ့အထင် ပြောရရင်တော့ သူ့အမေ သေသွားတဲ့အတွက် အမွေတွေဘာတွေခွဲဖို့ စောင့်နေ တယ်နဲ့တူတယ် …''ဟု ပြောလေ၏။ တစ္ဆေဖြူလည်း ဒေါ်ခင်နက်၏ စကားကို မကန့်ကွက်နိုင်ရှာတော့ပေ။

နောက်ဆုံးတွင် ဒေါ်ခင်နက်သည် ကိုညိုမောင်ကြီးရှိရာ ရွှေဘိုမြို့သို့ လိုက်သွားလေတော့၏။ ကိုညိုမောင်ကြီး၏အိမ်သို့ ရောက်သောအခါ၌ ကိုညိုမောင်နှင့်အတူ ရေနွေးကြမ်းသောက်၍ စကားပြောနေသော မာယုသာကို တွေ့ရလေ၏။ မာယုသာသည် ဒေါ်ခင်နက်ကိုတွေ့လျှင် –

''လာ …အဒေါ် …ထိုင်၊ ကျွန်တော် အားလုံးစီစဉ်ပြီးပြီ …''ဟု ပြောလိုက်ရာ ဒေါ်ခင်နက်က

''ဘာတွေစီစဉ်ပြီးတာလဲ မာယုသာရယ် …'' ဟု ပြန်၍ မေးလေ၏။ ထိုအခါ မာယုသာက –

''ကိုညိုမောင်ကြီးနဲ့ အဒေါ်နဲ့ မင်္ဂလာဆောင်ဖို့ စီစဉ်ပြီးတာကို ပြောတာပါ …၊ ဒီရွာက သူကြီးကိုလည်း ပြောပြီးပြီ …၊ ဆယ်အိမ်ခေါင်း ကိုလည်းပြောပြီးပြီ၊ ကိုညိုမောင့်အမျိုးတွေကိုလည်း ပြောပြီးပြီ …၊ အားလုံး ကလည်း သဘောတူကြတယ်''ဟု ပြောလိုက်လျှင် –

''မာယုသာရယ် …ကိုညိုမောင့်အမေသေတာ ပူပူနွေးနွေးကြီး ရှိသေးတယ်၊ မင်္ဂလာဆောင်လုပ်ဖို့ ကောင်းပါ့မလား …''ဟု ဒေါ်ခင်နက်က ပြောလိုက်လျှင် မာယုသာက –

''ကိုညိုမောင်ကြီးအမေက ဂျပန်ခေတ်ကတည်းက သေတာ …၊ အခုမှသေတာမဟုတ်ဘူး၊ သံကြိုးစာက ကျွန်တော် ရိုက်လိုက်တာပါ …၊ အဒေါ်တို့နှစ်ယောက် မြန်မြန်ယူဖြစ်အောင် ကျွန်တော် ဒီကိုလာပြီးစီစဉ်ရတာ၊ အားလုံးက မြန်မြန်ဆန်ဆန် သဘောတူသွားတာက တခြားကြောင့်မဟုတ်ဘူး အဒေါ်ရေ …၊ ကိုညိုမောင်ရမယ့် ထန်းတောတွေ၊ ယာကွက်တွေ၊

www.burmeseclassic.com



အိမ်တွေခြံတွေကို ကိုညိုမောင်က မယူဘူး၊ ညီအစ်ကိုမောင်နှမတွေကိုပဲ ပေးခဲ့မယ်ဆိုတဲ့ အချက်ကြောင့်ပဲ ...'' ဟု မာယုသာက ပြောလိုက်လျှင်-

''မာယုသာရယ် ...တတ်လည်းတတ်နိုင်ပါဘိ...၊ ငါ့သား နှစ်ယောက်ကရော သဘောတူပါ့မလား'' ဟု ဒေါ်ခင်နက်က ပြောရာ မာယုသာက -

''ပေတလူက သဘောတူပါတယ် ...၊ ဒီကိစ္စဟာ သူနဲ့ တိုင်ပင်ပြီး လုပ်တဲ့ကိစ္စပါ ...၊ တစ္ဆေဖြူကလည်း ညလုံးပေါက် မီးပူတိုက်ရလို့ ကိုညိုမောင်ကြီးကို တ,နေပြီလေ ...၊ ဒီအချိန်မှာ ကိုညိုမောင်ကြီးလာ ဖို့ပဲ အရေးကြီးတယ် ...၊ ပထွေးပဲတော်ရ တော်ရ ဘာပဲတော်ရတော်ရ အကြောင်းမဟုတ်တော့ဘူး ...'' ဟု ပြောလိုက်လျှင် ဒေါ်ခင်နက်ရော၊ ကိုညိုမောင်ကြီးရော ဝါးခနဲ ရယ်လိုက်ကြလေတော့သတည်း ... ။ ။

●

www.burmeseclassic.com





www.burmeseclassic.com



အခန်း ၊ ၄၂ ၊

## ပေတလူချစ်မြတ်သော ပထွေးဖြစ်သူ၏ဗေဒင်ဆရာ ဖတ်ပုံ

ဒေါ်ခင်နက်နှင့် ကိုညိုမောင်တို့ မင်္ဂလာဆောင်တွင် မာယုသာ ငှားထားသော ဓာတ်ပုံဆရာသည် မြောက်မြားစွာသော ဓာတ်ပုံများကို ရိုက်လေ၏။ ဓာတ်ပုံများရသောအခါ၌ မာယုသာက ပေတလူ့ထံသို့ ဓာတ်ပုံများကို စာတိုက်မှတစ်ဆင့် ပို့လေ၏။ ဓာတ်ပုံအချို့တွင် မာယုသာ၏ ပုံကိုပါ တွေ့ရလေ၏။ ပေတလူသည် ဓာတ်ပုံများကိုကြည့်ပြီးနောက် ပြုံးလေ၏။ ထို့နောက် ထိုဓာတ်ပုံများကို တစ္ဆေဖြူအား ပြလိုက်လေ၏။ တစ္ဆေဖြူလည်း ဓာတ်ပုံများကို ကြည့်ပြီးနောက် –

“ဟော့ကောင် ပေတလူ …၊ တို့အမေကတော့ ကိုညိုမောင်ကြီး

www.burmeseclassic.com



ကို ယူလိုက်ပြီကွ ...၊ အဲဒါက အရေးမကြီးဘူး၊ ကိုညိုမောင်ကြီး ဒီကို အမြန်ဆုံးရောက်လာဖို့ အရေးကြီးတယ်၊ ဒီမှာ မီးပူတိုက်မယ့်လူမရှိဘူးကွ ...၊ သူ ရောက်မလာရင် ငါ သေလိမ့်မယ် ...'' ဟု ပြောလေ၏။ ထိုအခါ ပေတလူက ရယ်လေ၏။ ကျေနပ်အောင်ရယ်ပြီးနောက် -

''မင်းသေမှာစိုးလို့ အမေက ယောကျ်ားယူလိုက်ရတာကွ ...၊ အမှန်က ယောကျ်ားမယူချင်သေးဘူး ...၊ နည်းနည်း ရှုပ်ချင်သေးတယ်၊ သူ့သဘောကတော့ တော်တော်လေး ကျေနပ်အောင်ရှုပ်ပြီးမှ ယူမယ့်သဘောကွ''ဟု ပြောလိုက်ရာ တစ္ဆေဖြူက -

''ဒါတွေ မပြောပါနဲ့ကွာ ...နားရှက်ပါတယ်'' ဟု ကန့်ကွက်လေ၏။

''ဘာရှက်စရာရှိလဲ ငါ့လူရာ ...၊ အမေရှုပ်တာ အမေရှုပ်တာပေါ့ ...၊ မင်း ရှုပ်တာမှမဟုတ်တာ ...၊ ပြီးတော့ မင်းကို ပြောရဦးမယ်...၊ မင်းက ဘာမှမလေ့လာဘူး ...၊ တို့အမေရဲ့အမေကြီး တို့အဘွားပေါ့ကွာ၊ အခုတော့ မရှိတော့ဘူး သေရှာပါပြီ ...၊သူဆိုရင် အလွန်ရှုပ်ဆိုပဲကွ ...၊ ရပ်ကွက်ထဲမှာ နာမည်တောင် မခေါ်ဘူးကွ ...၊ 'သပွတ်အူ'လို့ ခေါ်တယ်၊ ယောကျ်ားငါးယောက် ရဖူးတယ် ...၊ အဲဒီငါးယောက်ကလည်း လူမျိုးပေါင်းစုံပဲကွ ...၊ ကုလား လည်း ပါတယ်၊ တရုတ်လည်းပါတယ်၊ ကရင်လည်း ပါတယ်၊ ကချင်လည်းပါတယ်၊ အမှန်ပြောရရင် တို့အမေက သူ့အမေရဲ့ ခြေရာကို မမီသေးဘူးကွ၊ အခုမှ သုံးယောက်ပဲရှိသေးတယ်လေကွာ...၊ တို့အဖေရယ်၊ ကိုချိတ်ပန်းရယ်၊ ကိုညိုမောင်ရယ်မဟုတ်လား၊ နောက်ထပ်နှစ်ယောက် လိုသေးတယ် ကိုယ့်လူ ...၊ နာတာလူးလေးဟာ ကိုချိတ်ပန်းကြီးနဲ့ရတာ မဟုတ်ဘူးကွ ...၊ ဒီငတိလေးဟာ ကြားသဘော်နဲ့ရတာ ...၊ အဲဒီဇာတ်ထုပ် မင်းမှမသိသေးဘဲကိုးကွ ...၊ သိချင်ရင် မာယာသာကို မေးကြည့် ...၊ ဒါပေမဲ့ အဲဒီတုန်းက ကိုချိတ်ပန်းကြီးနဲ့ မကွဲသေးတော့ နာတာလူးလေးကို ကိုချိတ်ပန်းစာရင်းထဲ ထည့်လိုက်တာပေါ့ကွာ ...၊ တို့အမေ အခုလုပ်နေတဲ့ အပေါက်တွေဟာ အမှန်က မျိုးရိုးနဲ့ ဖြစ်လာတာကွ ...၊

www.burmeseclassic.com



မျိုးရိုးအစဉ်အလာကို ထိန်းတာကွ ...၊ အဲဒါကို မင်း နားလည်ထားရင် အမေ့ကို နားလည်မှာပါကွာ...၊ လူဟာ အကျင့်တစ်ခုကိုဖြစ်စေ၊ အယူအဆ အစွဲအလမ်းကိုဖြစ်စေ၊ မျိုးရိုးအတိုင်း လုပ်လေ့ရှိတယ်ကွ၊ အဲဒါကို ဖောက်ထွက်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူးကွ ...၊ တို့အမေဟာ တို့အဖေ မသေခင်ကတည်းက မီးပူတိုက်သမားတစ်ယောက်နဲ့ ရှုပ်သေးတယ်ကွ ...၊ အဲဒါကို မင်းမသိလို့ပါ ...၊ ငါတို့နှစ်ယောက်ကို တခြားအိမ်တွေမှာ လျှောက်ပြီးပို့ထားတယ်ဆိုတာက လည်း တခြား မဟုတ်ဘူးကွ ...၊ သူ လွတ်လွတ်လပ်လပ်နေချင်လို့ ပို့ထားတာ၊ အထူးသဖြင့် ငါ့ရန်ကို ကြောက်လို့ကွ ...၊ ငါက ပါးနပ်တယ်လေကွာ ...''ဟု ပြောလိုက်လျှင် တစ္ဆေဖြူက အံ့သြသော မျက်လုံးဖြင့် ပေတလူအား ကြည့်နေလေတော့၏။ ထို့နောက်မှ -

''ဟော့ကောင် ပေတလူ ...စကားကြောမရှည်နဲ့၊ ဒီမှာ မီးပူတိုက်ဖို့ လူမရှိဘူးကွ ...၊ မင်းပထွေး ကိုညိုမောင်ကြီး ရောက်လာဖို့ အရေးကြီးတယ် ...''ဟု ပြန်၍အော်လိုက်လျှင် ပေတလူက တဟားဟား ရယ်လိုက်လေတော့၏။

''ငါ့ပထွေးဆိုရင်လည်း မင်းပထွေးပါပဲကွာ ...၊ တစ်ခုပဲရှိတယ် ဟော့ကောင် ...၊ ပထွေးက တို့ကိုရိုရိုသေသေဆက်ဆံဖို့ အရေးကြီးတယ်၊ မရိုမသေလုပ်တဲ့နေ့မှာ အမေနဲ့ကွဲပြီးသားပဲ၊ မကွဲကွဲအောင် ပြဿနာရှာပေးလိုက်မယ် ...'' ဟု ပေတလူက ပြောလေ၏။ ထိုအခါ တစ္ဆေဖြူက -

''ဟော့ကောင်...အပိုစကားတွေ ပြောမနေနဲ့တော့ကွာ...၊ ကိုညိုမောင်ကြီး အမြန်ဆုံးရောက်လာဖို့ အရေးကြီးတယ် ...၊ ဒီမှာမီးပူတိုက်ရမယ့်အထည်တွေ ပုံနေပြီ ...''ဟု ပြောလိုက်လေ၏။

''ဟော့ကောင် ..တစ္ဆေဖြူ၊ အဲဒီအထည်တွေ တစ်ထည်မှ မတိုက်လည်း အကြောင်းမဟုတ်ဘူးကွ ...၊ ဘာဖြစ်လို့လဲဆိုတော့ မာယာသာ တစ်ဖက်လှည့်နဲ့ လာပြီးအပ်ထားတာ ...၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ဒုက္ခပေးချင်လို့၊ မနက်မနက် အထည်မပြီးလို့ လာကြိမ်းနေတာလည်း

www.burmeseclassic.com



မာယုသာလွှတ်ထားတဲ့သူတွေကွ၊ မင်းကို စိတ်ညစ်အောင် လုပ်တာကွ ...၊ တစ်ညလုံး မင်းက မီးပူတိုက်ရလို့ အိပ်ရေးပျက်ရတဲ့အထဲ မနက်ကျတော့ ဆူမယ့်လူတွေ ရောက်လာတယ်၊ အဲဒီတော့မှ မင်းဟာ စိတ်ညစ်ပြီး အမေ့ကို ကိုညိုမောင်ကြီးခေါ်ဖို့ လွှတ်လိုက်မှာကိုးကွ ...၊ အဲဒါ မာယုသာရဲ့ အကွက်တွေကွ ...၊ ဟော့ဒီ ခာတ်ပုံထဲမှာတွေ့လား၊ အမေနဲ့ ကိုညိုမောင်ကြီး မင်္ဂလာဆောင်မှာ မာယုသာ ပါနေတယ်'' ဟု ပေတလူက ပြောလိုက်လျှင် တစ္ဆေဖြူသည် ပါးစပ်အဟောင်းသားဖြင့် ဖြစ်သွားလေ၏။ ထို့နောက်မှ –

''မာယုသာဆိုတဲ့ကောင်က အတော်ရှုပ်တဲ့ကောင်ပဲကွ ...''ဟု တစ္ဆေဖြူက ပြောလိုက်လေ၏။ ထိုအခါ ပေတလူက –

''ရှုပ်တယ်လို့ မပြောပါနဲ့ကွာ ...၊ အတော် အလုပ်လုပ်တယ်လို့ ပြောစမ်းပါ ...၊ သူ အလုပ်လုပ်တဲ့အတွက် ဒီဆိုင်မှာ တကယ်လိုအပ်နေတဲ့ မီးပူတိုက်သမားလည်းရပြီ၊ တို့အမေ လိုချင်နေတဲ့ ယောကျ်ားလည်းရပြီ၊ အဲဒီတော့ ပုံနေတဲ့အထည်တွေကို တစ်ခုမှ မီးပူမတိုက်နဲ့၊ ဘောမှာ ဆိုင်ပိတ်တယ်လို့ရေးပြီး မင်းနဲ့ငါ လျှောက်လည်မယ် ...၊ မင်းကို မြန်မာပြည် အရပ်ရပ်က ဘုရားစုံလိုက်ပို့မယ် ...၊ မင်းဟာ အတော်အကုသိုလ်များတဲ့ ကောင်၊ ဘုရားလေး ဘာလေး ဖူးလိုက်ဦး ...''ဟု ပြောကာ သင်ပုန်းတစ်ခု ပေါ်တွင် မြေဖြူဖြင့် အောက်ပါအတိုင်းရေး၍ ဆိုင်ရှေ့တွင် ထောင်ကာ ဆိုင်ကိုပိတ်လိုက်လေ၏။

**မြန်မာပြည်တစ်ပါတ် ဘုရားစုံဖူးရန်အတွက်**
**ဆိုင်ပိတ်ထားပါသည်။ အထည်ရွေးလိုသူများ**
**ဘူတာအနီး မာယုသာထံတွင်**
**ရွေးတော်မူကြပါ ...**

ဒေါ်ခင်နက်၊ ကိုညိုမောင်နှင့် မာယုသာတို့သည် အညာဘက်ရှိ ဘုရားများကို လှည့်လည်၍ ဖူးနေကြလေ၏။ ထို့နောက်မှ ပြန်ခဲ့ကြလေ

www.burmeseclassic.com



တော့၏။ ဆိုင်သို့ရောက်လျှင် ဘောမှစာကို ဖတ်ကြည့်ပြီးနောက် မာယုသာက ပြုံးလိုက်လေ၏။ ပြီးလျှင် ၄င်းက -

"ပေတလူဆိုတဲ့ကောင် အတော်လည်တဲ့ကောင်ပဲ" ဟု ရေရွတ်လိုက်လေ၏။

"အဲဒါ အရေးမကြီးဘူး မာယုသာ ...၊ အထည်ရွေးတဲ့ လူတွေ လာရင် ဘယ်လိုလုပ်မလဲ ..."ဟု ဒေါ်ခင်နက်က မေးလေ၏။

"မလာပါဘူး အဒေါ်ရယ် ...၊ အဲဒီအထည်တွေဟာ ကျွန်တော် တစ်ဖက်လှည့်နဲ့ အပ်ထားတာတွေပါ၊ တစ္ဆေဖြူ အလုပ်ရှုပ်အောင် လုပ်ထား တာ ...၊ မနက်နက် လာဆူတာတွေကလည်း ကျွန်တော့်လူတွေပါ ...၊ ကျွန်တော် သင်ပေးထားတဲ့အတိုင်း လာဆူကြရတာပါ...၊ အဲဒီလိုလုပ်လိုက် မှတစ္ဆေဖြူစိတ်ညစ်ပြီး အဒေါ့်ကို ကိုညိုမောင်ကြီးခေါ်ဖို့ သူကလွှတ်မှာ မဟုတ်လား ...၊ ဒီအကွက်ကို တစ္ဆေဖြူမသိပါဘူး ...၊ ပေတလူက အတတ်သိနေတယ် ...၊ ဟိုမှာရေးထားတဲ့စာက သူ သိနေတယ်ဆိုတဲ့ အကြောင်း ကျွန်တော့်ကို ပြောလိုက်တာပါပဲ"ဟု ရှင်းပြလိုက်လျှင် ဒေါ်ခင်နက်က -

"မင်းတို့မှာကလည်း အကွက်တွေချည်းပါပဲလားကွယ်၊ အဲဒါအရေးမကြီးဘူးကွဲ့ ...၊ ဆိုင်ကို တံခါးသော့ခတ်သွားတယ်၊ တို့က ဘယ်လိုလုပ်ဝင်ကြမလဲ၊ သော့ဖျက်ရတော့မယ်၊ အိမ်မှာလည်း ဒီလိုပဲ သော့ခတ် သွားကြမှာပဲ" ဟု ညည်းညူလိုက်လေ၏။ ထိုအခါ မာယုသာက-

"မပူပါနဲ့ အဒေါ်ရယ် ...၊ ကျွန်တော် ဖွင့်ပေးပါ့မယ်၊ ကျွန်တော့် မှာ သော့ရှိပါတယ် ..."ဟု ပြော၍ အိတ်အတွင်းမှ သော့ကို နှိုက်ယူပြီး ဆိုင်တံခါးကို ဖွင့်လေ၏။ တံခါးပွင့်သွားပြီ ဖြစ်၏။

"မင်းကို သော့ပေးသွားသလား ..." ဟု ဒေါ်ခင်နက်က မာယုသာ အား မေးလေ၏။

"မပေးပါဘူး အဒေါ်ရယ် ...၊ ဒီအခန်းဝယ်ပြီး သော့ခလောက်

www.burmeseclassic.com



ဝယ်ကတည်းက ကျွန်တော်က လိုရမယ်ရဆိုပြီးတော့ သော့တစ်ချောင်း ယူထားလိုက်တာပါ ...၊ အဒေါ်တို့ အိမ်သော့ကိုလည်း ကျွန်တော်ပဲ ဝယ်ရတာ မဟုတ်လား၊ အဲဒီသော့ကလည်း ဒီလိုပါပဲ ...၊ နောင်ကို လိုရမယ်ရဆိုပြီး ကျွန်တော် ယူထားလိုက်တာပါ ...''ဟု မာယုသာက ရှင်းပြလိုက်ရာ-

''တော်ပါပေ့ မာယုသာရယ် ...''ဟု ဒေါ်ခင်နက်က ပြောလိုက်လေတော့၏။

၄င်းတို့ ပြန်လည်ရောက်ရှိပြီးနောက် ပင်မင်းဆိုင်နှင့် အထည်ဟောင်းဆိုင်ကို ပြန်၍ဖွင့်ကြလေ၏။ ဒေါ်ခင်နက်သည် ခါတိုင်းကဲ့သို့ပင် အလုပ်ပြန်၍လုပ်လေ၏။ ကိုညိုမောင်ကြီးမှာမူ မီးပူများ ပြန်၍တိုက်လေ၏။ ယခင် လုပ်ခဲ့သော မီးပူတိုက်သမားမှာ ကျန်းမာရေးမကောင်း၍ မီးပူ မတိုက်နိုင်တော့ပေ။ ထိုအခါ မာယုသာက မီးပူတိုက်သမား အသစ်ရှာပေးလေ၏။ ထိုမီးပူတိုက်သမားမှာ ကုလားလူမျိုးဖြစ်၏။ ၄င်း၏ အမည်မှာ ဆော်ဒကားဟူ၍ ဖြစ်လေ၏။

ဆော်ဒကားသည် ညဘက်မီးပူတိုက်သမားဖြစ်လာ၏။ ဒေါ်ခင်နက်၏ဆိုင်သည် ယခင်ထက်ပင် အလုပ်အကိုင် ကောင်းလာပြီဖြစ်၏။

ရက်အတန်ကြာသောအခါ၌ ပေတလူနှင့် တစ္ဆေဖြူသည် ဘုရားဖူးခရီးမှ ပြန်၍ရောက်လာကြလေတော့၏။ ဒေါ်ခင်နက်သည် မင်္ဂလာ ဆောင်တွင် ကိုညိုမောင်ကြီးနှင့်တွဲ၍ ရိုက်ထားသော ဓာတ်ပုံအသေးကို ပုံကြီးချဲ့၍ ပင်မင်းဆိုင်တွင် ချိတ်ထားလိုက်ပြီဖြစ်၏။

ပေတလူနှင့် တစ္ဆေဖြူ ပြန်၍ ရောက်လာကြသောကြောင့် အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ၏။ ထို့ကြောင့် ဒေါ်ခင်နက်က -

''တို့အားလုံး ပြန်ဆုံတဲ့ အထိမ်းအမှတ်နဲ့ ဒီနေ့ ညစာကို အထူး တလည်ဟင်းတွေချက်ကျွေးမယ် ...၊ မာယုသာလည်း ဒီမှာပဲစား ...''ဟု ပြောလေ၏။

ညပိုင်းသို့ရောက်သောအခါ၌ ဒေါ်ခင်နက် တည်ခင်းကျွေးမွေးသော

www.burmeseclassic.com



ကြက်သားဟင်း၊ ဘဲသားဖြင့်ချက်သော ကြန်မဆိုင်ဟင်းချို၊ ဆိတ်သား သွပ်အာလူးကတ်သလိပ် စသည်တို့ဖြင့် ထမင်းပွဲမှာ အတော့်ကို မြိုင်ဆိုင်လှ၏။ ထမင်းစ၍ စားသောအခါ၌ ပေတလူက -

"ကဲ ...ကိုညိုမောင်ကြီး ...၊ ခင်ဗျားက ကျုပ်တို့အမေနဲ့ ယူလိုက်ပြီဆိုတော့ ကျုပ်တို့ပထွေးပေါ့ဗျာ၊ ပထွေးဖြစ်လာတော့လည်း ပထွေး အနေနဲ့ သိသင့်သိထိုက်တဲ့ အကြောင်းလေးတွေ ပြောပြထားရမယ် ...၊ အဲဒါက ဘာလဲဆိုတော့ ကျုပ်နဲ့ တစ္ဆေဖြူတို့ရဲ့ရှေ့မှာ ခင်ဗျားနဲ့ ကျုပ်တို့အမေဟာ ကလီတီတီ ပြီတီတီ မလုပ်ရဘူး ...၊ တိုတိုပြောရရင် ကျုပ်တို့ မျက်စိ ရှက်အောင်မလုပ်ကြနဲ့၊ အဲဒါက နံပါတ်တစ်အချက်ပဲ ...၊ နံပါတ်နှစ်အချက် ကတော့ ခင်ဗျားနဲ့ ကျုပ်တို့အမေဟာ လင်မယားဆိုတော့ အဆင်ပြေတဲ့အခါ လည်းရှိမယ် ...၊ အဆင်မပြေတဲ့အခါလည်းရှိမယ် ...၊

အဲဒီတော့ ခင်ဗျားအနေနဲ့ ကျုပ်တို့အမေကို စကားများခွင့်တော့ ရှိတယ်၊ ကျုပ်တို့နှစ်ယောက်ရဲ့ရှေ့မှာ ဆဲလားဆိုလား၊ ရိုက်လားနှက်လား လုပ်ခွင့်မရှိဘူး၊ အဲဒီလိုလုပ်ခဲ့လို့ရှိရင် အမေပဲ မှားမှား၊ အမေပဲမှန်မှန် ကျုပ်တို့က အမေ့ဘက်ကနေဝင်ပြီး ခင်ဗျားကို ရိုက်ရလိမ့်မယ်၊ နံပါတ်သုံး အချက်ကတော့ ခင်ဗျားဟာ ဒီဆိုင်မှာ မီးပူတိုက်ရင်း ကျုပ်တို့အမေကို ရသွားတာဆိုတော့ မီးပူပဲဆက်ပြီး တိုက်ရမယ်၊ ဆိုင်ရှင်ဒေါ်ခင်နက်ရဲ့ ယောကျ်ားဆိုပြီး မီးပူမတိုက်ချင်ဘူးဘာဘူးဆိုပြီး မလုပ်ရဘူး၊ အတိုဆုံး ပြောချင်တာကတော့ ဒေါ်ခင်နက်ရတဲ့ အခွင့်အရေးတွေကို ခင်ဗျားကို မပေးနိုင်ဘူး ...၊

အင်္ဂလန်ပြည်မှာ အဲလီဇဘတ်ဘုရင်မကြီးဟာ ယောကျ်ားရှိတယ်...၊ အဲဒီယောကျ်ားဟာ ဘုရင်မရဲ့ ကြင်ယာတော်ပဲ၊ သူက ဘုရင် မဟုတ်ဘူး ...၊ အခမ်းအနားတွေမှာ ဘုရင်မနဲ့ အတူမထိုင်ရဘူး၊ သူဟာ ဘေးမှာ မတ်တပ်ရပ်နေရတာ ...၊ အဲဒါတွေ ဘာကြောင့်ပြောနေရသလဲ ဆိုတော့ သီတင်းကျွတ်မှာ ကျုပ်နဲ့ တစ္ဆေဖြူက ကျုပ်တို့အမေကို ကန်တော့

www.burmeseclassic.com



မယ်၊ ခင်ဗျားအနေနဲ့ ဘေးမှာထွက်ပြီးနေရမယ် ...၊ ကျုပ်တို့အမေကတော့ ကျုပ်တို့ရဲ့ အနန္တော အနန္တပဲ၊ ပထွေးဖြစ်တဲ့ ကိုညိုမောင်ကတော့ အနန္တော အနန္တ မဟုတ်ဘူးနော် ...'' ဟု ပြောလိုက်လျှင် မာယုသာက -

''ပေတလူ့ရယ် ...မင်းအမေကိုယူပြီး မင်းတို့ ပထွေးလုပ်ရဖို့ ဆိုတာကလည်း စည်းကမ်းတွေက များလှချေလားကွ'' ဟု ပြောလိုက်ရာ ဒေါ်ခင်နက်က -

''ဟုတ်ပါ့တော် ...''ဟု ဝင်၍ ထောက်ခံလိုက်လေတော့ သတည်း ...။ ။

www.burmeseclassic.com

www.burmeseclassic.com



# မင်းသိင်္ခ



ပြုံးပန်းတစ်ရာစာစဉ်

www.burmeseclassic.com



အခန်း ။ ၄၃ ။

# ဒေါ်ခင်နက်၏ မီးယပ်ရောဂါ

ပေတလူ၊ တချွေဖြူတို့၏ ပထွေးဖြစ်သူ ညိုမောင်ကြီးသည် မီးပူတိုက်သောအလုပ်ကို ကောင်းစွာလုပ်၏။ ပေတလူမှာမူ မော်တော်ကားများ ငှား၍ 'ခေတ္တရာလူ' အမည်ဖြင့် ဘုရားဖူးယာဉ်လုပ်ငန်းကို လုပ်၏။ ဘုရားဖူးပါးသွားသောအခါ၌ ပျော်ပွဲစားထွက်လိုသူများကို လက်မှတ်ရောင်း၍ ပျော်ပွဲစားထွက်သော လုပ်ငန်းကို လုပ်လေ၏။ ဘုရားဖူးထွက်မည့်လူများကို မော်တော်ကားကြီးဖြင့် ခေါ်သွားပြီးလျှင် မွေ့လျော်ဖွယ်ကောင်းသော နေရာ၌ မော်တော်ကားကို ရပ်ကာ ထမင်းဟင်း ချက်ကျွေး၏။

ကျွေးသောအခါ၌လည်း ငှက်ပျောရွက်များဖြင့် ခင်း၍ ကျွေးလေ

www.burmeseclassic.com



၏။ ထမင်းကျွေးပြီး အချိန်အတော်ကြာသောအခါ၌ လက်ဖက်ရည်ဖျော်၍ တိုက်ပြန်၏။ လက်ဖက်ရည်တိုက်၍ အချိန်အတော်ကြာသောအခါ၌ ရေခဲမုန့်ထပ် ကျွေးပြန်လေ၏။

ကလေးကစားစရာများ စုံလင်စွာပါ၏။ ကလေးများပါလာလျှင်လည်း လွန်စွာမှပျော်၏။ အရှင်လုပ်ထားသော စီးဆောများ၊ လျှောများ ပါလာတတ်၏။ မဲနှိုက်၍ အတွဲများတွဲကာ ကခိုင်း၏။ ထိုမဲမှာ မိန်းမနှင့် ယောကျ်ားလည်း ကျနိုင်၏။ မိန်းမ မိန်းမချင်းလည်း ကျနိုင်၏။ ယောကျ်ား ယောကျ်ားချင်းလည်း ကျနိုင်၏။ ကလေးများအတွက် မဲဖောက်ပေး၏။ ကလေးများသည် လွန်စွာ ပျော်ကြ၏။

ရေကန်၊ မြစ်၊ ချောင်း စသည်တို့နှင့်နီးလျှင် ရေကူးရန်အတွက် မော်တော်ကားကျွတ်များလည်း အလုံအလောက်ပါ၏။ ပေတလူသည် သူ၏ ခရီးသွားထွက်သော လုပ်ငန်းကို ‘ခေတ္တရာပျော်’ ဟူ၍ အမည်မှည့်ထားလေ၏။ သူ၏ပျော်ပွဲစားအလုပ်သည် လွန်စွာအောင်မြင်၏။ ပျော်ပွဲစားလက်မှတ်မှာ ရောင်း၍မလောက်နိုင်အောင် ရှိလေတော့၏။ ပျော်ပွဲစားထွက်တိုင်း ကိုညိုမောင်ကြီးသည် ဆိုင်စောင့်ကျန်နေရ၏။ ပေတလူ၏ မိခင်ဒေါ်ခင်နက်မှာမူ ပျော်ပွဲစားထွက်တိုင်းလိုက်၏။

ဒေါ်ခင်နက်သည် အစဉ်သဖြင့် ဇက်ထိုးတတ်သာကြောင့် နှိပ်ရန် အတွက် မီးပူတိုက်သော ‘ဆော်ဒကား’ဆိုသည့် ကုလားကို လက်သုံးတော် အဖြစ် ခေါ်လာတတ်မြဲဖြစ်၏။ ဒေါ်ခင်နက်သည် အချိန်အတော်များများတွင် ဇက်ကြောထိုးနေတတ်၏။ ထို့ကြောင့် ဆော်ဒကားသည်လည်း ဒေါ်ခင်နက် ၏ ဇက်ကြောကို နှိပ်ပေးရတတ်၏။ ဇက်ကြောထိုးပြီးလျှင်လည်း ကျောထဲမှ အောင့်သည်ဟုဆိုကာ ဆော်ဒကားကို နှိပ်ခိုင်းပြန်၏။ အစပထမတွင် ထိုင်၍အနှိပ်ခံသော်လည်း ကောင်းစွာမထိဟုဆိုကာ အရိပ်ကောင်းသော သစ်ပင်အောက်တွင် သင်ဖြူးဖျာခင်း၍ ဒေါ်ခင်နက်ကြီး အိပ်ပြီး ဆော်ဒကားက နှိပ်ပေးနေရတတ်၏။

www.burmeseclassic.com



ထိုမြင်ကွင်းကို မရှုစိမ့်သော လူတစ်ယောက်သည်ရှိ၏။ ထိုသူမှာ ပေတလူ၏အစ်ကို တစ္ဆေဖြူပင် ဖြစ်၏။ ထို့ကြောင့် တစ္ဆေဖြူက –

"ဟော့ကောင် ပေတလူ ...၊ တို့အမေ ဒေါ်ခင်နက်နဲ့ ကုလားဆော်ဒကားတော့ သိပ်ပြီးမဟုတ်တော့ဘူးကွ၊ ထိုင်ပြီး အနှိပ်ခံရာကနေ အိပ်ပြီးအနှိပ်ခံတဲ့အဆင့်ကို ရောက်နေပြီကွ၊ ပြီးတော့လည်း ငါ ကြည့်နေတယ်ကွ ...၊ ဆော်ဒကားနှိပ်ရင် အမေက တခစ်ခစ်နဲ့ သဘောကျနေတတ်တယ်၊ ကြည့်လုပ်ပါဦး ပေတလူရယ် ...၊ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်လိမ့်မယ် ..." ဟု ပြောလိုက်ရာ ပေတလူက –

"အမေဟာ အသက်လေးဆယ်ကို နည်းနည်း ကျော်နေပြီကွ ...၊ မိန်းမတွေဟာ အဲဒီအရွယ်မှာ မီးယပ်ရောဂါ စပြီးကိုင်တတ်တယ်ကွ ...၊ အဲဒီအတွက် အနှိပ်ခံတာဖြစ်မှာပါ၊ ပြီးတော့ မင်းနားလည်ထားဖို့က ဇွဗ်ပါး ရောဂါဆိုတာ ယောကျာ်းတွေအဖို့ ရောဂါ အမျိုးပေါင်း ၈၀ လောက်ပဲ ဖြစ်နိုင်တာကွ ...၊ မိန်းမတွေက ၁၆ မျိုး ပိုပြီး ဖြစ်နိုင်တယ်၊ နို့နာလေးမျိုး၊ မီးယပ်နာ ၆ မျိုး၊ သားအိမ်နာ ၆ မျိုးဟာ ယောကျာ်းတွေ ဖြစ်ခွင့်မရှိဘူးကွ၊ မိန်းမတွေအတွက် သီးခြားရောဂါဖြစ်တယ်၊ တို့အမေ အနှိပ်ခံနေတာကို မရှုစိမ့်မဖြစ်နဲ့ကွ ...၊ ရောဂါ ၁၆ မျိုး ပိုပြီးခံစာ နေရတယ်လို့ နားလည်ပေးလိုက်ပါ တစ္ဆေဖြူရယ် ...၊ နောက်တစ်ခု မင်းသိထားဖို့က မင်းဟာ သူ့သားကွ ...၊ သူဟာ မင်းရဲ့သမီး မဟုတ်ဘူးကွ ...၊ ငရဲအိုး ...ငရဲအိုး..." ဟု ပြော၍ရယ်လေ၏။ ထိုအခါ တစ္ဆေဖြူက

"မင်းကလည်း ငါ့ကို ငရဲအိုးနဲ့ချည်း ခြောက်နတာပဲ၊ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်း ငြိတယ်၊ အဲဒါကိုတော့ မင်း လက်ခံရမယ် ပေတလူ" ဟု ပြန်၍ပြောလေ၏။

"မင်းဆိုတဲ့ကောင်လည်း အတော်ခက်တာပဲကွာ...၊ အိုးချင်းထားလို့ အိုးချင်းထိတာမဟုတ်ဘူး၊ ဘာချင်းထားထား ထိတယ် ကိုယ့်လူရဲ့ ..." ဟု ပေတလူက ပြန်၍ပြောလေ၏။ ထိုအခါ တစ္ဆေဖြူက –

www.burmeseclassic.com



"တို့အမေနဲ့ ဆော်ဒကားနဲ့ ထိသွားမှာ …၊ ငြိသွားမှာစိုးလို့ ပြောတာ …၊ မင်းက ငါ့ကို စကားနိုင်လုပြီး ပြောနေတယ် …" ဟု စိတ်တိုစွာ ပြောလိုက်လေ၏။

"ဒီမှာ တစ္ဆေဖြူ …၊ တို့အမေ ဒေါ်ခင်နက်မှာ အုပ်ထိန်းမယ့် ကိုညိုမောင်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရှိတယ်ကွ၊ လိုအပ်ရင် ကိုညိုမောင် ပြောပါလိမ့်မယ်ကွာ၊ မင်းပြောစရာမလိုပါဘူး …"ဟု ပေတလူက ပြောလိုက်လေ၏။

ပျော်ပွဲစားမှ ပြန်လာသောအခါ၌လည်း ဒေါ်ခင်နက်သည် ကိုညိုမောင်နှင့် ဆော်ဒကားတို့ မီးပူတိုက်နေသည်ကို ကြည့်ပြီးနောက် –

"ကိုညိုမောင်က လူကောင်ထွားတာတော့ ဟုတ်တယ်၊ ဆော်ဒကားက ကိုညိုမောင်ထက် ကိုယ်လုံးကိုယ် ထည်သေးတယ်၊ ဒါပေမဲ့ ဆော်ဒကားက ကိုညိုမောင်ထက် ပိုပြီးသန်တယ် …" ဟု ဆိုကာ ဆော်ဒကား၏လက်မောင်းကို သူ၏လက်ဖြင့် သွား၍ညှစ်ကြည့်ရင်း ပြောလေ၏။ ထိုအခါ ဆော်ဒကားက ကုလားသံဝဲဝဲဖြင့် –

"အမရယ် …ကျွန်တော်တို့လူမျိုးက သန်တဲ့လူမျိုးပါ …၊ မီးပူတိုက်လည်း သန်တယ်၊ ကုန်ထမ်းလည်း သန်တယ်၊ အမောလည်း ခံနိုင်တယ် …" ဟု ပြန်၍ပြောလေ၏။

"ယောကျ်ားဆိုတာ အလုပ်လုပ်ရမှာမဟုတ်လား၊ သန်ရမယ်၊ အမောခံနိုင်ရမယ် …၊ အဲဒီလိုမဟုတ်ဘူးဆိုရင် ဘာမှသုံးမရတော့ဘူး…" ဟု ဒေါ်ခင်နက်က ပြောလေ၏။

ညဘက်တွင် ဆော်ဒကားအား လက်ဖက်ရည်ကျကျ ဖျော်၍တိုက်လေ၏။ ကိုညိုမောင့်ကိုမူ လက်ဖက်ရည်သောက်လျှင် အိပ်မပျော်တတ်ဟု ဆိုကာ မတိုက်ဘဲထားလေ၏။ ဆော်ဒကားကိုမူ လက်ဖက်ရည်သာ မဟုတ်၊ နံပြားတစ်ချပ်ပါ ဝယ်၍ကျွေးလေ၏။

တစ္ဆေဖြူသည် ထိုအချင်းအရာများကို ပေတလူအား ပြောပြန်

www.burmeseclassic.com



လေ၏။ ထိုအခါ ပေတလူက -

"တစ္ဆေဖြူ …မင်းနဲ့ ငရဲအိုးနဲ့ကတော့ နီးနေပြီ" ဟု ပြောလေ၏။

"နီးရုံမဟုတ်ဘူးကွာ …၊ ငရဲအိုးထဲကို ဖောက်ထိုးကျချင် ကျပါစေ …၊ ငါမြင်တာကိုတော့ ပြောရမှာပဲ၊ ပြီးတော့ ဒီကုလားကို ငါ ရိုက်ချင်တယ် …"ဟု ဒေါနှင့်မောနှင့် ပြောလေ၏။ ထိုအခါ ပေတလူက-

"မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဆော်ဒကားက သူ့ဟာသူ နေတာပဲ၊ ရိုက်စရာအပြစ်ကို မရှိဘူး၊ တို့အမေက နှိပ်ခိုင်းရင် နှိပ်ပေးတယ်ကွ …၊ တို့အမေက လက်ဖက်ရည်ဖျော်တိုက်ရင် သောက်တယ်ကွာ …၊ နံပြားကျွေးရင် စားတယ်ကွာ …၊ အဲဒါအပြစ်မှမဟုတ်ဘဲ၊ တကယ်အပြစ်လုပ်တယ်လို့ မင်းစိတ်ထဲမှာ ထင်နေတာက တို့အမေ မဟုတ်လား …၊ သူကလည်း အမေဖြစ်နေလို့ မင်းအနေနဲ့ ရိုက်လို့မဖြစ်ဘူး ငရဲအိုး … ငရဲအိုး …၊ အဲဒီတော့ အကောင်းဆုံးက မင်းခေါင်းကို မင်းရိုက် …"ဟု ပြောလိုက်ရာ တစ္ဆေဖြူသည် လွန်စွာစိတ်ဆိုး၍သွား၏။ ထို့အတူလွန်စွာမှလည်း ဝမ်းနည်း၍သွား၏။ ထို့ကြောင့် ထိုနေ့ညနေတွင် ထမင်းပင် မစားတော့ပေ။

ထိုသို့ဖြစ်နေစဉ်အတွင်း ကိုညိုမောင်ကြီး၏ အမျိုးများက ကိုညိုမောင်ကြီးအား ထန်းတောများ အမွေခွဲရာတွင် ဆွေမျိုးအုပ်စု နှစ်စုကွဲနေသည်ကို လာ၍ရှင်းပေးရန် လာခဲ့ပါဟူသော သံကြိုးစာကို ရိုက်လိုက်လေတော့၏။ ထို့ကြောင့် ကိုညိုမောင်ကြီး မရှိသောကြောင့် ပေတလူနှင့် တစ္ဆေဖြူလည်း ဆိုင်တွင် လာ၍အိပ်ရလေ၏။

တစ်ညတွင် တစ္ဆေဖြူက ပေတလူအား တိုးတိုး ကပ်၍ -

"ဟေ့ကောင် ပေတလူ …အမေ့ကို ကြည့်ရတာ နည်းနည်းမူပျက်နေတယ်၊ သံသေတ္တာထဲက အဝတ်အစားတွေကို သားရေ သေတ္တာထဲပြောင်းပြီးထည့်နေတယ်၊ အဲဒီ သားရေသေတ္တာလေးထဲကို နာတာလူးလေးရဲ့ အဝတ်အစားတွေကိုလည်း ထည့်နေတာကွ …၊ အဲဒီတော့ နည်းနည်း

www.burmeseclassic.com



သတိထားပြီးတော့ အိပ်ကွာ ...'' ဟု ပြောလိုက်လျှင် ပေတလူက -

''တစ္ဆေဖြူ ...ငရဲအိုး ...ငရဲအိုး ...၊ အေးအေးဆေးဆေး အိပ်စမ်းပါကွာ ...''ဟု ပြောသဖြင့် တစ္ဆေဖြူလည်း ဆက်၍အိပ်လေ၏။ နံနက် ၃ နာရီထိုး လောက်တွင် တစ္ဆေဖြူက ပေတလူအား -

''ဟော့ ပေတလူ ငရဲအိုးထတော့ ...၊ အမေလည်း မရှိတော့ ဘူး ...၊ ဆော်ဒကားကုလားလည်း မရှိတော့ဘူး''ဟု ပြောလိုက်ရာ ပေတလူက စက်ဘီးကိုထုတ်၍ တစ္ဆေဖြူကိုတင်ပြီးလျှင် ကားဂိတ်သို့ နင်းသွား လေ၏။ ကားဂိတ်အနီးသို့ ရောက်သောအခါ၌ တစ်စုံတစ်ယောက်က လေချွန်၍ ခေါ်လိုက်သောကြောင့် စက်ဘီးကိုရပ်လိုက်ရာ မှောင်ရိပ်အတွင်းမှ မာယုသာ ထွက်လာပြီးလျှင် -

''ဟော့ကောင် ...ပေတလူ၊ ဆော်ဒကားတော့ သူ့အိမ်ကို သူပြန် သွားပြီ ...'' ဟု ပြောလိုက်လေ၏။

''မင်း ဘယ်လိုလုပ်လိုက်သလဲ မာယုသာ ...'' ဟု ပေတလူက မေးလိုက်လေ၏။

''ဆော်ဒကားက လူပျိုမဟုတ်ဘူးကွ ...၊ မုဆိုးဖို၊ သူ့မှာ ဆယ့်လေးနှစ်အရွယ် သမီးလေးတစ်ယောက်ရှိတယ်၊ သူ့နာမည်က စွန်တနာရီတဲ့ ...၊ အဲဒီကောင်မလေးကို ငါက ညနေကတည်းက ခေါ်ထားတာကွ ...၊ ဒေါ်ခင်နက်နဲ့ ဆော်ဒကားကို တွေ့လိုက်တဲ့အခါမှာ ငါ့အနေနဲ့ ဘာမှပြောစရာမလိုတော့ဘူး၊ '*ဟော့ကောင် ဆော်ဒကား ...၊ ရပ်တန်းက ရပ်လိုက်ပါ ...၊ မရပ်ရင် ဟော့ဒီမင်းသမီးလေး ဘဝပျက် သွားမယ် ...*'လို့လည်း ပြောလိုက်ရော ...ဆော်ဒကားဟာ ငိုတော့တာ ပဲ ...၊ ပြီးတော့ ငါ့အနားကပ်လာပြီး '*ကျွန်တော့်သမီးလေး ကျွန်တော့် ကို ပြန်ပေးပါ ...*' လို့ ငိုပြီးတောင်းတယ်၊ ငါက ဒေါ်ခင်နက်နဲ့လဲပြီး ပြန်ပေးလိုက်ရတော့တာပေါ့ကွာ ...၊ ဒါတောင် ဒေါ်ခင်နက်က ဆော်ဒကားကို လိုက်ပြီးဆွဲသေးတယ်၊ ငါက သူ့ကို ဆွဲထားရသေးတယ်ကွ၊ အဲဒီတော့မှ

www.burmeseclassic.com


ဒေါ်ခင်နက်က ငိုတာ …၊ ငိုပြီးတော့မှ ဆော်ဒကားကို လှမ်းဆွဲတာ …၊ အဲဒီတော့ ကားပေးရောက်နေတဲ့ ခရီးသည်တွေက အံ့လာကြတာပေါ့ကွာ …” ဟု ရှည်လျားစွာ ရှင်းပြလေ၏။ ထိုအခါ ပေတလူက -

“ဆက်စမ်းပါဦး မာယုသာရယ်…”ဟု ပြောလိုက်လျှင် -

“ဆက်ဖို့က တစ်ခုပဲ ကျန်တယ်ကွ…၊ ကိုညိုမောင်ကြီးက သံကြိုးစာရလို့ ရွှေဘိုဆိုပေမဲ့ တကယ်က မပြန်ဘူးကွ၊ ဒေါ်ခင်နက်ကို မသင်္ကာလို့ ဒီမြို့မှာပဲ အသာလျှိုပြီး ချောင်းနေတာကွ …၊ အဲဒီလို ဆွဲလားရုန်းလားဖြစ်နေတဲ့အချိန်မှာ ကိုညိုမောင်ကြီး ရောက်လာတယ် ဟေ့ …၊ ဟောဟိုမှာတစ်ခုခက်တာက ကိုညိုမောင်ကြီးဟာ မင်း ချမှတ်ထားတဲ့ ပထွေးစည်းကမ်းအတိုင်းနေတယ်ကွ …၊ ဖောက်တာက ဒေါ်ခင်နက်ဖြစ်နေတယ်၊ အဲဒီတော့ သူက မင်းကို မေးရမယ်တဲ့ …၊ မင်းအနေနဲ့ ဖြေရှင်းရတော့မယ်ပေတလူရေ …၊ မင်းအနေနဲ့ ကိုညိုမောင်ကြီးနဲ့ ထိပ်တိုက်တွေ့ကြပြီးရှင်းကြပေတော့” ဟု ပြောလိုက်လေတော့သတည်း …။ ။

●

www.burmeseclassic.com





www.burmeseclassic.com



အခန်း ၊ ၄၄ ၊

## သူတို့ကတော့ ငြိမ်းသွားပြီ ...

ဒေါ်ခင်နက်တို့လိုက်မည့် အဝေးပြေးကားမှာ ထွက်သွားပြီဖြစ်၏။ ကိုညိုမောင်ကြီးသည် ပေတလူနှင့် မာယုသာ ရှိရာသို့ ရောက်လာလေတော့၏။ ထို့နောက် ပေတလူအား -

"ကဲ ...ပေတလူ၊ မင်းက ငါ့ကို ပထွေးတစ်ယောက် လိုက်နာရမယ့် စည်းကမ်တွေ ချမှတ်ထားတယ်၊ ငါက မင်း ချမှတ်တဲ့စည်းကမ်း အတိုင်းနေတယ်၊ အခုတော့ ကြည့်စမ်း ...၊ ငါ့ဘက်က လုံခြုံတယ်၊ မင်းအမေ မခင်နက်က သစ္စာမရှိတာကွ ..."ဟု တည့်တိုးကြီး ပြောလေတော့၏။

"ကျုပ်အမေက သစ္စာမရှိတာတော့ မဟုတ်ဘူးဗျ၊ သစ္စာတော့

www.burmeseclassic.com



ရှိပါတယ်ဗျာ …၊ သူ့ရဲ့သစ္စာဟာ ခင်ဗျားအပေါ်မှာမရှိဘဲ ဆော်ဒကား ကုလားအပေါ်မှာ ရှိသွားတာ တစ်ခုပါပဲ၊ ဘာပဲဖြစ်ဖြစ်ဗျာ … ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်ရဲ့မျက်နှာရယ်၊ မာယုသာရဲ့မျက်နှာရယ်ကို ထောက်ထား ပြီး ခွင့်လွှတ်ပါဗျာ…" ဟု ပေတလူက တောင်းပန်ရလေတော့၏။ မာယုသာ ကလည်း ဝင်၍ပြောရလေ၏။ ထိုအခါ ကိုညိုမောင်က –

"ကဲပါ …ပေတလူရယ် …၊ မင်းတို့က တောင်းပန်တော့လည်း ငါက ပြန်ပြီးလက်ခံရမှာပေါ့ကွာ၊ နောက်တစ်ခါ ဒီလိုထပ်ပြီးဖောက်ရင် ဘယ်လိုလုပ်မလဲ ပေတလူ …"ဟု ကိုညိုမောင်ကြီးက မေးလိုက်ရာ ပေတလူက ပခုံးကိုတွန့်၍ သူ၏ လက်ဖဝါးနှစ်ခုကို ပက်လက်လှန်ပြလိုက် လေ၏။ အဓိပ္ပါယ်မှာ 'ဘာမှမတတ်နိုင်ဘူး'ဟူ၍ ဖြစ်၏။ မာယုသာသည် တစ်စုံတစ်ရာဝင်၍ ပြောဆိုခြင်းမပြုဘဲ ငြိမ်၍နားထောင်နေရာမှ –

"ဒီလိုစဉ်းစားရအောင်ဗျာ …၊ ကြောင်ဟာ ငါးကြော်တွေ့ရင် နှိုက်တတ်တဲ့သဘာဝရှိတယ်ဆိုတာ သိထားရင် ကြောင်နဲ့ငါးကြော်နဲ့ မတွေ့ ဖို့ပဲ အရေးကြီးတယ် …၊ အဲဒီလို မတွေ့သရွေ့ ကြောင်မှာ ငါးကြော်နှိုက်တဲ့ အပြစ် မရှိတော့ဘူးပေါ့ဗျာ …" ဟု မာယုသာက ပြောလိုက်ရာ ပေတလူက–

"မာယုသာပြောတဲ့ စကားဟာ သိပ်ကောင်းတာပဲ၊ သဘာဝ ကနေ ရပ်ပြီးပြောတာ…၊ ငါးကြော်တွေ့လို့မှ မနှိုက်ရင် ကြောင်မိုက်လို့ ဆိုထား တယ်မဟုတ်လား " ဟု ပြောလေ၏

"ဒီတော့ ငါပြောဦးမယ်ကွာ …၊ မခင်နက်ကို ငါက ပြန်ပြီး လက်ခံမယ် …၊ တစ်ခုတော့ရှိတယ်၊ ငါးကြော်နဲ့ ကြောင်နဲ့ မတွေ့အောင် တော့ မင်းတို့နှစ်ယောက် တာဝန်ယူကြ …"ဟု ကိုညိုမောင်ကြီးက ပြောလေတော့၏။

ထိုအခါ နှစ်ယောက်စလုံးက တာဝန်ယူမည်ဟု အာမခံကြလေ၏။ ပြီးလျှင် ဆိုင်သို့ပြန်သွားကြပြီး ပတ်ဝန်းကျင်မှ မရိပ်မိစေရန် ဟန်မပျက် နေကြလေတော့၏။ မာယုသာကမူ ပေတလူအား –

www.burmeseclassic.com



"ဟော့ကောင် ပေတလူ၊ ကြောင်ကို ငါးကြော်မစားအောင် လေ့ကျင့်လို့ တော့မရဘူးကွ …၊ ကြားထဲက လူကပဲ ငါးကြော်နဲ့ကြောင်နဲ့ မတွေ့အောင် လုပ်ရမှာပဲဟေ့"ဟု ပြောလေတော့၏။ ထိုစကားကို ပေတလူကလည်း လက်ခံလေ၏။

ဤသို့နှင့်ပင် ပေတလူတို့၏ အတွင်းရေး ဇာတ်လမ်းလေးမှာ ငြိမ်သက်အေးချမ်းသွားပြန်လေတော့သတည်း။

* * * *

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးများ မကြာသော အချိန်ကာလတွင် ဒေါ်ခင်နက်၏ ပင်မင်းဆိုင်သို့ အထည်အစွန်း အထင်းချွတ်သောဆေးကို သိလို၍ လာရောက်မေးမြန်းသော ဒေါ်မဏိဆိုသော သီလရှင်တစ်ဦး ရောက်လာလေ၏။ ထိုသီလရှင်၏ အသံသည် လွန်စွာသာယာ၏။ ၄င်း၏ ရုပ်ရည်မှာလည်း လွန်စွာချောမော၏။ အသားရောင်မှာ ဝင်းဝါ၏။ မြင်လိုက်သည်နှင့်ပင် ၄င်းအား ချောမောလှပ ပါပေသည်ဟု လူတိုင်းက အသိအမှတ် ပြုကြလေ၏။ ထိုသီလရှင်နှင့် ဒေါ်ခင်နက်တို့မှာ စကားအလျှဉ်း သင့်သွားကြလေတော့၏။

ဒေါ်ခင်နက်သည် ထိုသီလရှင်အား မြင်လျှင်မြင်ချင်းပင် ကြည်ညို သွား၏။ ထိုသီလရှင်ကလည်း တရားဟောသကဲ့သို့မဟုတ်ဘဲ ဒေါ်ခင်နက်အား ပုံတိုပတ်စများဖြင့် ဆုံးမသွန်သင်လေ၏။

ထိုသီလရှင် ဒေါ်မဏိသည် ဒေါ်ခင်နက်ထံသို့ မကြာမကြာ ရောက်လာလေ၏။ ဒေါ်ခင်နက်ကလည်း ထိုသီလရှင်အတွက်ဆိုလျှင် အားတက်သရော လှူဒါန်းလေ၏။ သီလရှင်ဇရပ်တွင် သုံးရန်အတွက် တံမြက်စည်းကမှ အစ လိုလေသေးမရှိ လှူဒါန်းလေတော့၏။ တစ်ခု ထူးဆန်းသည်မှာ ဒေါ်ခင်နက်သည် ထိုသီလရှင် ဒေါ်မဏိရောက်လာပြီးမှ အပြုအမူ၊ အနေ

www.burmeseclassic.com



အထိုင်များ ပြောင်းသွားလေတော့၏။ အိပ်ရာထသည့် အချိန်မှစ၍ ဘုရားဝတ်ပြု၏။ ရေချမ်း၊ ဆီမီးကပ်လှူ၏။ ဒေါ်မဏိ ငှားရမ်းခဲ့သော ဘာသာရေးဆိုင်ရာ စာအုပ်များကိုလည်း အချိန်ရတိုင်း ဖတ်ရှုလေ၏။

မြတ်စွာဘုရား၏ ပရိတ်တော်များကို ကျက်မှတ် ရွတ်ဆိုနေလေ့ရှိလေ၏။

တစ်နေ့တွင် မာယုသာက ပေတလူအား -

"ဟော့ ...ပေတလူ၊ မင်းအမေ ဒေါ်ခင်နက်ကြီး အရင်လို မဟုတ်တော့ဘူးကွ ...၊ ငါ့မျက်စိထဲမှာ ပုံပြောင်းသွားသလိုပဲ ..."ဟု ပြောလေတော့၏။ ထိုအခါ ပေတလူက -

"ဒီလိုရှိတယ် မာယုသာရေ ...၊ သမ္ဗဒါတရားလေးပါးရှိတဲ့အနက် ငါတို့အမေဟာ 'ကလျာဏမိတ္တသမ္ဗဒါ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်မိခြင်းဆိုတဲ့အချက်နဲ့ ညီညွတ်သွားတာကွ၊ သီလရှင်ဒေါ်မဏိကြီးက တို့အမေအတွက်တော့ မိတ်ကောင်းဆွေကောင်းပဲကွ ...၊ သူက လာတိုင်း အမေမသိတာတွေကို ပြောပြတယ်ကွ ...၊ ပရိတ်ရွတ်တာတွေ သင်ပေးတယ်ကွ...၊ ဥပုသ်ရက်ရှည် စောင့်တတ်အောင် သင်ပေးတယ်ကွ ...၊ ငါ သတိထားမိသလောက်ဆိုရင် အမေဟာ ညစာမစားတာ အတော်လေးကြာပြီကွ ..."ဟု ပြောလိုက်လျှင် မာယုသာက -

"အဲဒါပေါ့ကွ ...၊ လူတွေကို အထင်သေးလို့ မရဘူးကွ ...၊ အခုဆိုးနေပေမဲ့ တော်ကြာကောင်းချင် ကောင်းသွားတာ ..." ဟု ပြောလေ၏။ ပေတလူကလည်း -

"အဲဒီလိုဖြစ်ပါစေလို့ပဲ ငါတော့ ဆုတောင်းမိတော့တယ်ကွာ ..."ဟု ပြောလိုက်လေတော့၏။

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး ကာလအတန်ကြာသော အခါ၌ မိသားစု စုံစုံညီညီရှိနေသောတစ်ည ...မိသားစုသာမက ထိုညက မာယုသာပါ ရှိနေလေ၏။ ညစာစားပြီး ရေနွေးကြမ်းဝိုင်းဖွဲ့၍ သောက်နေ

www.burmeseclassic.com



သောအချိန်၌ ဒေါ်ခင်နက်က သီလရှင် အပြီးပိုင်ဝတ်သွားလိုကြောင်း ပြော လေတော့၏။ ထိုအခါ၌ ကိုညိုမောင်က

"ဒီမှာ ဒေါ်ခင်နက် ...ခင်ဗျားက သီလရှင် ဝတ်ချင်သလိုပဲ၊ ကျုပ်ကလည်း အပြီးအပိုင် ရဟန်းဝတ်ချင်တယ်ဗျ ..."ဟု ပြောလိုက်ရာ မာယုသာသည် ပေတလူ၏ မျက်နှာကို လှမ်း၍ကြည့်လေ၏။ ပေတလူ ကလည်း မာယုသာကို လှမ်း၍ကြည့်လိုက်လေတော့၏။

"အဒေါ် သီလရှင်ဝတ်မယ်ဆိုရင် အဲဒီကုန်ကျစရိတ်ကို ကျွန်တော် လှူမယ် ...၊ လစဉ်လည်း ထောက်မယ်ဗျာ ...၊ နာတာလူးလေးအတွက် လည်း ဘာမှမပူနဲ့၊ ဘော်ဒါအပ်လိုက်မယ် ...၊ ကျွန်တော် စောင့်ရှောက်ပေး မယ် ..." ဟု မာယုသာက ပြောလိုက်လေ၏။ ထိုအခါ ကိုညိုမောင်က-

"ငါကတော့ ရဟန်းဝတ်မယ်ဆိုရင် စစ်ကိုင်းချောင်မှာ ဝတ်ချင် တယ်ကွာ ..." ဟု ပြောပြန်လေ၏။ ထိုအခါ ပေတလူက -

"အဲဒီကိစ္စအတွက် ကျုပ် အားလုံးတာဝန်ယူတယ်၊ ဝတ်ပြီးတဲ့ အခါမှာလည်း တစ်သက်လုံး ဆွမ်းစားရိတ် လစဉ်လှူမယ်ဗျာ ..."ဟု ပြောလေ၏။ ထိုအခါ ဒေါ်ခင်နက်က -

"လုပ်လိုက်လေ ...ကြာသလား ..."ဟု ပြောလိုက်သောကြောင့် နောက်တစ်နေ့တွင်ပင် ဒေါ်ခင်နက်အား သီလရှင်ဘဝသို့ ရောက်ရှိစေရန် ဒေါ်မဏိကြီးကို ဦးဆောင်ခိုင်း၍ အမြန်ဆုံးစီစဉ်ရလေ၏။ ထိုစီစဉ်မှုတွင် ကိုညိုမောင်သည် အားတက်သရော ဆောင်ရွက်ရှာလေ၏။

ထို့နောက် ကိုညိုမောင်ကြီးအားလည်း ပေတလူ၏ ကူညီမှုဖြင့် ရဟန်းဘောင်သို့ တက်ပေးလိုက်လေ၏။ တစ်ဦးက ရဟန်းဖြစ်၍ တစ်ဦးက သီလရှင်ဖြစ်သွားသော အခါ၌ ဒေါ်ခင်နက်၏ 'လေဒီဒတ်ခ်' ပင်မင်းဆိုင်၌ပင် နှစ်ဦးစလုံးအား ဆွမ်းကပ်ကြလေတော့၏။ ထိုသို့ ဆွမ်းကပ်နေစဉ် အတွင်း မီးပူတိုက်သော ဆော်ဒကား ရောက်လာလေ၏။ ၎င်းအား တစ္ဆေဖြူက ရိုက် မည်၊ နှက်မည် လုပ်သေး၏။ သို့ရာတွင် ဆော်ဒကားက ဆိုင်အတွင်းသို့

www.burmeseclassic.com



အတင်းဝင်လာပြီး ဦးဇင်းဦးဉာဏောဘာသခေါ် ကိုညိုမောင်ကြီးအား လည်းကောင်း၊ သီလရှင် ဒေါ်မဏိစန္ဒာ ခေါ် ဒေါ်ခင်နက် အားလည်းကောင်း ပျဝပ်ရို့ကျိုးစွာ ရှိခိုးဦးချလေ၏။

ထို့နောက် ဆော်ဒကားက သူသည် ဗုဒ္ဓဘာသာ ဖြစ်ကြောင်း၊ သူလည်း ရဟန်းဝတ်လိုကြောင်း၊ ရဟန်းဝတ်ပြီးလျှင်လည်း အခြားတစ်ပါးသို့ မသွားဘဲ ဦးဇင်းညိုမောင်နှင့်ပင် အတူနေလိုကြောင်း၊ ဦးဇင်းညိုမောင်၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုလိုကြောင်း အထပ်ထပ် အခါခါ ငိုယိုတောင်းပန်သောကြောင့် တစ္ဆေဖြူက သူ၏ငွေဖြင့် သင်္ကန်းပရိက္ခရာများ ဝယ်ကာ ဆော်ဒကားအား ရဟန်းခံ၍ပေးလိုက်လေ၏။ ဆော်ဒကား၏ ရဟန်းဘွဲ့မှာ ဦးလာဘဟူ၍ ဖြစ်၏။

ပေတလူသည် ဦးဇင်းနှစ်ပါး သီတင်းသုံးရန်အတွက် စစ်ကိုင်းချောင်သို့ သွားရောက်ကာ စီစဉ်ရလေ၏။ အလုံးစုံ စီစဉ်ပြီးသောအခါ၌ ဦးဇင်းနှစ်ပါး အား စစ်ကိုင်းချောင်သို့ ပို့ပေးရလေ၏။ ဒေါ်မဏိစန္ဒာအတွက်မူ သီလရှင် ဒေါ်မဏိနှင့်တိုင်ပင်ကာ ပြည်မြို့အလွန် 'မြင်ပါဟု' တွင် အကျအန စီစဉ်ပေး ရလေတော့၏။

အလုံးစုံစီစဉ်ပြီးသောအခါ၌ ပေတလူ၊ တစ္ဆေဖြူနှင့် မာယုသာ တို့သည် ပင်မင်းဆိုင်တွင်ဆုံ၍ ခြေပစ်လက်ပစ် အနားယူကြလေ၏။

"အခုမှပဲ ငါ့ခေါင်းပေါ်က အထုပ်ကြီးကျသွား တော့တယ်ကွာ ..." ဟု ပေတလူက ပြောလိုက်ရာ မာယုသာက –

"သူတို့သုံးယောက်ကတော့ ငြိမ်းသွားပြီကွ ...၊ တို့သုံးယောက် ကတော့ မငြိမ်းသေးဘူး၊ ဘာတွေဆက်ဖြစ်ကြဦးမှာလဲ ..."ဟု ပြောလိုက် စဉ်၌မှာပင် ပြင်ဦးလွင်မှ ဦးတင်ဘက်တူကြီး၏ အိမ်နီးချင်းတစ်ဦးဖြစ်သူ ကိုဘကျော်ဆိုသူ ရောက်လာပြီးလျှင် –

"ပေတလူရေ ...မနေ့ည နာရီပြန်တစ်ချက်ထိုးက မင်းတို့အဘ ဦးတင်ဘက်တူကြီး ဆုံးသွားပြီကွ ..."ဟု ပြောလိုက်သဖြင့် ပေတလူ

www.burmeseclassic.com


လည်း 'ဟင် ...'ဟု ရေရွတ်ကာ ချုံးပွဲချ၍ ငိုလိုက်လေတော့သတည်း ... ။ ။

●

www.burmeseclassic.com





အခန်း ။ ၄၅ ။

# ပေတလူနှင့် ပြန်လည်တွေ့ဆုံခြင်း ...

ပေတလူ၊ တစ္ဆေဖြူနှင့် မာယုသာတို့သည် ပြင်ဦးလွင်သို့ တက်သွားကြလေတော့၏။ ဦးတင်ဘက်တူကြီး၏အိမ်တွင် ချော်ချော်ကိုလည်းကောင်း၊ ချော်ချော်၏ယောကျ်ား လူဆိုးကွဲရိုင်းဆိုသူကိုလည်းကောင်း တွေ့ရလေ၏။ ပေတလူသည် ဦးတင်ဘက်တူ၏ဈာပနကို မာယုသာနှင့် တိုင်ပင်ကာ ဆောင်ရွက်လေ၏။

ထိုဈာပန ရက်လည်၍ ဆွမ်းသွပ်သောနေ့၌မှာပင် ဆွမ်းသွပ်တရားနာသို့ လာရောက်ကြသော ဧည့်သည်များအား ချော်ချော်က -

“အများရှေ့မှာ ကျွန်မ စကားတစ်ခွန်းပြောချင်ပါတယ်၊ ကျွန်မ

www.burmeseclassic.com



နာမည် ချော်ချော်ပါ ...၊ အခု ဆုံးသွားတဲ့ ဘဘဦးတင်ဘက်တူဟာ ဟောဒီမြေနဲ့ ဟောဒီအိမ်ကို ကျွန်မကို ပေးသွားပါတယ်၊ ဘဘနေမကောင်းတုန်းက ကျွန်မပဲပြုစုရတာပါ ...၊ ဟောဒီ ပေတလူတို့ တစ္ဆေဖြူတို့က အိမ်နဲ့ခြံကို လိုချင်လို့ ဘဘ သေမှ ရောက်လာကြတာပါ ...၊ ကျွန်မရဲ့ ရပိုင်ခွင့်တွေကို သူတို့ဟာ နိုင့်ထက်စီးနင်း လုယူကြပါလိမ့်မယ် ...၊ ကျွန်မကို ကာကွယ်ပေးကြပါ ...''ဟု ပြောလိုက်ရာ ၄င်း၏ယောကျ်ား ကျွဲရိုင်းက

''ချော်ရယ် ...အပိုတွေပြောမနေစမ်းပါနဲ့၊ လူကြားပါတယ်၊ မင်းယောကျ်ား ကျွဲရိုင်းတစ်ယောက်လုံးရှိတာ ဘယ်သူ့ကို အကူအညီတောင်းဦးမှာလဲ၊ ကျွဲရိုင်းရဲ့ ချိုစာမိသွားမယ် ...''ဟု လှမ်း၍ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် အိမ်ပေါ်သို့တက်လာသော လူတစ်ဦးက -

''အဲဒီချိုကို ချိုးမလို ငါကိုယ်တိုင်လာခဲ့တာပဲဟေ့''ဟု ပြောလိုက်ရာ ကျွဲရိုင်းက ထိုသူ့ကို လှမ်း၍ကြည့်လိုက်လေ၏။ ပြီးလျှင် လက်အုပ်ချီလိုက်လေ၏။

''ကျွန်တော် မှားပါတယ် ဆရာကြီးရယ် ...၊ ခွင့်လွှတ်ပါ ...''ဟု ဦးချ၍ တောင်းပန်လေတော့၏။ နောက်မှတက်လာ၍ ကျွဲရိုင်း၏ချိုကို ချိုးပစ်မည်ဟု ပြောသောသူမှာ တခြားလူမဟုတ်ပေ။ မာယုသာ၏ မိတ်ဆွေ ပြည်မြို့မှ ပွဲစားကြီးဦးဌေးစိန်ဖြစ်၏။ ၄င်းဦးဌေးစိန်သည် ပွဲစားကြီးမလုပ်မီက ထောင်ပိုင်ကြီးအဖြစ် အမှုထမ်းခဲ့ဖူး၏။

လူမိုက်ကျွဲရိုင်းကို ကောင်းစွာသိ၏။ ကျွဲရိုင်းကလည်း ဦးဌေးစိန်ကို ကောင်းစွာသိ၏။ ကြောက်လည်း လွန်စွာကြောက်၏။ ထိုဦးဌေးစိန်ကိုပင် ခြံနှင့်အိမ် အရောင်းစာချုပ် ဟန်ဆောင်ပြထားခြင်းဖြစ်၏။ ထို့ကြောင့် ဦးဌေးစိန်က -

''ဟောဒီ အိမ်ရှင်ခြံရှင် ဦးတင်ဘက်တူဟာ ပြည်ကို ရောက်လာပြီး ကျုပ်ကို အိမ်နဲ့ခြံကို ရောင်းသွားပါတယ်၊ ဟောဒီမှာ စာချုပ် ...၊ ဘယ်သူ မဆိုကြည့်နိုင်ပါတယ်၊ အရောင်းအဝယ်စာချုပ် ချုပ်စဉ်က ရှေ့နေကြီး

www.burmeseclassic.com



ဦးလှမောင်လည်း ပါလာပါတယ်၊ ဟောဒီမှာ ရှိနေကြတဲ့ မိတ်ဆွေတွေထဲက ဘယ်သူမဆို ဒီစာချုပ်ကို လေ့လာကြည့်ရှုနိုင်ပါတယ်၊ အဲဒါကြောင့် ဦးတင်ဘက်တူနဲ့ ဘာမှမပတ်သက်တဲ့ ကွဲရှိင်းတို့၊ ကွဲရှိင်းမိန်းမ ချော်ချော်တို့ အခုကိုပဲ ဟောဒီအိမ်ပေါ်က ဆင်းသွားကြဖို့ပါပဲ …''ဟု အေးဆေးသော လေသံဖြင့် ပြောပြီးလျှင် လူမိုက် ကွဲရှိင်းဘက်သို့ လှည့်ကာ ဦးဒွေးစိန်က–

''ဟေ့ ကွဲရှိင်း …၊ မင်း ငါနဲ့ ထပ်ပြီးတွေ့ချင် သေးသလား…'' ဟု မေးလိုက်ရာ ကွဲရှိင်းက –

''မတွေ့ …မတွေ့တော့ပါဘူး ဆရာကြီးရယ်၊ ချော်ချော်ရေ … အန္တရာယ်ကင်း ဘေးရှင်းရအောင် အမြန်ဆုံးသွားကြစို့ …''ဟု ပြောကာ ကွဲရှိင်းသည် ကြောက်ကြောက်လန့်လန့် တုန်တုန်ရီရီဖြင့် ချော်ချော်၏ လက်ကို ဆွဲပြီးလျှင် သားရေသေတ္တာလေးကိုယ်စီဖြင့် ခြံတွင်းမှ သုတ်သီး သုတ်ပျာ ထွက်သွားကြလေတော့၏။

ထိုနေ့ညပိုင်းသို့ရောက်သောအခါ၌ ပေတလူက ပွဲစားကြီး ဦးဒွေးစိန်၊ ရှေ့နေကြီး ဦးလှမောင်နှင့် ပြည်မှ ရောက်ရှိလာသော ဧည့်သည် များအား ညစာထမင်းကို ခြံတွင်း၌ပင် စားပွဲများခင်းကာ တည်ခင်း ကျွေးမွေးလေ၏။ ထိုညစာစားပွဲတွင် ဦးဒွေးစိန်က ဦးတင်ဘက်တူနှင့် ချုပ်ဆိုထားသော စာချုပ်ကို ပေတလူ၏လက်သို့ အပ်နှံလိုက်လေတော့၏။

နောက်တစ်နေ့နံနက်တွင် ဦးဒွေးစိန်တို့လူစု ပြည်သို့ ပြန်သွားကြပြီ ဖြစ်၏။ ထိုအခါ၌ ပေတလူက –

''မာယုသာ ကွဲရှိင်းနဲ့ ချော်ချော်တို့ကို အတော့်ကလေး လုပ်ယူရ မယ်ထင်တာ …၊ အခုတော့ လွယ်လှချေလားကွာ …''ဟု ပြောလိုက်လျှင် မာယုသာက –

''ပြည်မှာ ငါနဲ့သိတဲ့လူကြီးတွေ အများကြီးပဲကွ၊ အဲဒီထဲကမှ ဦးဒွေးစိန်ကို သုံးတာက သူက ဟိုတုန်းက ထောင်ပိုင်လုပ်ဖူးတယ်ဆိုတာ ငါက သိထားတယ်၊ အဲဒါကြောင့် သူ့ကိုရွေးပြီးသုံးလိုက်တာကွ …၊ အကွက်

www.burmeseclassic.com



ပေါ့ ပေတလူရာ ...'' ဟု ပြန်၍ပြောလေ၏။ ထိုအခါ ပေတလူက -

''မာယုသာရယ် ...မင်းမှာက အကွက်တွေ များလှချေလား ကွာ ...၊ ဆေးလေးဘာလေးထည့်ဦး၊ ကြာရင် နုသွားလိမ့်မယ် ...''ဟု ပြော၍ ရယ်လိုက်ရာ မာယုသာက -

''အဲဒီအကွက်တွေနဲ့ မင်းရဲ့ဒုက္ခတွေကို ကယ်ခဲ့ရတာလေကွာ ...၊ မင်းက ကျေးဇူးမကန်းနဲ့လေကွာ''ဟု ပြောလိုက်လျှင် -

''အလကားကျီစားတာပါ သူငယ်ချင်းရာ ...၊ မင်းအကွက်တွေက ငါ့အတွက် အဖိုးတန်ပါတယ်၊ ပွေးကွက် မဟုတ်ပါဘူးကွာ...၊ ရွှေငါးကြင်းကွက်တွေပါ...''ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ မာယုသာက-

''မင်းကတော့ အခုတစ်မျိုး တော်တော်ကြာတစ်မျိုး ပြောတတ်တဲ့ကောင်ပဲ၊ တကယ်ပြောရရင် ငါက မင်းကို ကြောက်တယ်ကွ ...၊ မင်းက ငါ့ထက်ပိုပြီး ပရိယာယ်များတယ် ...''ဟု ပြန်၍ပြောလေ၏။

''ပရိယာယ်များတာမဟုတ်ပါဘူး သူငယ်ချင်းရာ၊ လူချစ်အောင် ပြောတတ်လို့ပါ...''ဟု ပေတလူက ပြောလိုက်လျှင် မာယုသာက ပေတလူ၏ ပါးကို မနာမကျင်လေး လိမ်ဆွဲလိုက်ရင်း -

''တော်တော်တတ်တဲ့ ကိုတတ်ပါ့လေး ...''ဟု ပြောလိုက်လေတော့သတည်း ...။

*　*　*　*　**

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး နှစ်ပေါင်းများစွာကြာသော အခါ၌ မာယုသာသည် ပြင်ဦးလွင်သို့ ရောက်ရှိလာလေ၏။ တစ်ဦးနှင့်တစ်ဦး သည် မတွေ့ရသည်မှာ ကြာပြီဖြစ်၏။

www.burmeseclassic.com



မာယုသာသည် ပေတလူတို့နေထိုင်ခဲ့သော ဦးတင်ဘက်တူ၏ ခြံကြီးသို့ ဝင်လိုက်လျှင် ခြံဝ၌

'ရပ်ကွက်လူကြီး ဦးတစ္ဆေဖြူ'

ဟူသော ဆိုင်းဘုတ်ကို ဖတ်မိလေတော့၏။ တစ္ဆေဖြူသည် မာယုသာကို တွေ့လျှင် -

"ဟာ ...မှတ်တောင်မမှတ်မိဘူးကွာ...၊ မာယုသာပါလား ..." ဟု အားရဝမ်းသာ နှုတ်ဆက်လေ၏။ မာယုသာကလည်း အားရဝမ်းသာ ပြန်၍နှုတ်ဆက်၏။ ထို့နောက် မာယုသာက -

"တစ္ဆေဖြူရယ် ...မင်းခေါင်းတစ်ခေါင်းလုံးလည်း ဖွေးနေတာပါပဲလား ..."ဟု ပြောလိုက်လျှင် တစ္ဆေဖြူက -

"သားတွေ သမီးတွေနဲ့ ပြည့်ပြည့်စုံစုံမရှိတော့ ရှာရဖွေရနဲ့ ခေါင်းလည်း ဖြူပါပြီကွာ ...၊ ပြီးတော့ အသက်လည်း မေးကြည့်ဦးလေ ..."ဟု ရိုးသားသောလေသံဖြင့် ပြန်၍ပြောလေ၏။

"ဒါနဲ့ နေစမ်းပါဦး တစ္ဆေဖြူရယ် ...၊ ပေတလူကော ဘယ်မှာလဲ ..." ဟု မာယုသာက မေးလေ၏။

"မင်းသူငယ်ချင်းပေတလူက ( + + + + ) မြို့မှာကွ ...၊ မင်းသူ့ဆီကို အရောက်သွားစေချင်တယ်ကွာ ...၊ မင်းတို့နှစ်ယောက်က တစ်ခုတော့ထူးဆန်းတယ်ကွ ...၊ နှစ်ယောက်စလုံး ဆံပင်မဖြူကြဘူးကွ...၊ ဒီအသက်အရွယ်တွေဟာ ဆံပင်ဖြူပြီကွ ...၊ မင်းတို့နှစ်ယောက်က ဘာဖြစ်လို့မဖြူတာလဲ ..."ဟု တစ္ဆေဖြူက တအံ့တသြ မေးလေတော့၏။

"တစ္ဆေဖြူရယ် ...မင်းက ဘယ်သူ့အားကိုးနဲ့ ဒီလောက်တောင် အ,နေရတာတုံး ...၊ ဆိုးထားတာပေါ့ ဆိုးထားတာ ...၊ ဟိုကောင်လည်း ငါ့လို ဆိုးထားမှာပါကွာ ...၊ ငါ ဒီကောင့်ဆီရောက်မယ်ကွ ...၊ အခု

www.burmeseclassic.com



ငါထွက်လာတာက အိမ်နီးနားချင်းတွေ စုပေါင်းပြီး ဘုရားဖူးထွက်လာတာကွ…၊ ပေတလူနေတဲ့ မြို့ကိုလည်း ရောက်မှာ …၊ အဲဒီက ( + + + +) ဘုရားကြီးကိုလည်းဖူးမှာ …'' ဟု ပြောလိုက်လေ၏။

ထို့နောက် မာယုသာသည် တစ္ဆေဖြူအား နှုတ်ဆက်၍ ခရီးထွက်ခဲ့ရာ ပေတလူနေထိုင်သောမြို့သို့ ရောက်လေတော့၏။ ပေတလူ၏အိမ်ကို စုံစမ်း၍ ရောက်ရှိသွားလေ၏။ ပေတလူ၏ခြံဝတွင်

ဦးပေတလူ
( + + + + ) ဘုရားကြီး၏
ဂေါပကလူကြီးဥက္ကဋ္ဌ

ဆိုသော ဆိုင်းဘုတ်ကိုလည်း တွေ့ရလေ၏။ ပေတလူသည် မာယုသာကိုမြင်လျှင် -

''ဟေး …မာယုသာရေ …မသေသေးဘူးကိုး …၊ မင်း အခုပြည်မှာပဲလား …''ဟု မေးလိုက်ရာ မာယုသာက-

''ပြည်က ပြောင်းသွားတာ ဆယ်နှစ်ရှိပြီ၊ ( + + + + ) မြို့ကို ရောက်နေပြီ …၊ ဒါနဲ့ နေစမ်းပါဦး …၊ မင်းခေါင်းက ဆံပင်တွေက နက်နေတုန်းပါပဲလား ဦးပေတလူရယ် …၊ ဘယ်ဆေးကို သုံးသလဲ …'' ဟု မေးလေ၏။ ထိုအခါ ပေတလူက -

''ဂျပ်စ်မော်ဒယ်လ်ပါ သူငယ်ချင်းရယ် …၊ မင်းကော …''ဟု ပြန်၍မေးလေ၏။ ထိုအခါ မာယုသာက -


''ငါက လိုလိမ်း …''ဟု ပြန်၍ပြောလေ၏။ ထိုအခါ ပေတလူက-

''နေစမ်းပါဦး မာယုသာရယ်…၊ အဲဒီမြို့မှာ မင်းက ဘာအလုပ်

လုပ်နေသလဲ …”

“ ဂေါ် … ” ဟု စကားစလိုက်သည့်အချိန်၌မှာပင် ပေတလူက-

“ …ပက ” ဟု ဆက်လိုက်လေတော့သတည်း။



( ဤတွင် ပေတလူဝတ္ထု ပြီးပါပြီ )

www.burmeseclassic.com

